


www.burmeseclassic.com
BURMESE CLASSIC .com
မြပုလဲခင်
မနှမ်းပါနို့
န်း ဆီ သိ န်း နေ ခြည်
2008
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၇၄၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၁၃၀၈၀၈

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊
သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်းသွယ်(၁)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၀၉ ၈၀ ၃၄၅၈၁ ။

ပထမအကြိမ် - ၂၀၀၈ ခုနှစ်၊ (နိုဝင်ဘာလ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၁၆၀၀)ကျပ်




www.burmeseclassic.com 



## အခန်း(၁)

### အိပ်စက်ခြင်းကို နှုတ်ယူသွားသူ

လေးလံသောမျက်ခွံကို
ပေါ့ပါးအောင် သူဖန်ဆင်းတယ်။
ဖမ့်စက်မယ့်(မည့်) မျက်ဝန်းအိမ်
ဝိုင်းကျယ်လာအောင် သူပြုစားတယ်။
ငိုက်မြည်းတဲ့စိတ်အစဉ်
လန်းဆန်းလာအောင် သူတိုက်တွန်းတယ်။
ငါ့နှလုံးသားတံခါး တွန်းထိုးနေတာ
မင်းဘယ်သူလဲ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ရဲဘုန်းလူ...။

အိပ်ပျော်ခြင်း စွမ်းရည်မဲ့သွားသောသူပမာ ခံစားနေရသည်။

ခန္ဓာကိုယ်တစ်ခုလုံး ဘယ်ပြောင်း ညာလူးနှင့် ကြာလာတော့ ညောင်းညာသလို ခံစားလာရပြန်သဖြင့် ငုတ်တုတ်ထထိုင်လိုက်ပြန်သည်။

"မဖြစ်သေးပါဘူး...ပြန်အိပ်မှ"

စားပွဲတင်နာရီလက်တံကဲ (၂)နာရီစွန်းစွန်းကိုပင် ကျော်နေလေပြီ။ ဒီလိုမဖြစ်သင့်။ ပြန်လှဲချလိုက်သည်။ ကြောင်နေသော မျက်ဝန်းကို မျက်နှာကျက်ဆီသို့ ပို့ထားလိုက်သည်။ ကြည့်စမ်း...ရူးရူးစိုက်စိုက်ကြည့်နေလိုက်စမ်း။

"မျက်လုံးညောင်းလာရင်တော့ သူ့အလိုလို အိပ်သွားမှာပဲ"

ဟု စိတ်ထဲ ကြိုးဝါးရင်း မျက်နှာကျက်ကို (၅)မိနစ်ခန့် စိုက်ကြည့်ပစ်လိုက်သည်။

"ဟူး..."





ရဲဘုန်းလူ သက်ပြင်းချလိုက်သည်။ အခြေအနေက ထူးမလာတာ။

အငြိမ်မနေသော စိတ်အလျင်တို့က သူ၏အိပ်ပျော်ခြင်းကို ဟန့်တားဖျက်ဆီးနှောင့်ယှက်နေလေသည်။

ကျန်းမာသန်စွမ်းသော လုလင်ငယ်သွေးအရွယ်ကို နည်းနည်း စွန်းလာသဖြင့်များ အိပ်မပျော်တာလား။

မဆိုင်။

မဖြစ်နိုင်...။

အသက်(၃၀)ဆိုသောအရွယ်သည် လူကြီးဖြစ်လောက်သော အရွယ်မဟုတ်။

ဟိုတစ်လောဆီက မလေးရှားမှ ပြန်လာသော မိတ်ဆွေတစ်ယောက် ပြောဖူးသည်။

"ကိုယ်တို့ဆီမှာ အသက်(၁၈)နှစ်ကျော်ရင် လူကြီးဖြစ်တာကွ၊ မလေးမှာကတော့ (၁၈)နှစ်အောက်ကို ကလေး၊ (၁၈)နှစ်နဲ့ (၄၀) အတွင်းကို လူငယ်လို့ သတ်မှတ်ထားတာဆိုတော့ မောင်ရင်နဲ့ ကိုယ်တို့အရွယ်က လူငယ်ပေါ့ကွာ..ဟတ်..ဟား"

သူ့ထက် (၁၀)နှစ်နီးပါးကြီးသော အနီပုဂ္ဂိုလ်က အသက် (၄၀)မပြည့်သေးသဖြင့် လူငယ်လုပ်ချင်နေပုံရသည်။ သူကမူ အသက် (၃၀)ကျော်သည်နှင့် လူကြီးဖြစ်ချင်နေသည်။

အိပ်မရပါဘူးဆိုမှ တောင်စဉ်ရေမရ အတွေးတွေက တသီတသန်းကြီး ဝင်ရောက်လာတတ်သည်မှာ ဓမ္မတာပင်။

ဒီကနေ့မှ သူ ဘာလို့ အိပ်မရသလဲ။

အကြောင်းရင်းက ရှိနေသည်ကို...။



www.burmeseclassic.com

www.burmeseclassic.com

အဓိက အကြောင်းရင်းကို မစဉ်းစားချင်တော့။

ကျောပူလာပြန်၊ ခါးကလည်း ညောင်းလှသည်မို့ ထထိုင်လိုက်မိပြန်သည်။

"ဟူး..."

ရဲဘုန်းလူ သက်ပြင်းချလိုက်ပြီး စားပွဲပေါ်မှ Table Lamp (စားပွဲတင်မီးအိမ်)ကို ဖွင့်ကာ စားပွဲရှေ့ငုတ်တုတ်ထိုင်လိုက်သည်။

ငွေငွေကြီး ထိုင်နေရာမှ ဒိုင်ယာရီစာအုပ်ကို ဟိုလှန်ဒီလှန် လုပ်လိုက်သည်။

ဒိုင်ယာရီ ရေးမှတ်တတ်သော အကျင့်မရှိသော်လည်း အလုပ်ထဲမှ အရေးကြီးသော ကိစ္စရပ်အချို့ကိုတော့ တေး၍မှတ်သားလေ့ရှိသည်။ ကိုယ်ရေးကိုယ်တာများ မှတ်သားလေ့မရှိ။

အခုတော့...

သူ၏အိပ်စက်ခြင်းကို နှုတ်ယူသွားသူကို ရည်စူး၍ ကဗျာလည်း မမည်၊ ကာရံလည်း မညီသော စာကြောင်းများကို ရေးချလိုက်သည်။

နေ့စွဲတပ်ဖို့ ကြည့်လိုက်တော့...

(၂၀၀၇)ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့ ဖြစ်နေသည်။

နှစ်တစ်နှစ်၊ နောက်ဆုံးလ၏ပထမဦးဆုံးရက်...

ထိုရက်မှသည် သူ့နှလုံးသားတစ်ခုလုံး ထူးထူးခြားခြား ပုတ်ခတ် လှုပ်နှိုးခံနေရလေပြီ။

အဓိက အကြောင်းရင်း...

ရှင်းပါသည်။

ရဲဘုန်းလူဆိုသောသူသည် လူငယ်ဖြစ်သည်။ (ဒါက မလေးပြန် ပုဂ္ဂိုလ်၏ သတ်မှတ်ပေးချက်အရ)

သို့သော် အင်တာနက်ခေတ်ကြီး၌ (၁၈)နှစ်ကျော်လာသောသူ့ကို သမုတ်ကြသည်က "လူပျိုသိုးကြီး" ဟု...။

ထားပါတော့။

လူပျိုသိုးကြီး သူ အိပ်မရခြင်း၏အဓိက အကြောင်းရင်းက...

မနေ့က...

အမှတ်မထင် ဆုံစည်းခဲ့မိသော ဆန့်ကျင်ဘက်တစ်ဦး ကြောင့် ဖြစ်လေသတည်း။

ဆုံစည်းခဲ့ပုံကလည်း သိပ်ဆန်းဆန်းပြားပြားတော့ မဟုတ်။ သာမန်တွေ့ဆုံခြင်းမျှသာ။

ရိုးရိုးလေးပါပဲ...။




www.burmeseclassic.com

 www.burmeseclassic.com



အခန်း(၂)

အကြောင်းမညီညွတ်သဖြင့် သူ့ကားကို အပ်နေကျ ဝပ်ရှော့တွင် ထိုးလိုက်ရသည်။

ဝပ်ရှော့ဆရာ ကိုဘိုနီက ကားဘောနက်အဖုံးကို ဖွင့်ပြီး အပြစ်ရှာသည်။

ကားစီးပြီး ကားအကြောင်း ဘာမှမသိသူ သူ့လိုလူစားကို ကိုဘိုနီလို စက်ပြင်ဆရာများက အပြစ်အမျိုးမျိုးရှာ၊ အကြောင်းအမျိုးမျိုးပြကာ ပိုက်ဆံပိုတောင်းတတ်သည်။ ဒါလည်း လူ့သဘာဝ တစ်ခုပါပဲ။

"ဘယ်နယ့်လဲ ကိုဘိုနီ...အင်ဂျင်မီးပြနေတယ်"

"ဝါယာပိုင်းကို စစ်နေတာ"

"ဪ..."





ကိုယ့်ကားအကြောင်းမှ ကိုယ်မသိလေဘဲ၊ ကိုဘိုနီနှင့်အတူ ကြည့်ရင်း ကားအကြောင်း နားလည်ရန် ကြိုးစားကြည့်နေဆဲ့...

"ဒုန်း"

"အမလေး"

သူ့ကားဘောနက်အဖုံးကို ဖွင့်ပြီး ကိုဘိုနီနှင့် အတူတူ အပြစ်ရှာတွေ့လုလုတွင်...

သူ့Super Saloon ကားလေးမှာ အသံနှင့်အတူ တုန်ခါသွားသည်က "ဒုန်း" ဟူ၍။

ထူးခြားသော နောက်ဆက်တွဲအသံက "အမလေး" ဟူသော အသံဖြစ်သည်။

ကိုဘိုနီနှင့်သူ ပြူးတူးပြဲတဲနှင့် ကားနောက်ကို လှမ်းကြည့်လိုက်သည်။

လားလား...

သူ့ကားနောက်မြီးကို ချစ်ခင်ယုယစွာ နမ်းထားသော လီမိ ဘက်တစ်စီးကို တွေ့လိုက်ရသည်။ ဒရိုင်ဘာနေရာတွင် ထိုင်နေသူက "အမလေး" အသံရှင်ဖြစ်ပုံရသော မိန်းမချောလေးဖြစ်သည်။

"အားပါး...လန်းလှချည်လား"

ဟု ရင်ထဲ ခေတ်ဘန်းစကားနှင့် ဟစ်ကြွေးလိုက်မိလေသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

ကိုဘိုနီက စိတ်ဆိုးခြင်းကို မြိုသိပ်ပြီး မေးလိုက်သည်။

"ကျွန်မကား ဘရိတ်ရှောနေလို့ လာပြရင်း အခုလိုဖြစ်ရတာ၊ ဆိုင်ဝပ်ရှော့ကလည်း နိမ့်ရှောဖြစ်နေတာကိုး၊ ဘာမှမဖြစ်ပါဘူး၊ ဘာ ပိန့်သွားရုံလေးပဲဟာ၊ ကျွန်မလျော်ပေးပါ့မယ်"



www.burmeseclassic.com

 www.burmeseclassic.com 

အားပါးပါး...အာဂ အလန်းလေးပါလား။ သူကလည်း ဝင်တိုက်သေး။ အထက်စီးကနေ ဝပ်ရှေ့အနေအထားကို အပြစ်ဖို့လိုက်သေး။

ရဲဘုန်းလူ ဘဝင်၌ စွဲငြိလာလေပြီ။ သို့သော် ဘုဆတ်ဆတ်ပင်။

"ကျွန်တော့်ကား ဘန်ကာက အော်ရီဂျင်နယ်ဗျ"

ကားပိုင်ရှင်ဖြစ်ကြောင်းလည်း မကျော့ပ်တိုင် တက်ပြလိုက်သည်။

မိန်းမချောလေးက မခေ။ ကားတံခါးကို ဖွင့်ပြီးဆင်းလာသည်။

"ဒိန်း...တလိန်း ဒိန်း"

ရဲဘုန်းလူ ရင်ထဲ ဒိန်းတလိန်းဒိန်းနတ် ဝင်ရောက်ပူးလေပြီထင့်။ "ဒိန်း" "လိန်း" သံတွေ ရှုည်ကုန်လေပြီ။

အနီနတ်မိမယ်လေးက ရဲဘုန်းလူ ကားနောက်မြီးပိုင်းဆီသို့ လျှောက်လာသည်။

လှလိုက်သည့် ခန္ဓာကိုယ်ကောက်ကြောင်း။

မျက်နှာကလည်း လှ။ ခန္ဓာကိုယ် ကောက်ကြောင်းကလည်း လှမို့ ရှားပါးသော ပြည့်စုံသည့် အလှတရားတို့ စုဝေးနေသော နတ်မိမယ်လေးပါလား။

ရင်ထဲ လှိုက်ဖြာလာသော ပင့်သက်လုံးကြီးကို တိတ်တခိုး ရှိုက်ချလိုက်ရသည်။ ဟူး...။

"ဟင်း...ဟင်း...ဟင်း"

ခနဲ့ခနဲ့ လေသံလေးက ဆောင်းလေညှင်းနယ် သွဲ့သွဲ့အေးအေးလေး။ သူ့နားစည်သို့ ရိုက်ခတ်လာပြန်သည်။

ရဲဘုန်းလူ ဖင်ယော်တောင် မျက်ခုံးနှစ်ဘက် တွန့်ကာ ကြည့်လိုက်သည်။

"ဟင်း...ဟင်း...ရှင့်ကားက အော်ရီဂျင်နယ်၊ ဟုတ်ပါ့ရှင်...ဟုတ်ပါ့၊ အော်တော့ အော်ပဲ၊ ဒါပေမယ့် အော်ရီဂျင်နယ် မဟုတ်ဘူး...အော်ဆွေးကြီး"

ပြောရက်လိုက်တာ မညှာမတာ။

"ဘာဗျ"

"ဟုတ်တယ်လေ...ဒီမှာကြည့်ပါလား"

နတ်မိမယ်က ဘန်ဂုာနေရာရှိ အချပ်လိုက် ကွာနေသော နေရာကို ထိုးပြလိုက်သည်။

"တွေ့လား ပွတင်းသားအထူကြီး၊ အော်ဆွေးကြီးကိုများ၊ Side Lamp က ဒီထက်ပိုတန်တယ်"

နှုတ်သီးကောင်းလျှာပါး မိန်းကလေးကို သူကပဲ ညည်းတွား...ာ အလျှော့မပေးလိုဟန်နှင့်...

"မင်းကွာ...ကိုယ်ကပဲ ငတ်တုတ်အတိုက်ခံရပြီး ပြန်လျော်ပေး...လို ဖြစ်သွားပြီ"

"အဟင်း...ဟင်း...သဘောပြောတာပါရှင်၊ ကျွန်မမှားတာပါ၊ အားလုံးတာဝန်ယူ ရှင်းပေးပါ့မယ်၊ အဲ...ဒါပေမယ့် ရှင် အစုဖြစ်နေတဲ့ ...ကျ ကိစ္စကြီးတော့ မပါဘူးနော်"

ရဲတင်းသလောက် အကွက်စေ့သော ထွေလုံးငေါ်လုံးလေးနှင့် ...ဟောင်ပြောင်တတ်ပုံရသော နတ်မိမယ်က ရဲဘုန်းလူကို ကလိလိုက်...။

မိန်းမကိစ္စ ကင်းရှင်းသော လူပျိုသိုးကြီး ရဲဘုန်းလူ။ ခုတော့ ...နှင့် ပတ်သက်၍ အားနာတတ်သော ရဲဘုန်းလူ ဖြစ်သွားလေသည်





www.burmeseclassic.com

 www.burmeseclassic.com 

မို့...

"နေပါစေ...ကိုယ့်ဖာသာကိုယ်ပဲ ပြင်လိုက်ပါ့မယ်၊ မင်းသာ ကိုယ့်အမှားကိုယ်သိရင် ပြီးတာပါပဲ"

သို့သော် ကြက်ခေါင်းဆိတ်မခံတတ်ပုံရသော နတ်မိမယ်က အခွန်းတင်မခံ။

"No...ကျေးဇူးမတင်ဘူး..မဆိုင်တာ၊ ရှင်ကြီးကားကို ကျွန်မ ဝင်တိုက်ထားတာ၊ အလျော်ပေးကို ပေးရမယ်၊ ရှင်ကြီးကလည်း လက်ခံ ရမယ်၊ ကျွန်မ သံသရာကြွေး တင်မခံနိုင်ဘူးလေ"

"ဗုဒ္ဓေါ်"

ရဲဘုန်းလူ ရင်ထဲ ဘုရားတလိုက်မိပြန်ပြီ။ အာဂမိန်းကလေးပါ လား။ ရဲဘုန်းလူ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဆွံ့အသွား လေသည်။

"ကိုင်း...တော်ကြပါတော့၊ ဒီကိစ္စ ကျွန်တော့်ဝပ်ရှော့ပ်ထဲမှာ ဖြစ်တာမို့ အဆင်ပြေအောင် ကျွန်တော်ပဲ အားလုံးစီစဉ်ပေးပါ့မယ်၊ အစ်မလေးလည်း မလျော်နဲ့၊ ဘန်ကာကို ပြန်ကောင်းအောင် လုပ်ပေး လိုက်မယ်၊ အစ်မလေးကားရဲ့လီမိတက်ဆိုက်ဒ်လင့်ပ်(Limited Side Lamp)ကိုတော့ အစ်မလေး ကိုယ့်ဖာသာကိုယ် ရာဝယ်တပ်လိုက် တော့"

နတ်မိနယ်လေး၏ကားကို နောက်ဆုတ်ပြီး ဘေးလွတ်ရာ ပို့၍ ပြန်လာသော ဝပ်ရှော့ပ်ဆရာ ကိုဘိုနီက ဝင်ရောက်ဖြေရှင်းလိုက် သဖြင့် ပြဿနာက ယာယီပြေလည်သွားလေသည်။

"ကိုရဲဘုန်းလူ...သူ့ကားကို ကျွန်တော် အရင်ပြင်ပေးလိုက် မယ်နော်"



နတ်ကတော့...

"လုပ်ပါဗျာ...လုပ်ပါ"

စိတ်ထဲကတော့ "တစ်ရန်အေးတာပေါ့" ဟု ဆက်လိုက်မိ သည်။ စိတ်ထဲက စကားကိုတော့ ပြင်ပသို့ ထုတ်ဖော်မပြောရဲ။ ပြော လိုက်မိပါက တစ်ရန်မအေးသည့်အပြင် ရန်မီးတွေက ပွားလာနိုင်သည်။

နတ်မိမယ်လေးနှင့် ရန်မပွားလို။

အကြင်နာတွေသာ တိုးပွားလိုသည်မို့ သူ သဘောတွေ ဖွတ် ကောင်းပြလိုက်သည်။

ထိုအခါမှ...

အနီ နတ်မိမယ်လေးက နှုတ်ခမ်းပါးလေးကတော့ လှုပ်ရှား မလာ၊ မျက်လုံးအကြည်မါတ်လေးဖြင့်တော့ ကျေးဇူးတင်ကြောင်း လှမ်းပြောလိုက်လေသည်။

သွားပြီ...။

ထိုစကားပြောသော မျက်လုံးအစုံသည် ရဲဘုန်းလူ၏ ပါကင် မဖွင့်ရသေးသော ရင်ဘတ်ထဲ ဝှိတ်လှောင်ထားသည့် နလုံးသားပါကင် ကြီးကို လျှော့တိလျှော့ရဲ ဖြစ်သွားစေခဲ့သည်။

အမည်ဖေါ်ရန် ခက်ခဲသော နလုံးသားဝေဒနာတစ်ရပ်ကို သူ ခံစားလိုက်ရသည်။ သူ့ကားမှ ဖြုတ်ယူသွားသော အစိတ်အပိုင်းများကို ကြည့်ပြီး ကားအကြောင်း နားလည်အောင် လေ့လာဦးမည် ဟူသည့် အစီအစဉ်များလည်း နတ်မိမယ်၏မျက်ဝန်းနက်အောက်ဝယ် တစ်စစီ ပျက်စီးသွားလေတော့သည်။

"ဆရာ...ကျွန်တော့်ကို အင်ဂျင်ဝိုင် ပန့်အသစ် သွားဝယ်ဖို့ ငွေထုတ်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ခြော်...အေး...အေး"

ကိုဘိုနီတပည့်လေး ငွေလာတောင်းသည်ကို သူဘာမျှ မမေးမြန်းဘဲ တောင်းသလောက် ထုတ်ပေးလိုက်သည်။

ဟူး...မလွယ်၊ သူ့ရင်ထဲ တစ်ရန်မအေးသည့်အပြင် ရန်တိုးပွားတိန်းတွေ ဆိုက်နေလေပြီ။ တိုးပွားလာမည့်ရန်က နည်းနည်းနောနော မဟုတ်။ ရန်ပေါင်း "၁၅၀၀" တိုးပွားလာရန် အခြေအနေ ပြနေသည်မို့၊

ရဲဘုန်းလူ နလုံးသား အင်ဂျင်စက်သံက တဒိန်းဒိန်း တဒိုင်းဒိုင်း ညံလျက်...။







# အခန်း(၃)

မျက်ဝန်းနက်ရွဲရွဲကြီးဖြင့် လှစ်ကနဲကြည့်ကာ ချာကနဲ လှည့်၍ ဆ်ရှော့ပ်ရှိ ထိုင်ခုံဗီွင် ကြော့ကြော့ကလေး သွားထိုင်သည့် နတ်မိမယ် ာ G.S.M တယ်လီဖုန်း Hand Set ကို ဟန်ပါပါ နှိပ်နေသည်အထိ ဘုန်းလူ သံလိုက်စက်ကွင်းမိသွားသည့်နှယ် အငေးသား ကြည့်မိသွား သည်။

ထိုမျှ မကသေး။ သူကလေးနှင့်က မလှမ်းမကမ်းမို့ ဝင်လာ ည့် ဆည်းလည်းသံလေးများက ဆွေးမြေ့လုဖြစ်နေသော ရဲဘုန်းလူ လုံးသား ပတ်ကင်ကြိုးတစ်ချောင်းကို ဆွဲဖြုတ်သွားလေသည်။

"မာမီ...မီးပါ၊ ဒီမှာလေ...ကားဘရိတ် ရှော့ဖြစ်သွားပြီးတော့..."

"×××××"


www.burmeseclassic.com

www.burmeseclassic.com

"မပူပါနဲ့ မာမီရယ်၊ အတိုက်ခံရတဲ့ ကားပိုင်ရှင် ဦးလေးကြီးက သဘောကောင်းပါတယ်"

ဟိုက်...လုပ်ချလိုက်ပြန်ပြီ။ ကားပိုင်ရှင် ဦးလေးကြီးတဲ့၊ ခုန ပြောနေတုန်းကတော့ ဦးလေးဆိုပြီး ဂါရဝစကားတစ်ခွန်းမှ မပါ။ ရွယ်တူ ချင်း သဘောထားပြီး ရှင်နဲ့ကျွန်မ၊ တစ်ခါတစ်ရံ "ရှင်ကြီး" လိုက်သေး။ ခုတော့ ကားပိုင်ရှင် ဦးလေးကြီးဟု မိခင်ကို အစီရင်ခံနေသည်၊ တော် တော်လည်း တတ်နိုင်တဲ့ဟာလေး။

ရဲဘုန်းလူ မကြားချင်ဟန်ဆောင်ပြီး မျက်နှာလွှဲနေလိုက် သည်၊ နလုံးသားပေါ်ကတက်ကြိုးကိုလည်း ယောက်ျားမာနနှင့် ခပ်တင်း တင်း ပြန်ချည်ထားလိုက်သည်၊

သို့တိုင်အောင် နားစည်သို့ ကလီကမာသံလေးက ရိုက်ခတ် လာဆဲ၊

"မရဘူး မာမီရဲ့၊ နည်းနည်းတော့ အကုန်အကျ များမယ်၊ သူ့ဘန်ကာကြီးက အကောင်းစားကြီးဟာကို"

"× × × × × ×"

လုပ်ချလိုက်ဟာ၊ "အော်ဆွေးကြီး" က အခုတော့ "အကောင်း စားကြီး" တဲ့လား။

"မပို့နိုင်းပါနဲ့ မာမီ...အလုပ်ရှုပ်ပါတယ်၊ မီးမှာ ပါသင်္ဘောက် အရင်ရှင်းထားနှင့်လိုက်မယ်၊ ဝပ်ရှော့ဆရာက သဘောကောင်းပါ တယ်"

ရဲဘုန်းလူ ကလီကမာမလေးနားမှ လက်ဖြောက်အရှုံးပေး၊ လက်နှစ်ဖက်နှင့် နားကို ပိတ်ပြီး အမူအယာနှင့် ကလိကာ ထွက်ခွာချင် ပေမယ့် မကောင်းတတ်သဖြင့် ဒင်းနှင့် ခပ်ဝေးဝေးသို့ ထွက်ခဲ့လေသည်။





အမေကို ငွေညာတောင်းနေတာ၊

ဒင်းလို မိန်းကလေးမျိုးကို စိတ်ဝင်စားမိခြင်းအတွက် နောင်တ ရသင့်ပြီ ထင်သည်။

တကယ့် မလွယ်ကြောပါလား။

ရဲဘုန်းလူ ဆက်မတွေးရဲတော့။ မတွေးသင့်ဘူးဟု ထင်ပါ သည်၊ ဒါကြောင့်လည်း လူပျိုသိုးကြီးဘွဲ့တူးကိုပါ ဆိုင်လာတာထင့်၊

ရဲဘုန်းလူ ဝပ်ရှော့ပ်ရှေ့နား လက်ဖက်ရည်ဆိုင်သို့ ထွက်ခွာ ရန် ခြေလှမ်းပြင်လိုက်သည်၊ ကားပြင်မပြီးခင်အချိန်အထိ နားခိုရန် အကောင်းဆုံးနေရာက လက်ဖက်ရည်ဆိုင်ပဲ ရှိသည်ကိုး။

"ဟော့...ဆရာကြီး"

ရဲဘုန်းလူ ခြေလှမ်း တုန့်ကနဲ ရပ်ဆိုင်းသွားသည်။ ဆွဲအားပြင်း သည့် အသံလှိုင်းပေပဲ။

G.S.M Hand Set ကို ပိတ်ပြီး သူ့ထံသို့ လှမ်းလာသော ကလီကမာမလေးက မေးခွန်းထုတ်ပြီး သူ့ဘာသာပင် ဖြေကာ ဆုံးဖြတ် ချက် ချလိုက်လေသည်၊

"လက်ဖက်ရည်ဆိုင် သွားမလို့လား...အတော်ပဲ၊ ကျွန်မလည်း ဗိုက်ဆာနေလို့ အဖော်လိုက်ခဲ့မယ်"

ရဲဘုန်းလူ နှုတ်ဆိတ်နေလိုက်သည်။

"ဘာလဲ...ရှင်က စိတ်ခုနေဘာလား"

ရဲဘုန်းလူ တေမိမင်းသားကို အားကျပစ်လိုက်သည်၊ ဒါကို ကလေးက ဆက်ကလိသည်၊

"အဟွန့်...ကျွန်မသိပါတယ်၊ ခုန မာမီ့ဆီ ဖုန်းဆက်တော့ ကား ပိုင်ရှင်ဦးလေးကြီးက သဘောကောင်းပါတယ်လို့ ပြောလိုက်လို့ ကုစ်



www.burmeseclassic.com

www.burmeseclassic.com

သွားတာမှတ်လား"

ရဲဘုန်းလှ တွန့်သွားသည်။ ပြီးမှ…

"ငါ ဘာမှမကြားလိုက်ဘူး"

မှသားလေး သုံးကြည့်လိုက်သည်…မရ။

"ရှင်ကြားပါတယ်…ကြားလိုက်လို့ ရှင် ဟိုဘက်လှည့်သွားတာ ကျွန်မမြင်သားပဲ၊ ဒီလိုရှင့်…ဦးလေးကြီးလို့ သုံးလိုက်တာက မေမေစိတ်ပူမှာစိုးလို့လေ၊ သဘောကောင်းပါတယ်လို့ ပြောလိုက်ရတာကလည်း ရှင်က သဘောကောင်းနေတာကိုး၊ ကိုင်း…ကျေနပ်ပြီလား"

"ကိုင်း…ထားပါတော့ မအဝ့ါရယ်"

"ဘာရှင့်"

"မအဝ့ါလို့"

ရဲဘုန်းလှလည်း မကလိသာ ကလိသာလေး ပြန်ကလိလိုက်သည်။

"လူဆိုး…အဲဒီလိုကြီးတော့ ခေါ်ဖို့ မကောင်းပါဘူး"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"ဟင်း…ဟင်း…နာမည်ကို သွယ်ဝိုက်ပြီး မေးနေတာပေါ့လေ"

"ကြံ့ကျက်သလို ထင်နိုင်တယ်"

"ဟင်း…ဟင်း…ရှင်ကြီး တော်တော်ရယ်ရတယ်"

မိန်းကလေးက ရယ်သွေးသွမ်းလိုက်သည်။ သူနှင့် ယှဉ်တွဲလိုက်ပါလာသည်။

လက်ဖက်ရည်ဆိုင် သီးသန့်မရှိ၊ စားသောက်ဆိုင်တစ်…တွင်သာ လက်ဖက်ရည်ကော်ဖီ အအေးတို့ပါ တွဲဖွင့်ထားသည်။ အချိန်ကလည်း (၁၁)နာရီဆိုတော့ နံနက်စောစောစာ စားချိန်လည်း မဟုတ်





တော့သဖြင့် လူရှင်းနေလေသည်။

"ဒီဆိုင်ပဲ ဝင်ရင် ကောင်းမလား၊ ဟိုလေ…ရှင့်ကားအတွက် လျော်ကြေးမပေးရတဲ့အတွက်တူ ကျွန်မပဲ ဒကာခံပါ့မယ်"

ကလီကမာမလေးက လျော်ကြေးစကား ပြောလာပြန်တော့ ရဲဘုန်းလှ မနေနိုင်။ လွှတ်ကနဲ ထွက်သွားလေသည်။

"ဘာလဲ…အမေဆီက ညာတောင်းထားတဲ့ငွေနဲ့ ကျွေးမှာလား"

"ဟော…ဖေါ်ပြီ…ပေါ်ပြီ၊ ရှင်ခုနပြောတော့ ကျွန်မဖုန်းပြောနေတာ နားမထောင်ပါဘူးဆို၊ ခုတော့ ပေါ်ပြီ၊ ရှင် ခိုးနားထောင်နေတာ မဟုတ်လား"

ရဲဘုန်းလှ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိလျက်သား ဖြစ်သွားသည်၊ မလွယ်ပါလား။

"ခိုးနားထောင်နေတာ မဟုတ်ပါဘူးကွာ၊ နားရှိလို့သာ ကြား…ရတာပါ၊ လက်နှစ်ဖက်နဲ့ နားပိတ်လို့ကလည်း မသင့်တော်ဘူး မှတ်…မအဝ့ါရဲ့"

ရဲဘုန်းလှ သူ့ထံ ရောက်လာမည့် မြားဦးကို "မအဝ့ါ" ဟူသော …နှင့် ကာထားလိုက်သည်၊ ထိုအသုံးအနှုန်းကို ခင်းကြိုက်ပုံမရ။

"လာပြန်ပြီ ဒီမအဝ့ါ"

ကုလားထိုင် ဆွဲထိုင်ရင်း နှုတ်ခမ်းစူကာ မကျေမချမ်း ပြော…သည်၊ သူ့နာမည်ကိုလည်း ပြောချင်ပုံမရချေ။ တစ်စုံတစ်ရာ လှည့်…ကြံစည်စဉ်းစားနေပုံရသည်။

ဒီတော့ ရဲဘုန်းလှက ထပ်ပြီး တွန်းအားပေးလိုက်သည်။

"မင်းကမှ ကိုယ့်နာမည် ကိုယ်မပြောချင်တာ၊ ဒီနာမည်လေးပဲ


www.burmeseclassic.com

www.burmeseclassic.com


ကောင်းပါတယ်နော် မအဝ့်၊ သဘောတူတယ် မှတ်လား"

ဟု ကလိလိုက်သည်။

"မတူဘူး…ရှင့်နာမည်ကော မပြောချင်ဘူးလား"

"လိုလို့လား…မင်း ခုနက ကင်ပွန်းတပ်ပြီးသား၊ ဦးလေးကြီးဆို ပြီးရောပေါ့"

"ဟား..ဟ..ရယ်ရတယ်၊ အသက်ကဖြင့် ဒီလောက်လည်း မကြီးသေးဘဲနဲ့"

"ထားပါတော့ မအဝ့်၊ ကိုင်း…ဘာစားကြမှာလဲ၊ ပြော"

"လာပြန်ပြီ…အဲဒီလို ခေါ်နေရင်တော့ ဘာမှ စားနိုင်တော့မှာ မဟုတ်ဘူး"

"ရတယ်…မင်းပဲ ခုနက ဆာတယ်ဆို"

"ဦးလေးကြီး ပေးတဲ့နာမည်ကြောင့် စားချင်စိတ် ကုန်သွားတာ"

"ဒါဆို မိဘပေးတဲ့နာမည်ကို ပြောလေ"

ရဲတင်းသွက်လက်သော မိန်းကလေးက နာမည်ပြောဖို့ကျ တော့ ဒီလောက်တောင် တွန့်တိုတတ်သလားဟု ရဲဘုန်းလှ နားမလည် စွာ တွေးလိုက်မိသည်။

"အဲဒါလည်း မပြောချင်ဘူး..သိပြီ..သိပြီ၊ ကျွန်မ အလုပ်ရဲ့ နာမည်ကို ပြောမယ်"

"ပြော.."

"Lady Driver (လေဒီဒရိုင်ဘာ)"

"အဆန်းပါလား"

"မဆန်းပါဘူး…ကျွန်မအလုပ်က ကားအငှားလိုက်တယ်လေ၊ မြန်မာပြည်မှာ ရှာမှရှားတဲ့ လေဒီဒရိုင်ဘာလေ"

"ဟုတ်ပဲ့မလားကွာ…မင်းကားမောင်းပုံက မကျွမ်းကျင်ဘဲနဲ့ များကွာ"

Lady Driver ဟု သူ့ကိုယ်သူ နာမည်ပေးထားသော ကလိ ကမာမလေး ကျွဲမြီးတိုသွားပုံရသည်။

"ရှင်နဲ့ကျွန်မ ကားပြိုင်မောင်းမလား"

စိန်ခေါ်လိုက်သည်ကို ရဲဘုန်းလှ ပြန်ဖြေချိန် မရလိုက်၊ အလွန် အရာ လေးကန်သော စားပွဲထိုးတစ်ယောက် သူတို့စားပွဲကို လာရပ် သောကြောင့်ဖြစ်သည်။

နှုတ်ကလည်း တစ်စုံတစ်ရာ မမေး၊ ပေါင်တီပေါင်တောင်နှင့် ရှုဘုတူကြီး ရပ်နေသည်၊ သူသာ ဆိုင်ရှင်ဆိုလျှင် ဖနောင့်နှင့် ပေါက်မိ ထိမ့်မည်၊ သည်းခံသည်းခံဟု ကိုယ့်စိတ်ကိုယ် ဆုံးမရင်း…

"ဆီချက် ရမလား"

ကောင်လေးက ခေါင်းညိတ်ပြသည်။

"ကြက်သားဆီချက်ခေါက်ဆွဲ…ငါ့အတွက် တစ်ပွဲ"

ရဲဘုန်းလှ တိတိကျကျ မှာလိုက်သည်။

"အစ်မအတွက်လည်း အတူတူပဲ တစ်ပွဲ"

လေဒီရိုင်ဘာမလေး သံယောင်လိုက်ပြီး မှာလေသည်။

စားပွဲထိုးကောင်လေး လေးကန်စွာ ထွက်သွားသည်ကို ကြည့် ၍ ရဲဘုန်းလှ အသည်းယားနေသည်၊ သို့သော် စိတ်က ကြည်ကြည် လင်လင် ဖြစ်နေသဖြင့် "လိပ်ဘိုးအေလေး" ဟုပင် စိတ်ထဲ တိုင်းထွာ ပစ်လိုက်သည်။

"ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com

Lady driver လေဒီဒရိုင်ဘာက မေးဆတ်ကာ မေးလိုက်သည်။

"ဘာကို ပြောတာလဲ"

ရဲဘုန်းလူ မသိချင်ဟန်ဆောင်ကာ ပြန်မေးလိုက်သည်။

"ကားပြိုင်မောင်းမလားလို့"

"ဘရိတ်မမိတဲ့ကားကို ဂီယာနဲ့ မဖမ်းတတ်ဘဲနဲ့များကွာ"

လေဒီဒရိုင်ဘာ အနာပေါ် တုတ်ကျသွားလေသည့်အတွက် ရဲဘုန်းလူကို ပြန်မပြောတော့ဘဲ နှုတ်ခမ်းစူကာ လမ်းမဘက်သို့ ကြည့်ခြင်းဖြင့် မျက်နှာလွှဲနေလိုက်လေသည်။

ရဲဘုန်းလူ ဘယ်ကစ၍ ဘယ်စကားကို ဆက်ပြောရမှန်း မသိတော့။

ကိုယ်စီးနေကျ ကားအကြောင်း နားမလည်သောသူ။

တစ်ခါတစ်ရံမှ မတွေ့ဖူးသော သူစိမ်းမိန်းမတစ်ယောက်၏ စိတ်ကို နားလည်ရန် ခက်သောကိစ္စ။

ဟူး…ငြိမ်နေလိုက်တာ အကောင်းဆုံးပင်။

လိပ်ဘိုးအေလေး ရောက်လာသည်။ လေးတိလေးတွဲနှင့် ဆီချက်ခေါက်ဆွဲနှစ်ပွဲ လာချသည်။ နောက် ဟင်းချိုနှစ်ပွဲ။

ဆီချက်ခေါက်ဆွဲ စားကြသည်။

ပြီးတော့ လေဒီဒရိုင်ဘာက ငွေရှင်းသည်။ သူ လောကွတ်မလုပ်၊ လက်ပိုက်ကြည့်နေလိုက်သည်။ အပြောနဲ့အဟော ညီပါစေကွာ ဟု…။

ဆိုင်က အတူတူ ထွက်လာသည်။

ဝပ်ရှော့သို့ ပြန်ခဲ့သည်။





စကားတစ်ခွန်းမှ မပြော။

ဝပ်ရှော့ရောက်တော့ လေဒီဒရိုင်ဘာ ကားက ပြင်ပြီးနေပြီဖြစ်သည့်အတွက် မရှောလေးက ကားပေါ် တက်မောင်းပြီး ထွက်ခွာအသွားတွင် သူ့အား နှုတ်ဆက်အကြည့် ကြည့်သွားသည်။

နှုတ်ခမ်းပါးလေးက ကွေး၏မကွေး၏သို့နှင့် အသံက ထွက်မလာ။

မျက်ဝန်းနက်ကြီးကတော့ နှုတ်ဆက်ခြင်းအပြင် အဓိပ္ပါယ်များစွာပါရှိနေသည်ကိုတော့ သူသိသည်။ သို့သော် ထိုအဓိပ္ပါယ်ကို သူ ခဖတ်တတ်။

ကားက ဆယ်ပေလောက် လိမ့်ထွက်သွားပြီးမှ နောက်ပြန်ဆုတ်လာသည်။

သူ့အနီး ကားရပ်ပြီး ခေါင်းပြူကာကြည့်သည်။

ဇောဇောက ခပ်ကွေးကွေး နှုတ်ခမ်းလေးက ပွင့်အာပြီး စကားသံများ ထွက်လာသည်။

နောက်…ကားကို ဝူးကနဲ မောင်းထွက်သွားလေသည်။

ထွက်ပေါ်ခဲ့သည့် စကားသံကလည်း ကြည့်ဦး။

"ဦးလေးကြီး…သွားမယ်၊ လမ်းတွေ့ရင် နှုတ်မဆက်နဲ့" တဲ့။

"ဟူး…"

ရဲဘုန်းလူ ရင်ထဲ အနုမြူပေါင်းအိုးဗုံ ကွဲသွားလေပြီ။ မလွယ်ပါလား၊ လေဒီဒရိုင်ဘာလေးရယ်…ရင်ထဲ ရှိရှိသမျှသော ကလီစာတွေ အခိုးအငွေ့ဖြစ်ကုန်ပြီထင့်၊ သူ့ရင်ဘတ်ထဲ လောင်ကျွမ်းသွားပြီ။


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

အိပ်ပျော်ခြင်းစွမ်းရည်တို့ကို တိတိပပ ခိုးယူသွားသူ လေဒီဒရိုင်ဘာထံမှ ရဲဘုန်းလှ ပြန်လည်လုယူနိုင်ခဲ့သည့်အချိန်က အရက်ဦးရောင်နီပျို့ခါနီး နံနက်(၄)နာရီခန့်တွင် ဖြစ်သည်။

ကလီကမာ လေဒီဒရိုင်ဘာလေး၏အမှောင့်ပယောဂက သူ့အိပ်ပျော်ခြင်းကို အစပြု ဖျက်ဆီးပစ်နိုင်စွမ်း ရှိပါလား။

နံနက်(၄)နာရီမှ (၈)နာရီခွဲအထိကိုသာ သူ တိတိပပ အိပ်ပျော်ခြင်း ပြုနိုင်ခဲ့သည်။ ဒါကလည်း...

"သားရေ...ထတော့၊ ရှစ်နာရီတောင် ခွဲနေပြီ၊ နေဖင်ထိုးအောင် မအိပ်ကောင်းဘူး၊ အလုပ်နောက်ကျနေဦးမယ်"

- မာတာမိခင်၏ပါးစပ်နှုတ်ဖျားစက်မှ အလုပ်ဟုသောအသံ ပါသော





ကြောင့် ရဲဘုန်းလှ လူးလဲထလိုက်သည်။

သူ့ဘဝက အလုပ်ရှင်လည်း မဟုတ်၊ အလုပ်သမားလည်း မဟုတ်။ သို့သော် အလုပ်ကိုတော့ လေးစားရမည်။

"အမ်.အေ.ဝိုင်" (M.A.Y) အထွေထွေရောင်းဝယ်ရေး အစုစပ်ကုမ္ပဏီတစ်ခုကို သူတို့သူငယ်ချင်း(၃)ဦး စုပေါင်းတည်ထောင်ထားကြသည်။ မြင့်ဇော်၊ တိုးအောင်နှင့် ရဲဘုန်းလှဆိုသော သူငယ်ချင်း(၃)ဦးဖြစ်သည်။ (၃)ဦးစလုံး ရှယ်ယာတူသည်။ ရုံးဖျိန်မှန်ရန်လည်း တတိကဝတ် ပြုထားကြသည်၊ အရေးပေါ် အခြေအနေမှအပ ခွင့်တောင်းလိုလျှင် ကျန်နှစ်ဦးအနက် တစ်ဦးကို အသိပေးရန် စည်းကမ်းချက်လည်း ထားလေသည်။

"အိပ်ပျက်ခံပြီး အလုပ်လုပ်နေတယ် ထင်တယ်"

ပင်စင်စား ဖခင်ကြီးက စာပေသမားမို့ ညဉ့်ဦးပိုင်းတွင် အိပ်ပြီး ညဉ့်နက်ပိုင်းမှ မိုးသောက်ယံအထိ စာဖတ်၊ စာရေးလုပ်တတ်သည့်အတွက် သူ့အခန်း မီးလင်းနေသည်ကို ရိပ်စားမိသွားပုံ ရသည်။

"ဟုတ်ကဲ့ ဖေဖေ၊ မနေ့က ဝပ်ရှော့ပ်မှာ တစ်နေကုန်သွားလို့ ... အပိုင်းက အလုပ်တွေ ယူပြီးလုပ်လိုက်ရတယ်"

မှသားတစ်ဝက် အမှန်တစ်ဝက် ဖြေလိုက်သည်။

"အေး...အေး...သားသွားရင် ဖေဖေ့ကို ပန်းလှိုင်ဂေါက်ကွင်း ... ပို့နိုင်းမလို့...သားအားရဲ့လား"

အသက်(၆၀)ကျော်ပြီး (၅)နှစ်ခန့် ကိုယ်တိုင်ကားမောင်းနေ ... သော်လည်း အခုတစ်လော ဖခင်က ကိုယ်တိုင်ကားမမောင်းချင် ... တဲ့ ဆိုလာသဖြင့် ရဲဘုန်းလှကို သွားချင်သည့်နေရာ လိုက်ပို့ခိုင်း ... သည်။ Driver ကိုတော့ မငှား။



www.burmeseclassic.com

www.burmeseclassic.com

"အားပါတယ် ဖေဖေ၊ ဒါပေမယ့် ဟိုကောင်တွေကို ခွင့်လှမ်းတောင်းလိုက်ဦးမယ်"

"ဒါပေါ့…ဘာပဲလုပ်လုပ် အလုပ်ခွင်စည်းကမ်းကို လိုက်နာမှ ရေရှည်ကြီးပွားချမ်းသာမှာ"

ဖခင်စကားအဆုံး သူ မြင့်ဇော်ဆီ လှမ်းခေါ်လိုက်သည်။ မြင့်ဇော်နှင့် မတိုး၊ လူကြီးမင်းနှင့်သာ တိုးနေသဖြင့် တိုးအောင်ဆီ လှမ်းခေါ်လိုက်သည်။ ရသည်။ အကျိုးအကြောင်းပြောပြပြီး အလုပ်ခွင်သို့ (၂)နာရီခန့် နောက်ကျမည့်အကြောင်း ပြောကာ ခွင့်တိုင်လိုက်သည်။

"အေးပေါ့ကွာ…မင်းတို့ပဲ သွားကြ၊ ဟိုကောင် ဇော်ကြီး… သူ့မိန်းမ အစ်ထရာဆောင်း ရိုက်မယ်ဆိုပြီး ဒိုးပြီ"

တိုးအောင်က မြင့်ဇော်သတင်းကို ပေးသည်။

"ခွေးကောင်…ဒါကြောင့်ဖုန်းပိတ်ထားတာ နေမှာ"

ဟု ရဲဘုန်းလူ ပြောလိုက်ပြီး ဖုန်းပိတ်လိုက်သည်။

သူတို့ သူငယ်ချင်း(၃)ဦးတွင် တိုးအောင်က ရန်ကုန်တွင် တစ်ကောင်ကြွက်ဖြစ်သည်။ မိဘများက နယ်တွင်ဖြစ်သည်။

သူကတော့ အဖေတစ်လှည့် အမေတစ်လှည့် အကြိုအပို့ကိစ္စ ထမ်းဆောင်ပေးရသည်။

အဖေက ဂေါက်ကွင်း၊

အမေက တရားရိပ်သာ၊

အမေက ရှင်းသည်။ တရားရိပ်သာကို ပို့ပေး၊ တစ်ပတ် (သို့မဟုတ်)နှစ်ပတ်(သို့မဟုတ်)တစ်လနေမှ ပြန်ခေါ်ပေးရသည်။

"သား ရေချိုးလိုက်ဦးမယ် ဖေဖေ"

"အေး…အေး…သား၊ ဖေဖေ Breakfast (နံနက်စာ) စားရင်း





စောင့်နေမယ်"

အိမ်ပေါ်မှ အောက်ပြန်ဆင်းရင်း ဖေဖေက လှမ်းပြောလိုက်သည်။

ဖေဖေက လူတစ်မျိုး၊ ဘာသာရေးအလုပ်ကို ကိုယ့်ဘာသာ ကိုယ် အိမ်မှာပဲ လုပ်သည်။ လူအများနှင့် ရောနှောမလုပ်။ သူ့လက်ကိုင်စကားရှိသည်။

"တစ်ယောက်တည်း နေရင် တရား၊ နှစ်ယောက်နေရင်စကား၊ သုံးယောက်ထက် ပိုရင် အရှင်းများတဲ့…သားရဲ့" ဟူ၍။

ထိုအခါ မေမေက…

"အိမ်နေ အိမ်စိတ်၊ ကျောင်းနေ ကျောင်းစိတ်တဲ့ သားရ"

ဟု သူ့ဝါဒကို ကြေညာသည်။

ဒါကို ဖေဖေက သူ၏နောက်ဆုံးလက်ကိုင်တုတ်နှင့် ရမ်းလိုက်သည်။

"တရားရှာ ကိုယ်မှာတွေ့ မှတ်လား၊ ဘယ်နေရာ ဘယ်ဒေသမှာ ရှာရှာ၊ အဓိက,က ကိုယ့်ခန္ဓာကိုယ်မှာပဲ ကိုယ်ရှာရမှာမှတ်လား အမေကြီး၊ ဂေါက်ရိုက်ရင်းလည်း တရားအားထုတ်လို့ ရတယ်၊ လွှဲတယ်၊ ရိုက်တယ်၊ ထိတယ်၊ ပြီးတော့ ကျင်းဆီ လျှောက်ရင်း လှမ်းတယ်၊ ကြွတယ်၊ ထိတယ်နဲ့ မှတ်သားရင်း လျှောက်သွားလိုက်ရင် အသိ…သတိဆိုတာ လွတ်တော့ဘူးပေါ့၊ မဟုတ်ဘူးလား သား"

"ဟုတ်…ဖေဖေလည်း ဖေဖေနည်းနဲ့ ဖေဖေ ဟုတ်၊ မေမေလည်း မေမေနည်းနဲ့ မေမေဟုတ်၊ သားလည်း သားနည်းနဲ့သား၊ မယားရသေးတော့ တရားမရသေးဘူး…ဟာဟ"

ဟု ရယ်မောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖခင် ဝဲဒအရ တစ်ခါတစ်ရံ ဖခင်နှင့်အတူ ဂေါက်ဖို့လိုက်ရိုက်တော့ ဟုတ်နေသည်။ အမှတ်သတိနှင့် ရိုက်တော့ စိတ်တည်ငြိမ်ပြီး အမှားနည်းသည်ကို တွေ့ရလေသည်။

ထိုနေ့ ရဲဘုန်းလူ ဖခင်ကို ပန်းလှိုင်ဂေါက်ကွင်း ပို့ပေးခဲ့ပြီး တူမွန်ကိုဘက်သို့ ကားကို ဦးတည်မောင်းခဲ့လေသည်။ ထိုစဉ် ဖုန်းမြည်သံထွက်လာသည်။

ဖုန်း Screen တွင် ပေါ်လာသောနံပါတ်က သူနှင့် စိမ်းနေသည်။ နားကြပ်တပ်ကာ ဖုန်းကို လက်ခံလိုက်သည်။

"ဟယ်လို...အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ကားမောင်းနေလို့ ကြန့်ကြာသွားပါတယ်"

ယဉ်ယဉ်ကျေးကျေးပင် တုန့်ပြန်လိုက်သည်။ Customer တစ်ဦးဦး ဖြစ်နိုင်သည်ကိုး။

ထိုအခါ တစ်ဖက်က ရယ်သံလေးသွဲ့သွဲ့ထွက်လာလေသည်။ မိန်းကလေးသံဖြစ်သည်။ သူ့တွင် ရင်းနှီးသော သူစိမ်းမိန်းကလေးမှ မရှိလေဘဲ။

"ဟင်း..ဟင်း..ဟင်း..ရယ်ရတယ် ဦးလေးကြီးရယ်၊ လုပ်မနေပါနဲ့၊ ယဉ်ယဉ်ကျေးကျေးဆိုတော့ မနေ့ကနဲ့ တစ်ခြားစီပဲ၊ ကျွန်မလည်း ကားမောင်းနေတာပါပဲ"

"ဟာ" ကနဲ ဖြစ်သွားရသည်။ ဝမ်းသာအားရ...

"လေဒီ ဒရိုင်ဘာ"

"ဟင်း...ဟင်း...ဦးလေးကြီးက မှတ်မိသားပဲ၊ အခု ဘယ်နားရောက်နေတာလဲ"

"ရွှေဂုံတိုင်မီးပွိုင့်မှာ"





"အိုကေ...ဒါဆို နောက်နာရီဝက်ကြာရင် ပြန်ဆက်မယ်၊ ဦးလေးကြီး ယာဉ်မောင်းမကျွမ်းကျင်ပုံနဲ့ဆို ငြိကုန်လိမ့်မယ်"

ဖုန်းပိတ်သွားလေသည်။

လုပ်ချလိုက်ပြန်ပြီ။ မနေ့က သူ့ကို ဂီယာနဲ့ ဘရိတ်မဖမ်းတတ်ဘူး ပြောလိုက်ခြင်းကို ကလဲ့စား ပြန်ချေလိုက်ပုံရသည်၊ ဒလွယ်ပါလား လေဒီဒရိုင်ဘာလေးရယ်၊ စကားကို တစ်ခွန်းမှ အတင်မခံတဲ့ ဇတ်ဇတ်ကြီလေး။

ရဲဘုန်းလူ ပြုံးကာ ကြည့်မွေ့နေပြီးမှ...

"ဟင်...ငါ့ဖုန်းနံပါတ် ဘယ်လိုရသွားပါလိမ့်"

ဟူသော အတွေးခေါင်သွားသည်၊ နောက်မှ ဩော်..ဝပ်ရှော့မေးရင် ရတာပဲ၊ ကိုဘိုနီမှာ ငါ့ဖုန်းနံပါတ်ကို မေးလိုက်လို့လည်း ရတာပဲ ဟု အတွေးပေါက်သွားသည်၊ သူ့ G.S.M ဖုန်းပါဝါကို ပိတ်ထားလိုက်ရန် ကြံရွယ်လိုက်သေးသည်။ တနည်းအားဖြင့် ယောကျ်ားအထာကိုင်ရန် စိတ်ကူးလိုက်ပြီးမှ လေဒီဒရိုင်ဘာမလေး၏တီတီတာတာအသံနှင့် တလီကမာ စကားလေးများကို ကြားချင်သဖြင့် ပါဝါမပိတ်မိတော့။

ကားကို ကုမ္ပဏီရုံးခန်း ဖွင့်ထားရာ ရွှေဂုံတိုင်လမ်းဘက် ကွေ့ဝင်လိုက်သည်။ ကားပတ်ကင်ထိုးပြီး ရီမုတ်(Remote)ဖြင့် ကားကို သော့ချ(Lock)လိုက်သည်။

"ဘယ်လိုလဲ စူပါဒရိုင်ဘာကြီး၊ ကားပက်ကင်ထိုးတာ နည်းနည်းစောင်းနေတယ်"

ဗုဒ္ဓေါ...။ ရင်းနှီးလှသည် မဟုတ်သေးသော်လည်း လတ်လတ်ဆတ်ဆတ် သိကျွမ်းခဲ့သောအသံမို့ သူချက်ချင်းမှတ်မိလိုက်သည်၊ အသံလာရာကို ငဲ့စောင်းကြည့်လိုက်သည်။ ခေတ်စတိုင်လ်အပြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com


လှပခြေဘာရှင်အနေသော လေဒီဒရိုင်ဘာလေးမို့...

"ဘယ်...ခင်း ဘယ်လိုလုပ် ရောက်နေတာလဲ"

"ဆံပင်လာညှပ်တာလေ"

သူ့ဆံပင် မနေ့ကထက် တိုသွားပုံ မရသေးသဖြင့်...

"ဪ...ကိုယ့်ရုံးခန်းက ဒီနားမှာလေ...လိုက်လည်ဦးမလား၊ ဆံပင်အရင်ညှပ်ပြီးမှ လာလည်မလား"

ခင်မင်စရာ စိတ်ဝင်စားစရာကောင်းသည့်အပြင် သူ့အာရုံကိုလည်း တစ်ညလုံး နှိပ်စက်ထားသူကလေးမို့ အလည်ခေါ်မိလိုက်သည်။

သူ့မေးခွန်းကို မဖြေသေးဘဲ သူ့ကို မေးခွန်းပြန်ထုတ်နေလေသည်၊

"လိုက်လည်စေချင်လို့လား"

"ဆိုပါတော့...ဒါထက် မင်း ကိုယ့်ဖုန်းနံပါတ်ကို ဘယ်လို ရသွားတာလဲ"

"ဒီလိုပဲပေါ့"

ရဲဘုန်းလူက မရှုပ်မရှင်း ဖြစ်နေသည်ကို ရှင်းအောင်မေးလိုက်သည်၊

လေဒီဒရိုင်ဘာကလည်း မဖြေ၊ ထို့ကြောင့် သူက အခေါ်တူးလိုက်သည်။

"အကြားအမြင် ရနေတယ်နဲ့ တူတယ်"

"ဟုတ်မှာပေါ့...ပုဂ္ဂိုလ်ဆိုတာ ဒီလိုပဲလေ"

"ဟုတ်မယ်နော်...ဒါနဲ့ ကျွန်တော့်ရုံးခန်း ဘယ်နားပါလိမ့်၊ ကျွန်တော်မေ့သွားလို့ လမ်းညွှန်ပေးပါဦး"

သူ၏မထေ့တထေ့ကို လေဒီဒရိုင်ဘာက လက်ပိုက်ကာ အာရုံခံသလို မျက်လွှာတံခါး ပိတ်လိုက်သည်၊ စက္ကန့်ပိုင်းမျှသာ ပြန်ဖွင့်ကာ...

"ဒီတိုက်ရဲ့ဒုတိယထပ် အခန်းနံပါတ် (၂××)လေ"

"ဗျာ"

ရဲဘုန်းလူ အံ့အားသင့်ချင်ဟန်ဆောင်လိုက်သည်။ တော်တော်ဟုတ်သည့် ဝပ်ရှော့ပ်ဆရာ ကိုဘိုနီ၊ သူ့လိပ်စာကဒ်ကို စေတနာရှေ့ထားကာ ပေးလိုက်ပုံရလေသည်၊

လေဒီဒရိုင်ဘာက အောင်နိုင်သူအပြုံး ပြုံးပြီး...

"လိုက်မလည်တော့ပါဘူး...ရှင့်ရုံးခန်းက ကျွန်မ ဆံပင်ညှပ်နေကျ ဆိုင်နဲ့ အပေါ်အောက်မှန်း သိရလို့ ဖုန်းဆက်လိုက်တာ၊ ကမ္ဘာကြီးဆိုတာ လူကြီးတွေက ဒီလိုပါပဲ၊ ရုံးကို တက်ချင်မှ တက်ကြ၊ လာချင်တဲ့အချိန်မှ လာကြတာ"

မကာလိသာ ကာလိသာလေး ကလိပြီး သူ့ကားပေါ် တက်ပြီး မောင်းထွက်သွားသည့် လေဒီဒရိုင်ဘာလေးကို စိတ်မဆိုးသည့်အပြင် ပြုံးကြည့်ပြီး လက်ပင် ပြလိုက်မိသေးသည်။

ရင်ဘတ်ထဲကိုတော့ အရာတစ်ခု ဖောက်ထွင်းဝင်ရောက်လာသည်မှာ သေချာပြီ။

အချစ်မြားတံတစ်စင်း၊

သူ့ Heart(နှလုံးသား)တည့်တည့်ကို ထိမှန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟော့ကောင် ငရဲသား...ဘာငေးနေတာလဲကွ"

သူနှလုံးသားကို ဆောင်ကျဉ်းသွားလေသူ၏ကားနောက်မြီးလေး ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေသူ ရဲဘုန်းလူ၏ပခုံး "ဘတ်ကနဲ" အပုတ်ခံလိုက်ရပြီး စစ်ဆေးခြင်းလည်း ခံလိုက်ရသည်။

လိပ်ပြာမလုံသူမို့ ရှက်ရယ် ရယ်လိုက်သည်။

"ဘယ်က ချာတိတ်လဲ...လန်းတယ်နော်၊ ဘယ်လိုလဲ... ဒီအလန်းလေးနဲ့တော့ လူပျိုသိုးကြီးဘဝ ခဝါချရတော့မယ် ထင်တယ် ဘယ်တုန်းကတည်းက ဖြစ်နေတာလဲ"

"မနေ့က"

"ဟေ"





တိုးအောင် မျက်လုံး ဆန်ကောဝိုင်း ဖြစ်သွားသည်။

အခြေအနေမှန်ကို ရုံးပေါ် တက်လာရင်း ရှင်းပြလိုက်သည်။ သူ့စကားဆုံးတော့ တိုးအောင်က...

"ဒီလိုဆိုရင်တော့ ကောင်မလေး မင်းကို ကြွေနေပြီ ထင်တယ် ငရဲ"

"မထင်ပါဘူး...ခုခေတ် ချာတိတ်မတွေရဲ့သဘောက ကာလီဒါသတောင် အရှုံးပေးရမယ်၊ ပြီးမှ ကြွေသွားတဲ့ ငါ့ Heart(နှလုံး)ကို Hot Pot(ဟော့ပေါ့တ်)အိုးထဲ ထည့်ပြုတ်ပြီး အချဉ်ရည်၊ ငရုတ်ရည်နဲ့ တို့စားတာ ခံနေရပါဦးမယ်ကွာ"

"မင်းကလည်းကွာ...ကာလီဒါသက ရှေးခေတ်မိန်းမတွေရဲ့ သဘောကို ကျမ်းပြုခဲ့တာပဲ၊ ခုဟာက အိုင်တီခေတ်လေကွာ၊ အချင်းချင်း လူချင်း မတွေ့ဘဲ အင်တာနက်ကနေတစ်ဆင့် ချစ်သူတွေ ဖြစ်နေတာ အပုံကြီး၊ ခု မင်းတို့က လူချင်း အရှင်လတ်လတ် ဆုံထားကြတာ၊ အားလျှော့နဲ့ သူငယ်ချင်း၊ ဟိုကောင် ဖော်ကြီးကို ဖြတ်ကျော်တက်ပစ်လိုက်"

"မင်းကျီးတော်...ကလေး(၃)မှာပုး မွေးနိုင်းမလို့လား"

"ဒါပေါ့...ဟာ့...ဟား"

ကလေးတစ်ယောက်နှင့်တစ်ဗိုက် ရနေပြီဖြစ်သော မြင့်ဖော်ကို ကျော်တက်ဖို့အတွက် ကလေး(၃)မှာပုး မွေးမှ ဖြစ်မည်ကို ရဲဘုန်းလူ ပြုံးစုံးပြောလိုက်သည်။

ဒါကို တိုးအောင်ကလည်း သဘောပေါက်လေသည်မို့ အောက်ခံကာ ရယ်လေသည်။

"နေစမ်းပါဦး...မင်းက ဘာမဆိုင် ညာမဆိုင် အောက်ကို ဘယ်


www.burmeseclassic.com

www.burmeseclassic.com

လိုလုပ် ရောက်နေတာလဲ"

တိုးအောင်၏ရုံးတက်ရုံးဆင်းကိစ္စကို ရုံးမမှန်သူ ရဲဘုန်းလူက အစ်အောက် စစ်ဆေးလိုက်လေသည်။

"အဟီး...ဟီး၊ မင်းချာတိတ်မကို ငါရှိုး(ကြည့်)နေတာ ကြာပြီ၊ သူ့ကားဘေး ရပ်ပြီး ဖုန်းတစ်လုံးနဲ့ ပွား(စကားပြော)နေတာ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာ"

"နောက်တော့"

"မင်းရောက်လာတယ်လေ...မင်းဆိုတဲ့ အိုစမာဘင်လာဒင်က ငါ့ရဲ့မျက်စိအစာလေးကို လုယူဖျက်ဆီးပစ်လိုက်တယ်လေ"

"မနာလို မရှိနဲ့ မောင်ရင်၊ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့ကွာ"

သူငယ်ချင်းနှစ်ဦး ရယ်ပွဲဖွဲ့လိုက်ကြသည်။ တိုးအောင်ကလည်း သူ့လိုပင် လူပျိုသိုးကြီးဖြစ်သည်။ အင်ဂျင်နီယာဘွဲ့ရထားပြီးသူဖြစ်သည်။ ကုမ္ပဏီ၏အဆောက်အဦး ကန်ထရိုက် ရောင်းဝယ်ရေးလုပ်ငန်းများကို ကိုင်တွယ်သည်။ ကုမ္ပဏီရုံးတွင် ဝန်ထမ်းများများစားစား မရှိ။ (၁၀)ဦးခန့်မျှသာ ရှိသည်။ လားရှိုးဘက်တွင် Site manager တစ်ဦးနှင့် လုပ်ငန်းအဖွဲ့ခွဲတစ်ဖွဲ့ ရှိသည်။

ကျန်မြို့များတွင် လုပ်ငန်းခွဲများ မတိုးချဲ့နိုင်သေးပေ။

သို့သော် သူတို့(၃)ဦး တိုင်ပင်ထားချက်အရ မန္တလေး၊ လားရှိုးမူဆယ်လမ်းပိုင်းသည် တရုတ်–မြန်မာတံခါးပေါက်ကြီး ဖြစ်၍ စီးပွားရေးတိုးချဲ့ရန် ကြံရွယ်ထားကြသည်။ ထို့ကြောင့် သူတို့(၃)ဦးထဲမှ တစ်ဦးသွားရန်ဖြစ်သည်။

"အင်း...ဒီပုံအရဆိုရင်တော့ ရှမ်းပြည်မြောက်ပိုင်းရဲ့ဆောင်းတွင်း အအေးဒဏ်ကို ငါခံရတော့မယ် ထင်တယ်"





တိုးအောင် ညည်းလိုက်လေသည်။

"ဘာဆိုင်လို့လဲကွာ"

"ဆိုင်တာပေါ့ကွ...လားရှိုး မူဆယ်သွားဖို့ကိစ္စက မြင့်ဇော်က သားနဲ့မယားနဲ့ဆိုတော့ မင်းနဲ့ငါ နှစ်ယောက်ထဲက တစ်ယောက်ယောက် သွားရမှာလေ၊ အဲဒါ ခု မင်းက သံယောဇဉ်လေး ရလာပြီဆိုတော့ ငါပဲ သွားရတော့မှာပေါ့"

"ဟား...ဟား၊ ကျလည်း ကျတဲ့ကောင်၊ ချာတိတ်နဲ့ ငါနဲ့က ဘာမှမဆိုင်သေးဘူး၊ ဟေ့ကောင် တိုးကြီး၊ မင်းသဘောကျရင် မင်းပဲသွား ငါနဲ့ မဆိုင်ဘူး၊ ကြာတယ်ကွာ...မြင့်ဇော်ဆီ ဖုန်းဆက်လိုက်၊ လားရှိုးမူဆယ်ဘက် ငါသွားမယ်လို့"

ရဲဘုန်းလူ့က လူပျိုသိုးကြီးပီပီ ရက်ရမ်းရမ်းလိုက်လေသည်။ သူ့အသည်းနှလုံးကို တစ်ညလုံး စိုးမိုးအနိုင်ယူထားသည့် မိန်းကလေးကို ရက်ရက်စက်စက် ဆွဲထုတ်ပစ်လိုက်သည်။

တိုးအောင်က မယုံသလို...

"မင်း တကယ်ပြောတာလား"

ရန်ကုန်မြေမှာ နေစရာ မှတ်နေသော တိုးအောင်က ဝမ်းသာအားရ ဖြစ်နေလေပြီ။

"တကယ်ပေါ့...မင်းသာ နွားခြေရာခွက်ထဲက ဖားသူငယ်လို နေရစ်ခဲ့၊ ဟိုကောင် မြင့်ဇော်ကလည်း ချည်တိုင်နဲ့မို့ ဘယ်မှ မသွားချင်ဘူး ထားပါတော့၊ မင်းက နွားခြေရာခွက်ကို ရေအိုင်မှတ်လို့ မခွာချင်တော့ ငါကပဲ အနစ်နာခံပေးရမှာပေါ့"

"ရက်ရက်စက်စက် ပြောရက်လိုက်တာကွာ၊ ရန်ကုန်မြို့ကြီးကိုများ မင်းမို့လို့၊ သွား...သွား၊ မြန်လေကောင်းလေပဲ၊ ငါ ကားလက်မှတ်


www.burmeseclassic.com

www.burmeseclassic.com

လုပ်လိုက်မယ်လေ၊ လားရှိုးတိုက်ရိုက် တက်လမ်း ကားနဲ့"

"နိုး...နိုး၊ ငါကားယူသွားမယ်၊ မနေ့က ငါ သေသေချာချာ High way connection ရအောင် ပြင်ဆင်ထားပြီးသား"

"ဪ...မင်းက ကြိုတင်စီစဉ်ထားတာပေါ့လေ"

"ဒါပေါ့...မင်းနဲ့ မြင့်ဇော်ကမှ မသွားချင်တာ"

"မင်းက သွားချင်တယ်ပေါ့"

"အလုပ်လေကွာ...ကြီးပွားရာကြီးပွားကြောင်း ကြံစည်ရာ နေရာဒေသမရွေး သွားလာနိုင်ရမယ်ကွ၊ မင်းတို့လို အတွေးအခေါ်နဲ့ ကွာ"

ရဲဘုန်းလူ ဆရာကြီးလေသံ လုပ်လိုက်သည်။ တိုးအောင်က နှားကလောလာဟန်နဲ့ လက်ကာလိုက်ပြီး...

"ထားပါတော့...High Boss ရယ်၊ မင်းခရီးအတွက် ငါ အားလုံး ပြင်ဆင်ထားလိုက်ပါ့မယ်၊ ကျေနပ်ပြီလား"

"ဒီလို သိတတ်လိမ္မာမှ တပည့်ကောင်း ပီသတာ"

"× × × မေးမယ့်ဟာတောင် ဘယ်ရောက်သွားပါလိမ့်၊ ဪ...ခုန အလန်းလေးနဲ့ မင်းအခြေအနေ ဘယ်လိုလဲ၊ Climactic Point (အဆုံးစွန်အခြေအနေ/အမှတ်)ကို ရောက်နေပြီလား"

"ဟုတ်တယ်...ရောက်နေပြီ"

"ဟာ..ကွာ"

တိုးအောင်အသံက အားလျော့စွာ တိုးတိတ်ဝင်သွားလေသည်။ ရဲဘုန်းလူ ရယ်ချင်သွားသည်၊ သို့သော် ခပ်တည်တည်နှင့်ပင်...

"မင်းကွာ...မနေ့ကမှ တွေ့ပါတယ်လို့ ပြောထားပြီးသားဟာကို၊ ဘာလဲ...မင်းကြွေနေပြီလား"





တိုးအောင်က မအီမလည်မျက်နှာနှင့်...

"မဟုတ်ပါဘူးကွာ...ငါက မင်းတို့နှစ်ယောက်ကို သနားလို့ပါ၊ မင်းပဲ Climati Point ကို ရောက်နေပြီဆို"

"ဟုတ်တယ်လေ..အထွဋ်အထိပ် အဆုံးစွန်အမှတ်ကို ရောက်ပြီးရင် ပြန်ကျဖို့ပဲ ရှိတော့တာပေါ့ကွ၊ ဒါကြောင့် ငါ သူ့ကို မေ့ပစ်လိုက်ပြီ"

"Good(ဂွတ်)"

"ခွေးမသား...ဒါကျတော့ အသံကျယ်လိုက်တာ"

"အလကား စတာပါကွာ၊ မင်းအလန်းလေးကို ငါစိတ်နဲ့ မပစ်မှားပါဘူး"

"ကာယကံနဲ့ပဲ ပစ်မှားမယ်လား"

"တကယ်ပြောတာပါကွာ...တကယ်လို့ မင်း သူ့ကို ကြွေနေပြီဆိုရင် ငါ မင်းကိုယ်စား လားရှိုး မူဆယ်ဘက် တက်ပေးမလို့ပါကွာ"

"လုပ်မနေနဲ့...နေစမ်းပါကွာ"

တိုးအောင်၏စိတ်ရင်းစေတနာကို စိတ်ထဲ အသိအမှတ်ပြုလိုက်သော်လည်း နှုတ်ကတော့ အလျှော့မပေး။

သို့သော် ရင်ဘတ်ထဲက ကလီစာတွေက ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်သည်။

လူပျိုကြီးမာနဖြင့် အချစ်ကို ဝန်မခံချင်သဖြင့် ပြတ်လုလု နှလုံးသားပက်ကင်ကြိုးကို တင်းနေအောင် ပြန်လည်ချည်နှောင်လိုက်တော့ ရင်ဘတ်ထဲမှာက ကလီစာတွေ ဝုန်းဒိုင်းကျဲလျက် ဖြစ်ကုန်သည်။

"ငါ တကယ်အတည်ပြောနေတာနော် ရဲဘုန်းလူ"

သူ့ နှလုံးသားကို ခြောင်လိမ်ပစ်လိုက်တော့...

သူ့အသံသည် လိမ်ဆင်သံကြီး ထွက်ပေါ်လာလေတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ငါ..သူ့ကို စိတ်မဝင်စားပါဘူးကွာ"

အသံတုန်ခါသွားသလို ရင်ထဲမှာတော့ ဆွေးမိုးကြွေသွားလေ

ပြီ။





www.burmeseclassic.com

www.burmeseclassic.com 



# အခန်း(၆)

## နှလုံးသားနှိုးစက်

အိပ်ပျော်နေသောနှလုံးသားကို
နှိုးဆွပေးရန်အတွက်
အသစ်စက်စက်နှိုးစက်ကို
အသံကုန် အိုဗာတင်း
တင်ထားသော်လည်း
အိပ်ချင်ဟန်ဆောင်တဲ့သူမို့
အနှိုးခက်လှပါတယ်လေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ခက်ခက်နွယ်ယမင်း ရင်ထဲ ဘာလိုလို ညာလိုလိုနှင့် ဟာတာတာကြီး ဖြစ်လို့နေစဉ် နားကြပ်ထဲသို့ ဖုန်းခေါ်သံ ဝင်လာသဖြင့် ထူးလိုက်သည်။ အသံကလည်း လေးတိလေးတွဲ။

"ဟယ်လို"

"ဟော့...လေဒီဒရိုင်ဘာ၊ ဘယ်ကို လမ်းသလားနေသလဲ"

သူငယ်ချင်း နန်းကစ်တီစိုး အသံဖြစ်နေသောကြောင့်...

"ကောင်မစုတ်...ငါ ကားမောင်းနေတယ်"

"သိနေတယ်လေ...နင်က အမြဲတမ်း On the road(လမ်းပေါ်မှာပဲ)ဟာ"

"ဘာကိစ္စလဲပြော"

"ဆံပင်သွားညှပ်ရအောင်ကွာ...အိမ်မှာ ကားမရှိလို့ လိုက်ပို့ပေးပါဦး"

သူငယ်ချင်းတွေက ကားကိစ္စ အကူအညီလိုလျှင် သူ့ကို သတိ





ရတတ်ကြသည်။

အကြောင်းမှာ...

သူသည် ကားအင်မတန် ချစ်တတ်သောကြောင့်...

ကားနှင့် ခက်ခက်နွယ်ယမင်း..

ခက်ခက်နွယ်ယမင်းနှင့်ကား...

အမြဲတမ်း နစ်ကိုယ့်တစ်စိတ်လို ဖြစ်နေတတ်သောကြောင့်ဖြစ်သည်။

ဒါကြောင့် သူငယ်ချင်းတွေက သူ့ကို အလိုရှိကြလျှင် ခေါ်သည်က လေဒီဒရိုင်ဘာတဲ့။

ဒီတော့ ဒရိုင်ဘာထုံးစံအတိုင်း... •

"ကားခကော"

"ထုံးစံအတိုင်း လျှော်..ညှပ်..ပေါင်းတင်ခ အကုန်တာဝန်ယူတယ်"

"Lunch(နေ့လည်စာ)ကော"

ဒရိုင်ဘာထုံးစံ အပိုလေး တင်ကြည့်လိုက်သေး။

"ဖအေးပါ အစုတ်ပလုတ်ရယ်"

"အိုကေ...နင့်အိမ်ကို (၁၅)မိနစ်အတွင်း အရောက်လာခဲ့မယ်"

"ဘုရားရေ...မလုပ်လိုက်ပါနဲ့ ယမမင်းရယ်၊ Accident(ထိခိုက်မှု)တွေဘာတွေ ဖြစ်နေမှ ငါ့ပယောဂ မကင်း ဖြစ်နေပါဦးမယ်"

"မပူပါနဲ့ ကစ်တီရယ်၊ နင်တို့ပဲ ငါ့ကို လေဒီဒရိုင်ဘာဘွဲ့ထူးချီးမြှင့်ထားပြီးတော့ ခုငါ ဦးထောင်ပိုအပိုင်းနားမှာ ရောက်နေပြီဆိုတော့ နင့်အိမ်နဲ့ နီးနီးလေးပါ၊ ဒါကြောင့်မို့ ပြောနေတာ"



www.burmeseclassic.com

 www.burmeseclassic.com

"အို…ဟုတ်လား၊ ငါ စိတ်ပူလို့ ပြောတာပါ၊ နင့်ကိုတော့ ငါ ကြောက်ပါတယ် သိလား၊ ငါပါရင်တော့ ကားကို ဖြည်းဖြည်းမောင်းပါ ဟယ်"

"ကောင်မစုတ်…ကိုယ့်ဖို့ကျတော့ သိတတ်တယ်…ဟွန်း"

"နင့်ကိုလည်း စိုးရိမ်လို့ပါဟာ၊ ပြီးတော့ ငါတို့အတွက် ဒရိုင်ဘာ တစ်ယောက် လျော့သွားမှာစိုးလို့"

"ယောကျ်ားယူလိုက်ပါလား"

ခက်ခက်နွယ်ယမင်း အငေါ်တူးလိုက်သည်။

"ကောင်းသားပဲ…ဟိ…ဟိ"

"သေလိုက်…ငါဖုန်းပိတ်လိုက်တော့မယ်၊ နင်သာ ရယ်ဒီဖြစ် နေပါစေ၊ စောင့်ဆိုင်းရရင် မီတာခ ထပ်တက်ပစ်လိုက်မယ် သိလား"

"အမလေး…ကြောက်ပါတယ် လေဒီဒရိုင်ဘာရယ်"

"ဒါပဲနော်…ငါ သံယာ့ဆေးရုံနား ရောက်နေပြီ"

"အိုကေ…"

ဖုန်းပိတ်ပြီး ကားကို နန်းကစ်တီစိုးတို့ အိမ်ရှိရာဘက် ယာဉ် ကြောအတိုင်း နေရာယူလိုက်သည်၊

လေဒီဒရိုင်ဘာ ခေါ် ခက်ခက်နွယ်ယမင်း။ သူ့ကို အမေက ယမမင်းတောင် ပြောရခက်တဲ့ သမီးတဲ့။

မနက်မိုးလင်းတာနဲ့ အိမ်အောက်ဆင်း၊ ကာ..နှင့်အတူ မျက်နှာ သစ်သည်။

မိန်းကလေးနှင့် မတူ၊ ကားကို တအားချစ်သည်။ ကားကို နည်း နည်းလေးမှ အပွန်းအပဲ့မခံ၊ ထိမိ ငြိမိလျှင် ချက်ချင်းပြင်သည်၊ ဖုန်တက် လာလျှင် ချက်ချင်းဆေးသည်။ သူ့ကားပေါ် ရွှံ့ပေ၊ ဖုန်၊ သဲ တင်လျှင်





ကြိုက်။

ကားကို မျက်နှာသစ်ပေးပြီးလျှင် ဖုန်းတစ်လုံးနှင့် သူငယ်ချင်း၊ တ်ဆွဲ၊ ဆွဲမျိုးညာတကာနင်းစတို့၊ ဒီနေ့အဖို့ သူ့ကို ခေါ်ထားခြင်း ရှိ ပြန်စစ်ဆေးသည်။

ခရီးစဉ် သေချာ၊ မသေချာ၊ အပြောင်းအလဲ ရှိမရှိ။

အပြောင်းအလဲ မရှိ၊ သေချာသည်ဆိုပါက သွားခေါ်၊ လိုရာ သို့ ပို့ဆောင်ပေးသည်၊

ပို့ဆောင်ခအဖြစ်…

ကားအာဟာရ ဖြည့်တင်း၊ လောင်စာဆီအပြင် ဘီးပွန်းခ နည်းငယ်တင်၊ လူအာဟာရကိုလည်း ဖြည့်တင်းပေး။

တစ်ခါတစ်ရံ နန်းကစ်တီစိုးလို ပေးသော ဝန်ဆောင်ခမျိုး ည်း လက်ခံသည်၊

"တီ..တီ..တီ"

ဟွန်းသံပေးရင်း နန်းကစ်တီစိုး၏အိမ်ခြံဝန်းထဲသို့ ကွေ့ဝင် တ်သည်၊

ကြောင်မက အိမ်ရှေ့ပေါ်တီကိုအောက်တွင် အဆင်သင့် င့်နေသည်။

ကစ်တီကို "ကြောင်မ" ဟုလည်း သူငယ်ချင်းတွေက ခေါ်ကြ ည်၊

"အံမယ်…ကြောင်မက အပျံစား ရှိုင်းထားပါလား၊ Beauty on မှာ ဝေ့စရာ ဂတ်ဂတ်များ ရှိနေလို့လား"

"လုပ်ပြီ…နင်ကတော့"

"ဘာလဲ…မဟုတ်လို့လား"



www.burmeseclassic.com

"ဟင်း...ဟင်း...ဟင်း"

"ကြောင်မစုတ်...ရှက်ရယ်ရယ်တယ်ဆိုတာ ဝန်ခံခြင်းပဲ ဟုတ်တယ်မှတ်လား"

"ထားပါတော့...ငါ လမ်းကျမှ ပြောပြမယ်"

နန်းကစ်တီစိုး ကားပေါ် ရောက်သည်နှင့် ခွက်ခက်နွယ်ယမင်း သူ၏စီးတော်ကားကလေးကို လေးမှ လွှတ်လိုက်သော မြားတံသဖွယ် အရှိန်ဖြင့် ဂေ့ကာဝိုက်ကာ ထွက်ခဲ့လေတော့...

"အမလေး...ဖြည်းဖြည်းလုပ်ပါ ယမင်းရယ်"

"နင့်ဘိုးအေကြီးကိုပဲ တ.တနေလို့ သူ့ရှိရာ အစီစီ အမြန်ရောက်သွားဦးမယ်နော် ကြောင်မ"

"အေးပါ...နောက်မခေါ်တော့ပါဘူး ယမင်းရယ်၊ ဖြည်းဖြည်းတော့ မောင်းပါနော်"

"အင်းပါ"

လမ်းကြားမှ လမ်းပေါ် ထွက်လိုက်သည်နှင့် အရှိန်နှင့် မောင်းလာသော ဒိုင်နာတစ်စီးနှင့် ပွတ်ကာသီကာလေး ကွေ့လိုက် ကျော်ဖြတ်တက်လိုက်သည်။

"အမလေး..."

နန်းကစ်တီစိုးက မျက်စိစုံမှိတ်ကာ အလန့်တကြား အော်သည်။

ခက်ခက်နွယ်ယမင်းက ရယ်ရင်း...

"ဟင်း...ဟင်း...ဟင်း။ မကြောက်ပါနဲ့ ကြောင်မလေးရယ်၊ ငါက အစောကြီးထဲက အဲဒီကားကို မြင်တယ်၊ မမြင်တာက နင်၊ ဒီလောက် ကြောက်တတ်နေလို့ နင်ကားမောင်းမတတ်တာ၊ ကားမောင်းတယ် ဆိုတာ လူနဲ့ကား တစ်သားထဲ ဖြစ်နေအောင် ထားတတ်ရင် မောင်းတတ်ပြီ"

"တော်ပါတော့ မယ်မင်းကြီးမရယ်၊ မမောင်းတတ်ချင် နေပါစေတော့၊ နင့်ဩဝါဒတွေလည်း မခံယူပါရစေနဲ့တော့ လေဒီပိုင်းလော့ရဲ့ အဟင်း...ဘော့စ်တို့မှည်သည့် ကားကို ကိုယ်တိုင် မမောင်းဘူးတဲ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့...ဘောစ်တွေက အလုပ်များတယ်လေ၊ ကားစီးရင်းလည်း အလုပ်အကိုင်အတွက် အကြံအစည်တွေ ဉာဏ်တွေ ထုတ်နေရတယ်တဲ့"

"အဲဒါ နင်နဲ့ ဘာဆိုင်လို့လဲ၊ နင်က ဘောစ်မှ မဟုတ်တာ၊ ဘောစ်သမီး ဘောခြမ်းပဲဟာ"

"မညစ်ပတ်နဲ့နော် မိချော်၊ နင်လည်း ဒရိုင်ဘာလုပ်ရင်းနဲ့ ညစ်ပတ်တတ်လာပြီ"

"နင်စတဲ့ ဇာတ်လမ်းလေ၊ ဘော့စ်ရဲ့သားက ဘောစိ၊ ဘောစိရဲ့ သမီးဆိုတော့ ဘောခြမ်းပေါ့၊ ဘောခြမ်းတောင်မှ ဘောခြမ်းကွဲ"

"အစုတ်ပလုတ်...တော်ပါတော့ မိခက်ရယ်၊ နင့်ကို အရှုံးပေးပါတယ်"

မိန်းကလေးအချင်းချင်း တွေ့လျှင်လည်း ထိုထိုကဲ့သို့သော အပြောင်အပျက်စကားလုံးများကို ရယ်စရာအဖြစ် ပျက်လုံးထုတ်ကြသည်က ငယ်ငယ် လတ်လတ် ကြီးကြီး သူ့Team(အဖွဲ့)နှင့် သူ ...င်။

နှစ်ဦးသား လွတ်လပ်ပေါ့ပါးစွာ ရယ်လိုက်ကြသည်။ ပြီးမှ ခက်ခက်နွယ်ယမင်းက...



www.burmeseclassic.com

www.burmeseclassic.com

"နင့်ဝတ်ဝတ် မဟုတ်ပါဘူး...ရှဲရှဲကြီးပါ"

"ဘာလဲ ရှဲရှဲ...ငါမကြားဖူးပါဘူး၊ နင်ကတော့ အထူးအဆန်းတွေကို ချည်းပဲ"

နန်းတစ်တီစိုးက ပြောင်ရျော်ချော်နှင့်...

"ဟဲဟဲ...ဂတ်ဂတ်ဆိုတာ နင်တို့ငါတို့အရွယ်ရဲ့ Boy friend လေ၊ ရုပ်ဟာက ငါတို့ထက် အသက်နည်းနည်းကြီးတဲ့ Elder boy friend ကို ပြောတာ၊ နင်နဲ့ မိတ်ဆက်ပေးရဦးမယ်"

"နီး...ငါက အပိုအလုပ်မလုပ်ဘူး၊ နင်တို့ ယူပြီးပြီဆိုမှ မိတ်ဆက်ပေး"

"ဟာ...နင်ကလည်း၊ ငါတို့က ဘာမှ မဖြစ်သေးပါဘူး၊ နှုတ်ဆက်စကား ပြောရုံတင်ပါ"

"နင့်ဘက်ကရော"

"နည်းနည်းတော့ စိတ်ဝင်စားတယ်၊ သူက ဘော့စ်လေ... ကုမ္ပဏီတစ်ခုရဲ့ Director လို့ ပြောတယ်ဟ"

ခက်ခက်နွယ်ယခင်း ရှုံးကျုံးသြဘာပြုလိုက်လေသည်။

"ဘာလဲ...ဒန်အိုးပေါက် ကြေးအိုးပေါက်ဖာတဲ့ ကုမ္ပဏီကလား"

"ကြဲကြဲဖန်ဖန်"

"ကြည့်လုပ်ဦး ကစ်တီ၊ ခုခေတ်မှာ ငွေနည်းနည်းရှိရုံနဲ့ ကုမ္ပဏီထောင်၊ M.D လုပ်၊ ဒါရိုက်တာလုပ်၊ ကားငှားစီး...Hand Phone ငှားကိုင်တာနဲ့ ဘော့စ် အွေပေအတေ အလေတွေက တစ်ပုံကြီး"

"ငါကတော့ မထင်ပေါင်၊ သူ့ဉပမိရုပ်က သန့်တယ်၊ ဟိုရောက်ရင် ငါပြမယ်"





"ဗုဒ္ဓေါ...နင်တော့ တကယ်ကြွေနေပြီထင်တယ်၊ ကြည့်လည်းလုပ်ဦးနော် ကြောင်မလေး၊ အညာလှိုင်း မပိစေနဲ့၊ ဒါထက် နင်တို့ ဘယ်လို ဆိုတာလဲ"

ချစ်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးဆိုတော့လည်း ခက်ခက်နွယ်ယမင်း မနေနိုင်၊ စိတ်ဝင်စားစွာ မေးလိုက်ရသည်။

ခုခေတ်ကြီးက "အင်" တွေက များပါဘိ။

"ဒီလိုဟာ...ခု ငါတို့သွားမယ် Beauty saloon က အိမ်နဲ့ နီးတော့ ငါသွားသွားညှပ်နေကျ၊ နီးတော့ ကားကို ငါပဲ မောင်းသွားတာ၊ ပြန်တော့ နိုးမရဘူးဖြစ်နေတယ်"

"ဖတ်လမ်းအစက အပျက်နဲ့ကိုး...နိမိတ်မကောင်းပါဘူးဟာ"

"အဖျက်သမား ဘင်လာခင်နော်...ဆုံးအောင် နားထောင်"

"ဆက်ပြောစေ"

"အဲဒါနဲ့ ကိုယ်တော်က တိုက်ပေါ်က ဆင်းလာတယ်"

"နင့်ပုံစံက တော်တော် ရှပ်ပျက်ဆင်းပျက်နိုင်ပုံရတယ်"

"ဖြတ်ဖြတ်မပြောနဲ့ဟာ...ဒါနဲ့ သူကပဲ ကားပျက်နေတာလား၊ ကူညီရမလား မေးတယ်၊ သူ့ကို ဖွန်ကြောင်တယ်လို့လည်း ထင်မှာစိုးပုံရတယ်"

"ဟုတ်နေတာပဲ မှတ်လား"

"မိခက်နော်...ငါမပြောတော့ဘူး"

"ပြောပါ...အဲဒီပုဂ္ဂိုလ် အရှင်လတ်လတ်ကြီးက ကြွလာပြီး မယ်တော်ကို မေးမြန်းတော့..."

"နောက်ရင် ငါမပြောတော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com

နန်းကစ်တီစိုးက စိတ်ကောက်ချင်ဟန်ဆောင်လိုက်လေသည်။ ပြောချင်နေပုံရသည်ကို အထာသိနေသော ခက်ခက်နွယ်ယမင်းကလည်း...

"လုပ်ပါဟာ...ဆက်ပြော၊ နင့် Beauty Saloon ကလည်း မရောက်သေးဘူးလား...နီးနီးလေးဆို"

"မီးပွိုင့်ကျော်ရင် ရောက်ပြီ"

"ပြော်.."

"အဲဒီလူက ငါ့ကားကို စစ်ကြည့်တော့ အပေါ်..ဘက်ထရီခေါင်း လွတ်နေတာတဲ့"

"ကြောင်မစုတ်...ဒါလေးတောင် မသိဘူးလား၊ ဒါနဲ့များ ကားမောင်းချင်နေသေး"

"မမောင်းချင်ပါဘူး...အဲဒီနေ့က ကားရှိပြီး မောင်းပို့မယ်လူ မရှိလို့၊ ပြီးတော့ ငါ ခေါင်းကလည်း မလျှော်တာ တစ်ပတ်ကျော် ရှိနေတော့"

"ကိုယ့်ဖာသာကိုယ် လျှော်ပါလား"

"ဆံပင်တွေ ရှင်းရတာ ရှုပ်တယ်ဟာ"

ကျောလည်အထိ ဆံပင်ရှည် ရှိသော နန်းကစ်တီစိုးကိုယ်တိုင် မလျှော်တာကို သူအပြစ်မတင်တော့။ သူတောင် ဂုတ်ဝဲဆံပင်ကို ဆိုင်မှာ အပ်နှင်းကာ လျှော်နိုင်းတတ်သည်ကိုး။

"ကဲ...ဆက်ပြောပါဦး"

"ရှည်ရှည်ဝေးဝေးတော့ မဟုတ်ပါဘူး၊ ဘက်ထရီခေါင်းကို ကြပ်ပေးဖို့ ငွတောင်းတယ်လေ"

"ထုတ်ပေးလိုက်ရောလား"

"ထုံးစံအတိုင်း ကားထဲ ဘာပစ္စည်း ပါလို့ပါမှန်း မသိတဲ့ ငါက





အူကြောင်ကြောင်လေး ဖြစ်နေတုန်း ကိုယ်တော်က သူ့ဖာသာ သူ့ကားဆီကို သွား၊ ကားတံခါးကိုဖွင့်၊ သူ့ကားထဲကနေ ငွတစ်ချောင်း ယူလာပြီး ကြပ်ပေးသွားတယ်"

"ပြီးတော့ရော"

"ဘာညာကွိကွ မိတ်ဆက်ကြတာပေါ့၊ သူ့နာမည်က ကိုတိုးအောင်တဲ့၊ အပေါ်ထပ် First floor က အမ်အေဝိုင် ကုမ္ပဏီက အစုစပ် ဒါရိုက်တာတစ်ဦးတဲ့"

"အမ်အေဝိုင်ဆိုတော့ မေပေါ့"

"မဟုတ်ဘူး...သူတို့သုံးဦးရဲ့နာမည်တစ်လုံးစီကို ယူထားတာတဲ့၊ အားလုံးက ဒါရိုက်တာချည်းပဲ၊ အမ်ဒီ(M.D) မရှိဘူးတဲ့၊ Visiting card ကလေး ပေးထားတယ်၊ ကဒ်ကလည်း အဆန်း၊ (၃)ယောက်စလုံး နာမည်ကို စီရိုက်ထားတာ"

"ပြစမ်းပါဦး...ကြည့်ရအောင်"

ခက်ခက်နွယ်ယမင်း စိတ်ဝင်စားစွာ တောင်းယူကြည့်လိုက်စဉ် မီးပွိုင့်က စိမ်းလာသဖြင့် ကဒ်ကို ကားဒက်ရှ်ဘုတ်ပေါ် တင်လိုက်ပြီး မောင်းထွက်ခဲ့လိုက်လေသည်။

Beauty Saloon ရှေ့ရှိ ကားပတ်ကင်တွင် စနစ်တကျ နေရာယူ၍ ရပ်လိုက်သည်။ အသင့်တင့် ကျယ်ဝန်းသော ကားပက်ကင်တွင် ဇိမ်ခံ လှ ကားများစွာ ရပ်ထားကြသည်။

"ဟိုဘက်မှာ ရပ်ထားတဲ့ တိုယိုတာ ကရောင်းကားလေး ဘေးမှာ ရပ်ပြီး Hand phone နဲ့ ပွားနေတဲ့လူကြီးက ကိုတိုးအောင်ရဲ့ အသယ်ချင်းကဒ်ထဲက နောက်ဆုံးနာမည် ရဲဘုန်းလူဆိုတဲ့ လူကြီးပေါ့၊ သူလည်း မိုက်တယ်နော်...လူပျိုကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုက်ရှားပါး...နင်က အကုန်သိနေပါလား"

"မဟုတ်ပါဘူး...ကိုတိုးအောင်က အလည်ခေါ်လိုက်လို့ပါ၊ ငါလည်း ကျောင်းပြီးကတည်းက အလုပ်အကိုင်မရှိ ပျင်းနေလို့ သူတို့ကုမ္ပဏီမှာ ရှယ်ယာဝင်ထည့်ပြီး အလုပ်လုပ်မလားလို့"

"လုပ်မနေပါနဲ့ဟာ...ရေကန်အသင့် ကြာအသင့်ပဲဟာ၊ ကုမ္ပဏီဒါရိုက်တာကိုပဲ ယူလိုက်၊ ဘော့စ်လုပ်ရတာထက် ဘော့စ်လေဒီလုပ်ရတာ ပိုမကောင်းဘူးလား ကစ်တီရယ်...ဖေါက်စမ်းပါ"

"ယမမင်း...နင်ဟာလေ"

နှစ်ဦးသား ရေပက်မဝင် စကားပြောမှုသည် အလှုဖန်တီးရှင်မမတို့၏လက်အောက် ရောက်သွားသည့်အခါမှ ရပ်တန့်သွားလေတော့သည်။

သို့တိုင်အောင် ကားဒက်ရှ်ဘုတ်ပေါ်တွင် အမှတ်တမဲ့ တင်လိုက်မိသော အမ်အေပိုင်ကုမ္ပဏီ၏ Visiting Card ကလေးသည် တစ်ချိန်ချိန်တွင် သူ့အတွက် အင်မတန် အသုံးဝင်လိမ့်မည်ကို ထိုစဉ်က ခက်ခက်နွယ်ယမင်း လုံးဝမသိခဲ့ပါချေ။







အခန်း(၇)

"ကစ်တီ...နင် အိမ်မှာ ရှိသလား"

"အင်း..."

"ဒါဖြင့် စောင့်ဆိုင်းတော်မူပါ၊ ငါ (၁၀)မိနစ်အတွင်း အရောက်ကြွလှမ်းခဲ့မယ်"

ခက်ခက်နွယ်ယမင်း ပြောပြောဆိုဆို ဖုန်းဝါဝါလေးကို လှမ်းပိတ်လိုက်သည်၊ နားကြပ်ပဲ ဖြုတ်ပြီး ကားဒက်ရှ်ဘုတ်ပေါ် တင်လိုက်သည်၊

ဒီနေ့ သူ့ရင်ထဲသို့ အလွန်တရာ ကြည်နူးဖွယ်ရာကောင်းသောချိန်ခန့်နတ်သမီးလေး အလည်ရောက်ရှိလာလေပြီ၊

ဒီအကြောင်းတွေကို တစ်စုံတစ်ယောက်သောသူကို ရင်ဖွင့်


www.burmeseclassic.com

www.burmeseclassic.com

မျှဝေပေးလိုက်မှ ရင်ခုန်နတ်သမီးလေး၏ခုန်ပေါက်မှုက ငြိမ်သက်သွားနိုင်သည်။

ထို့ကြောင့် အချစ်ဆုံးသူငယ်ချင်း နန်းကစ်တီစိုးကို သတိရပြီး ဖုန်းနှင့် အချိန်းအချက် လုပ်လိုက်သည်။

အိမ်တွင်းအောင်းနေရသဖြင့် အဖော်အခင်မတန် ခင်သော နန်းကစ်တီစိုးသည် အင်မတန် စိတ်ချရသည်။ ပေါ်တီကိုအောက် သူ့ကို ထွက်စောင့်နေလေသည်၊

သူ့ကား ပေါ်တီကိုအောက် ရွှတ်ကနဲ ရပ်လိုက်သည်နှင့် နန်းကစ်တီစိုးက သူ့ကား၏အက်ကြောင်းထနေသော Side Lamp ကို ကြည့်ကာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့်...

"ယမင်း...နင့်ကား ဘယ်လိုဖြစ်လာတာလဲ"

"ကားအက်ကြောင်းထက် နှလုံးသား အက်ကြောင်းက ပို အရေးကြီးတယ်၊ တစ်တီ အိမ်မှာ ဘယ်သူရှိသလဲ၊ လောလောဆယ် ရေအေးအေးလေး တိုက်စမ်းပါဦး"

ကားပေါ်ကဆင်း အိမ်ထဲသို့ လှမ်းဝင်ရင်း ပြောလိုက်သော သူ့အပါး ကစ်တီကလည်း ထပ်ချပ်မခွါ လိုက်ပါရင်း...

"သေးသေးရေ...ရေခဲရေ အရင်ချပေးပြီး အအေးဗူးတွေ ချပေး"

ဧည့်ခန်းဆက်တီတွင် နေရာယူလိုက်ကြသည်၊ ဘော့စ်သမီး ကစ်တီက အိမ်ဖေါ်မလေးကို လှမ်းအမိန့်ပေးလိုက်ရင်း သူ့အား စိုးရိမ်စွာ ကြည့်ကာ...

"နင့်ကား ဘယ်ကားကို Kiss သွားပေးတာလဲ"

"အဲဒါ ပြောမလို့ ကြောင်မရေ၊ ဒီလို...ငါ့ကားဘာရိတ်ရှောလို့ ပြ





မလို့ ဝပ်ရှော့တစ်ခုကို အဝင်၊ အဲဒီမှာ ရပ်ထားတဲ့ တိုယိုတာ ကရောင်းတားကြီးကို မြင်ဖူးပါတယ်ဆိုပြီး ငေးကြည့်နေရင်း နမ်းမိသွားတာပေါ့"

"ဗုဒ္ဓေါ...လူတွေ ဘာဖြစ်သွားသေးသလဲ"

"ထိသွားတယ်"

"ဘုရားရေ...ယာဉ်ထိန်းရဲတွေ ဘာတွေကော ရောက်လာသေးလား"

"နိုး...ထိတာက..ငါ..ငါ့ရင်ဘတ်ထဲ တုန်ခါမှု များသွားတဲ့အတွက် အသည်းနှလုံးမှာ အက်ကြောင်းရာတွေ ထသွားတယ်...အဟိ"

"သေနာမ...ဒီက စိုးရိမ်လို့ မေးလိုက်ရတာ၊ သူက မြူးလို့၊ ဘယ်ဇာတ်သွင်းရထား ဆိုက်လာလို့လဲ"

ခက်ခက်နွယ်ယမင်း ရေသန့်တစ်ဗူးကို အရင်ဖောက်၊ ဖန်ခွက်ထဲ ငှဲ့ထည့်၊ တစ်ဖန်ခွက်လုံး သောက်ပြီးတော့ ချလိုက်သည်။ ဆီချက်ခေါက်ဆွဲ စားစဉ် ယောကျ်ားမှာနနှင့် မိန်းမမှာန ပြိုင်ပြီး တေမိပြိုင်ပွဲ ကျင်းပကြရာ ရေနွေးကြမ်းပင် မသောက်ခဲ့သဖြင့် ရေက ဆာလောင်နေသည်၊

"ပြောစမ်းပါဦး"

ကစ်တီကလည်း စိတ်ဝင်စားနေပုံရသည်၊

"အဲဒီကားကြီးရဲ့ပိုင်ရှင်ကလေ...အမ်အေပိုင်က နင့်လူကြီးရဲ့ သူငယ်ချင်းလေ"

"အဲဒီတော့"

"ထုံးစံအတိုင်း ငါကလည်း မစရ မနေနိုင်လို့ ကျီစယ်သမှု ပြီး အတ်လမ်းစခဲ့လိုက်တယ်လေ"

"လူပျိုသိုးကြီးကို မလုပ်ပါနဲ့ဟာ၊ နင်တကယ် မရိုးဘဲနဲ့တော့


www.burmeseclassic.com

www.burmeseclassic.com


သွားမစပါနဲ့...ချမ်းသာပေးလိုက်ပါဟာ"

"အံမယ်...နင့်လူကြီးက လွယ်တယ်များ အောက်မေ့လို့လား"

"ဘယ်က နင့်လူကြီးရမှာလဲ"

"ထားပါတော့...နင့်လူကြီးရဲ့သူငယ်ချင်းကလေ အထာကြီးနဲ့၊ ဆရာကြီးလိုလို ဘာလိုလိုနဲ့...ဒီလို.."

ကိုဘိုနီ၏ဝပ်ရှော့ပ်တွင် ဆုံစည်းခဲ့သော ရဲဘုန်းလူနှင့် သူ့အကြောင်းကို ကစ်တီထံတွင် အစမှအဆုံးအထိ အသေးစိတ် အစီရင်ခံလိုက်လေသည်။

"ခစ်..ခစ်..ခစ်..နင်တို့ဟာ ရယ်ရတယ်၊ နင်ဘာဆက်လုပ်မယ် စိတ်ကူးသလဲ"

သူ့ခေါင်းထဲ အလိုအလျောက် ဝင်ရောက်လာခဲ့သော အကြံဉာဏ်ကိုပါ ကစ်တီအား ဆက်၍ ဖောက်သည်ချလိုက်သည်။

"မနက်ဖြန် နင့်ဖောက်သည် Beauty Saloon ကို ငါသွားမယ်"

"ငါလိုက်ခဲ့မယ်လေ"

"နင် မလိုက်နဲ့၊ နင့်ရဲ့ရဲဘုန်းလူက သိနေတယ်မှတ်လား"

"အင်း...အစ်ကို ရှုံးခန်းလိုက်သွားတော့ ကျန်တဲ့ ကိုမြင့်ဇော်ကော ကိုရဲဘုန်းလူနဲ့ကော မိတ်ဆက်ပေးလို့ သိထားတယ်၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်...နင်လိုက်ရင် ငါ့ဖာတ်လမ်းအနှစ်က လျော့သွားလိမ့်မယ်"

"မိခက်ရယ်...နင်ကတော့ နာမည်နဲ့ လိုက်အောင်ကို ခက်ပါလား"

နန်းကစ်တီစိုး မသိမသာလေး အပြစ်တင်ရင်း ညည်းညူလိုက်မိလေသည်။

နွယ်မီလျှင် ယမမင်းတောင် အခက်တွေ့နိုင်သော ခက်ခက်နွယ်ယမင်းကိုမှ သူကလည်း သူနှင့် တွယ်တာစပြုသည့် အစ်ကို ကိုတိုးအောင်တို့ Visiting Card ကိုမှ ပေးမိသော သူ့ကိုယ်သူသာ အပြစ်တင်ရလို ဖြစ်သွားလေသည်။

"မိခက်ရယ်...နင့်ကို ငါတစ်ခုတော့ တောင်းပန်ပါတယ်ဟာ၊ အစ်ကိုက ငါ့ကို ပရိုပို့စ် လုပ်ထားတယ်ဟ"

"ကြည့်စမ်း...ကြောင်ရှီးမ၊ နင် ငါ့ကို တစ်ကွက်လျှိုထားတယ် ပေါ့လေ၊ ဟွန်း...နင်အဖြေပေးပြီးပြီလား"

"မပေးရသေးဘူး"

"ဒါဖြင့် လေ့လာဦး၊ သိတာမှ ဘယ်လောက်မှ မကြာသေးဘူး၊ တော်ကြာ နင့်ကို အထင်စမော(သေး)သွားဦးမယ်"

"အေးပါဟာ...ငါကလည်း နင့်ကို တိုင်ပင်မလို့ဟာ၊ နင်ကပဲ သွားနေလို့ ငါမပြောဖြစ်သေးတာကို"

"နင့်အဒေါ်ကိုကော ပြောပြီးပြီလား"

"ဟင့်အင်း"

"ဟူး"

ခက်ခက်နွယ်ယမင်း သက်ပြင်းပူကို မှုတ်ထုတ်ပစ်လိုက်လေသည်။

နန်းကစ်တီစိုးက အဒေါ်နှင့် နေသူဖြစ်သည်။ မိဘများက နယ်မှာဖြစ်သည်။ ကိုးတန်းနှစ် ရန်ကုန်မှာ အဒေါ်နှင့် လာနေပြီး ကျောင်းတက်ကတည်းက သူနှင့် သူငယ်ချင်း ဖြစ်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်တက်



www.burmeseclassic.com

www.burmeseclassic.com


တော့လည်း အတူတူပင်၊ ကျောင်းပြီးသွားသော်လည်း ရန်ကုန်တွင် အဒေါ်နှင့် နေနေဆဲ ဖြစ်သည်။

"နင့်ကို မိဘတွေက သဘောတူထားတဲ့သူ ကျောက်မဲမှာ ရှိတယ်ဆို"

"အင်း...ပြောတာပဲ၊ ငါမှ မမြင်ဖူးပဲ၊ စော်ဘွားမျိုးနွယ်ထဲက ဆိုလားပဲ"

"နာမည်က.."

"သိဘူး"

"ဘုရားရေ"

"စိတ်မဝင်စားလို့ မမှတ်ထားလိုက်ဘူး"

"ကောင်းကွာ...ဒါဖြင့် နင် ကိုတိုးအောင်ကို ကြွေနေတာ သေချာတယ်၊ နင့်ကိုယ်နင် ဆန်းစစ်ကြည့်ဦး"

"ထင်တာပဲ...သူနဲ့ တွေ့ရင် ပျော်တယ်ဟာ၊ သူနဲ့ စကားပြောရရင်လည်း ကြည်နူးတယ်၊ အမြဲတမ်းလည်း တွေ့ချင်နေတယ်၊ အဲဒါ အချစ်လားဟင်"

"ဘယ်သိမှာလဲ...ငါ့မှာလည်း ချစ်သူမှ မရှိသေးတာ၊ ကဲပါ... နင် မိဘသဘောတူတဲ့လူကို နင်မကြိုက်ဘူး သေချာရင် အဲဒီလူ နင့်ဆီလာမယ့် ရှန်တိန်လွဲသွားအောင် ငါလုပ်ပေးမယ်၊ သူ့နာမည်နဲ့ လိပ်စာ သွားပေး၊ နင်နဲ့ ကိုတိုးအောင်အပိုင်းကတော့ နင်တို့အပိုင်းနော်၊ ငါနဲ့ မဆိုင်ဘူး"

နန်းကစ်တီစိုးက မျက်ဝန်းနက်ကလေး လည်သွားအောင် စဉ်းစားလိုက်ပြီး...

"သိပြီ...ဒေါ်လေး သိတယ်၊ ဒေါ်လေးကို မေးကြည့်ဦးမယ်"

"သွားမေးလေ"

"ဒေါ်လေးက ဆိုင်သွားတဲ့ဟာကို"

"ဖုန်းဆက်ပေါ့ဟ ငတုံးရ"

"အေး...ဟုတ်သားပဲ"

နန်းကစ်တီစိုးက လျှာလေး တစ်လစ်လုပ်ပြီး ဖုန်းစင်ဆီ လျှောက်သွားပြီး ဖုန်းနံပါတ်များ နှိပ်လိုက်သည်။

စပီကာ ဖွင့်ထားသဖြင့် ခက်ခက်နွယ်ယမင်း ကြားနေရသည်။

"ဟယ်လို"

"ကစ်တီပါ ဒေါ်လေး"

"ဘာကိစ္စလဲ သမီးပြော"

"ဟိုလေ...ဖေဖေတို့ သမီးကို သဘောတူတယ်ဆိုတဲ့သူရဲ့ နာမည်နဲ့လိပ်စာကို ဒေါ်လေး သိသလားလို့"

"ခုမှ ဘာအရှုံးထနေတာလဲ၊ အဖေ အမေ အာပေါက်အောင် [illegible]ပြောတုန်းကတော့ စိတ်မဝင်စားဘူးဆို"

"ဟြော်...ဒေါ်လေးကလည်း၊ မီးက ပေါင်းရမယ့်သူလေ၊ [illegible]ည်းတော့ စဉ်းစားမှာပေါ့၊ လူချင်းလည်း တွေ့ဖူးတာမှ မဟုတ်တာ"

"အေး...ငါလည်း နာမည်မေ့နေတယ်၊ နေဦး...နင် သိချင်ရင် [illegible]လေး မှန်တင်ခုံ ဘယ်ဘက်အံဆွဲထဲမှာ အဲဒီလူလေးရဲ့ လိပ်စာကဒ်နဲ့ [illegible]အဖေစာ ရှိတယ်...ယူကြည့်လိုက်"

နန်းကစ်တီစိုး မျက်နှာ မှုံရသည့်နယ် ဝင်းပသွားသည်။

"ကစ်တီ"

"ရှင်...ဒေါ်လေး"

"မိဘစကား နားထောင်တဲ့ သားသမီးဟာ စိတ်ချမ်းသာ ကိုယ်


☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာတတ်ပါစေယ်၊ ဝါ့အစ်ကိုကြီးက မသင့်တော်ပဲနဲ့ သူ့သမီးနဲ့ သဘောတူပါ့မလား။ လက်ခံလိုက်...သိလား၊ ဝယ်သူတွေ ကျနေလို့... ဒါဲမှတ်လား"

"ဟုတ်...ဟုတ်...ဒေါ်လေး"

နန်းကစ်တီစိုး ဖုန်းခွက်ကို ချလိုက်ပြီး သူ့အား မျက်စပစ်ပြကာ

"ငါ သဲလွန်စ သွားယူလိုက်ဦးမယ်နော် မိခက်"

"အေး..."

ခက်ခက်နွယ်ယမင်း ဆန်းကစ်ဗူးကို ဖောက်သောက်ရင်း သူ၏မာစတာဘရိန်းကို အပြေးအလွှား အကွက်ချနေလိုက်သည်။

တစ်က ရဲဘုန်းလူဆိုသော လူကြီးကို မထိတထိ ကလိရန်၊

နှစ်က ကစ်တီမိဘများ သဘောတူထားသောလူကြီး ကစ်တီနှင့် လွဲဖို့အရေး ရှန်တိန်လုပ်ပေးရန်...

ဒီနှစ်ခုပဲ ဖြစ်သည်။

လေဒီဒရိုင်ဘာအလုပ်ထက် ဒီအလုပ်ကလည်း စိတ်ဝင်စားဖို့ အကောင်းသား။

မှူးစာရေးဒရိုင်ဘာဟု နာမည်ပေးကြည့်ရင်း ပြုံးမိလေသည်။



အခန်း(၈)

"စာကတော့ ဖေဖေက ဒေါ်လေးကို ငါ့ကို နားချပေးဖို့ စစ်ကူ [illegible]င်းထားတဲ့စာ၊ Visiting card က ဒီမှာ"

နန်းကစ်တီစိုးက အပေါ်ထပ်မှ အပြေးအလွှား ဆင်းလာပြီး သူ့[illegible]ထဲသို့ လိပ်စာကဒ်တစ်ခု ထည့်လိုက်လေသည်။

ခက်ခက်နွယ်ယမင်း လိပ်စာကဒ်ကို ကြည့်လိုက်သည်နှင့် [illegible]တညြ...

"အံမလေး...ခန့်ညားတော်မူလိုက်တဲ့ လိပ်စာကဒ်ပါလား၊ [illegible]သာဆို လူလည်း ကိန်းခန်းကြီးမယ့်ပုံပဲ"

"ဒေါက်တာစဝ်ဝဏ္ဏဟန် M.B.B.S (MDY)တဲ့၊ အလုပ်



www.burmeseclassic.com

 www.burmeseclassic.com 

အကိုင်က လက်ထောက်ဆရာဝန်ဆိုတော့ မဆိုးပါဘူး၊ ဆေးရုံအုပ်ကြီး ဆိုရင်တော့ စဉ်းစားရတော့မှာ"

"ဘာလဲ...အဘိုးကြီးတွေ ဖြစ်နေပြီဆိုပြီးတော့လား"

"ဒါပေါ့...ဆေးရုံအုပ်ကြီးဆိုရင် အနည်းဆုံး 40 over(၄၀ ကျော်)ပဲ"

"ကြီးရင် မိုးရမှာပေါ့"

"ကြောင်မ...ဇာတိပြလာပြီ၊ နင့်လူကြီးက (၄၀)ကျော်မို့လို့ လား"

"နီး...နီး...(၃၀)"

ခက်ခက်နွယ်ယမင်း လိပ်စာကဒ်ကို သေချာစွာ ကြည့်သည်။

ကျောက်မဲ ပေါ်နန်းရပ်ဆိုသော အိမ်လိပ်စာအောက်က ဖုန်း နံပါတ်နောက်က E-mail လိပ်စာပါ တွေ့မြင်လိုက်ရသဖြင့်...

"အံမယ်...အရာရှိမှန်း သိအောင်တောင် ကြွားထားလိုက် သေး"

"အေးဟယ်...အမြင်ကတ်စရာ"

သူငယ်ချင်းနှစ်ယောက် ခေါင်းချင်း ပူးပြီး မလိုလားသူမို့ အပြစ် ရှာ ဝေဖန်ရေးနှင့် လေကန်ရေး လုပ်နေကြလေသည်။

"ရွှေရောင်နဲ့ ဖောင်းကြွစာလုံးနဲ့ ကြွားလုံးထုတ်ထားတာ"

"ဟုတ်ပ...အလုအပ အကောင်းကြိုက်မယ့်ပုံပဲ"

မိန်းမသဘာဝမို့ မချစ်မနှစ်သက်သော်သူကို မကောင်းမြင် ဝါဒနှင့် ရှုတ်ချနေကြလေသည်။

"သူ့ပုံကော မြင်ဖူးလား"

"ဟင့်အင်း"

"နင်လည်း တုံးလိုက်တာဟာ၊ E-mail လိပ်စာရှိနေပြီပဲ၊ ဓါတ်ပုံ ...တောင်းလိုက်ပေါ့"

"မတောင်းချင်ပါဘူးဟာ...တော်ကြာ သူ့ကို ငါစိတ်ဝင်စား ...ယ်လို့ ထင်သွားဦးမယ်"

"ဒါလည်း ဟုတ်တာပဲ၊ နေပါဦး...ငါကြည့်လိုက်ဦးမယ်"

ခက်ခက်နွယ်ယမင်း ခြေချင်းချိတ်၊ ဒူးခေါင်းပေါ် လက်ကလေး ...က်၊ မေးကလေး တင်ပြီး စဉ်းစားခန်း ဝင်လိုက်သည်။ အတန်ကြာမှ ...တ်တန် ခန္ဓာကိုယ် ပြင်ထိုင်လိုက်ပြီး...

"နင့်လူကြီးမှာ E-mail လိပ်စာ ရှိတယ်မှတ်လား"

"လိပ်စာကဒ်က နင့်ဆီမှာလေ"

"အေး...ဟုတ်သားပဲ၊ သိုင်းခကျူး၊ ဒီကဒ်ကို အသုံးချပြီး ရဲဘုန်း ...တဲ့ လူကြီးကိုလည်း ကလိရဦးမယ်"

ခက်ခက်နွယ်ယမင်း သူ့လက်ကိုင်အိတ်ထဲမှ လိပ်စာကဒ် ...ကို ထုတ်ယူကာ ကြည့်လိုက်သည်။

"ပါတယ်ဟ...ကုမ္ပဏီရဲ့ E-mail လိပ်စာပဲ ပေးထားတယ်၊ ...တ်တွေကတော့ (၃)ဦးစလုံးရဲ့ကိုယ်ပိုင် Hand Phone နံပါတ် ...၊ ကုမ္ပဏီ လိုင်းဖုန်းနံပါတ်ရောပဲ"

"ဟုတ်လား"

နန်းကစ်တီစိုးကပါ ခေါင်းလာပူးပြီး ကြည့်လေသည်၊ သူ့ ...ိုင်ဖုန်းထဲမှာတော့ ကိုတိုးအောင်၏ဖုန်းနံပါတ်ကို မန်မိုရီ သွင်း ...ား ဖြစ်လေသည်မို့ ကျန်နံပါတ်တွေကို စိတ်မဝင်စားခဲ့။

"ဒီ E-mail လိပ်စာနဲ့ ဒေါက်တာကြီးကို ဓါတ်ပုံပို့ခိုင်းလိုက်"

"ကောင်းပါ့မလားဟာ"

 
www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါတယ်...လိုအပ်ရင် ငါ့နာမည်သာ သုံးလိုက်၊ ဒါပေမယ့် အဲဒီကုမ္ပဏီရဲ့စာရေးမလို့ ပြောထားနော်၊ Chatting ထိုင်တော့ နင့်လူကြီးကို အကျိုးအကြောင်း ပြောပြပြီး ထိုင်နိုင်း"

ခက်ခက်နွယ်ယမင်း ဉာဏ်ကြီးရှင် လုပ်လိုက်သည်။

သို့သော် နန်းကစ်တီစိုးက တွေးတွေးဆဆလေးနှင့်...

"သူက ငါ့ဓါတ်ပုံ ပြန်တောင်းရင်ကော ဘယ်လိုလုပ်မလဲ"

"နင်ကလည်းဟာ...ငါ့ပဲ ခေါင်းစားနေ၊ မော်ဒ်ဂဲလ်ပုံတစ်ပုံ ထည့်ပေးလိုက်ပေါ့"

"ပြဿနာ မရှာပါနဲ့၊ တော်ကြာ ကြိုက်သွားရင်ကော ဘယ်လိုလုပ်မလဲ"

"ဒီလိုလုပ်ပါလား...ငါ့ပုံကို အရုပ်ဆိုးအောင် ကွန်ပျူတာနဲ့ ဖန်တီးပြီး ပို့လိုက်ရင်ကော၊ ဟဲ့...နေဦး၊ နင့်မိဘတွေက သူ့ကို နင့်ဓါတ်ပုံ ပြထားမှာပေါ့"

"အေး...ဟုတ်သားပဲ၊ ငါတို့ အတွေးခေါင်သွားတယ်၊ ငါ့ပုံနဲ့ နင် အရုပ်ဆိုးအောင် ပြင်ထားတဲ့ပုံ ယှဉ်မိရင် ငါ့ကိုပဲ ကြိုက်သွားမှာပေါ့၊ မထူးပါဘူးဟာ...နင့်မူရင်းပုံပဲ ထည့်ပေးလိုက်တော့မယ်၊ နောက်မှ နင့်ဖာသာနင် မီးစင်ကြည့်ကတော့၊ နင်က ကျွမ်းပါတယ်ဟာ"

"ကြောင်ချီးမ...နင်ဟာလေ၊ တကယ့်ကို ပျော့ပျော့လေးနဲ့ နံတယ်"

ခက်ခက်နွယ်ယမင်း သူငယ်ချင်းကို ထောမနာပြုရင်း လက်ခံ သဘောတူလိုက်လေသည်။

သူက ဒါမျိုး ဝါသနာပါသည်။ ယောကျ်ားများက မိန်းကလေး တွေကို အရုပ်လို သဘောထားသည်ကို သူမကျေနပ်။





သူကလည်း တစ်ခါတစ်ရံ ထိုကဲ့သို့သော သဘောထားမျိုး ရှိသည့် ပုရိသတို့ကို ပညာပြန်ပေးတတ်သည်။

ပုရိသတို့ကို စစ်တုရင်ခုံပေါ်က နယ်ရုပ်ကလေးများသဖွယ် သဘောထားပြီး ကစားရမှ ကျေနပ်တတ်သူဖြစ်သည်။

ယခုလည်း ကြည့်...

မိဘအချင်းချင်း သဘောတူပါသည်ဆိုသော မိန်းကလေးကို သူက အလေးမထား၊ အရုပ်လို သဘောထားကာ အချိန်တန်လျှင် လက်ထပ်ယူရုံပဲဟု သတ်မှတ်ထားပုံရသည်။

နန်းကစ်တီစိုးကို တွေ့ဆုံဖို့ မကြိုးစား။

ဒါကြောင့် စစ်ဝက္ကာဟန်ဆိုသော လူကြီးကို ကစားရင်း ပညာ ကောင်းကောင်း ပေးရမည်ဟု စိတ်ထဲ ကြုံးဝါးရင်း ကျေနပ်နေစဉ်...

"နာမည်အမှန်တော့ ပေးလို့မဖြစ်ဘူးပေါ့နော် မိခက်"

နန်းကစ်တီစိုးက သူ့ယူဆချက်ကလေးကို ဖွင့်ဟလိုက်သည်။

"မဆိုးဘူး...နင်တော်တော် တိုးတက်လာပြီပဲ"

"နင်နဲ့ ပေါင်းလာတာ ကြာပြီကိုးဟ"

"ဒါပေမယ့် Chatting ထိုင်တော့ နင့်ဖာသာနင် ထိုင်နော်၊ ငါ အဲဒီကုမ္ပဏီကို မသွားချင်ဘူး"

"ဘာဖြစ်လဲဟာ...ဒါမှ နင့်လူကြီး ရဲဘုန်းလူနဲ့ တွေ့ရတာပေါ့"

"နင်မသိပါဘူး...ငါထွင်တဲ့ဖာတ်လမ်း ငါပဲ သိတယ်၊ ဇာတ်ရည်လည်သွားပြီးမှ နင့်ကို ငါရှင်းပြမယ်နော်၊ ငါ ဘယ်လို ကစားသွားမယ်ဆိုတာ၊ ဒါပဲနော် ကြောင်မ၊ ငါနဲ့ ရဲဘုန်းလူကိစ္စ နင့်ရန်ကုန်က လူကြီးကို လုံးဝအသိမပေးရဘူး...နှုတ်လုံနေပါစေ"

"အေးပါ ယမင်းရယ်၊ ကြည့်လည်း လုပ်ပါဦး၊ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com

မြားဦးက ပြောင်းပြန်လည်ပြီး နင့်နလုံးသား စိုက်ဝင်နေပါဦးမယ်"

"နိုး...နိုး၊ ခက်ခက်နွယ်ယမင်းတို့ ရာဇဝင်မှာ အချစ်မြားစူးလို့ ကြွေရတဲ့ရာဇဝင် လုံးဝကျန်မနေစေရဘူး"

နန်းကစ်တီစိုးက လှသလောက် မာနလည်းကြီး၊ ခက်တာကို လည်း စိတ်ဝင်စားတတ်သော သူ့သူငယ်ချင်း လေဒီဒရိုင်ဘာကို ပြောင် ချော်ချော်နှင့် ကြည့်ရင်း...

"အေးပါ...အပြောကြီးပါ၊ နောက်မှ ဖေနဲ့မေရေ...မီးမီးကို ကယ် ပါဦး၊ ဒီလူကြီးမှ မရရင် မီးမီး သေသွားနိုင်တယ်လို့ လာမလုပ်နဲ့"

"ဟင်း...ဟင်း၊ ငါက ရဲဘုန်းလူဆိုတဲ့လူကြီးကို ခင်လို့ စမှာပါ ဟာ၊ ခုတွေ့တော့ မပေးပါဘူး၊ စိတ်သာချနေ၊ နင့်ကျောက်မဲက လူကြီးကိုပဲ နည်းနည်းသမပေးလိုက်မယ်၊ ဘယ့်နှယ့်...ကိုယ်လည်း ဆရာဝန်ပဲဟာ၊ စိန်းမယူတာများ ကိုယ့်ဖာသာကိုယ် ရှာယူပေါ့၊ မိဘကို အပူကပ်ရတယ် လို့"

"အေးလေ...ဟုတ်ပါရဲ့ အစွမ်းအစ မရှိတိုင်း"

ထိုနေ့ ထိုအချိန်တွင် ကျောက်မဲမြို့ရှိ ဒေါက်တာ စဝ်ဝဏ္ဏ တစ် ယောက် ထမင်းစားရင်း လျှာကိုက်မိလောက်ပြီဟု တွေးရင်း သူတို့ပါ ထမင်းဆာလာကြသည်။

"မိကေ...ထမင်းစားရအောင်ဟာ၊ နင်လည်း ခေါက်ဆွဲပဲ စားခဲ့ တာမှတ်လား"

"လုပ်လိုက်လေ...ကြာသလားလို့"

ခက်ခက်နွယ်ယမင်းကို နစ်ခါဖခါစရာမလို၊ ဒီအိမ်က သူ့စား အိမ်သောက်အိမ် ဖြစ်သကဲ့သို့ ကစ်တီအတွက် သူ့အိမ်သည်လည်း စားအိမ်သောက်အိမ် ဖြစ်လေသည်မို့...





စားရင်းသောက်ရင်း ပုရိသကို ကစားရန် အစီအစဉ်များ ရေးဆွဲ လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





အခန်း(၆)

အိုင်တီခေတ်ကြီးမှာ ကိုယ့်ဖာသာကိုယ် မိန်းမရှာယူရမှာ ပျင်းသော ကျောက်မဲမှ သူဌေးမျိုးနွယ်တော် ဒေါက်တာစစ်ဝဏ္ဏဟန်ကို ပညာပေးရန်အတွက် ခက်ခက်နွယ်ယမင်း အစီစဉ်ရေးဆွဲပြီးသကာလ

"ကစ်တီ"

"ဘာလဲ"

"ငါပြောမယ်...သေသေချာချာ နားထောင်"

"အင်း...ပြောစမ်း"

နန်းကစ်တီစိုးက သူ့ကိုစွကို အပြည့်အ၀ ကူညီနေတာမို့ စိတ်အားထက်သန်စွာပင် တုန့်ပြန်လိုက်သည်။

"မနက်ဖြန် နင့်ကို ငါလာခေါ်ပြီး (M.A.Y)ကုမ္ပဏီရှေ့မသိ





ခသာ ပို့ပေးမယ်၊ နင် Beauty Saloon ထဲ ဝင်နေလိုက်ကွာ၊ ဆံပင်မညှပ်ဘဲ ဘာညာသာရကာနဲ့ ဖွားနေလိုက်"

"နင် ဘာလုပ်မလို့လဲ"

"ငါလည်း မယောင်မလည် လုပ်နေပြီး နင် ကုမ္ပဏီပေါ် တက်သွားမှ ငါ Beauty Saloon ဝင်ပြီး ဆံပင်ဝင်ရှင်းပြီး ဇိမ်ခံနေလိုက်မယ်၊ နင်က နင့်လူကြီးကို အကျိုးအကြောင်း ရှင်းပြပြီး Chatting ဝင်ထိုင်နေလိုက်...ပေါက်တယ်နော်"

"ပေါက်ပါတယ်...ဒါဆို နင့်ခါတ်ပုံ ယူခဲ့ဦးနော်"

"စိတ်ချပါ...ငါစထားတဲ့ဇာတ်လမ်းပဲ၊ အဓိက ခါတ်ပုံကိစ္စဟာတို၊ မေ့လို့ဖြစ်မလား"

"တော်ကြာ နင့်ကားကို အမျိုးတွေက သုံးချင်တယ်လို့ ငှားရင်ကော"

နန်းကစ်တီစိုးက သူ့ကိစ္စ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို ဖြစ်မှာစိုးရိမ်သဖြင့် စိုးထင့်နေသောကိစ္စကို သတိရစွာ မေးလိုက်မိသည်။

ခက်ခက်နွယ်ယမင်းကတော့ အေးဆေးစွာပင်...

"နင်ကလည်း ပူစရာမရှိ ကြိုဖန်ပူနေတယ်၊ ငါ့မှာ အော်ဒါရအေးတယ် ဘာညာနဲ့ ရှိးလိုက်မယ်၊ အဲ...ရှိးတာ မဟုတ်ဘူး၊ တကယ်ပဲနင် ငါ့ကို အလုပ်အပ်တာပဲဟာ...ဟုတ်တယ်နော်"

"အေးပါဟာ...ဝဏ္ဏဟန်ဆိုတဲ့ လူကြီးနဲ့ မယူရရင် ပြီးရော၊ နင်သုံးသလောက် ကုန်ကျစရိတ် ငါပေးပါ့မယ်"

"အေးပါ...[illegible]ငယ်ချင်းအချင်းချင်းမို့ ကုန်ကျစရိတ်ထဲ [illegible]ပွန်းခ[illegible]ည့်မယူတော့ပါဘူး...ဒါပေမယ့်"



www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်နွယ်ယမင်း စကားကို ခေတ္တရပ်ဆိုင်းရင်း မောလာတန်နှင့် ဈေးပွဲသီးတစ်လုံးနှစ်လုံး ဖြုတ်စားရင်း မြုံ့နေလိုက်သည်။

တကယ်တော့ နန်းကစ်တီစိုးသည် ချမ်းသာကြွယ်ဝသော ဘိုးဘွားမိဘက ပေါက်ဖွားလာသူဖြစ်သည်။ လားရှိုး မိုးကုတ်တွင် ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်ပြီး ရန်ကုန်သို့ပင် တစ်ခါတစ်ရံ ကျောက်မျက်ရတနာ လေလံပြပွဲ ရှိရာ ဆင်းလာပြီး ရောင်းချတတ်သူဖြစ်သည်။

ယခု နန်းကစ်တီစိုး နေသော အဒေါ်မှာ အဖေ၏ညီမအငယ်ဆုံးဖြစ်ပြီး ဗိုလ်ချုပ်ဈေးတွင် ကျောက်မျက်ရတနာဆိုင် ဖွင့်ထားသူဖြစ်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ ပြောလေ"

"နေစမ်းပါဦးဟာ…ငါက နင့်ကို အားနာနေလို့ ပြောသင့် မပြောသင့် ချိန်ဆနေတာ"

"အံမယ်…နင်နဲ့ငါ့ကြားမှာ အားနာစရာဆိုတာ ရှိသေးတယ်လား ယမမင်း၊ လာကြောင်မနေနဲ့…ပြော"

ခက်ခက်နွယ်ယမင်း မိသားစုကလည်း ဆင်းရဲသည် မဟုတ်။ သမီးတစ်ယောက်ကို ဆင်နိုင်သည်။ တစ်သက်လုံး ကျွေးထားနိုင်သည်။ Limited တစ်စီး ဝယ်ပေးထားနိုင်သည်။ သို့သော် သူက ကိုယ့်ကားစရိတ် ကိုယ့်ဖာသာကိုယ် ရှာသည်။ ခုလည်း နန်းကစ်တီစိုးဆီက သူလိုချင်သော ကားခကို အထက်စီးက လှည့်ပတ် တောင်းသည်။

"ပြောလေ…မိခက်"

"ငါ့စကား နင်နားလည်ပါ့မလားလို့ စဉ်းစားနေတာ"

"နင်နဲ့ ပေါင်းလာတာ ကြာလို့ ငါတောင် ဉာဏ်ကျယ်ဖြစ်နေ





ပြီ"

"အဟဲ…ဒီလို သူငယ်ချင်း၊ အချင်းချင်းမို့ အလကား လုပ်ပေးရင် နိုင်ငံတော်မှာ ထိခိုက်တယ်"

"ဘာဆိုင်လို့လဲ"

"ဟဲ့…B.B.M နဲ့ ဘွဲ့ရထားပြီး နားမလည်ဘူးလား၊ တစ်ဦးချင်းဝင်ငွေမြင့်မှ G.D.P တက်မှာလေ၊ အခု နင့်အလုပ်ကို လက်ခံလိုက်တော့ ငါ့ရဲ့နှစ်စဉ်ဝင်ငွေ တိုးလာမှာ၊ အုတ်တစ်ချပ် သဲတစ်ပွင့်ပေါ့ဟ၊ နားလည်ရဲ့လား ငဝိန်း"

"ထားပါတော့…နင် ကားခ ဘယ်လောက်လိုသလဲပြော၊ အသနတွေ ဖွင့်ဟမနေနဲ့၊ နားကြားပြင်းကပ်တယ်"

"နင်က နာရီနဲ့ ငှားမှာဆိုတော့ လျှော့လျှော့ပေါ့ပေါ့ တစ်နာရီ တစ်သောင်း"

"ဘုရားရေ…များလှချည်လား"

တက္ကစီခ တစ်နာရီ ၄၀၀၀ိ/ - ၅၀၀၀ိ/ - နှုန်းထား ရှိကြောင်း နန်းကစ်တီစိုး သိထားပြီးသား။ သို့သော် သူငယ်ချင်း အကြောင်းသိမို့ အတွန့်မတက်နေ။

"အခု ပေးရမှာလား"

"အင်း…ငါ အချက်ပြမီးလုံး လဲစရာ ရှိတယ်၊ မာမီဆီကလည်း တောင်းချင်လို့၊ မနက်ဖြန် နင့်ကိစ္စ ပြီးမြောက်ပြီး သုံးချင်သလောက် သုံး၊ ငါ့ကို (၅)နာရီစာပဲပေး"

"ဟွန်း…လှလည်းမ၊ အင်းပါ…ပေးမယ်၊ လောက်ရဲ့လား…လောက်ရင် ယူထားဦးလေ"

နန်းကစ်တီစိုး ချက်ချင်းပင် သူ့ငွေထားရာ အံဆွဲထဲမှ ငွေထုတ်



www.burmeseclassic.com

www.burmeseclassic.com



ယူပေးလိုက်သည်။

"တော်ပြီ...လောက်တယ်၊ အဆစ်ကတော့ ညနေစာ ကောင်းကောင်းဝယ်ကျွေး"

"လူဆိုးမ...ဒါထက် နေဦး၊ မနက်ဖြန် Chatting ထိုင်ရင် နင့်နာမည်ကို ဘာပေးရကောင်းမလဲ ယမင်း"

"ငါစဉ်းစားပြီးပြီ"

"ဘာလဲ"

"မေ(May) ထိုမိန်းကလေးသည် နိုး(No) လုံးဝမရှိပါ၊ (World)ကမ္ဘာမြေပေါ်၌ ဆိုတဲ့ အဓိပ္ပါယ်ရအောင် မေနိုးဝါးလ်လို့ ပေးလိုက်"

နန်းကစ်တီစိုးက ဉာဏ်ကောင်းပြီး ထက်မြက်သွက်လက်လွန်းသော သူငယ်ချင်းမလေးကို အားကျစွာ ကြည့်ပြီး...

"အိုကေ...သိပ်ပိုက်တယ်၊ ပေးလိုက်မယ်"

"ယောင်ကြူးကြီး တစ်ခါတည်း ခိုက်သွားစေရမယ်"

"ဘာလဲ ယောင်ကြူး"

"ရူးကြောင်လေ..ဟာ့..ဟား..ဟား"

"မိခက်ကတော့လေ"

သူငယ်ချင်းနှစ်ယောက် ကြည်နူးချမ်းမြေ့စွာ ရယ်မောလိုက်ကြလေတော့သည်။

❀





# အပိုင်း(၃)
# နန်းကစ်တီစိုး၏မဟာဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com




## အခန်း(၁၀)

ရဲဘုန်းလူ့မျက်လုံးက သိန်းငှက်တစ်ကောင်လို လျှင်သည်၊ ကုမ္ပဏီရုံးခန်းထဲ ရောက်လျှင်ရောက်ချင်း အင်တာနက်ခန်းထဲတွင် ဆန့်ကျင်တက် မျက်နှာစိမ်းတစ်ဦးကို တန်းတွေ့လိုက်သည်။ Chatting လုပ်နေသည်။

ဒီကောင်တွေ သူ့လည်း အသိမပေးဘဲ ဘာတွေလုပ်နေကြသလဲ၊

ရဲဘုန်းလူ မကျေမနပ်ဖြစ်သွားသည်၊

"နေစမ်းပါဦးကွ...အင်တာနက်ခန်းထဲ Chat လုပ်နေတာဘယ်သူလဲကွ၊ စာရေးမအသစ်များ ခန့်လိုက်တာလား"

G.M ကိုစိုးဝင်းကို ရဲဘုန်းလူ မေးလိုက်သည်၊ ကိုစိုးဝင်းက...

"မဟုတ်ပါဘူး ဆရာ၊ ဆရာကိုတိုးအောင်ရဲ့မိတ်ဆွေပါ"


www.burmeseclassic.com

www.burmeseclassic.com

"ဩော်...ဟော်"

ရဲဘုန်းလူ သဘောပေါက်သွားသည်မို့ ဩော် တစ်လုံးကို လေး လေးနက်နက် ဆွဲကာ မှတ်ချက်ချလိုက်သည်။ ခွေးကောင် တိုးကြီး ဒိုင်လျှိုထားတယ်၊ သိမယ်...ဒီကောင်တော့လား။

ထိုစဉ် ဒါရိုက်တာများ ရုံးခန်းထဲ ထိုင်နေသော တိုးအောင်က သူ့အား မြင်သွားပြီး မလုံမလဲပုံစံဖြင့် ထွက်လာခဲ့လေသည်။

"ဟေ့ကောင် ရဲကြီး၊ မင်း သွားလာမယ့်ကိစ္စတွေ ပြင်ဆင်နေတာ မဟုတ်ဘူးလား၊ ဒီနေ့ မင်းကို Free(လွတ်လပ်ခွင့်) ပေးထားတယ်လေကွာ"

"အေးလေ...Free မို့လို့ လွတ်လွတ်လပ်လပ်နဲ့ ကုမ္ပဏီကြီး တစ်ခုလုံးကို လှည့်ပတ်စစ်ဆေးနေတာလေ၊ မသင်္ကာစရာ သိပ်မတွေ့ပါဘူး။ တစ်ခုပဲ တွေ့တယ်"

အခန်းထဲသို့ တိုးအောင်၏ပခုံးကို ပုတ်ပြီး ဝင်ရင်း စကားဖြင့် ကလိလိုက်လေသည်။

တိုးအောင်က အိုးမလုံ အံ့ပွင့်ကာ ရယ်သွေးသွမ်းလိုက်ရင်း...

"ဟဲ..ဟဲ..ဒါလား၊ ငါ့ညီမလေးတစ်ယောက်ရဲ့သူငယ်ချင်းပါကွာ၊ Chat လုပ်ချင်တယ်ဆိုလို့"

"Internet (အင်တာနက်)ကဖေးတွေ ပုံလို့ပါကွာ"

"အဖြူလေးတွေပါကွာ"

"ဘာလဲ...ဖိုးသမားလေးတွေလား၊ ဒါမှ ပိုကွိုင်မှာ"

ရဲဘုန်းလူကလည်း ထိုးနက်ချက် စစ်မျက်နှာကို ဖွင့်မိလျှင် အတောမသတ်တမ်း ကလိတော့သည်။

"ဟာကွာ...ငရဲသားရား အဖြူရောင်သက်သက်လေးတွေလို့





ပြောတာကွ"

"သိသားပဲ"

"ရှင်းရှင်းပြောရရင် ငါ ပရိုပိုစ်(ချစ်ခွင့်ပန်)လုပ်ထားတဲ့ မိန်းကလေးကွ...နယ်ကပဲ"

သူငယ်ချင်းအရင်းအချာကြီး၏အလန်းလေးဆိုတော့လည်း ရဲဘုန်းလူ မနေသာတော့၊ မသိမသာမှ သိသိသာသာလေး ရှုံး(ကြည့်) လိုက်သည်၊

မဆိုးပါဘူး၊ ဖြူဖြူသွယ်သွယ် နုနုဖတ်ဖတ်လေး၊ အရိုးခံသက် သက်လေးနှင့် အေးချမ်းသော မျက်နှာပိုင်ရှင်လေး။

သူ့ဖလေဒီဒရိုင်ဘာနှင့် ဆန့်ကျင်ဘက်။

လေဒီဒရိုင်ဘာက ဆတ်ဆတ်ကျဲမလေး၊ ထက်ထက်မြက် မြက် သွက်သွက်လက်လက်နှင့် ဘာမထီပုံစံလေးနှင့် အလှတရားက လည်း ကုံလုံကြွယ်ဝလေတော့ မာနမျက်နှာကလည်း အထင်းသား ရှိနေသည်၊

မည်သို့ဆိုစေကာမူ ရဲတင်းဖျတ်လတ်မှုကိုက လေဒီ ဒရိုင်ဘာ ၏ကိုယ်အလှကို ပို၍ ပံ့ပိုးပေးသလိုဖြစ်စေကာ သူ့ရင်ကို စွဲငြိစေခဲ့ သည်၊

"ချာတိတ်မကကော အဖြေပေးပြီးပြီလား"

"နိုး..."

ဘာပဲပြောပြော တိုးအောင်က သူ့ထက် ခြေတစ်လှမ်းသာ သွားသည်။

သူ့မှာ ပရိုပို့စ်၏ လုပ်ဖို့နေနေသာသာ နာမည်ပင် သိခွင့်မရ



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ရှင်းနေတာပဲ တိုးကြီး၊ မင်းတော့ သွားပြီ"

"ဘာရှင်းလို့ ဘာသွားရမှာလဲ"

"ဘာရှင်းရမှာလဲ...မင်းကို မကြိုက်လို့ သူ့ဘဲနဲ့ Chat လုပ်နေတာ မတွေ့ဘူးလား ဝပ်ထရိန်းရဲ့ ဒီတော့ သွားပြီပေါ့...မဟုတ်ဘူးလား"

သူငယ်ချင်းအချင်းမို့ "နွား" ဟုပင် မသုံး၊ "ဝပ်ထရိန်း" ဟုပင် သုံးကာ ရှုံ့ချလိုက်သည်။

"ဟာကွာ...ဒီလိုမဟုတ်ပါဘူး၊ ကောင်မလေးက ငါ့ဘက်က ရှိပါတယ်၊ ခုဟာက..."

"ထားပါတော့...နွားပြာကြီး အောက်သွားမရှိရယ်၊ ငါကို လားရှိုးက လုပ်ငန်းနဲ့ ပတ်သက်တဲ့ Data တွေ ပေးလိုက်ဦးလေကွာ Site က မင်း Site ပဲဟာ"

"ဆောရီး...သူငယ်ချင်း၊ ငါက မင်းယူပြီးသွားပြီ ထင်နေတာ"

"မှန်နေတာကို...မင်းဘယ်သိမလဲ"

တိုးအောင်ကို နိုင်တုန်း လိုမ့်နိုင်ထားလိုက်သည်။ ပြောမနာဆိုမနာ သူငယ်ချင်း အချင်းချင်းတွေဆိုတော့ နိုင်ကွက်ကလေးတွေနှင့် စကားအရသာခံရတာကိုက ပျော်စရာကောင်းသော စိတ်ချမ်းသာမှု တစ်ခုပင်။

"ကောင်မလေးနာမည်က ဘယ်သူတဲ့လဲ"

ဖိုင်တွဲနှစ်တွဲခန့် ထုတ်လာပေးသော တိုးအောင်ကို သူ စေ့စေ့ ကြည့်ရင်း မေးလိုက်သည်။

"နန်းကစ်တီစိုး"

"ဟာ...မိုက်တယ်၊ ဒါပေမယ့် ကစ်တီ(Kitty)ဆိုတော့ မြန်မာ လိုအဓိပ္ပါယ်က ဆိုးတယ်ကွာ၊ တော်ပြီ...ဆက်မရွေးနွေးတော့ဘူး"





တိုးအောင်၏မျက်ခွက်ကြီး အထဲထဲသို့ ကျုံ့ဝင်သွားသည်ကို သူအရသာခံကြည့်ရင်း သူသဘောကျစွာ ရယ်နေလိုက်သည်။

"ဟတ်...ဟား...ဟား...ဟား"

"ခွေးကောင်"

တိုးအောင်လည်း အင်္ဂလိပ်စာ ဝေါဟာရ ကြွယ်ဝသူမို့ (Kitty) ကို ချစ်စရာ ကြောင်ပေါက်စလေးဟု တင်စားခေါ်ဝေါ်ထားသည်ဟု သိသော်လည်း အခြားအဓိပ္ပါယ်ဖွင့်ဆိုချက်မှာ (Kitty = အသင်းအဖွဲ့ပိုင် ရံပုံငွေ၊ ဖဲဝိုင်းအလယ်ပုံ၊ အစုအစပ်)ဟူသော အဓိပ္ပါယ် ဖွင့်ဆိုချက် ရှိနေခြင်းကြောင့်ပင်။

သူထောက်ပြလိုက်သောအချက်ကြောင့် တိုးအောင် မျက်နှာကြီး ရှုံ့တွသွားခြင်းကို ကြည့်ကာ ဟားတိုက်ပစ်လိုက်လေသည်။

"ဟေ့ကောင်...မင်းပါးစပ်ပိတ်ထား၊ ချစ်စရာကောင်းသော ကြောင်ပေါက်စလေးလို့ပဲ သတ်မှတ်ကွာ၊ မင်းပြောတဲ့ အဓိပ္ပါယ် မဟုတ်ဘူး"

"ထားပါတော့ကွာ...ကိုယ်ကြိုက်တဲ့ အဓိပ္ပါယ် ကိုယ်ယူပေါ့၊ အဓိပ္ပါယ် နှစ်ခွထွက်တဲ့ စကားလုံးမျိုး တို့မြန်မာစာမှာလည်း ရှိတာပဲ၊ ကိုယ်ကြိုက်ရာကိုယ်ယူ၊ ကိုယ်ကျေနပ်ရင် ပြီးတာပါပဲ...ငါကတော့"

ရဲဘုန်းလူ မထိတထိ ကလိတော့ တိုးအောင်ကြီး ဒူးရင်းသီးမင်းထိုင်မိသလို ဖြစ်သွားပြီး...

"ဟေ့ကောင်...ဟေ့ကောင်၊ မင်းပါးစပ်ပုပ်ကြီး ပိတ်ထားစမ်း ဟ"

"မင်းအလုပ်ညီကျတော့ သိတယ်လား၊ ငါ့ကောင်မလေးတုန်းကျတော့ အလန်းလေး...မျက်စိအစာလေးဘာလေးနဲ့ ငါ့ကိုလည်း


www.burmeseclassic.com

www.burmeseclassic.com



ဒိုစမာဘင်လာဒင် ဖြစ်ရသေး"

"ဟဲ..ဟဲ..ဟဲ၊ ငါက မင်းစိတ်ကို စမ်းတာပါကွာ၊ တကယ်တမ်းကျတော့ နယ်ကလူ ငါက ရန်ကုန်မြို့က တစ်ဖဝါးမှ ခွာချင်တဲ့ကောင်မဟုတ်ဘူး"

"ဒါဆို မင်းဝန်ခံပြီပေါ့"

"ဟဲ...ဟဲ"

တိုးအောင် ရယ်ခြင်းဖြင့် သူ့လျှို့ဝှက်ချက်ကို ဝန်ခံလိုက်လေသည်။ ရဲဘုန်းလူက မဆီမဆိုင် လက်ပံသား ခါးနှင့် ဝင်ချိုင်လိုက်သည်။

"ဒါဆိုရင် ဒီအမ်အေပိုင် ကုမ္ပဏီကြီးရဲ့ M.D(မန်နေးဂျင်းဒါရိုက်တာ)ရာထူးကို ငါပဲ ယူလိုက်ရတော့မှာပေါ့"

"ဘာဆိုင်လို့လဲ"

တိုးအောင်အရယ် အော်တိုမက်တစ် ရပ်သွားလေတော့သည်။ သူက ခပ်တည်တည်နှင့်...

"ဆိုင်တယ်လေ...ငါတို့(၃)ယောက် ကုမ္ပဏီ စထောင်တုန်းက ရှယ်ယာအားလုံးကို အညီအမျှ ခွဲဝေယူထားတယ်လေ"

တစ်ဦးကို ၃၀% (ရာခိုင်နှုန်း) ဆိုလိုခြင်းဖြစ်သည်။

"အေးလေ...အဲဒါ ဘာဖြစ်သလဲ"

"ကျန်တဲ့(၁၀)ရာခိုင်နှုန်းက M.D ဖြစ်မယ့်သူက ထည့်ရမယ်လို့ သဘောတူထားတယ် မှတ်လား"

"အေးပါ..နေဦး..ကျန်သေးတယ်၊ M.D ဖြစ်ရမယ့်သူ့ရဲ့ အရည်အချင်း သတ်မှတ်ချက် ရှိသေးတယ်လေ၊ ကုမ္ပဏီအတွက် အလုပ်အများဆုံး လုပ်ပေးပြီး အနစ်နာခံတဲ့လူကို ကျန် ၁၀% ထည့်ခွင့်ပေးပြီး M.D ရာထူးယူစေလို့ ငါတို့ သဘောတူခဲ့တာလေ၊ အဲဒါ ဘာဖြစ်သလဲ ရဲကြီး"

သူငယ်ချင်းများက သူ့အား ငရဲခေါ်လိုက်၊ ငရဲသား ခေါ်လိုက်၊ တစ်ခါတစ်ရံတော့လည်း ရဲကြီးဟုပင် ခေါ်သည်။ ခေါ်ချင်သလိုခေါ်၊ ရဲဘုန်းလူ မနာ၊ နာမည်ဆိုတာ ပညတ်ချက်ပါပဲဟု။

"ရိုက်စ်...သက်စ်ရိုက်...ဒါ မိန်းပွိုင့်ပဲ၊ ဟိုကောင် နွားပြာကြီးအောက်သွားမရှိ ဖော်ကြီး(မြင့်ဖော်)ကိုတော့ M.D အလောင်းအလျာအဝက ပယ်ထားတာ ကြာပြီ၊ ဒီတော့ မင်းသဘောတူရင် ရပြီလေ...တိုးကြီး"

ရဲဘုန်းလူ ကျားထိုးသည့်နယ် တစ်ကောင်ကျွေးပြီးသုံးကောင်စားပစ်လိုက်သည်မို့ မှင်သေသေနှင့် အောင်ပွဲခံလိုက်လေသည်။

"ငါက အနစ်နာခံပြီး မင်းတို့နှစ်ယောက် မသွားချင်တဲ့နယ်အထိ သွားနေပေးရတယ်၊ အလုပ်တွေ များရဦးမယ်၊ ဒီတော့ မင်းသဘောတူရင် ဖော်ကြီးကို အကြောင်းကြားလိုက်တော့၊ ငါမသွားခင်အထိ သော ရှယ်ယာကို ဝယ်ပြီး M.D လုပ်လိုက်တော့မယ်"

တိုးအောင် သဘောကျစွာ ရယ်ပြီး...

"ကောင်းပါပြီတဲ့...M.D အလောင်းကြီးရယ်"

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

သူတို့နှစ်ဦး၏ရယ်သံက ဒါရိုက်တာအခန်းထဲ ပျံ့လွင့်သွားလေသည်။ တော်သေးသည်၊ အသံလုံ မှန်လုံခန်းဖြစ်၍ ကျန်ဝန်ထမ်းတို့ ကြားရ၍၊ ကြားရလျှင် အားလုံး လန့်ဖျပ်သွားနိုင်သည်။







www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

အကြိုအဖန်လုပ်၍ နန်းကစ်တီစိုး ယူလာသောလူကြီး၏ ဓါတ်ပုံကို ကွန်ပျူတာထဲ ထည့်၍ စေ့စေ့စပ်စပ် ကြည့်ပြီး တတ်သမျှ မှတ်သမျှ ဖတ်ထားသော အဂ်ါရုပ်ကျမ်းလာအတိုင်း အကဲခတ်လိုက်သည်။

နှုတ်ကလည်း တဖွဖွ ရေရွတ်လိုက်သူက လေဒီဒရိုင်ဘာမလေး ခက်ခက်နွယ်ယမင်းပင်။

"အင်း…လူပုံကတော့ နဖူးပြင် ကျယ်တဲ့အတွက် ပညာတတ်ဖြစ်မယ့်ပုံ၊ အင်းလေ…ပညာတတ်လို့ ဆရာဝန်တောင် ဖြစ်လာပြီပဲ"

"ဒါပေမယ့် နာခေါင်းအပေါက်ဝ ကျယ်ပြီး မျက်နှာရှည်နေတယ်၊ လိမ်တတ်မယ့်ရုပ်မျိုး"

"မျက်ခုံးမွေးတွေကလည်း ခါးမလိုပုံစံနဲ့ လူခွစာပဲ၊ နားထင်ရိုး





ကြီးကြီး မြင့်တက်နေတယ်၊ ဒါဆိုရင် မိန်းမကို ခိုက်တတ်တယ်လို့ ငါ ဖတ်ဖူးတယ်၊ အမလေး…အဲဒီလူကြီးကို နင်မကြိုက်တာပဲ နင့်အတွက် အလွန့်အလွန် ကောင်းသွားတာပဲ ကြောင်မ"

သူပြောသမျှကို အဟုတ်မှတ်ကာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသူ ကစ်တီက မယုံကြည်တော့သလိုနှင့်…

"ဟင်…ဟုတ်ရဲ့လား ယမင်းရဲ့"

"ဘာလဲ…နင်က ကြွေသွားလို့လား၊ အမ်အေပိုင်က လူကြီး ဓာတ် မိုက်လို့ နင့်ကျောက်မဲဘက် ခြေတစ်လှမ်း ဖိနင်းချင်နေပြီလား"

"ပေါက်ပေါက်ရှာရှာဟာ…နင်နောက်နေတာကိုး"

ခက်ခက်နွယ်ယမင်း သဘောပေါက်သွားလေသည်၊ ကစ်တီ သည် သူ့ အတည်ပေါက် နောက်သည်ကို စံရဖန်လည်း များခဲ့ဖူးသဖြင့် သူ့ အား မယုံကြည်ဘဲ နောက်နေသည်ဟုပင် ထင်မှတ်ပုံရသည်။

သူကလည်း သူပင်၊ ခင်မင်မိပြီဆိုလျှင် အရွှတ်အနောက် ပြောင်အပျက်နှင့် ရင်းရင်းနှီးနှီး နေတတ်သူကိုး။

ထို့ကြောင့် သူ ကွန်ပျူတာထဲမှ ပုဂ္ဂိုလ်၏မျက်နှာကြီးရှိ နား ထင်ရိုးကို Mouse Pointer နှင့် ထောက်ပြလိုက်သည်။

"တွေ့လား…ဒီရုပ်မျိုး နင်ပဲကြိုက်၊ ဒီမှာတွေ့လား…နားထင်ရိုး မြင့်တက်နေတာ၊ အဲဒါ မိန်းမခိုက်တတ်တယ်တဲ့"

"နင့်ကို ဘယ်သူပြောသလဲ"

"ငါက ဗေဒင်လက္ခဏာ အဂ်ါရုပ်ကျမ်းတွေ ဒီလောက် ဖတ်နေ တာကြီး…သိတာပေါ့"

နန်းကစ်တီစိုး ယုံကြည်သွားသည်။ ယမင်း သူ့ကို နောက် ပြောင်နေခြင်းမဟုတ်၊ အတည်ပြောနေခြင်းဖြစ်ကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

ခက်ခက်နွယ်ယမင်းသည် မိန်းမဖြစ်သော်လည်း မိန်းမ မဆန်သည့်အကြောင်းတစ်ခုက ဖဲဒင်၊ လက္ခဏာ၊ အကြားအမြင်ဆရာတို့ထံ သွားပြီး တိုကင်ယူပြီး လူများကြား ငုတ်တုတ်ထိုင်စောင့်ရမှာကို အင်မတန် ရှက်ခြင်းဖြစ်သည်။

သို့သော် မိန်းမဗီဇအရ သိချင်စပ်စုချင်သောစိတ်ကို ချိုးနှိမ်၍မရသဖြင့် ဖဲဒင်၊ လက္ခဏာ၊ အင်္ဂါရပ်ကျမ်း စသည်တို့ကိုတော့ ဝယ်ယူဖတ်ရင်း လေဒီဒရိုင်ဘာ လုပ်ပေးရင်း ကားထဲ စောင့်ဆိုင်းရသည့်အခါ နေ့စဉ်ထွက် ဂျာနယ်များထဲမှ တစ်စောင် ဝယ်ဖတ်၍ ကုန်သွားသည်နှင့် ထိုစာအုပ်တို့အပြင် အခြားဗဟုသုတ စာအုပ်များကို အပျင်းပြေ ဖတ်လေ့ရှိသည်။

"ကိုင်း...ထားပါတော့၊ ပြဿနာက စပြီ၊ ဒေါက်တာကြီးဘက်က မိဘတွေက သူ့သားနဲ့ စေ့စပ်ကြောင်းလမ်းဖို့ ကမ်းလှမ်းတာကို ငါ့ရဲ့ မာတာပီတုနှစ်ပါးက လက်ခံလိုက်ပြီတဲ့"

"ကောင်းသားပဲ"

"မိန်းမစုတ်...ဘာကောင်းတာလဲ၊ နင်ပဲ မိန်းမကို နိုက်တတ်တယ်ဆို"

ကစ်တီ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားပုံကို သူသဘောကျစွာ ရယ်မောလိုက်ရင်း...

"ဟင်း..ဟင်း..ဟင်း..ကောင်မ၊ သူ့ကိုယ်သူကျတော့ သိပ်သိတတ်တယ်၊ နင်မယူနဲ့...မယူနဲ့၊ သူ့အင်္ဂါရပ်က ကျမ်းလာအရ တစ်စက်မှ မကောင်းတော့ ယူတဲ့လူ ဒုက္ခတွေ့မှာပဲ၊ မျောက်ကလေးရဲ့ဒုက္ခထက် ဆိုးသွားတယ်"

လာပြန်ပြီ၊ စကားအဆန်းမို့ နန်းကစ်တီစိုး စိတ်ဝင်စားသွားသည်။





"ဘာလဲဟ...မျောက်ကလေးရဲ့ဒုက္ခဆိုတာ၊ ငါကြားဖူးတာက ငါးဒုက္ခဟင်းပဲ ကြားဖူးပါတယ်"

ငါးကို ဗိုက်ထဲ အစာပလာများ သွတ်ပြီး နှီးနှင့် တုပ်နှောင်ထားပြီး ဆန်လှော်ဟင်းရည်ကိုလည်း ငါးဒုက္ခဟု ခေါ်လေသည်ကိုသာ နန်းကစ်တီစိုးက သိထားသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"နင် တကယ် မျောက်ကလေးရဲ့ဒုက္ခ မကြားဖူးဘူးလား"

"မကြားဖူးပါဘူးဟာ...နင်ပဲ ပေါက်ပေါက်ရှာရှာပုံပြင်တွေ ပြောတတ်တယ်"

ခက်ခက်နွယ်ယမင်း ကစ်တီ နားထောင်ချင်နေမှန်း သိသဖြင့် အိုက်တင်ခံလိုက်သည်။

"နားမထောင်ချင်ဘူးလား...ဒါဖြင့်လည်း ပြီးရော"

"အဲ..အဲ..မလုပ်ပါနဲ့ ယမမင်းရယ်၊ နားထောင်ချင်ပါတယ်...ပြောတော်မူပါ"

ထသွားဟန် ပြင်လိုက်သော သူ့ကို ကစ်တီက ခါးလိုက်ဖက်ကာ ပြန်ထိုင်ခိုင်းပြီး တောင်းဆိုလိုက်သည်။

"ဒီလိုဟ"

ခက်ခက်နွယ်ယမင်း ကွန်ပျူတာလေ့တ်ကို ပိတ်ပြီး အညောင်းပြေ ခါးဆန့်လိုက်သည်။ နောက်မှ သက်တောင့်သက်သာ ဆိုဖာပေါ်သို့ ပြောင်းရွှေ့ထိုင်လိုက်ရင်း စကားဦးသန်းလိုက်သည်။

"အင်း...ပြော"

ကစ်တီမျက်လုံးထဲ သိချင်သော အရိပ်အယောင်များ တောက်သန်းနေသည်ကို တွေ့ရသဖြင့် သူစိတ်ပါလက်ပါပင် ပြောပြလိုက်


www.burmeseclassic.com

www.burmeseclassic.com


သည်။

"မျောက်ကလေးတစ်ကောင်ဟာ တောထဲမှာ တရားအား ထုတ်နေတဲ့ ရသေ့ကြီးတစ်ပါးကို သစ်သီးဆွမ်းတွေ သွားကပ်ရတယ်၊ ရသေ့ကြီးက သစ်သီးဆွမ်းတွေ သွားသွားကပ်ရတယ်၊ ရသေ့ကြီးက သစ်သီးစားရင်းနဲ့ ဒုက္ခ ဒုက္ခလို့ ညည်းတတ်တယ်တဲ့၊ ဒါကို နေ့တိုင်းကြား နေရတဲ့ ကိုရွှေမျောက်ကလေးက သိချင်လာတယ်"

"ဟင်...မျောက်က လူစကား နားလည်လို့လား"

ကစ်တီ ဗွေဖောက်လေပြီ။

"လျှာမရှည်နဲ့...ဒါ ပုံပြင်ပဲ"

"အိုး...ဟုတ်သားပဲ၊ ဆက်ပြော...ဆက်ပြော"

"ဒီတော့ မျောက်ကလေးက ရသေ့ကြီးကို ဒုက္ခဆိုတာ ဘာလဲလို့ မေးတာပေါ့၊ ရသေ့ကြီးက မင်းမသိချင်ပါနဲ့ကွာ ဘာညာပေါ့၊ ဒီတော့ မျောက်ကလေးက ဆက်မမေးပဲ နေလိုက်တယ်၊ ဒါပေမယ့် တစ်ရက်ပဲ၊ နောက်နေ့ ရသေ့ကြီးက ဒုက္ခ ဒုက္ခ ဆိုတာလည်း ညည်း၊ မျောက်ကလေးက မနေနိုင်ဘဲ မေး၊ ထပ်ခါထပ်ခါမေး၊ ရသေ့ကြီးကလည်း တုံ့ကိုဘာဝေ နေတော့ မျောက်ကလေးက စိတ်ဆိုးပြီး ရသေ့ကြီး မဖြေရင် သစ်သီးဆွမ်း မကပ်တော့ဘူးလို့ ပြောတယ်"

"အင်းပေါ့...သိချင်တာပေါ့၊ မျောက်က လူလည်ပဲ၊ နိုင်ရာ အကျပ်ကိုင်တာပေါ့"

"မျောက်လည်ပြောစမ်းပါ"

"အေး...အေး...မျောက်လည်၊ ဆက်ပြော"

"ဒီတော့ ရသေ့ကြီးက ဆွမ်းအငတ်ခံနိုင်ပါ့မလား၊ အမှုတောင့် မှ သီလစောင့်နိုင်မှာ မှတ်လား"



ခက်ခက်နွယ်ယမင်း အပိုစာသားလေးများနှင့် ဝေဝေဆာဆာ ခင် ဆက်ပြောလိုက်လေသည်။

"အမှန်တော့ ရသေ့ကြီးက ဆွမ်းအငတ်မခံနိုင်တာလား၊ မျောက်ကလေးကို သိစေချင်တဲ့စေတနာလားတော့ မသိဘူးပေါ့ဟာ၊ မင်းသိချင်ရင် မနက်ဖြန်မှာ ဒုက္ခဆိုတာ ဘာလဲဆိုတာ ပြမယ်လို့ ပြော လိုက်တာပေါ့"

"တယ်ဟုတ်ပါလား...မျောက်ကလေးတော့ သူ့အကျပ်ကိုင် ဆာ အောင်မြင်သွားလို့ ဝမ်းသာသွားမှာပဲ"

"ဒါပေါ့...ဝမ်းသာလွန်းလို့ ခုန်ဆွခုန်ဆွနဲ့ ပြန်သွားပြီး နောက် နေ့မှာ မျောက်ကလေးက သစ်သီးဆွမ်းတွေ ထမ်းပိုးပြီး လာတာပေါ့၊ သူ သိချင်တာ သိရတော့မယ်ဆိုပြီးတော့ ခါတိုင်းနေ့ထက်တောင် အသီး အနှံ့တွေက ပိုများနေသေး"

"စားချင်လိုက်တာ"

"ငတ်ကြီးကျပြီ...စားရတဲ့သူများ ပိုငတ်တယ်ဆိုတာ အမှန်ပဲ"

ခက်ခက်နွယ်ယမင်းက ရေခဲသေတ္တာထဲ အသီးအနှံ့ အပြည့်စုံ ညှိထားပြီး စားချင်တဲ့အချိန် ထုတ်စားနေတတ်သော ကစ်တီ အကြောင်းသိမို့ တစ်တစ်ခွခွ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်...ဆက်ပြောပါဟာ"

"မျောက်ကလေးလည်း ရသေ့ကြီးဆီ ရောက်တော့ ကတိ အတိုင်း ဒုက္ခဆိုတာ ဘာလဲလို့ မေးတော့တာပေါ့၊ ဒီတော့ ရသေ့ကြီးက လည်း သူ့ရှေ့မှာ ချထားတဲ့ အထုပ်တစ်ထုပ်ကို ညွှန်ပြတယ်၊ မင်း အဲဒီ အထုပ်ကို ယူသွား၊ အဲဒီထဲမှာ ဒုက္ခဆိုတာ ရှိတယ်၊ ဒါပေမယ့် ဒီမှာ ဖွင့် ကြည့်ရဘူး၊ မြစ်ဘေး သောင်ခုံအလယ် ရောက်မှ ဖွင့်ကြည့်ရမယ်၊


www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့မှ ဒုက္ခကို တွေ့မှာလို့ ပြောတယ်"

"ရသေ့ကြီးက ရစ်တာပဲ"

"ရစ်တာက နင်..ကြောင်မရဲ့ သေသေချာချာ နားထောင်... ဖြတ်မပြောနဲ့"

"အင်းပါ.."

အနိုင်ခွင့်ကြုံတုန်း ကစ်တီကို စွတ်ပြောက်ကာ အနိုင်ယူထားလိုက်သည်။ ဒါကလည်း သူငယ်ချင်းသဘာဝပင် မဟုတ်ပါလား။

"မျောက်ကလေးလည်း ဝမ်းသာအားရနဲ့ အထုပ်ကို ထမ်းပြီး သောင်နံဘက်ကို ပြေးသွားတာပေါ့၊ အထုပ်ထဲ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဆိုတော့ ဘာလဲလို့ အရမ်းသိချင်တာပေါ့၊ ဒါနဲ့ သောင်နံအလယ်လည်း ရောက်ရော၊ အထုပ်ကိုချ၊ ကမန်းကတန်း ဖွင့်ကြည့်လိုက်တော့..."

ခက်ခက်နွယ်ယမင်း ကောင်းခန်းရောက်မှ ကြော်ငြာဝင်လိုက်သည်၊ "မောလိုက်တာဟာ" ဟု ဆိုကာ ရေတစ်ငုံနှစ်ငုံမျှ သောက်လိုက်သည်ကို နန်းကစ်တီစိုး ရင်ထဲရှိ ကလီစာများပင် ယားကျိယားကျိ ဖြစ်သွားလေကာ...

"ယမမင်း...လုပ်ပြီ၊ ဆက်ပြောစမ်းပါဟာ"

"အထုပ်ထဲက ခွေးတစ်ကောင် ထွက်လာပြီး မျောက်ကို လိုက်ကိုက်ပါလေရော၊ ဒီတော့ မျောက်ကလေးလည်း ကြောက်အားလန့်အားနဲ့ ပြေးပါလေရော"

"လွတ်ကော လွတ်ရဲ့လား"

နန်းကစ်တီစိုး စိုးရိမ်တကြီး မေးရှာသည်။ ခက်ခက်နွယ်ယမင်းက သူ့ထုံးစံအတိုင်း ကလိတိတိ ဆက်ပြောလေသည်။

"သောင်ပြင်အလယ်ဆိုတော့ တက်စရာ အပင်ကလည်း မရှိ၊





မျောက်ဆိုတော့ ရေကလည်း ကြောက်၊ ရေလည်း မကူးတတ် ဆိုတော့ ဒီပြေးဒီပြေးနဲ့ မျောက်ကလေးရဲ့ဒုက္ခ ဘယ်လောက်တောင် ကြီးမားလဲဆိုတာ နင်စဉ်းစားကြည့်လေ ကစ်တီ"

နန်းကစ်တီစိုး သဘောကျစွာ ရယ်ရင်း...

"ဟင်း..ဟင်း..ဟင်း..နင်မို့လို့ ပေါက်ပေါက်ရှာရှာ ပြောတတ်ပါပေတယ် မိခက်ရယ်...ဟင်း..ဟင်း"

"မျောက်ကလေးက ဒုက္ခဆိုတာကို သဘောပေါက်သွားပြီ၊ သဘောမပေါက်သေးတာက နင်၊ နေဦး...ကျန်သေးတယ်၊ ဇာတ်ပေါင်းကြတဲ့အခါ မျောက်ကလေးက နန်းကစ်တီစိုးဆိုတဲ့ ကြောင်မငလေး၊ ခွေးက နင်နဲ့ စေ့စပ်ဖို့ လုပ်နေတဲ့ ဟိုလူကြီး၊ ရသေ့ကြီးက ငါပေါ့"

"မိန်းမ...ပေါက်ကရ မပြောနဲ့...ငရဲကြီးနေဦးမယ်၊ မိန်းကလေးက ဘယ်လိုလုပ် ရသေ့ဖြစ်မှာလဲ"

"အရင်ဘဝက မဖြစ်ခဲ့ဘူးလို့ ပြောနိုင်မှာလား၊ ငါက ဥပမာပေးတာ၊ ရသေ့ကြီးဘဝက လွန်ခဲ့သော ဘာညာ ဆက်ပြောလို့ရတာပေါ့...ကြောင်မ စကားမရှည်နဲ့၊ နင်ဖတ်ချင်ရင်..ရော့...ဒီမှာ၊ ပုံပြင်တွေ အများကြီး ရှိတယ်"

ခက်ခက်နွယ်ယမင်း သူ့စာအုပ်ဗီရိုထဲမှာ စာရေးဆရာကြီး ...တင့်တယ်၏ ဘကြီးမှန်း၏ ပုံပြင်ဝတ္ထုများစာအုပ်ကို ယူပေးလိုက်သည်။

"ဟယ်...Old Story (ခေတ်ဟောင်းပုံပြင်)တွေပဲ၊ နင် ဘယ်က ရှာဖွေစုဆောင်းထားတာလဲ၊ မှန်း...(၁၉၆၈)ခုနှစ်က ထုတ်တဲ့ စာအုပ်ပဲ၊ ငါ့ဒေါ်လေးတောင် မမွေးဘူးလေ"

"ငါ့အဖေ စာအုပ်တွေလ...ငါ အမွေဆက်ခံထားတာ၊ ဖတ်


www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင် အရမ်းရယ်ရတယ်"

"ငါ့ကို ခဏလောက် ငှားလိုက်ဟာ"

"နီး...မငှားဘူး၊ နင်တို့က စည်းကမ်းရှိတာ မဟုတ်ဘူး၊ ဖတ်ချင်ရင် ဒီမှာပဲ ဖတ်နေ၊ ငါ နင့်ဒုက္ခကြီးကို ကြည့်လိုက်ဦးမယ်"

"မိန်းမ...စာအုပ်နဲ့ ပတ်သက်လာရင် အားကြီး ကပ်စေးနဲတယ်"

ကစ်တီ ဘာပြောပြော ဥပေက္ခာပြုပြီး ခက်ခက်နွယ်ယမင်း ကွန်ပျူတာဇရှေ့ပြန်ထိုင်လိုက်လေသည်။ သို့သော် ကစ်တီက ပြန်ဆွဲခေါ်ရင်း...

"နေပါဦး...ငါ့ဒုက္ခကြီးကိစ္စကို ဘယ်လိုဆက်လုပ်ရရင် ကောင်းမလဲလို့ အကြံပေးစမ်းပါဦး မိခက်ရာ"

"ယူလိုက်ပေါ့"

"ဟယ်...ကောင်မစုတ် ရက်ရက်စက်စက်၊ ငါမှ မကြိုက်တဲ့ဟာကို"

"အေးလေ...ဘာတတ်နိုင်မှာလဲ၊ နင့်မှာ ဂတ်ဂတ်ရှိရင်လည်း ဂတ်ဂတ်နဲ့ ယူလိုက်ရုံပေါ့"

"ငါ့ကို ပရိုပို့စ် လုပ်ထားတဲ့သူ ရှိတယ်လေ"

"အဲဒါ ရည်းစားမှ မဟုတ်တာ"

"ငါ သူ့ကိုပဲ သဘောကျတယ်"

"သဘောကျတယ်ဆိုတာ ဘာလဲ၊ သူ့ရုပ်ရည်ကိုလား သူ့အလုပ်အကိုင်ကိုလား၊ ချစ်ကော ချစ်လို့လား"

"ထင်တာပဲ...အားလုံး ပါမယ်ထင်တယ်"

ခက်သည်။ ယခုမှ ခက်ခက်နွယ်ယမင်းအတွက် တကယ်





ခက်သော အခက်ကို ကြုံတွေ့လိုက်ရသည်။

အချစ်နှင့် အိမ်ထောင်ရေး။

ဒီကိစ္စကို သူနားမလည်သဖြင့် ပေါ့ပေါ့ဆဆ အကြံမပေးရဲ၊ သမ္မာမရှိ။ ထို့ကြောင့်...

"ထင်တာနဲ့တင်တော့ ဘာကိုမှ ဖွတ်မလုပ်နဲ့၊ ထင်တာပဲဆိုရင် အမေပေးတာ ယူလိုက်တာ အကောင်းဆုံးပဲ၊ ဒါမှ ဒုက္ခကြုံရင် အမေတို့ ရွေးသမက်ကြီး ငွေသမက်ကြီးဆိုပြီး အမေတို့ကို လွှဲချ၊ အမေ့နင်ခွင် ပြန်တိုးနေလိုက်ရုံပဲ၊ ဘယ်လောက်မိုက်သလဲ"

အချစ်နှင့် တွေ့ကြုံခြင်း မရှိသေးသော သူ့အတွက် ဒါလောက်ပဲ အကြံပေးနိုင်သည်။

ထိုအခါမှ ကြောင်မလေးကစ်တီက မျက်လုံးဝလေး ပေကလပ်သတာလပ် လုပ်ကာ...

"ငါ..အစ်ကို့ကို တကယ်ချစ်မိနေပြီထင်တယ်"

"အဟိ...အစ်ကိုတဲ့လား"

"မနောက်နဲ့ဟာ"

"မနောက်ပါဘူး...ဒါဆိုရင် နင့်ဂတ်ဂတ်ကို အဖြေပေးပြီး အကြောင်း ပြောပြပြီး တစ်ခါတည်းသာ နိုးနိုင်းလိုက်တော့"

ကစ်တီ မျက်လုံးပြူးသွားသည်။

"ချက်ချင်းကြီးပါလား"

"ဘယ်တတ်နိုင်မလဲ...နင့်ရောဂါက Emergency Case ပါကိစ္စ)လေ၊ ချက်ချင်းမရရင် သေသွားမှာပေါ့၊ ကစ်တီ ဒုက္ခတာလေးဒုက္ခထက် ကြီးသွားနိုင်တယ်"

နေရာတကာ စဉ်းစားလေ့ရှိသော ကစ်တီအတွက် "Do or



www.burmeseclassic.com

www.burmeseclassic.com

die" (သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး)လုပ်တတ်သော.သူ့အကြံကို နာခံလိုက်လေသည်ထင့်၊ ဆိတ်ဆိတ်နေလေသည်။

"ကျန်တာတော့ နင့်အပိုင်းပဲ ကစ်တီ၊ အဖြေပေးမယ်ဆိုရင် အခုပဲ ပေးလိုက်တော့...ဖုန်းဆက်လိုက်၊ ရှက်ရင် နင်အပြင်ထွက်ပြောလေ"

"ကောင်းသားပဲ"

"ကောင်းတာပေါ့...အပြင်မှာ ဝှါမာဓိ ရှိတယ်လေ...အဟဲ"

"အစုတ်ပလုပ်မ...ပြန်မယ်၊ အိမ်ရောက်မှ ဆက်တော့မယ်"

"နေပါဦး...ထမင်းစားပြီးမှ ပြန်လေ၊ ဒါထက် နင် ဘာနဲ့ လာတာလဲ"

"ဒါလေး ဝင်ပို့ပေးသွားတာလေ၊ နင်ပဲ ပြန်ပို့ပေးတော့"

"အိုကေ.."

ခက်ခက်နွယ်ယမင်း ပေါ့ပါးစွာပင် ထကာ ကစ်တီ၏ပခုံးလေးကို ဖက်ပြီး စာကြည့်ခန်းထဲမှ ထွက်ခဲ့လေသည်။

ကြောင်မလေး ကစ်တီ၏ဒုက္ခကို အကြံပေး ဖြေရှင်းပေးလိုက်နိုင်သဖြင့် ကျေနပ်သွားလေသည်။

သူ့အလှည့်ကျရင်ကော ကစ်တီ အကြံပေးနိုင်ပါ့မလား။ လောလောဆယ်တွင်တော့ ရဲဘုန်းလူဆိုသော လူကြီးကို ကလိပြီး ပစ်ထားလိုက်သည်။

လူကြီး ဘယ်လိုခံစားနေရသလဲဆိုတာ သိချင်သော်လည်း တမင်မာန်တင်းကာ နေလိုက်သည်။ ဖူးစာမှန်ရင်တော့လည်း...။







# အခန်း(၁၂)

ခက်ခက်နွယ်ယမင်း ကားမောင်းရင်း လမ်းစရှာနေမိလေသည်။

ဘယ်သူ့ဆီကမှလည်း ဖုန်းမလာ၊ ကားနှင့် ဝန်ဆောင်မှု ပေးနေ လုပ်ငန်းက မရှိတော့ ပျင်းရိပျင်းတွဲ ဖြစ်နေပြီး နန်းကစ်တီစိုးဆီ သွားမည် သတိရလိုက်သော်လည်း ကြောင်မက အခုလောက်ဆို သူ့ဂုတ်ဂတ်နှင့် တွဲခုတ်နေလောက်ပြီထင်သည်။

တစ်ရက်နှစ်ရက်လောက်တော့ ဒင်းဆီက အစီရင်ခံစာ မတင်မချင်း လွှတ်ထားလိုက်ဦးမည်။

ထိုစဉ် ဖုန်းခေါ်သံ ထွက်လာသဖြင့် ဝမ်းသာအားရပင် ခလုတ်ကို နှိပ်လိုက်သည်။ နားကျပ်နှင့် နားတောင်တာဆိုတော့ ပြဿနာမရှိ။


www.burmeseclassic.com

www.burmeseclassic.com

"ယမမင်း"

"ဘာလဲ ကြောင်မလေး"

"နင်ဘာလုပ်နေသလဲ"

"ဘာလုပ်ရမှာလဲ…လေဒီအရိုင်ဘာမို့ ကားမောင်းနေတာပေါ့၊ ဘာလဲ…ကားသုံးမလို့လား၊ နင်ဆိုရင်တော့ ဦးစားပေးရမှာပေါ့"

"မလိုတော့ဘူး…နင့်ကား ငါသုံးဖို့မလိုတော့ဘူး၊ ဂတ်ဂတ်ကားကို လှမ်းမှာလို့ရတယ်"

"အမလေး…ကြောက်စရာကြီး၊ နင်တော့ ဝန်ဆောင်ခ မတန်ရင်ကာ ပေးရတော့မှာပဲ"

"အစုတ်ပလုတ်…ပြောစရာရှိလို့"

"ဘာလဲ…သံတော်ဦးတင်စေ"

"အဟင်း…ဟိုနေ့က စကားတွေ ဟိုပြောဒီပြောနဲ့၊ ဒီကြားထဲ နင်က ပုံပြောကောင်းတဲ့အတွက် ငါ နင့်ကို အဓိက Chatting ဝင်တဲ့အကြောင်း ပြောဖို့မေ့သွားတယ်"

"အေး…နင်ပြောဖို့ မေ့သလို ငါကလည်း မေးဖို့ မေ့သွားခဲ့တယ်…ဘာထူးခြားလို့လဲ"

"ထူးခြားတာပေါ့ မိခက်ရဲ့ အဲဒီလူကြီးကလေ နင့်ဓါတ်ပုံကိုကြည့်ပြီး အရမ်းသဘောကျသွားတယ်၊ သူမြင်ဖူးသမျှ မိန်းကလေးတွေထဲမှာ အချောဆုံး အလှဆုံး ဘာညာကွိကွတွေ တင်စားလိုက်တာဟာ"

ခက်ခက်နွယ်ယမင်း ရင်ခုန်၍မရသည့်အပြင် ဒေါကန်ဖို့လေသည်။

"ဟွန်း…ဖွန်ကြောင်ကြီး"

"ပြီးတော့ နင့်ကို ပရိုပို့စ် လှမ်းလုပ်တာ"





"မေနီးဝါးလ်ကိုပါဟာ"

"အေးအေး…မေနီးဝါးလ်ကို"

"သေလိုက်လို့ မပြောလိုက်ဘူးလား"

"မပြောပေါင်…တမင်ဒုက္ခပေးထားလိုက်တယ်"

"နင် အပြတ်ဖြတ်ခဲ့ရဲ့လား"

"မပြတ်တပြတ်လေ…ကုမ္ပဏီပြောင်းတော့မှာမို့ ဒီနံပါတ်နဲ့ ဆက်သွယ်နဲ့တော့၊ နောက်မှ အင်တာနက်ကဖေးတစ်ခုကနေ Chatting ဝင်ပေးမယ်လို့ ချွေးသိပ်ပြီး ထားရစ်ခဲ့လိုက်ပါတယ်ဟယ်"

"ကောင်းပါတယ်…ဒါ ပွိုင့်တစ်ခုပဲ"

"ဘာပွိုင့်လဲ"

"နင်ကလည်း တုံးပါမေ့၊ နင့်မိဘတွေကို ပြောပြလိုက်ပေါ့၊ နင်နဲ့ စေ့စပ်ဖို့ ပြောထားဆိုထားတဲ့ကြားက အဲဒီလူကြီးက မေနီးဝါးလ်ဆိုတဲ့ ကောင်မလေးကို လက်ထပ်ခွင့်တောင်းတယ်ပေါ့၊ ဒါ…နိုင်ကွက်ပဲ"

"ယုံပါ့မလား"

"ငါထောက်ခံပေးမယ်လေ"

"မရပါဘူးဟာ"

"မချော…ဒါဆိုလည်း သဘောပဲ၊ နင့်ဂတ်ဂတ်နဲ့ တိုင်ပင်ပြီး ရှာလိုက်၊ နောက်ကြောင်းကိစ္စ ငါကြည့်ရှင်းလိုက်မယ်"

"အင်း…"

နန်းကစ်တီစိုး တွေဝေစဉ်းစားနေပုံရသည်။ အသံက အတန်ငယ် တိတ်သွားသည်။

"အေးလေ…ကိုကို့ကို ပြောကြည့်ရမှာပဲ"

"အလို့…ကိုကိုတဲ့၊ ဖြစ်သွားပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ယမမင်းနော်...ဒါပဲ"

ဖုန်းစက် ပိတ်လိုက်သည်။ ရည်းစားကို ဒီအကြောင်း တိုင်ပင် လို့ကတော့ ချက်ချင်း ကောက်ခါငင်ကာ နိုးပြေးသွားလိမ့်မည်ကို မသိ လေရော့လား ကြောင်မလေးရယ်ဟု တွေးရင်း ခက်ခက်နွယ်ယမင်း ပြုံးမိလျက်သား ဖြစ်သွားရလေသည်။

တော်ပြီ၊ City Mart သွား၊ အိမ်အတွက် စားနပ်ရိက္ခာလေး အနည်းငယ် ဝယ်ပြီး မာတာပိတုတို့ကို မျက်နှာပြန်လုပ်တာပဲ ကောင်း တယ်ဟု တွေးလိုက်ပြီး နီးစပ်ရာ ရန်ကင်းစင်တာဘက်သို့ ဦးတည်လိုက် လေသည်။

ကစ်တီကတော့ အချစ်နှင့် တွေ့သွားလေသည်။

အချစ်ဟာ သုခပဲ ပေးမလား။

ဒုက္ခပဲ ပေးမလားဆိုတာတော့ အနာဂတ် ပိတ်ကားပေါ်မှာ ဆက်ကြည့်ရှုံသာ ရှိတော့သည်။

သူ့မှာကတော့...

ပဟေဠိ အဝှက်ကောင်းသဖြင့် လမ်းစပျောက်သလို ဖြစ်နေ သော ရဲဘုန်းလှကြီးနှင့် ရှေ့ဆက်ဖို့ တစ်လတာဟူသော အချိန်တို အောင့်အည်းသည်းခံစောင့်ရဦးမည်။

တစ်လလောက် ကြာမှ သူ့အသံလေးကို မှတ်မိဆဲ "လေး ဒရိုင်ဘာ" ဟု ဝမ်းသာအားရ အသိအမှတ်ပြုလိုက်ပြီဆိုပါက...

ရဲဘုန်းလှဆိုသော လူကြီးအပေါ် ရာခိုင်နှုန်းပြည့် အမှတ်တွေ ပေးပစ်လိုက်မည်ဟု တွေးရင်း ရင်ခုန်သံစဉ်လေးတွေ ဖြစ်ထွန်းလျက်...





ထိုနေ့ ညရှစ်နာရီခန့်...

D.V.D အခွေတွေ ထိုးကြည့်ကောင်းဆဲ၊

"ကလင်..ကလင်..ကလင်"

End-date တယ်လီဖုန်းကြီးဆီမှ ခေါ်သံထွက်ပေါ်လာသည်။

မိဘနှစ်ပါးက ထိုအချိန်မျိုး၌ အချိုတည်းရင်း စကားစမြည် ...နေတတ်သဖြင့် ခက်ခက်နွယ်ယမင်း အပြေးအလွှားပင် ဖုန်းစင်သို့ ...ရောက်ပြီး ကောက်ကိုင်လိုက်သည်။

"ဟယ်လို...အမိန့်ရှိပါရှင်"

"ခက်ခက်"

"ရှင်...အန်တီနန်း"

နန်းကစ်တီစိုး၏အဒေါ်ငယ် "ဒေါ်လေး" အသံဖြစ်နေသဖြင့် ...ဲ ဒိန်းကနဲ ဖြစ်သွားရာမှ ကျေနပ်သွားသည်။

ကြောင်မတော့ ပျော့ပျော့လေးနှင့် နံသွားလေပြီ။ အချစ်၏ ...အားကပဲ ကြီးလေသလား။



www.burmeseclassic.com

www.burmeseclassic.com


သူကပဲ တွန်းပို့ပေးအား ကောင်းလေသလားဆိုတာ ကာယကံရှင် ကစ်တီပဲ သိပေလိမ့်မည်။

"မပြောချင်ပါဘူးကွယ်...ခက်ခက်သူငယ်ချင်းအကြောင်းတော့..."

အန်တီနန်း၏အသံသည် Vibration(တုန်ခါနှုန်း) နည်းနည်းများနေသဖြင့် သူ့အထင် မှန်နေပြီဟု ရိပ်စားမိလိုက်သည်။ သို့သော် ဘာဆိုဘာမှ မသိလေဟန်နှင့် လူတတ်ကြီး လုပ်ကာ...

"ဘာဖြစ်လို့လဲ အန်တီနန်း၊ ဒီကောင် ထုံးစံအတိုင်း အပျင်းထူပြီးအချိန်အခါမဟုတ် ညနေစောင်းကြီး အိပ်လို့ ဖျားပြန်ပြီလား အန်တီနန်း"

"ဖျားတာထက် ဆိုးတယ် တော်ရေ"

အန်တီနန်း ဒေါသထွက်နေပုံရသည်။

"ဘာများပါလဲ အန်တီနန်း"

"အိမ်မှာ မရှိတော့ဘူး...လိုက်သွားပြီဟေ့"

လူကြီးပီပီ အရင်းမရှိ အဖျားမရှိ ဒေါကန်ကန်နှင့် တိုတိုပြတ်ပြတ် ပြောလိုက်သဖြင့် ခက်ခက်နွယ်ယမင်း ရယ်ချင်စိတ်ကို မထိန်းနိုင်တော့ဘဲ ရယ်ချလိုက်လေသည်။

"ခစ်...ခစ်...ခစ်...ခစ်..."

"ရယ့်...ရယ်...ခက်ခက်ကတော့ ရယ်နိုင်တယ်၊ ဒီမှာ ဒေါ်လေးဖြင့် ခေါင်းမီးတောက်နေပြီ၊ သူ့အဖေကလည်း တစ်မျောင့်"

"ဘာဖြစ်တာလဲဆိုတာ သေသေချာချာ ရှင်းပြပါဦးလေ၊ အန်တီနန်းဥစ္စာက ဘာမှန်းမှ မသိတဲ့ဥစ္စာ"

ဟု သူပြန်လည် ရှင်းချက်ထုတ်ရင်း မေးလိုက်ရလေသည်။



ထိုအခါကျမှ အန်တီနန်းတစ်ယောက် လိုရင်းကို ခပ်ပြောခပ်ပြောနှင့်က ပြောမယ့်ပြောလိုက်ပြန်တော့ တစ်တစ်ခွခွကြီး။

"လင်နောက်လိုက်သွားလို့ တော်ရေ...လင်နောက်"

"ဗုဒ္ဓေါ"

ဟု ခက်ခက်နွယ်ယမင်း နှုတ်ဖျားမှ အံ့အားသင့်သွားဟန်လေး ထွက်ပြလိုက်ရသည်၊ ရင်ထဲမှာတော့ ဟားတိုက်ရယ်မောလျက် ရှိနေသည်။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

နန်းကစ်တီစိုး၏မိဘများ အမျက်တော်ပြေစေဖို့အတွက် ခက်ခက်နွယ်ယမင်း အတော်လေးကို ကြားဝင်ဖြေရှင်းပေးလိုက်ရလေသည်။

သူကလည်း အခါပေး စလေဦးပုညကို အားကျခဲ့လေသည်ကိုး။

အချစ်နဲ့ စစ်ရေး ကြားမဝင်နဲ့ဆိုသော ဆိုရိုးစကားကို ပယ်ကာ နန်းကစ်တီစိုး၏မာတာမိခင်က အန်တီနန်းအိမ်သို့ ဒေါသူပုန် ထပြီး ဆိုက်ရောက်လာသည် ကြားသည်နှင့် အပြေးအလွှား သွားရောက်တွေ့ဆုံ၊ သက်သေခံပစ္စည်းများနှင့်တကွ ရှင်းပြရသည်။

အင်တာနက်ထဲ သိမ်းထားသော ဒေါက်တာ ဝဏ္ဏဟာန် ပုံကြီးက သက်သေခံပစ္စည်း ဖြစ်နေလေသည်ကိုး။





"ဘုရား...ဘုရား၊ ဒီသမီးလေး ညာက်သွားပေလို့ ဒီလိုကောင်မနဲ့ ရရတာပေါ့၊ ကျွတ်..ကျွတ်..ကြည့်စမ်း၊ မိဘချင်း သဘောတူ ကြည်ဖြူလို့ ပြောထားဆိုထားပြီး စေ့စပ်ရက် သတ်မှတ်ပြီးတာတောင်..ဘာတဲ့..အိမ်တာနက်.."

"မိ..အင်တာနက်ပါ အန်တီ"

"အေးလေ...အဲဒီဟာကြီးကနေ တခြားမိန်းကလေးကိုပါ သတ်ထပ်ခွင့် တောင်းရတယ်လို့၊ ကောင်းကြသေးရဲ့လား အရပ်ကတို့..လို့တောင် ဟစ်အော်ပြီး ရန်သွားတွေ့လိုက်ချင်တယ်၊ အင်းလေ...ကောင်းပါတယ်၊ ဒင်းလို လူမျိုးနဲ့ စောစောစီးစီး လမ်းခွဲရတာ၊ ဒါထက် သမီးလေး..အဲ..နာမည် ဘယ်သူ"

နန်းကစ်တီစိုးအမေသည် သူ့နာမည်ကို မကြာခဏ မေးလေ့ရှိသည်။

"ခက်ခက်နွယ်ယမင်းပါ အန်တီ"

"အေးကွယ်...နာမည်ကလည်း ရှည်ရှည်လှလှလေး ဆိုတော့ အန်တီက ခဏခဏ မေးနေရတာပေါ့၊ ကြီးလာတော့ မေ့တတ်နေပြီ"

"သမီးအမေလည်း ဒီလိုပါပဲ အန်တီ"

"ဟုတ်မှာပါ...ဒါထက်..ခက်ခက်..ထားပါတော့၊ ခက်ခက်ပဲ ခေါ်တော့မယ်"

"အများစုက အဲဒီလိုပဲ ခေါ်ကြတာ များပါတယ် အန်တီ"

"ဟိုလေကွယ်...သမီးလေးကစ်တီ သမီးကို ဆက်သွယ်လာတာနဲ့ အကြောင်းကြားပေးပါကွယ်၊ သူ့အဖေက သဘောတူပါတယ်လို့ ကြီးဆုံးရာနဲ့ ပြန်အပ်ဖို့သာ ပြောလိုက်ပါ"

သူ နန်းကစ်တီစိုး အမေစကားကြောင့် ထခုန်မတတ် ဝမ်း


www.burmeseclassic.com

www.burmeseclassic.com

ပြောက်ဝမ်းသာ ဖြစ်သွားလေသည်။ ကြောင်ချီးမလေးတော့ ကံကောင်း နေလေပြီ။ ဟင်း…ကြောင်ချီးမ…ဒင်းကတော့ ခုချိန်မျိုးမှာ သူ့ကို မပြော နှင့်၊ အဖေရော အမေရော ဆွေမျိုးတွေရော မေ့နေလောက်ပြီ၊ အဆက် အသွယ်လေးတောင် လုပ်ဖော်မရဘူး။

"နော်…သမီး ခက်ခက်"

"ဩော်…ဟုတ်…ဟုတ်ကဲ့ပါ အန်တီ၊ သူဖုန်းပိတ်ထားတယ်၊ သမီးဆီ ဆက်သွယ်လာတာနဲ့ ပြောပြမှာပါ"

ဝမ်းသာအားရပင် ဖြေလိုက်သည်၊

နောက်နေ့ နန်းကစ်တီစိုးက သူ့ထံ ဆက်သွယ်လာသောအခါ

"ကြောင်ချီးမ × × × ×" ဟု အစချီကာ ဝမ်းသာအားရပင် သူ ဝန်ဆောင်ပေးလိုက်သည့်တွက် မိဘနှင့် နန်းကစ်တီစိုးတို့ကြား ပြေ လည်မှု ရသွားကြလေသည်မို့…

"အခါတော်ပေး နတ်ရေးငယ်ရွှေစာ" ပွဲတက်ဖို့အရေး နန်း ကစ်တီစိုးက ဖိတ်တော့…

"ကျေးဇူးပဲဟာ…နင် ငါတို့ မင်္ဂလာပွဲကျရင် ဆက်ဆက်လာခဲ့ရ မှာပဲ"

"လာမှာပေါ့…ဘယ်မှာလဲ…ဆီဒိုးနားမှာလား၊ ထရိတ်ဒါးမှာ လား၊ ဒါမှမဟုတ် ဘုန်းကြီးကျောင်းမှာလား"

"No…တစ်ခုမှ မဟုတ်ဘူး၊ လားရှိုးမှာ ဆောင်မှာ"

"ဟယ်…ဒါတော့"

"ဘာလဲ…နင်မလာလို့ မရဘူး၊ နင့်ကို သတို့သမီးအရံခန့်ရာမှာ ထားမှာ၊ သတို့သားအရံနေရာကို နင့်လူကြီးနဲ့ လျာထားတယ်"

ခက်ခက်နွယ်ယမင်း မျက်လုံးပြူးသွားသည်၊ ကစ်တီမ နှုတ်





လုံရဲ့လား မသိ။

"နင်…နင့်ယောကျ်ားကို ပြောလိုက်ပြီလား"

"ဘာပြောရမှာလဲ"

"ငါနဲ့ ရဲဘုန်းလူ ချိုင့်ဆက်ကို နင့်ကို မပြောရဘူးလို့ ငါကတိ တောင်းထားတယ်လေ"

"အေးပါ…စိတ်ချပါ ယမမင်းရဲ့ ငါတို့မှာ နင်တို့အကြောင်း ပြောပြဖို့တောင် အချိန်မရဘူး"

"ကြောင်မစုတ်"

"စကားကို ဟိုလှဲ့ဒီလှဲ့ လုပ်မနေနဲ့ ကောင်မစုတ်၊ နင် လားရှိုးကို သာကိုလာရမှာ၊ မလာလို့ကတော့ ငါစိတ်ဆိုးပြီသာမှတ်"

"အေးပေါ့လေ…ဘုရားပြီး ငြမ်းဖျက်တာ ထုံးစံပဲဟာ"

"မိခက်…ငါက နင့်ကို လာစေချင်လွန်းလို့ ပြောနေတာ"

"အေးပါ…ငါ သက်သက် စနေတာပါ၊ လာမှာပေါ့၊ စိတ်သာချ… စေမနဲ့ ငါလာခဲ့မယ်"

"အန်ကယ်လ်ပါ ခေါ်ခဲ့လေ၊ တစ်မိသားစုလုံး ဖိတ်မှာပဲ၊ ငါတို့ မန်ကုန် အရင်လာပြီးမှ လားရှိုးသွားမှာ"

"အေးပါ…ဖိတ်စာသာ ပို့လိုက်"

"အင်း…ဒါပဲနော်၊ ငါ့အလှည့်ပြီး နင့်အလှည့် အမြန်ရောက်ပါ စေ…ဟင်း…ဟင်း"

"ကြောင်…"

သူစကားပြောခွင့်မရလိုက်တော့၊ နန်းကစ်တီစိုး ဖုန်းချသွား လေသည်၊

ခက်ခက်နွယ်ယမင်း ဖုန်းခလုတ် ပိတ်လိုက်ရင်း တွေဝေသွား



www.burmeseclassic.com

www.burmeseclassic.com

ရလေသည်။

ကစ်တီထံမှ ရဲဘုန်းလူဆိုသော လူကြီးအကြောင်း သူ သတင်းရထားပြီးသားဖြစ်သည်။

M.D ရာထူးကို သိမ်းပိုက်ပြီး လားရှိုးမှုဆယ်ရုံးခွဲမှာ အလုပ်သွားလုပ်နေသည်တဲ့။

ဒီလူကြီးက တကယ်ပဲ အလုပ်ကိုသာ သရဲမရဲ စီးနေသူလား။

အချစ်ကို စိတ်မဝင်စားတာလား။ သို့တည်းမဟုတ် အချစ်ကို အလေးမထားပဲ အချစ်တုနှင့် ပျော်ပါးနေသူလား။ ဒါကိုတော့ သိအောင် ကြိုးပမ်းထားရမည်။

ခက်ခက်နွယ်ယမင်း အကြံထုတ်နေသည်။

သူက ဘယ်သွားသွား ကိုယ့်ကားလေး ကိုယ်မောင်းသွားချင်သူဖြစ်သည်။

သို့သော် လားရှိုးလို မရောက်ဖူးသေးတဲ့ခရီးဝေးကိုတော့ သူမမောင်းရဲ၊ တောင်တက်တောင်ဆင်းခရီး ညအိပ်ခရီးမျိုးကို မာမီကလည်း လွှတ်ဖို့ ဝေးစွ။





ပဲခူးလို နေရာမျိုး သွားတာတောင် သိလျှင် ပေးမသွား။ မသိအောင် သွားလို့သာ ရောက်သွားသည်၊ သိတော့ ဗျစ်တောက်ဗျစ်တောက်နှင့် မဆုံးတော့။ ကားပြန်သိမ်းမည် လုပ်သဖြင့် မနည်းကြိုးလှည့်ပတ်ချော့ကာ တောင်းပန်ထားခဲ့ရသည်မို့ မိဘကို အသိမပေးဘဲ ခရီးဝေး မသွားရဲ။

"မာမီ"

"ဘာလဲ သမီး"

"ကစ်တီ ညွှန်ခံပွဲ ဘယ်လိုလုပ်မလဲ"

"သမီး..ဒေါ်နန်းနဲ့ လိုက်သွားလိုက်ပေါ့၊ မေမေတော့ လိုက်ဖြစ်မယ် မထင်ပါဘူး၊ ကားနဲ့တော့ သွားမယ် မကြံစည်နဲ့နော်၊ မေမေ ခွင့်မပြုဘူး"

ကားနဲ့ ဆိုသည်မှာ ကိုယ်ပိုင်ကား ကိုယ်တိုင်မောင်းသွားမည်ကို ဆိုလိုခြင်းဖြစ်သည်၊ လိုင်းကားနှင့် မဟုတ်၊

"မီးလည်း တောင်တက်တောင်ဆင်း အကွေ့အဝိုက်တွေနဲ့ အစ်ခါမှ မမောင်းဖူးတဲ့နေရာ မမောင်းရဲပါဘူး"

"ဖလိုက်နဲ့ပဲ သွားလိုက်ပေါ့"

"မေမေလိုက်ခဲ့ရင် ကောင်းမှာ"

"နင့်အဖေကြီး တစ်ယောက်တည်း မထားရက်ပါဘူး၊ နောက်ပြီး အမလေး..တောင်ပေါ်ဒေသ ဆောင်းဥတုဒဏ်ကို မေမေ ခံနိုင်မယ်မဟုတ်ဘူး၊ ဖလိုက်နဲ့ သွားတာပဲ၊ သူတို့ လေယာဉ်ကွင်းလာကြိုမှာပဲ၊ သမီးတစ်ယောက်ထဲပဲ သွားလိုက်ပါ"

ခက်ခက်နွယ်ယမင်း အကြံရသွားသည်၊ လားရှိုးကို သွားခွင့်ရပြီဆိုမှတော့ ဘယ်အချိန်သွားသွားပေါ့။


www.burmeseclassic.com

www.burmeseclassic.com



ကစ်တီတို့ မင်္ဂလာဆည်ခံပွဲမှာ ရဲဘုန်းလွှဆိုသော လူကြီးနဲ့ မဆုံစည်းဖို့ အရေးကြီးသည်။

ဒီလူကြီး ကစ်တီနှင့် သူ့သူငယ်ချင်းဆိုတာကို မသိစေချင်သေး။

သို့မှသာ သူ့အပေါ် ပဟေဠိဆန်သော မိန်းကလေးအဖြစ် သတိရနေစေချင်သေးသည်။

နောက်ဆုံး ကစ်တီတို့ မင်္ဂလာဆည်ခံပွဲ ကပ်ပြီးတော့မှ ဆင်ခြေစကားနှင့် ကပ်ပြီးတော့ အဖြေပေးလိုက်သည်။

"ငါ့အမေက လားရှိုးဆောင်းတွင်းရဲ့အအေးဒဏ် မခံနိုင်လို့ မလိုက်ချင်ဘူးတဲ့၊ ဆောရီးပဲဟာ…ငါတစ်ယောက်တည်းဆိုတော့"

"ဒေါ်လေးနဲ့ လိုက်ခဲ့ ဆိုတုန်းကလည်း ရက်အကြာကြီးမို့ ကားနဲ့ မခွဲနိုင်ဘူးဘာဘူးနဲ့၊ ခု ကပ်ပြီးတော့မှ နင်ဖြုတ်ချတာ၊ နင့်ဉာဏ် ငါ သိသားပဲ"

"သိရင် ငြိမ်ငြိမ်လေးနေ၊ ငါလာမယ်…ကြာမယ်၊ ဒါပဲ သိထား နော်၊ ချစ်သော ကြောင်မလေး ကစ်တီရေ"

"သွား…မိန်းမ၊ မခေါ်ဘူး"

ကစ်တီတစ်ယောက် စိတ်ကောက်သွားလေသည်၊

ဒါလည်း ခဏပဲဆိုတာ သူသိပြီးသား။ ကစ်တီသည် ကြာကြာ စိတ်ကောက်တတ်သူမှ မဟုတ်လေပဲ။

မည်သို့ ဆိုစေကာမူ လားရှိုးကို မရောက်ရောက်အောင် သူ သွားဖို့ကိုတော့ ဆုံးဖြတ်ပြီးသား ဖြစ်လေသည်မို့…။







အခန်း(၁၄)

မနေ့က နန်းကစ်တီစိုးနှင့် သူ့ဂုတ်ဂုတ်ကြီး ကိုတိုးအောင်တို့ မင်္ဂလာဆည်ခံပွဲကို လားရှိုးမိုတယ်၌ တခမ်းတနား ပြီးစီးသွားလောက်ပြီ။

နန်းကစ်တီစိုး မိဘများက လားရှိုးမြို့၏မြို့မျက်နှာဖုံး ဖြစ်ရုံမက ကိုတိုးအောင်မိဘတွေကလည်း တောင်တွင်းကြီးဘက်က မျက်နှာကြီး နှင့်သည်မျိုးရိုး ဖြစ်လေသည်ဆိုတော့ သူ့ပြိုင်ကိုယ်ပြိုင်နှင့် အဖိုးတန် လက်ဖွဲ့တွေလည်း အများကြီး ရလောက်ပြီ။

"ကြောင်မစုတ်…ငါ့ကို မေ့နေလောက်ပြီ"

"ဦးလေးကြီးကော လာမှာပဲ"

ခက်ခက်ခွယ်ယမင်း အတွေးများနေရာမှ မနေနိုင်သဖြင့် နန်း ကစ်တီစိုးဆီသို့ ဖုန်းနှင့် Message ပို့ကာ အနှောင့်အယှက် ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကြောင်မစုတ်

နင်အားရင်ငါ့ဆီဖုန်းဆက်။

ယမမင်း

ဟူ၍ဖြစ်သည်။

သိပ်မကြာလိုက်၊ ဖုန်းဝင်လာလေသည်။ ထင်ထား မျှော်လင့်ထားသည့်အတိုင်း ကစ်တီဆီမှ ဖြစ်လေသည်။

"အဖရေးကောင်း ဒိန်းဒေါင်းဖျက်ပြီဆိုတာ ဒါပဲ၊ မိစက်..ဘာလဲပြော"

"နင်တို့ ဘာလုပ်နေသလဲ"

"ဘာလုပ်ရမှာလဲ...ဟန်းနီးမွန်း ဘယ်ထွက်ရမလဲလို့ တိုင်ပင်နေတာ၊ အံမယ်...နင်မလာလို့ ငါမခေါ်ဘူး လုပ်နေတာ၊ မေ့ပြီးခေါ်လိုက်မိတယ် ကောင်မစုတ်"

"စည်ရဲ့လား"

"စည်တာမှ မိုတယ်တစ်ခုလုံးလျှံပဲ၊ မိုတယ်တစ်ခုလုံးတော့လားရှိုးက မိုတယ်တွေ တည်းခိုခန်းတွေမှာ ကိုကို့ဘက်က အမျိုးတွေအပြည့်ပဲ၊ ဒါတင်မကဘူး...ဖေဖေတို့ လက်ဖွဲ့ပေးတဲ့အိမ်ထဲမှာ လက်ရှိတွေ ပြည့်နေလို့ ဘာလုပ်ရမှန်းတောင် မသိဘူး"

"ဈေးထဲ ပြန်သွင်းလိုက်ပေါ့ဟာ၊ ခက်တာလိုက်လို့"

"အမှတ်တရပဲ ထားလိုက်ပါ့မယ်ဟာ၊ ဒါပေမယ့် သိပ်များ...လို့"





"နင် တော်တော်ပျော်နေလား"

"အင်းလေ...တစ်သက်မှာ တစ်ခါဆိုတော့ ပျော်လည်းပျော်၊ ...ပန်းလိုက်တာကလည်း မပြောပါနဲ့တော့"

"နင်တို့က အပိုလုပ်တာကို၊ ရန်ကုန်မှာကတည်းက ...တ်မှတ်ရေးထိုး၊ မင်္ဂလာဆွမ်းကျွေးလိုက်ရင် ပြီးရောပေါ့"

"ဟဲ့...ဒါ ထုံးစံဟဲ့၊ နင့်အလှည့်ကျမှ နင်အဲဒီလိုလုပ်...သိလား"

"မလုပ်ပါဘူး...ပုဆိုးတန်းတင် အကြင်လင်မယားပဲ လုပ်...တ်မယ်...ပိုသက်သာတာပေါ့"

"ဒါဆို ငါပြောလိုက်မလား ကိုရဲဘုန်းလူကို"

"လုံးဝပဲနော်...ကိုတိုးအောင် ရှိလား၊ သိသွားလို့ကတော့ နင်နဲ့...ခန်းပြတ်ပဲ ကြောင်ချီးမ...ပြောရဲပြောကြည့်"

"ကိုကို မရှိပါဘူးဟ၊ သူ့မိဘဘက်က သူ့ကားဟောင်းကို ပြန်...လိုက်ပြီး တောင်တက်တောင်ဆင်း ကောင်းတဲ့ စူပါရှုဗင် ဖင်...ာက် လက်ဖွဲ့တယ်ဟ၊ အဲဒါ ဝပ်ရှော့ပ်မှာ သွားစစ်နေတယ်၊ ...ကြောင့် နင့်ကို ပြောရဲတာပေါ့၊ နင့်လူကြီးက မိုက်တယ် သိလား"

"ညည့်ခံပွဲ သူလာတာပေါ့"

"မလာလို့ ရမလား၊ သူပဲ အစအဆုံး ကူညီရတာ၊ ဟင်း...ခဲဖိုး...ာင်းပြီး ဒင်နာမှာ ညှင်းလိုက်တာလေ၊ ကိုကို့ကို နစ်ယောက်တွဲပြီး ...ပြန်ပို့ရတဲ့အထိပဲ"

"ဗုဒ္ဓေါ...သောက်တတ်တယ်လား၊ နင်တော့ သွားပြီ၊ သူကော...ာက်သလား၊ သောက်မှာပါ၊ သောက်တတ်မယ့်ရုပ်ကြီး"

ခက်ခက်နွယ်ယမင်း ရဲဘုန်းလူ၏မျက်နှာကို ပြန်လည်အာရုံခံ...သောင်ရင်း မဲ့ကာ ပြောလိုက်မိသည်။



www.burmeseclassic.com

 www.burmeseclassic.com 

"ညစာစားပွဲ ရှိတဲ့အခါ မဖြစ်မနေ တစ်ပက်လောက်ပဲ သောက်ပါတယ်လို့တော့ ဝန်ခံတာပဲ၊ နှစ်ယောက်..အဲ..ကိုမြင့်ဇော်ကောဆိုတော့ သုံးယောက်စလုံးပေါ့၊ သူတို့သုံးယောက်က သိပ်ချစ်ကြတာ၊ ခါတ်ပုံတွေ တွဲရိုက်ကြတော့ နင့်ကို ငါ စိတ်ထဲက မေတ္တာပို့နေတာပေါ့"

"ထင်တယ်...ဒါကြောင့် ငါ စားကောင်းအိပ်ကောင်းနေတာ"

"ကောင်းမစုတ်"

"ဒါပဲနော်...ရဲဘုန်းလူဆိုတဲ့ လူကြီးနဲ့ ငါ့ကိစ္စကို နင်နှုတ်လုံရမယ်၊ နင့်ယောကျ်ားကိုလည်း ယောင်လို့တောင် မဟလိုက်နဲ့"

"အင်းပါဟာ...ငါနှုတ်လုံတာ နင်သိပါတယ်၊ ဟော...ကားသံကြားတယ်၊ ကိုကို ပြန်လာပြီထင်တယ်၊ ငါကြိုလိုက်ဦးမယ်နော် မိခက်–ဘိုင့်ဘိုင်"

"ဖြစ်နေလိုက်တာ"

ခက်ခက်နွယ်ယမင်း ဖုန်းပိတ်လိုက်ရင်း မဲ့ရွဲ့လိုက်မိသည်။ ချစ်သူကြင်သူနှစ်ဦး ညားကြလေသတည်းဆိုတော့ တကယ့်ကို မင်္ဂလာရှိပေမည်ပေါ့၊ ကြင်စဦး ဇနီးမောင်နှံကြား သူလောလောဆယ် ဆော့နိုင်သည် အဖြစ်မခံနိုင်သေး။

ကိုယ့်အကြံနှင့်ကိုယ်မို့ အချိန်ကို နည်းနည်းစောင့်နေလိုက်ခြင်းဖြစ်သည်ကို နန်းကစ်တီစိုးကတော့ မသိရှာပေ။



"ကိုကိုသွားတာ မြန်သားပဲ"

"မြန်ဆို ကားက ဘာအနှောအယှက်မှ မရှိဘဲ၊ ဒါထက် ဘယ်သူနဲ့ ပြောနေတာလဲ"

ပေါ်တီကို အောက်မှာ ရပ်၍ ဖုန်းပြောနေသော နန်းကစ်တီစိုး အသစ်စက်စက်ခင်ပွန်း တိုးအောင်က မေးလိုက်လေသည်။

"မိခက်ဆီကပေါ့ ကိုကို၊ သူမလာဖြစ်ရတဲ့ အကြောင်းရင်းကို ခြတွေ ပေးနေတာပေါ့"

"အင်း...စိုးပြောလို့သာ နာမည်ကြားဖူးနေရတယ်၊ ကိုကိုနဲ့ မှ မဆုံဖြစ်ဘူးနော်"

"ဟုတ်တယ်...သူက တစ်မျိုး"

"ဘယ်လိုတစ်မျိုးလဲ"

စကားထဲကနေ ဖော်ကောင်လုပ်မိတော့မလို ဖြစ်သွားပြီး နန်း သီစိုး လျှာကို မနည်းဘရိတ်အုပ်လိုက်ရလေသည်။

တိုးအောင်က...

"ဘာတစ်မျိုးလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"မသိပါဘူး ကိုကိုရယ်၊ သူ့အကြောင်း အသာထားလိုက်ဦး ဒီလက်ဖွဲ့တောင်ပံ့ရာပုံကြီးကို စိုးတို့ ဘာလုပ်ကြမလဲဟင်"

"ဒီအတွက် မပူနဲ့၊ ရဲကြီးကို တာဝန်ပေးလိုက်၊ သူ မန်စူရျေးနဲ့ မြို့မဈေး မှာရိုပြီး အသပြာအဖြစ် ပြောင်းလဲလိုက်လိမ့်မယ်၊ စိုးကြိုက်တာ အသုံးလိုမယ်ထင်တာ အမှတ်တရဟာတွေ ယူထားလိုက်ပြီး ထားသာ ထားခဲ့လိုက်၊ ရဲကြီး ကြည့်ရှင်းလိမ့်မယ်"

"ကဲ...ဒီလက်ဖွဲ့ကိစ္စတော့ ရှင်းသွားပြီ၊ အဖေတို့ အမေတို့ကို ဒီနေ့ နေ့လည်စာ လိုက်ကျွေးပြီး ဘုရားတွေ လိုက်ပို့ပေးမယ်လေ ညရောက်မှ ရေပူစမ်းမှာ ရေနွေးသွားစိမ်ဖို့ ပို့ပြီး ညစာကျွေးမယ်"

နန်းကစ်တီစိုး ယောကျ္ာမများအတွက် ဦးစားပေး ပြောလိုက် သည်။

"အင်း...လုပ်တာပေါ့၊ မနက်ဖြန်မနက် ပြန်ဆင်းကြမယ်တဲ့ ပြီးမှ ကိုယ်တို့ ဟန်းနီးမွန်း ထွက်မယ်၊ တစ်ပတ်ကြာရင် ရန်ကုန်ပြန်ဆင်း ကြမယ်၊ ဟိုမှာက အလုပ်ကိစ္စတွေ တန်းလန်းနဲ့၊ ဖော်ကြီးက သူ့မိန်း မွေးခါနီးလေ မအားလေ ဖြစ်နေတာဆိုတော့ ကိုယ် မြန်မြန်ပြန် ဖြစ်မယ် စိုး"

"ဟင်.."

နန်းကစ်တီစိုး စိတ်ပျက်သွားသည်။ ဒုက္ခဆိုတာ စလာပြီ ထင် ပါရဲ့။ သူ့မိဘတွေကလည်း သမီးနှင့် သမက်ကို ဒီမှာပဲ နေစေချင်သည် ဆိုတော့၊ ပြီးတော့ သူလည်း ဒီမှာပဲ နေချင်သည်။

"ဘာဖြစ်လို့လဲ စိုး"

"စိုးတို့ ဒီမှာပဲ နေလို့ မရဘူးလားဟင် ကိုကို၊ စိုးက ဒီမှာပဲ နေ ချင်တာ၊ ဖြစ်နိုင်ရင် ကိုရဲဘုန်းလွင်နဲ့ နေရာချင်း လဲလို့မရဘူးလား"





နန်းကစ်တီစိုးက လားရှိုးသူမို့ ဇာတိမြေကို ခင်တွယ်တာ ဆန်းပေ။ သူတောင် ဒီတောင်ပေါ်မြို့လေးကို သဘောကျနေသည်။ အချို့ အင်မတန် ကောင်းနေသည်၊ သူတို့လို ကြင်စဦး ဇနီးမောင်နှံ အတွက် ရှည်ရှည်ဝေးဝေး ဟန်းနီးမွန်း ခရီးစဉ် မလိုဘဲ ရာသီဥတု အေး အေးမြင့် နှစ်ကိုယ့်တစ်စိတ်၊ ပူးကပ်၍နေနိုင်သည်။

"အင်း...ဒီကောင်ကြီး စိတ်တိုနေဦးမယ်၊ နောက်ပြီး သူက ...D ဆိုတော့ ကိုယ်က အတင်းပြောလို့ မကောင်းတော့ဘူး"

"သူငယ်ချင်း အချင်းချင်းတွေပဲဟာ၊ ကိုရဲဘုန်းလွင်က အရမ်း ချည်တတ်တာပဲဟာ၊ ပြောကြည့်ပါ ကိုကိုရယ်...နော်"

ပူပူနွေးနွေး ချစ်စရာဇနီးလေး နှစ်ခါ မနော်လိုက်ရ၊ သူ နွားပြာ ကြီး အောက်သွားမရှိ ဖြစ်သွားရသည်။

မိန်းမသားသဘာဝအရ ကိုယ်လိုရာဆွဲတွေးကာ အမျိုးမျိုး ကြဲပေးနိုင်စွမ်း ရှိလေသည့် ဇနီးလေးကို ယုယပိုက်ထွေးလိုက်ပြီး...

"အင်းပါ...ဒီကိစ္စ ကိုကို သူ့ကို ပြောပြထားလိုက်ပါ့မယ် စိုး.. ...အေးအေးသာနေ"

"ဒါမှ စိုးကိုကိုကွ၊ ဒါကြောင့် စိုးက အားကိုးစိတ်နဲ့ ချစ်နေရတာ.. ...ဟင်း"

"ဟဲ..ဟဲ..ကြောင်မလေး...ညာတုတ်နေ"

လောလောဆယ်တော့ နန်းကစ်တီစိုး ဒုက္ခမတွေ့သေးဘူး ...ရေ၊ သုခပဲ တွေ့နေရသေးတယ်မှာ စိတ်ထဲ သူငယ်ချင်းကို လှမ်း ...သည်လိုက်ရင်း...။



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၄)

ဝေဒနာခရီးသည်

www.burmeseclassic.com

www.burmeseclassic.com 



## အခန်း(၁၅)

အမြဲတမ်း တက်ကြွလန်းဆန်းနေတတ်သော ရဲဘုန်းလူ ဒီတစ်ချိတွင်တော့ ပေါင်စင်းစင်းနှင့် ခရီးနှင်လာခဲ့လေသည်။

သူ့နှလုံးသားမှာ ဝေဒနာတစ်ရပ် တိုးနေသည်ကို သူသိသည်။ ဆွေးဆွေးမြေ့မြေ့ တမ်းတမ်းတတလေး ဖြစ်သည်။

ဒါကို သူအမည်တပ်လိုက်တော့...

အချစ်စစ်၏နက်ရှိုင်းလေးနက် သိမ်မွေ့ဆန်းကြယ်မှုကို တန်ဖိုးထားတတ်သူက ကောင်းစွာ သိမြင်လိုက်သော ခံစားမှုအသိဖြင့် ရွေးချယ်လိုက်တော့...

ပွင့်ချိန်တန်ပြီဖြစ်သော အချစ်ပန်းတစ်ပွင့် ဖူးပွင့်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု ဝေဒနာအမြုတေ။

အနှစ်တစ်ထောင်မှ ဖူးပွင့်သော ရေခဲတောင်ကြာပန်းထက်လည်း ပို၍တန်ဖိုးရှိလေသည်ဟု...

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


ရဲဘုန်းလူ ပြုံးလိုက်မိသည်။

ရန်ကုန် - မန္တလေး အဝေးပြေးလမ်းမကြီးပေါ်မှာ သူ၏စီးတော်ကားလေးနှင့် သူတစ်ယောက်တည်း။

"ဟင်း...အထီးကျန်လိုက်တာကွာ"

လေဒီဒရိုင်ဘာလေးသာ သူနှင့်အတူ လိုက်ပါလာပါက အဘယ်မျှ ကောင်းရှိမည်နည်း။

"အမေရေ..အမေ့သား သေပျော်ပါပြီ" ဟု တမ်းတမိလေမလား။

ပဟေဠိဆန်သည့် လေဒီဒရိုင်ဘာလေး ဖုန်းဆက်တာတောင် သူ့ဖုန်းနံပါတ် မန်မိုရီ သွင်းထားမှာစိုးလို့ လမ်းဘေး P.C.O (အများသုံးဆက်သွယ်ရေးဖုန်း)က ဆက်ထားသည်ကို သိခဲ့လိုက်ရသည်။

တော်တော်လည်တယ်လို့ မစွပ်စွဲရက်။ တော်တော်ဉာဏ်များတဲ့ မိန်းကလေးဟု သတိရနေမိသည်။

သူ့ ဒီအသက်အရွယ် ရောက်သည်အထိ ရေခဲတောင်ကဲ့သို့ အေးစက်နေသော သူ့နှလုံးသားကို ပုတ်ခတ်လှုပ်နိုးနိုင်သည့် မိန်းကလေး။ အမည်ပင် သိခွင့်မရသေး။

"လေဒီဒရိုင်ဘာ" ဟူသော Sweet name လေးနှင့်သာ ကျေနပ်နေရသည်။

ဝေးသည်ထက် ဝေးလာပြီဖြစ်သော်လည်း နှလုံးသားချင်းကနီးသည်ထက်နီးလာသလို ခံစားနေရသည်။

နေနှင့်ဦးပေါ့ လေဒီ ဒရိုင်ဘာလေးရေ။ ရန်ကုန်ကို မကြာခင် ပြန်ရောက်တဲ့အခါ တွေ့ကြသေးတာပေါ့။ တွေ့ချင်ရင် လွယ်ပါတယ်။ လေဒီဒရိုင်ဘာ၏ကားနံပါတ် သိနေတာပဲ။ ကညန ရုံးမှာ စုံစမ်းလိုက်



လျှင် ပွဲသိမ်းနေပြီ။

"ဟူး.."

မန္တလေးသို့ မဝင်တော့ဘဲ ထုံးဘိုလမ်းခွဲမှ ဖြတ်၍ ပြင်ဦးလွင်သို့ တက်လာခဲ့လိုက်သည်။

ပြင်ဦးလွင် ရောက်တော့မှပဲ နားတော့မည်ဟု စိတ်ကူးလိုက်သည်။

အမှန်တော့ ရာထူးက အစိုက မဟုတ်သော်လည်း အခြားကုမ္ပဏီများနှင့် နင်လားငါလား ပြိုင်ဆိုင်သည့်အခါ M.D ရှိသည်က ပို၍ အောင်မြင်မှုရကြောင်း သိရှိလာသောအခါ သူတို့(၃)ဦးသား လိုလိုလားလားပင် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

"ပြင်ဦးလွင်" မှ ကြိုဆိုပါ၏ ဟူသော ဆိုင်းဘုတ်အောက်သို့ အမ်အေဝိုင်၏အသစ်စက်စက် M.D ဦးရဲဘုန်းလူတစ်ယောက် ရောက်ရှိလာခဲ့လေသည်။

တောင်ပေါ်လမ်းမို့ အဖေက သူ၏ Surf ကားကို ရက်ရက်ရောရောပင် ထုတ်ပေးလိုက်သည်။

"ဖေဖေလည်း အသက်ကြီးလာတော့ Surf ကားမောင်းတာထက် ဆလွန်းကားမောင်းရတာ ပိုအဆင်ပြေတယ်" ဟူ၍ ဆိုကာ သူ့ပင် အတောင်းသော်လည်း ရက်ရက်ရောရောကြီးကို ပေးလိုက်လေသည်မို့..

သူ့ လမ်းခရီး တစ်လျှောက်လုံး အဆင်ပြေလာခဲ့သည်။ အဖေက သူ့ Surf ကားကို ကားကြွံနိုင်ရေး ကောင်းစွာစစ်ဆေးပေးပြီးမှ ပေးလိုက်ခြင်းဖြစ်သည်။

ထိုမှာ လားရှိုးမှ Site Manager (လုပ်ငန်းခွင်မန်နေဂျာ) ကိုဝင်းထွန်း တည်းခိုနေသည်။


www.burmeseclassic.com

 www.burmeseclassic.com 

နန်းမြို့ဟိုတယ်တွင် ညှိချိန်း၍ ကိုဝင်းထွန်းက သူ့ကို စောင့်ကြိုနေသည်။

"ဆရာ...ရန်ကုန်နဲ့ ပြင်ဦးလွင်ကို Non-stop(မရပ်မနား) မောင်းလာတာပဲလား"

"Non-stop တော့ မဟုတ်ပါဘူးကွာ၊ တောင်ငူမှာ ခဏနားသေးတယ်၊ ဒီကားက အဖေ့ကားလေ၊ High way မမောင်းရတာ ကြာပြီ၊ အိမ်မှာလည်း စက်စမ်းစက်နှိုးပဲ လုပ်ထားတော့ အင်ဂျင်အရမ်းကောင်းတယ်၊ ခရီးထွက်ခါနီး (၃)ရက်လောက် လေ့ကျင့်ပေးပြီးမှ မောင်းချလာတာ၊ အတော်လေး အဆင်ပြေတယ်"

"ကောင်းပါတယ် ဆရာ၊ ဒါနဲ့ မနေ့က ဦးတိုးအောင် ပို့တဲ့ အီးမေးလ်မှာ M.D လာမယ်၊ ပြင်ဦးလွင် နန်းမြိုင်ဟိုတယ်မှာ ဆင်းကြိုပါလို့ ပါတယ်၊ ဆရာက M.D ဖြစ်သွားပြီလား"

"ဟင်း...ဟင်း၊ ဒီကောင်တွေက အပူသည်တွေလေ၊ ငါ့လို ခေါင်းမကောင်းကြတော့ဘူးဆိုတော့ ဒီရာထူးကို သူတို့ဖာသာ လိုလို ချင်ချင် ပေးလိုက်ကြတာ"

"ကောင်းပါတယ် ဆရာ၊ ဆရာနဲ့ပဲ လိုက်ဖက်ညီပါတယ်၊ ဒါထက် ဆရာကိုတိုးအောင်ကကော အိမ်ထောင်ပြုလိုက်ပြီလား"

သဘောပေါက်မြန်သော ကိုဝင်းထွန်းက "အပူသည်" ဆိုသည်နှင့် သူသိထားသောသဘောကို သေချာစေရန် မေးလိုက်ခြင်းဖြစ်သည်။

"ကျလုကျခင်ပေါ့ကွာ...ချောက်နှုတ်ခမ်းပါးတော့ ရောက်နေပြီ၊ ခုန်ချဖို့ပဲ ကျန်တော့တယ်"

"ဆရာကကော"



"ငါကတော့ မင်းတို့ ဆရာတွေထက် လိမ္မာသေးတယ်လို့သာ မှတ်လိုက်ပေါ့ကွာ"

"ဒါဆို ဆရာ နားတော့မလား၊ ရေပူရေအေးနဲ့ လန်းသွားအောင် ရေစိမ်ချိုးလိုက်ပေါ့၊ ခရီးစဉ်က နည်းမှ မနည်းပဲ"

"အင်း...နာရီချိန်နဲ့ဆိုရင် (၁၈)နာရီ ကြာသွားတယ်၊ ရန်ကုန်က နောက်(၅)နာရီ ထွက်လာတာ၊ အခု (၉)နာရီဆိုတော့ အတော်လေး အိုသွားပြီ၊ ရေချိုးပြီး တစ်ခုခု စားလိုက်ကြရအောင်"

"ဒါကော ဆရာ"

ဝင်းထွန်းက ညာလက်တံတောင်ထောင်၍ ဘယ်လက်ဖြင့် တံတောင်ဆစ်ကို ကပ်ကာ မေးလိုက်သည်။

ရဲဘုန်းလူ ပင်ပန်းသည့်အခါ ဝီစကီ နည်းနည်းသောက်တတ်သည်။

"ငါ့မှာ အလုံအလောက် ပါပါတယ်၊ ကားနောက်ခန်းထဲက သေတ္တာအပြာထဲမှာ သွားယူလိုက်၊ Lock No(လျှို့ဝှက်နံပါတ်) က×××၊ ဟိုတယ်တွေက အရက်က အဆမတန် ဈေးတင်ထားတာ ဆိုတော့ မကိုက်ဘူးကွ"

"သူဌေးပဲ ဆရာ့ရယ်"

"သူဌေးမို့လို့ ချွေတာရတာပေါ့ကွ၊ ရန်ကုန်မှာ Black အစစ်ရတယ်၊ နယ်မှာက သိပ်မသေချာဘူး၊ ခါတ်သိမဟုတ်ရင် ခံရတယ်၊ အေး...အေး...မင်း ညစာကို Dining Room ထဲမှာပဲ ပြင်ခိုင်းထားနှင့်ကွာ၊ ငါ ရေချိုးပြီး လာခဲ့မယ်၊ ငါတို့ မနက်(၇)နာရီလောက်မှ ထွက်ကြမယ်"

"ကောင်းပါပြီ ဆရာ...အသင့်လုပ်ထားလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com


ကိုဝင်းထွန်းသည် အလိုက်သိ၍ ပါးနပ်လိမ္မာသောသူ တစ်ယောက်ဖြစ်သဖြင့် ထိုနေ့က ရဲဘုန်းလူတစ်ယောက် ခရီးပန်းလာမှုအတွက် အစစအရာရာ အဆင်ပြေသွားပြီး အေးဆေးစွာနှင့် အနားယူနိုင်လေသည်။

နန်းမြိုင်ဟိုတယ်၊

သီရိမြိုင်ဟိုတယ်၊

ဂန္ဓမာမြိုင်ဟိုတယ်။

မြင်ဦးလွင်ရှိ ထိုဟိုတယ်များကို ရဲဘုန်းလူတို့ မိသားစု နွေရာသီ၌ ရန်ကုန်နွေရာသီကို ရှောင်ရင်း နွေခိုသည့်အခါတိုင်း လာရောက်အပန်းဖြေလေ့ရှိသည့် ဟိုတယ်များဖြစ်သည်။ နိုင်ငံပိုင် ဟိုတယ်များဖြစ်ပြီး ကိုလိုနီခေတ်ကတည်းက အဆောက်အဦးဟောင်းများ ဖြစ်သဖြင့် ထုထည်ကြီးမားကာ အခန်းများက ရှေးကျပြီး ကျယ်ဝန်းလှသည်။ ကျယ်ဝန်းသော မြက်ခင်းနှင့် ပန်းခြံများ ရှိခြင်းကလည်း အသက်ရှူရ ဝလင်ပြီး ကြည်နူးချမ်းမြေ့စရာ ကောင်းလှသဖြင့် ဖေဖေနှင့်မေမေ အပြင် သူပါ အခြားလည်ပတ်စရာများကို ညည်းငွေ့တတ်သော်လည်း မြင်ဦးလွင်ကိုတော့ မငြီးငွေ့၊ နွေရာသီ လာရောက်အပန်းဖြေလေ့ ရှိသည်။

ထိုနေ့ည...

သူ့အိပ်ပျော်ခြင်းကို နိုးယူသိမ်းပိုက်မည့် Lady Driver (လေဒီဒရိုင်ဘာ)မည်သော မိန်းကလေးက ယာယီပျောက်ပျက်သွားသဖြင့် ကောင်းစွာအိပ်စက်အနားယူလိုက်နိုင်လေတော့သည်။





## အခန်း(၁၆)

G.M လုပ်ရတာထက် M.D လုပ်ရတာ ပို၍ပင်ပန်းသည်။ ဒီနေ့က ပိုပြီးကြီးလာလေလေ စိတ်ဖိစီးမှုပိုင်းကလည်း ပိုလာလေ ဖြစ်သည်။

ယခင်က G.M သုံးယောက်ဆိုတော့ သူ့လွှဲငါ့လွှဲနှင့် ရေသာခိုနိုင်သေးသည်။ ယခုတော့ ကုမ္ပဏီ၌ တာဝန်အရှိဆုံး လူသားတစ်ဦးနှင့် ဦးနှောက်စားရသည်။

လားရှိုးရောက်ပြီးသည်နှင့် ချက်ချင်းဆိုသလို သိန္နီလမ်းရှိ ကုမ္ပဏီရုံးခွဲ ရုံးခန်းအဖြစ် (၂)ထပ်တိုက်အဆောက်အဦထဲမှ ထပ်တစ်ခန်းကို သူနေထိုင်ရာအခန်းအဖြစ် ထားတော့ အလုပ်ပုံနေရောညပါ နှစ်မြှုပ်နေသလို ခံစားရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒါတင်မကသေး၊ ရန်ကုန်ရှိ ရုံးချုပ်က ကိစ္စတွေကိုလည်း လှမ်း၍ စီမံခန့်ခွဲရသေး။

ရောက်ပြီး တစ်လကျော် ကြာသည်အထိ အထိုင်မကျသေးခင် တိုးအောင်ဆီမှ ထူးခြားသော သတင်းစကား ဝင်ရောက်လာသည်။

"ငါ ခွင့်နှစ်ပတ်လောက် ယူမယ်"

"ဟေ့ကောင်…တိုးကြီး၊ မင်း ဘယ်လိုကောင်လဲ၊ ငါ ဒီကို ရောက်တာ တစ်လလောက်ပဲ ရှိသေးတာ၊ ဘာမှ အဆင်သင့် မဖြစ်သေးဘူး၊ မြင့်ဖော်မိန်းမကလည်း မွေးတော့မယ်ဆို"

"ငါ့ကိစ္စက အရမ်းအရေးကြီးနေလို့ပါကွာ၊ တစ်သက်မှာ တစ်ခါအရေးမို့ မဖြစ်မနေကို အဲဒီကို လာရတော့မှာ"

"မင်းကိစ္စက ဘာကိစ္စမို့လို့လဲ"

"ငါရောက်တော့ မင်းသိမှာပေါ့ ရဲကြီးရာ"

တိုးအောင် ကလီလိုက်သည်။

"ဖော်ကြီး မိန်းမကကော"

"မနေ့က မွေးပြီ"

"ဘာလေးလဲ"

"အမလေး"

"အကြီးက အထီးဆိုတော့ ဒီကောင်အတွက် ပြည့်စုံသွားပြီ ဒင်း အလုပ်ဝင်ပြီလား"

"ဝင်ပါတယ်…သူ့ယောက္ခမကော ခယ်မကော ကလေးထိန်းဖို့ ရောက်လာကြလို့ ဒီကောင် ရုံးချိန်မှန်လာပြီ၊ မင်းမရှိတော့ (… ယောက်တာဝန်ယူရတော့ ပေါ့ပေါ့နေလို့ မရတော့ဘူး"

"ဒါထက် မင်းက ဘာကိစ္စ ဒီလာရမှာလဲ"





"မင်္ဂလာဆည်ခံပွဲ လာမလို့ကွ"

"ဘယ်သူ့ဆည့်ခံပွဲမို့လို့လဲ"

"ကစ်တီမည်သော ချစ်စရာ ကြောင်ပေါက်မလေး၏ဇာတိ …ဖြစ်သော လားရှိုးကို အင်မတန် တည်ကြည်ခန့်ငြားသော သတို့သား …အောင်က လာရောက်ကျင်းပပေးခြင်း ဖြစ်သည့်အတွက်…"

"ဟာ…ဟေ့ကောင် နောက်နေတာလား"

ရဲဘုန်းလူ မယုံကြည်နိုင်သလို ဖြစ်သွားသည်၊ သူတို့သူငယ် …(၃)ယောက်သည် အလုပ်ကိစ္စကလွဲရင် ကျန်လူမှုရေးကိစ္စများကို …ဖြာင်အပျက် အရွှတ်အနောက်တွေက များသဖြင့် မယုံကြည်နိုင် …သွားရခြင်းဖြစ်သည်။

"ဒီကိစ္စက နောက်စရာလား ရဲကြီးရ"

"ဘယ်နေ့လာမှာလဲ"

"မနက်ဖြန် ဖလိုက်နဲ့"

"ငါလာကြိုနိုင်းလိုက်မယ်"

"ကြိုမနေနဲ့ ရဲကြီး၊ ကစ်တီတို့ဘက်က သူတို့ရဲ့အဖိုးတန် သတို့ …ကို လာကြိုပေးကြမှာ၊ မပေးလို့ရမလား၊ သူတို့ရဲ့အချောအလှ …သယ်လေးကို ငါက သိမ်းပိုက်ထားပြီးပြီလေကွာ၊ ဟား…ဟား…သမီး …နဲ့ ငါ့ကို ဖူးဖူးမှုတ်ထားကြပြီပေါ့"

"××× အေးပေါ့ကွာ၊ ခုနေတော့ သူခပေါ့၊ ကြင်စဦးဘဝက …ကျော်လာရင် မင်းတော့ ဒုက္ခညည်းချင်းကို သီကျူးတော့မှာ …ကောင်သေးတယ်"

"ငါရောက်ပြီး အထုပ်ချပြီးတာနဲ့ မင်းဆီကို လာခဲ့မှာပါကွာ"

"ဒီလို သိတတ်ရမှာပေါ့…ကိုယ့်အထက်အရာရှိပဲဟာ၊ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com

တိုးတက်ကြီးပွားဖို့အတွက် ဂါရဝတရား ရှေ့ထားပြီး ရန်ကုန်က
တစ်ခုခု ဝယ်လာခဲ့...ကြားလား"

ရဲဘုန်းလူ ကိုယ်ပြောချင်ရာပြောပြီး ဖုန်းကို ပိတ်ချလိုက်
သည်။ ဦးအောင် မပိတ်လို့ကတော့ တိုးကြီးထံမှာ အယုတ္တ အနတ္တ
တွေ ထွက်လာမှာ ကျိန်းသေသည်။

လားရှိုးမြို့ခွန် ရေပူစမ်းဆီသို့ သူသွားနေခြင်းဖြစ်သည်
G.S.M ဖုန်းပါဝါကို ပိတ်ပစ်လိုက်လေသည်။

ဖူးစာဆိုတာ ဆန်းကြယ်ပါလား။

တောင်တွင်းကြီးသားက ရန်ကုန်မြေကလွဲ၍ နေစရာ မရှိ
ဟု ထင်ထားသူ၊ မိန်းမယူလျှင်လည်း ရန်ကုန်သူပဲ ယူမည်ဆိုသော
ယခုတော့ လားရှိုးသူစစ်စစ်နှင့် ဖူးစာဖက်လေသည်။

သူရဲ့လေဒီဒရိုင်ဘာလေးကတော့...

ဟော...သတိရပြန်ပြီ။ ညစဉ် သူ၏အိပ်ပျော်ခြင်းကို မသိမ
ပိုက်နိုင်တော့ပါ။

သို့သော် သူ၏နှလုံးသားကိုတော့ ဘယ်အချိန်က မိုး
သိမ်းပိုက်ထားသည် မသိ။

သူ့နှလုံးသားတို့သည် လေဒီဒရိုင်ဘာထက် များစွာငယ်ရွ
နပျိုမြစ်သော ကောင်မလေးတွေလည်း မဖမ်းစားနိုင်ချေ။

တော်ပြီ...မတွေးတော့ဘူး။

ဂျစ်မစီးပဲ့စ် မပေါက်ပါဘူး။ ပဟေဠိဆန်ဆန် ခေတ်မီပြီး သွ
လက်ရဲတင်းတာပါလေဟုသာ အမှတ်တွေ ပေးရင်း အာရုံထဲက ဖျော
ဖျက်ပစ်လိုက်လေသည်။

ရေပူစမ်းသို့ ရောက်လာလေပြီ။





လားရှိုးရေပူစမ်းသည် လားရှိုးမြို့မှ အထွက်၊ မူဆယ်ဘက်
အထွက်လမ်းတွင် ရှိသည်။

လားရှိုးမြို့ဆောင်းတွင်းအတွက် ရေပူစမ်းတွင် ရေစိမ်အပန်း
ဖြေရာ အကောင်းဆုံး သဘာဝရေချိုးကန်ကြီးအဖြစ် သမာဒေဝနတ်
ကြားတို့ ဖန်ဆင်းပေးသည့်နယ် ဖြစ်ထွန်းတည်ရှိနေသည်။

ရဲဘုန်းလူသည် ရေချိုးရန် မပျင်းသူဖြစ်သည့်အလျောက်
စ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို နံနက်ပိုင်း(သို့မဟုတ်)ညပိုင်းတွင်
ပူစမ်းတွင် ရေလာစိမ်ရင်း ချေးချွတ်လေ့ရှိသည်။

ဒါမှ ရန်ကုန်သား သူ၏ဖြူသောအသားအရေသည် ထုံးခါတ်
သော ကန်းမြင့်ရေကြောင့် မည်းချင်သလိုလို ဖြစ်လာမှုကို ရေပူစမ်းရေ
င် စိမ်ရင်း ချေးချွတ်လေ့ရှိသည်။

အညောင်းအညာပြေသည်။

စိတ်ပင်ပန်းမှုကိုလည်း မေ့ပျောက်စေသည်။

"ဆရာ...ရှယ်ခန်းပဲလား"

"အေးပေါ့ကွာ"

ရေချိုးကန် ပါသောအခန်းနှင့် ရိုးရိုးလောင်းချိုးရသောအခန်း
ည် ထတ်ဝက်စျေး ကွာသည်။

သို့သော် ရေပူစမ်းရေက ခပ်ချိုးရတာထက် စိမ်ချိုးရမှ
ာရှိသည်။ ဇိမ်ကျသည်။

ရဲဘုန်းလူ လာတိုင်း ၁၀၀၀ိ/ -တန် ရှယ်ခန်းကိုသာ ယူချိုးလေ့
သည်။

"အခန်းတွေတော့ တော်တော်များများ ပြည့်နေပြီ ဆရာ၊
အောက်ဆုံးက အခန်းတော့ အားတယ်"


www.burmeseclassic.com

www.burmeseclassic.com

ချာတိတ်ညွှန်ပြသောအခန်းသို့ ရဲဘုန်းလူ လျှောက်လာခဲ့သည်။ တစ်ဆောင်လျှင် (၄)ခန်းဖြင့် ဖွဲ့စည်းထားသည်။ တစ်ခန်းနှင့်တစ်ခန်း ကာရံထားသဖြင့် ပြဿနာမရှိ၊ လုံခြုံသည်။ ကျားသပ်သပ်၊ မသပ်သပ် မထားသည့်အတွက် စုံတွဲများအတွက် အဆင်ပြေသည်။

"ဒုက္ခပဲ"

သူရေချိုးမည့်အဆောင်တွင် ဘေးအခန်းနှင့် မျက်နှာချင်းဆိုင်အခန်းက မချောလေးတစ်သိုက်ဖြစ်နေသည်။

တစ်ခန်းကို နှစ်ယောက်စီ ချိုးသည်ထင့်။ အတွင်းသုံးယောက်နှင့် အပြင်သုံးယောက် အသံကျွတ်ကျွတ်ညံ့နေသည်။

"မြတ်စွာဘုရား...မျက်နှာလွှဲခဲပစ် မလုပ်ပါနဲ့၊ ဘုရားတပည့်တော်ကို ကယ်တော်မူပါ"

သူ့ စိတ်ထဲ ရေချွတ်ရင်း မျက်နှာကိုတော့ ခပ်တင်းတင်းနှင့်ပင် ဝင်ရောက်ခဲ့လေသည်။

ရေများ ရေနိုင် မီးများမီးနိုင် သဘာဝတရားမို့...

"တစ်ယောက်တည်းလား"

သူမဖြေ၊ ရေချိုးခန်းထဲ ကသုတ်ကရက်ဝင်ပြီး တံခါးဂျက်ကို ကမန်းကတန်း ချလိုက်ရသည်။

"မွှေးသမိခင် ကယ်ပါ၊ အမေ့သားလေး တစ်ယောက်တည်း မနိုင်ဘူး"

ရဲဘုန်းလူ စိတ်ထဲ ကြိတ်ကာ ရယ်မောရင်း အမေကိုပင် တလိုက်သေး။ ဟိုနှစ်ကောင် တိုးကြီးနှင့် ဖော်ကြီးသာ ပါလာလျှင် ပွဲကြီးပွဲကောင်း နွှဲလိုက်ချင်သည်။

"တစ်ယောက်တည်းလား မေးတော့ ကိုယ်တစ်ယောက်ထဲပါ...ဟာ့...ဟား"

သီချင်းသံ ပြောင်းကာ သူ့ကို လှောင်သည်။ တော်သေးသည်။ ခေါင်းညိတ်ကာ "ဟုတ်ကဲ့" ဟု မဖြေလိုက်သဖြင့်...

ပြောချင်တာပြောကြ၊ ပြောင်ချင်ပြောင် လှောင်ချင်လှောင် သူ့အရေးမစိုက်တော့၊ ဝေါ့မင်းလေး နားထဲထည့်၊ ကက်ဆက်လေးကို ရေလွတ်ရာသို့ လှမ်းတင်ပြီး ကြက်တူရွေးမလေးတစ်သိုက်၏ ကလီသံ နှိုးသံကို ဥပေက္ခာပြုလိုက်ပြီး သူ့အကြိုက် သီချင်းတစ်ပုဒ်ဖြစ်သော သနေ့ခေတ်စားနေသည့် "အစိုင်း" ၏သနပ်ခါးသီချင်းလေးကို စိမ်ပြေနပြေ နားအရသာခံနေလိုက်သည်။

× × × ပါးပြင်မှာ သနပ်ခါးလေးနဲ့ × ×
ချစ်စရာကောင်းလိုက်တာကွာ × ×
သူများတွေထက် မထင်ရှားလည်းပဲ × ×
ရေ့× × × ကိုယ့်အတွက် လမင်းလေးပါ× ×

သူ့လမင်း လေဒီဒရိုင်ဘာကတော့ မျက်နှာသနပ်ခါး တင်ဖို့ ...နေ၊ မိတ်ကပ်နှုတ်ခမ်းနီလည်း မမြင်ရ။ သူ့ပင်ကိုယ်အလှ အားကိုးနှင့် ...ဘော်ဇော်မျက်နှာပြောင်တိုက်တဲ့ ကောင်မလေးဟုသာ သတိရရင်း ...ဝင်းတမိလေသည်။

သတ္တဘာဂနတ်မင်းကို ဘယ်သူက လာဘ်ထိုးလိုက်သည် ...၊ အိပ်မောကျ မိန်းမောနေသည့်အတွက် သူ၏ဖူးစာရေးကို အရေး ...ကြီး ပျက်ကွက်နေလေပြီထင့်။

ရဲဘုန်းလူ ရေပူစမ်းရေကို စိမ်ကာစ ပူသလိုလို ရှိသော်လည်း ...ဖြည်းဖြည်းနှင့် နွေးရုံသာ ရှိတော့သည်မှာ အရေပြားက ...ခြင်းကြောင့် ဖြစ်ပုံရသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့အဖို့ အပြင်က သာလိကာမလေးတို့၏အသံစဲလောက်ချိန်အထိ မှန်းပြီး တစ်နာရီနီးပါးကို စိမ်ပစ်လိုက်လေသည်။







## အခန်း(၁၇)

"ဟေ့ကောင်...ရဲကြီး"

"ရောက်လာပြီလားကွ တိုးကြီး၊ မင်းကြောင်မလေးကော"

"တမင်ခေါ်မလာတာ...လွတ်လွတ်လပ်လပ် စကားပြောရအောင်လေကွာ"

M.D ရုံးခန်းတွင် သူတို့နှစ်ယောက်သာ ရှိသဖြင့် လွတ်လပ်စွာပင် ငနောက်ကြပြောင်ကြလေသည်။

"မင်းကွာ...ဆိုင်းမပါ ဗုံမဆင့်နဲ့ မိန်းမယူရတယ်လို့၊ တကယ်ဆို M.D ဖြစ်တဲ့ ငါ့ကိုတော့ လက်ထပ်ခွင့် တင်သင့်တာပေါ့"

ရဲဘုန်းလူ နောက်လိုက်သည်။

တိုးအောင်က...


www.burmeseclassic.com

www.burmeseclassic.com


"နောက်မနေစမ်းပါနဲ့ကွာ...ငါမှာ အရေးပေါ်မှ တကယ့်အရေးပေါ်အစစ်၊ လူနာတင်လှည်းဘေးက မပြေးရရုံတမယ်ပဲ"

"ကိုရီးယားရုပ်ရှင်စတိုင်လ်ပေါ့"

"အေး...အသည်းအသန်ပဲ၊ Kitty (ကစ်တီ)လေးတို့ မိဘတွေက ကျောက်မဲက သူဌေးသားဆရာဝန်ဆိုတာနဲ့ ပေးစားဖို့ ကစ်တီကို လာခေါ်မယ်ဆိုတော့ သူလည်း ငါ့ကုမ္ပဏီကို ဒိုးလာတယ်"

"ရည်းစားဖြစ်တာ ဘာမှ မကြာသေးဘူးမှတ်လား"

"အေးလေ...ရက်ပိုင်းပဲ ရှိသေးတာ၊ ရည်းစားဆိုတဲ့ အတွဲအရသာလေးတောင် မခံစားလိုက်ရပါဘူးကွာ၊ ငါလည်း မနေနိုင်တော့ ညတွင်းချင်း ခိုးပြေးရတော့တာပေါ့"

ရဲဘုန်းလူ စိတ်ထဲ သဏ္ဍာဂနတ်မင်းကို ဒေါကန်မိပြန်သည်၊ တိုးအောင်ဘက် မျက်နှာလိုက်တယ်။

"ဘယ်ကို ခိုးပြေးတာလဲ"

"အဟဲ...မန်းမဝေး ချောင်းသာကိုလေ၊ နှစ်ဦးသဘောတူ ၁ထမ ဟန်နီးမွန်းပေါ့"

"သူများသားသမီးတွေများ ကောင်းစားလိုက်တာ"

"မနာလို မရှိနဲ့ မောင်ရင်၊ သူ့မိဘတွေကို သူ့ရဲ့သူငယ်ချင်း တစ်ယောက်က ဆက်သွယ်ပေးပြီး ငါ့မိဘမျိုးရိုးနဲ့ လက်ရှိအခြေအနေ သိရတော့ အိုကေမှာ့ဆိုပြေသွားတာပေါ့ကွာ"

"မရိုးပေမယ့် မဆန်းတဲ့ဇာတ်လမ်းလေးပေါ့...ကောင်းပါတယ်ကွာ"

ရဲဘုန်းလူရင်ထဲ လေဒီဒရိုင်ဘာမလေး ဝင်ရောက်လာပြန်တော့ လေသံပျော့လေးနှင့် ပြောလိုက်လေသည်။



"ဒါပေါ့...ဒါပေါ့၊ သူနဲ့ သဘောတူထားတဲ့ ငနဲကလည်း နွားမှ မဟုတ်တာ၊ ခိုးပြေးပြီးသားဆိုတော့ ဘယ်လက်ခံတော့မလဲ...မဟုတ်ဘူးလား"

"ခွေးကောင်...လက်ခံရင် မင်းက ပြန်ထည့်ချင်သေးလို့လား"

တိုးအောင် မျက်ကလဲဆန်ပြာ ဖြစ်သွားပြီး...

"နိုး...နိုး...ဒီသဘော ပြောတာ မဟုတ်ပါဘူး၊ မင်းကွာ...ဦးမချွတ်၊ ငါ့ရဲ့အသစ်ချပ်ချွတ် ဇနီးချောလေးကို"

"မသိဘူးလေ...မင်းစကားက အဲဒီသဘော သက်ရောက်နေတာကိုးကွ၊ ဒါထက် မင်း ဘာနဲ့ လာတာလဲ၊ ယောက္ခမအိမ်က လိုက်မပို့ဘူးလား"

"ပို့ပါတယ်...သူတို့လည်း မင်္ဂလာကိစ္စ ငါ့ဘက်က မိဘတွေ …ရင် တည်းခိုဖို့ဟိုတယ် စုံစမ်းနဲ့ အလုပ်များနေတာနဲ့ ဆိုင်ကယ် သုံးဘီးနဲ့ လာလိုက်တော့ ရှာမလည်တော့ဘူးပေါ့"

"သုံးဘီးဆိုင်ကယ်လည်း ခေါ်တယ်၊ တုတ်တုတ်လို့ ဒီဒေသက ခေါ်တယ်၊ မင်းကွာ...ယောက္ခမဆီက ကားမငှားရဲ မငှားရဲဘူးပေါ့ကွာ၊ …ပ်ပါ ရှာရောက်တာပဲ၊ ယောက္ခမကြီး...ကျွန်တော့် M.D ကို သတင်း …ဆူ ရှိလို့ ကားခဏငှားပါဆို ပြီးတာပဲ"

ရဲဘုန်းလူက မိန်းမတစ်ယောက် ရပြီးမှ နေ့ချင်းညချင်း လူအို …ပေါက်နေသော တိုးအောင်ကို ကြည့်ပြီး ကလိလိုက်သည်။

"ဒါတော့ ဒါပေါ့ကွာ၊ ခရီးရောက်မဆိုက်ဆိုတော့ အားနာတယ်ကွာ"

"မင်းတို့ မင်္ဂလာဧည့်ခံပွဲ လုပ်မှာလား"

"အေး...လားရှိုးမိုတယ်မှာ လုပ်မယ် စိတ်ကူးတယ်"



www.burmeseclassic.com

www.burmeseclassic.com

ပကာသန မမက်သော ရဲဘုန်းလူက နှာခေါင်းရှုံ့ကာ…

"မစွံပါဘူးကွာ…ဆင်းရှေလီ ဘိုးဘွားရိပ်သာမှာ သွားလုပ်ပြီး ဘိုးဘွားတွေကိုပါ ကျွေးမွေးလှူဒါန်းလိုက်တော့ ကုသိုလ်လည်းရ ဝမ်းလည်း ဝတာပေါ့"

"ဟုတ်လား…ဘိုးဘွားရိပ်သာ ရှိလား၊ ဒါဆို ပြီးမှ တစ်နေ့စာတော့ သွားလှူလိုက်ပါမယ်"

"သာဓုကွာ…နေဦး…မင်းမိဘတွေ ဘယ်တော့ လာမှာလဲ"

"လာလိမ့်မယ်…ရည်မွန်ပွဲမတိုင်ခင် အမီရောက်လာလိမ့်မယ်၊ အဟဲ…ကျေးဇူးရှင် မာတာပီတုနှစ်ပါးက ငါစီးနေကျ ကားစုတ်ကို ပြန်သိမ်းပြီး ကားသစ်တစ်စီး မော်ဒယ်မြင့်ထဲက ဝယ်ပြီး လက်ဖွဲ့အဖြစ် ပေးမယ်တဲ့ကွာ"

"ဒါပေါ့ကွာ…စုန်ရေဆိုတာ၊ မင်းလည်း စုန်ရေစီးဆင်းပေးဖို့ ဝဋ်က မကြာခင် လာတော့မှာပေါ့ကွာ"

"သူ့မိဘတွေက ဒီမှာ ငါတို့အတွက် အိမ်တစ်လုံး လက်ဖွဲ့ပေးမယ် ပြောတယ်"

"ဟာ…မင်းအလုပ်က ရန်ကုန်မှာလေကွာ"

"ပေးတုန်း ရသမျှ အကုန်ယူထားရမှာပဲကွာ၊ နောင်ခါ နောင်လာရေးပေါ့"

"ခွေးကောင်…မင်းတို့ဟာက အခုတွေ့ အခုကြိုက်၊ အခုလိုက် ဆိုတော့ အချစ်စစ်ကော ဟုတ်ရဲ့လားကွာ"

"အင်တာနက်ခေတ်လေကွာ…ဖုန်းစာရေးနတ်မင်းက အင်တာနက်နဲ့ အချစ်မြှားတွေကို Message ရိုက်လွှတ်နေတော့ မြန်တယ်လေကွာ"





လာပြန်ပြီ…သူ့အတွေးထဲ မကျေမနပ်ဖြစ်နေသော သတ္တဘာဂနတ်မင်းကို တိုးအောင်က အစဖော်ပေးလေသဖြင့်…

"မင်း ဖုန်းစာရေးနတ်မင်းကို ဘာနဲ့ လာဘ်ထိုးထားလို့လဲ၊ ရွှေလား၊ ငွေလား၊ ရာမမင်းသားလား"

"ခွေးကောင်…အချိန်ကျရင် ဘယ်လောက်ပုန်းနေနေ ဆုံရည်းရမှာက ဖုန်းစာတဲ့ကွ၊ မသိရင် မသေမချင်းသာ မှတ်ထား ငရဲသားရ"

ရဲဘုန်းလူ ဆက်မပြောတော့။

"ဪ…မင်း သတို့သားအရံ လုပ်ရမယ်နော်၊ ငါ့မိဘဆွေမျိုးဘက်က လူနည်းနည်းပဲ လာနိုင်ပေမယ့် ကစ်တီ မိဘတွေက မြို့မျက်နှာဆိုတော့ အရမ်းစည်မှာပဲ၊ ငါ့ကို ကူညီပါဦး သူငယ်ချင်းရာ"

တိုးအောင်က မျက်နှာငယ်လေးနှင့် တောင်းပန်သည်ကိုလည်း ဥပေက္ခာ မပြုရက်၍…

"လာတော့ လာပေးပါ့မယ်ကွာ၊ အရံတော့ မလုပ်ပါရစေနဲ့၊ ဒို့လုပ်ပါလား…ကိုဝင်းထွန်းကို လုပ်ခိုင်းလေကွာ၊ သူက ဒီဇာတိပဲ၊ ယ်လည်း ငယ်သေးတယ်ဆိုတော့ ပိုကောင်းပါတယ်"

"အင်း…ဟုတ်သားပဲ၊ ငါ သူ့ကို မေ့နေတယ်၊ ဒါပေမယ့် သတို့သမီးအရံက မိုက်တယ်ကွာ၊ နဖတ်စိုပြေဝင်းအိပြီး မှည့်နေတာပဲ၊ လန်းသလား မမေးနဲ့ကွာ"

ရဲဘုန်းလူ နည်းနည်းစိတ်ဝင်စားသွားသည်။ လူပျိုသိုးကြီးပေကိုး။

"တယ်မွှန်းလှချည်လား…ဘယ်ကလဲ…ရန်ကုန်ကလား၊ မင်းဇနီးရဲ့အမျိုးလား"

"ဒီမြို့က"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို မင်းဘယ်လိုမြင်ဖူးတာလဲ"

"အဟင်း…စိတ်နဲ့ မှန်းကြည့်တာ"

"ခွေးသူတောင်းစား"

မတွေ့ရတာကြာပြီဖြစ်သဖြင့် စကားကောင်းနေကြသည်။ ရဲဘုန်းလူ ငြီးစီစီနှင့်မို့…

"ညနေတောင် စောင်းပြီ၊ လာ ရေပူစမ်းမှာ ရေသွားစိမ်ရင်း စကားပြောရအောင်"

"ကောင်းသားပဲ…ဟာ…မကောင်းဘူး။ ငါ့ဇနီးချောလေးနဲ့ သွားဖို့ ကတိကဝတ်ပြုပြီးသား၊ အခုမှ သတိရတယ်၊ ဒိုးပြီ မောင်ရင်၊ တုတ်တုတ် စောင့်နေတယ်၊ ငါ့လေဒီလေးနဲ့ပဲ အားပါးတရ ရေစိမ်နေချိန်မှာ မင်းက လူပျိုကြီး တစ်ကိုယ်တည်း × × ×"

"ခွေးကောင်…သွား…သွား၊ ရေပူစမ်းက စောင့်ပြီး မင်းတို့အတွဲ ဝင်သွားတဲ့အခန်း လိုက်ချောင်း။ ဓာတ်ပုံရိုက်ပြီး အင်တာနက်ထဲ တင်ပစ်လိုက်မယ်၊ ဟား…ဟား…ဟား"

"ဟား…ဟား၊ သတ္တိရှိရင် လုပ်လိုက်လေကွာ၊ ဟား…ဟား…ဟား"

ရယ်ရင်းမောရင်း သုတ်ခြေတင် ပြန်သွားသော တိုးအောင်ကို ကြည့်ပြီး တရားကျမိလေသည်။

အိမ်ထောင်သည်ဘဝ ဆိုတာ တကယ့်ကို လွတ်လပ်ခွင့် ဆုံးရှုံးသွားတတ်ပါလား။

"အင်း…လေဒီဒရိုင်ဘာလေးရေ၊ မင်းကို ငါမရှာတော့ဘူး၊ မင်းသာ ငါ့ဆီကို ဖုတ်သွင်းရထား ဆိုက်သလို ဆိုက်ရောက်ခဲ့မယ်ဆိုရင်တော့လည်း နည်းနည်းတော့ စဉ်းစားပေးမယ်"

☺ အောင်မြင်စာပေ ☺



စိတ်တွင်း တမ်းတစကား ပြောရင်း တစ်ကိုယ်တည်း ပြုံးလိုက်မိလေတော့သည်။

စပျစ်သီး ချဉ်သော မြေခွေးနှယ် ဖြစ်နေပြီလား။

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

BURMESE CLASSIC .com

တိုးအောင်နှင့် နန်းကစ်တီစိုးတို့ မင်္ဂလာဧည့်ခံပွဲ ဘိုးဘွား ရိပ်သာ၌ လှူဒါန်းပွဲတို့ ပြီးမြောက်သွားပြီး တိုးအောင် မိဘဆွေမျိုးများ လည်း သူ့ဒေသသူ ပြန်လေတော့မှ သူငယ်ချင်းနှစ်ယောက် လွတ်လပ် စွာ အေးအေးလူလူ တွေ့ခွင့်ရလေတော့သည်။

တိုးအောင်နှင့် ကစ်တီအိမ်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့် ရသည်မှန်သော်လည်း အလုပ်ကိစ္စဆိုတော့ တိုးအောင်က သူ့ရုံးခန်း သို့ လာတွေ့၍ ပြောလေသည်။

ကစ်တီ အကြံပေးသလို နေရာချင်း ချိန်းဖို့ကိစ္စကို ဖြစ်သည်။ ရဲဘုန်းလှု အေးအေးဆေးဆေးပင် နားထောင်လိုက်ပြီးမှ—

"အင်းလေ…မင်းပြောတာ မှန်ပါတယ်၊ မင်းဟာ လာရှိုးသူ





ယူထားတော့ လားရှိုးသားတစ်ပိုင်း ဖြစ်နေပြီပေါ့၊ အေးကွာ…ဒီလိုလုပ်ပါ လား"

"ဘယ်လိုလဲ"

"မင်းတို့ ဟန်းနီးမွန်း ဘယ်တော့ထွက်မလဲ"

"ဒီညနေပဲ"

"ဟော…အေးကွာ၊ ဘယ်လောက်ကြာမလဲ"

"ရမယ်ဆို အနည်းဆုံး (၃-၄)ပတ်လောက်တော့ လစ်ချင် တာပေါ့ကွာ၊ ဒါပေမယ့် ကုမ္ပဏီမှာ အလုပ်တွေ များနေတာ ငါသိနေတာ ဆိုတော့ (၁၀)ရက်လောက်တော့ ငါ့ကို ခွင့်လွှတ်ပါကွာ"

"ပြောနေရသေးလားကွာ…ဒါဆို ဒီလိုလုပ်၊ ငါက မင်းတို့ ဟန်း နီးမွန်းက အပြန်မှာ ဒီက အလုပ်တွေအားလုံး မင်းနဲ့ (Set up) ဖြစ်သွား အောင် ကြိုလုပ်ထားပေးမယ်၊ ပြီးရင် မင်းနဲ့ငါ တစ်ပတ်လောက် တွဲလုပ် လိုက်ရင် ပြီးပြီ၊ ငါ ရှုံးချုပ်ပြန်ထိုင်မယ်၊ မင်းစိတ်ကို မင်းနိုင်ပြီဆိုတော့ နေခဲ့ပေါ့ကွာ၊ နောက်မှ မနေနိုင်လို့ လဲပေးပါဦး မလုပ်နဲ့…မရဘူး"

ရဲဘုန်းလှုက သူ့သဘောထားကို တိတိပပ ပြောပြပြီး တိုး အောင်ကို အကဲစမ်းလိုက်သည်။

တိုးအောင်က တွေးတွေးဆဆပင်…

"အေးပါကွာ…ငါက ရန်ကုန်သားမှ မဟုတ်တာ၊ ရန်ကုန် မဟုတ်လည်း နေနိုင်ပါတယ်၊ ပြီးတော့ တစ်ကိုယ်တည်း မင်းလို အဖော် မဲ့နေရတာမှ မဟုတ်တာ၊ ချစ်ဇနီးချောလေးနဲ့ဆိုတော့ နှစ်တစ်ရာတိုင် အောင် မပြောင်းလဲနိုင်တော့ပါဘူးကွာ"

တွေးတွေးဆဆပင် ပြောရင်းကြားက သူ၏မျော့ကွေးကို နင်း ချွတ်သွားလိုက်သေး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာကွက် တစ်ယောက်နင်း အနိုင်ယူနေကျ သူငယ်ချင်းတွေမို့ ရဲဘုန်းလူမှာ အပြုံးမပျက်...

"ငါ့အတွက်လည်း ကောင်းတယ်ကွ၊ မိဘတွေနဲ့ ပြန်ဆုံရတာပေါ့ကွာ၊ မင်းကိုတော့ စိတ်ချမယ်နော်၊ နဆိုရင် ငါ တစ်လအတွင်း ချိတ်ထားတဲ့ အဆက်အသွယ်တွေအားလုံးနဲ့ မင်းကို မိတ်ဆက်ပေးထားခဲ့မယ်၊ ငါတို့ကုမ္ပဏီရဲ့ဝင်ငွေ ၅၀% (ရာခိုင်နှုန်း)လောက်ကို ဒီနယ်မြေကရနေတယ်ဆိုတာလည်း မင်း သဘောပေါက်မှာပါ၊ တာဝန်လည်း ကြီးတယ်"

"အေးပါကွာ...ငါနားလည်ပါတယ်၊ ခုတော့ ခွင့်လွှတ်ပါဦး (၁၀)ရက်တည်းပါ"

"ရပါတယ်ဆိုကွာ... ဒါထက် ဘယ်သွားမှာလဲ"

"အလုပ်နဲ့ဝေးရာကိုပေါ့ကွာ ပုဂံ-ညောင်ဦး၊ မန္တလေး-စစ်ကိုင်း၊ မုံရွာ-မိုးကောင်း-ပြင်ဦးလွင်ကနေတစ်ဆင့် ပြန်လာခဲ့မှာပေါ့ကွာ"

"ဘာနဲ့ သွားမှာလဲ...မင်းကားနဲ့ပဲလား"

"အေး"

"ကောင်းတယ်...ကားတစ်စီးနဲ့ လိမ့်ချင်ရာသာ လိမ့်ပေတော့ တစ်သက်မှာ တစ်ခါအခွင့်အရေးမို့ ရုံးကိစ္စ ခေါင်းထဲကသာ ဖျောက်ထား၊ ဟိုကောင် ဖော်ကြီးလည်း ငါတို့ မရှိတော့ ခိုလို့မရဘူး၊ ရုံးချိန်ကို မှန်နေတာပဲ၊ ငါ ဘယ်အချိန် လှမ်းချက်ခ်လုပ်လုပ်...ရှိနေတယ်"

"ခိုလို့ရလို့ ခိုနေတာပါကွာ"

"ကိုင်း...မင်းလည်း အခွင့်အရေးရတုန်း ကားတစ်စီး ဇနီးချောလေးတစ်ယောက်နဲ့ (on the road) လုပ်ပေတော့၊ ပြန်လာမှ မင်းတို့





တရုတ်ပြည်ထဲ ပို့ပစ်မယ်"

"ဘာလုပ်မလို့လဲ...ဒါက ဂဏန်းတို့၊ ဝက်တို့၊ မြွေတို့မှ မဟုတ်တာ"

"ဟတ်...ဟား...ဟား၊ မင်းကလည်း ငါက ဘာပြောနေလို့လဲ၊ တုန်စည်စီးဆင်းမှုတွေကို လေ့လာရအောင် ပြောတာပါကွာ၊ ကိုင်း... မင်းလည်း အချိန်ရှိခိုက် လုံ့လစိုက်လိုက်ဦး၊ ငါ မနက်ဖြန် မူဆယ်က တစ်ဆင့် ရွှေလီ၊ ကြယ်ခေါင်ဘက် သွားဦးမယ်"

"ဒါဖြင့် ငါလည်းဒိုးတော့မယ်၊ ငါ့ရဲ့ချစ်စရာ ကြောင်ပေါက်စမလေး မျှော်နေလောက်ပြီ"

"လစ်...လစ်"

အိမ်ထောင်ကျခါစ ရွှင်မြူးနေသော တိုးအောင်ကို ကြည့်ရင်း အားကျချင်သလိုလို ဖြစ်လာလေသည်။

သူ့အတွက်က မိဘတွေက ရှာဖွေလျာထားပေးခြင်းမျိုး မရှိ။

ဖခင်က ပြတ်သည်။

"ဒီကိစ္စမျိုးက ကိုယ့်ဖာသာကိုယ် ကြိုးစားတာ အကောင်းဆုံးပဲ အမိက တိုင်ပင်ဖော်တိုင်ပင်ဖက်က ကိုယ့်နှလုံးသားပဲ" တဲ့။

ဆိုလိုသည်မှာ ကိုယ်ချစ်ကိုယ်ရှာပေါ့။ အချစ်နှင့် တည်ဆောက်သော အိမ်ထောင်ရေးသာ အသာယာဆုံး အချမ်းမြေ့ဆုံးပေါ့။

ဖခင်က ပြတ်ပြတ်သားသား ခေါင်းရှောင်သလို မိခင်ကတော့ အေးသမားပီပီ အပူမရှာပေ။

သူကိုယ်၌ကလည်း မိန်းကလေးများကို စိတ်ဝင်စား၍မရခဲ့။

သို့သော်....

မကြာခင်ကာလလေးမှ သူ့ရင်ထဲသို့ ဝင်ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com


လေဒီဒရိုင်ဘာမလေးကိုတော့ တမ်းတမိသည်၊

ပြန်လည်ဆုံခွင့် ရချင်နေသည်မှာ အမှန်ပင်။





အခန်း(၁၆)

အကြောင်းမညီညွတ်သဖြင့် ရေပူမစိမ်ရသည်မှာ (၃-၄) ...ခန့် ရှိသွားပြီ ဖြစ်သဖြင့် ညနေ(၆)နာရီခွဲခန့်တွင် ရဲဘုန်းလူ ရေပူစမ်း ...ို့ထွက်လာခဲ့လေသည်။

ထုံးစံအတိုင်း ရှယ်ခန်းတွင် (၁၅)မိနစ်ခန့် ရေစိမ်လိုက်ပြီးမှ ...တ်သားခြောက်ဖုတ်ကို ဆီဆမ်းပြီး သုတ်ထားသည့် အရသာရှိသော ...ည်းနှင့် ဝီစကီနစ်ပတ်ကို ဖိမ်ခံသောက်နေလိုက်သည်။

လမ်းစထွင်ပြီး အပြောင်းအလဲကို ရက်တိုတိုအတွင်း လုပ်ရ ...ြင်း ဘယ်လောက်ကျွမ်းကျင်ပါသည်၊ ညာဏ်ပြေးပါသည် ပြောပြော ...ိစီးမှု (Stress) ကတော့ အနည်းနှင့်အများဆိုသလို ရှိစမြဲပင်။

အခုလို အပန်းပြေမှုလေးကို ဖိမ်ခံပြီး မိနစ်အနည်းငယ် ရယူ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရုံနှင့် ပြေပျောက်သွားလေသည်။

စားသောက်မှုကိစ္စက တစ်ကိုယ်တည်းသမားမို့ အချိန်အနည်းငယ် ကြာတော့ ပြီးစီးသွားသည်။ စကားပြောဖော်မှ မရှိလေပဲ။

အဝတ်ဟောင်းထုပ် အိတ်ကလေးကို ဆွဲပြီး ကားရပ်ထားရာဆီသို့ လျှောက်လာခဲ့စဉ်...

"ဟင်..."

သူ့စက္ကူအာရုံထဲသို့ တန်းကနဲ ဝင်ရောက်လာသော မိန်းကလေးကြောင့် ရဲဘုန်းလူ့ရင်ထဲ တော်လဲသံတစ်ခု မြည်ဟီးသွားသည်။

ခပ်လှမ်းလှမ်း မီးရောင်အောက်တွင် မြင်လိုက်ရသော မိန်းကလေးက...

"လေဒီဒရိုင်ဘာ (Lady Driver)"

တိုက်တိုက်ဆိုင်ဆိုင်လား။ မဖြစ်နိုင်ဘူးလား။

သူ သေသေချာချာ စူးစမ်းကြည့်ကြည့်လိုက်သည်။

ထိုအခါမှ ပို၍အံ့အားသင့်ရသောအချက်ကို ရဲဘုန်းလူ တွေ့လိုက်ရလေသည်။

အကြောင်းမှာ...

လေဒီဒရိုင်ဘာ၏ဘေးတစ်ဖက်တစ်ချက်၌ ခြံရံတည်ရှိနေသော အမျိုးသမီးကြီးနှစ်ဦးမှာ တလောကမှ လောလောလတ်လတ် သိကျွမ်းခင်မင်ရခဲ့သော အမျိုးသမီးကြီးနှစ်ဦး ဖြစ်နေလေသည်။

တစ်ဦးမှာ တိုးအောင်၏ယောက္ခမဖြစ်ပြီး ကျန်တစ်ဦးကတော့ ကစ်တီ၏အဒေါ်ဆိုတော့ တိုးအောင်၏အဒေါ်ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ရဲဘုန်းလူ ကောင်းစွာသဘောပေါက်လိုက်ပြီ။





"ဪ...ပေါ်...ဒင်းကလေးက ဒီလိုလား"

ချက်ဆိုနားခွက်က မီးတောက်သည့် ရဲဘုန်းလူ ပေါက်သွားသည်က...

သူ့ဖုန်းနံပါတ်၊ သူ့အလုပ်နေရာ သိခြင်းမှာ ဝပ်ရှော့ဆရာကိုဘိုနီလက်ချက် မဟုတ်။ ဘာမှမဆိုင်ကြောင်း ကောင်းစွာသိလိုက်ရလေပြီ။

"နေနှင့်ဦးပေါ့ကွာ"

သူ့ကို ပဟေဠိပေးကာ ပုန်းဖွာဖက်သွားသူကို သူကလည်း ပြန်မှုတစ်ခုတော့ ပေးရမည်ပေါ့။

ရဲဘုန်းလူ ပြေးတွေ့ချင်စိတ်ကို မြိုသိပ်လိုက်ပြီး လေဒီဒရိုင်ဘာနှင့် အန်တီကြီးတို့ မမြင်ကွယ်ရာကပင် အသာလျှိုကာ ထွက်ပြီး ...လိုက်လေသည်။

ကားထဲ ရောက်ရောက်ချင်း တိုးအောင်ဆီ ဖုန်းလှမ်းခေါ်လိုက်သည်။

"တိုးကြီး...မင်း အလိုက်သင့် ဖြေနော်၊ မင်းမိန်းမ မသိစေနဲ့၊ ...ချက် ရှိတယ်"

"အေး....ရဲကြီး ပြောကွ...မရှိဘူး၊ သူ့သူငယ်ချင်းတွေ အိမ်မှာ ...ထားတာ ကိုနာရီမှ ပြန်ခေါ်ရမှာ"

"မင်းက လွှတ်ပေးလိုက်တာပဲလား"

"ဒါကလည်း ဒီမှာ state တုန်းက သူငယ်ချင်းတွေနဲ့ တစ်ဝိုင်း...ဘာ၊ ဟား...ဟား...ပြော၊ လွှတ်လွှတ်လပ်လပ်သာ ပြော"

"မင်းကြောင်မလေးရဲ့အချစ်ဆုံးသူငယ်ချင်းနဲ့ မင်းသိဖြစ်..."

www.burmeseclassic.com

www.burmeseclassic.com



"နိုး..."

"နာမည်ကော သိသလား"

"သိပ်ါကွာ...စိုးပါးစပ်ဖျားကကို မချတဲ့နာမည်၊ တစ်ခါတ လေ ငါတောင် စိတ်ပေါက်ပေါက်နဲ့ ပြောပစ်လိုက်တယ်၊ မိန်း လင်မယားလားကွာလို့လေ"

"ဒီတော့ ကစ်တီက ကစ်သွားမှာပေ့ါ"

"ကျေးရွာရှင်ကို မစော်ကားနဲ့တဲ့လေ၊ စိုးနဲ့ငါ ဖူးစာဖက်ပြ မြန်မြန်ဆန်ဆန် လက်ထပ်ဖြစ်တဲ့အကြောင်းအရင်းက သူ့ကျေးဇူး တော့ အမှန်ပဲလေ"

ရဲဘုန်းလူ လမ်းကြောင်းပြောင်းသွားမှာစိုး၍ သူအသိချင်ဆ မေးခွန်းမေးလိုက်ရသည်။

"သူ့နာမည် မပြောရသေးဘူး"

"ငါတော့ မနည်းကျက်ခဲ့ရတဲ့ နာမည်ပဲ၊ မင်း မာစတာဘရိုင် တော့ ရမှာပါ"

နှစ်ပတ်ထက် ကျော်နေပုံရသော တိုးအောင် နည်းနည်း နေပုံရလေသည်။ ရစ်နေသည်။

"ရစ်ပြီကွာ...ပြောစမ်းပါ"

"ခက်..ခက်..နွယ်..ယမင်း"

"အိုးမိုင်ဂေါ့" ဟုသာ သူ တ,လိုက်မိလေတော့သည်။

"သူက မင်းတို့မင်္ဂလာပွဲ ဘာလို့ မလာသလဲ"

"သူ့မာတာမိခင်က အအေးဒဏ် မခံနိုင်လို့တဲ့၊ လိုက် မလိုက်ဘူး လုပ်နေတာနဲ့ လေယာဉ်လက်မှတ် လွတ်သွားတယ် လေယာဉ်လက်မှတ် ရတာနဲ့ လိုက်ခဲ့မယ် ပြောတာပဲ"





"ထားပါ...ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းဇနီးလည်း မင်းအပေါ် တော်တော်နှုတ်လုံတာပဲ"

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမှာလဲ...ငါ့ရဲ့လေဒီဒရိုင်ဘာက မင်းကြောင်မလေး သူငယ်ချင်း၊ အဲဒီ့ရထားတွဲနာမည်နဲ့ မချောလေး ဖြစ်နေလို့ပဲကွ"

"ဟေ...ဟုတ်ရဲ့လား ငရဲရာ"

တိုးအောင် အတော်အံ့အားသင့်သွားပုံရသည်။

"ဒီတော့ ငါ့ကို မင်း တစ်ခုကူညီ..."

"အင်း...ပြော"

"မင်းကြောင်မလေး လက်ကိုင်ဖုန်းထဲက လေဒီဒရိုင်ဘာရဲ့ဖုန်း နံပါတ်ကို ယူပြီး ငါ့ကို ပေးပြီးတော့ သူတို့ ဘယ်လိုခြေလှမ်း လှမ်းနေ သယ်ဆိုတာ..မင်းက ငါ့ကို သတင်းပေးကွာ"

"ဒါများကွာ...ငါ့ဖုန်းထဲမှာတောင် စက်ခက်ဖုန်းနံပါတ် ရှိပါ တယ်ကွာ၊ ပြီးရင် မင်းဖုန်းထဲ လှမ်းပို့ပေးလိုက်မယ်"

"လုပ်စမ်းပါကွာ...မင်းရဲ့ပျားရည်လပေါ်ခရီးစဉ်ကို ဝါ နှောင့် ယှက်တယ်လို့ သဘောမထားပါနဲ့၊ ခုပဲ ရေပူစမ်းမှာ မင်းယောက္ခမနဲ့ အခေါ်ကြား သူ့ကို ငါတွေ့ခဲ့လိုက်လို့"

"ဟေ...ငါ့ကို စိုး ဘာမှလည်း မပြောပါလား"

"ဒါကြောင့် ပြောတာ၊ ငါ လေဒီဒရိုင်ဘာက ငါ့ကို ရှိချင် ကလိ ချင်လို့ ပဟေဠိ ဝှက်တယ်ထား၊ မင်းရဲ့မဟာသီက ယောကျ်ားနဲ့ သူငယ် ချင်း ဘယ်သူ့ဘက်မှာ ရှိသင့်သလဲ၊ ဒီလျှို့ဝှက်ချက် မင်းသိသင့်တယ် ဆိုလား"

ရဲဘုန်းလူ ချွန်တွန်းလုပ်၍ တိုးကြီးကို မြှောက်ပိုးပင့်ကော်



www.burmeseclassic.com

www.burmeseclassic.com

လုပ်လိုက်သည်။

ပျားရည်လပေါ်က တိုးကြီးနှင့် ကြောင်ပေါက်စလေးတို့ ဇိုက်တင်(ရန်ဖြစ်)ပဲ ဖြစ်မလား။ သူ့စကားတွေကိုပဲ ဇနီးချောလေးကို မျက်နှာလိုမျက်နှာရ သံတော်ဦးတင်လေမလား သူမခန့်မှန်းတတ်တော့။

"စိတ်ချ တိုးကြီး၊ သူ့ဆီက ရတဲ့ သတင်းမှန်သမျှ မင်းဆီ ပါို့ပေးမယ်"

"အိုကေ..အိုကေ..သိုင့်ကျူးကွာ၊ မင်းတို့ပျားရည်လ ခရီးစဉ်လုပ်ငန်း အောင်မြင်ဖြစ်ထွန်းပြီး သားသမီးအမြွှာ များများမွေးနိုင်ပါစေကွာ"

"ခွေး××× "

တိုးအောင် မေတ္တာပို့သသံ မဆုံးခင် သူ ဖုန်းပိတ်လိုက်လေသည်၊ သိပ်မကြာလိုက်၊ တိုးအောင်ထံမှ Message ဝင်လာသည်။

(မင်းလေဒီဒရိုင်ဘာရဲ့ဖုန်းနံပါတ် မှတ်ထား...၀၉၅၀××) တဲ့

ရဲဘုန်းလှူရင်ထဲ ဟိန္ဒူနတ်ဘုရားပွဲ လှည့်လည်သွားလေသည်၊ နှုတ်ခမ်းမှာလည်း ပျားရည်တွေ စိုလူးသွားသည်၊ စိတ်ထဲ ကြုံးဝါးလိုက်သည်က...

"တွေ့ကြပြီပေါ့ ခက်ခက်နွယ်ယမင်းရယ်"



အပိုင်း(၅)

ကြိုးရှုပ်သွားတဲ့ ဇာတ်ရှုပ် 'မေနှင်းပြီးလ်'


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၀)

စက်စက်နွယ်ယမင်း အလုပ်ရှုပ်နေသည်။ ခန္ဓာကိုယ် မဟုတ်၊ ခန္ဓာကိုယ်အတွင်း၌ ဖြစ်သည်။ စိတ်ထဲ၌ plan(အစီအစဉ်)တွေ ရေးဆွဲနေတာ မကြာခဏကြောင့် ဖြစ်သည်။

အမိက လားရှိုးသွားဖို့ အစီအစဉ်။

ခင်မင်စရာကောင်းသော နှစ်လိုဖွယ်ကောင်းသော လူကြီးက လားရှိုးမှာ ရှိနေသည်။

"မာမီ...သမီး လားရှိုးသွားလည်ဦးမယ်၊ မာမီ လိုက်မလား"

"မလိုက်ချင်ပါဘူး...အေးကအေးနဲ့"

"မီးက အေးတဲ့တောင်ပေါ်က ဆောင်းအရသာကို ခံချင်လို့ကို [illegible]င်သွားတာ"

သူ့ကိုတော့ မာမီက ယုံကြည်မှုနှင့်အတူ လက်မြှောက်ထား



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် သူ့ခရီးစဉ်ကိစ္စကို ဝေဖန်ခြင်း၊ တားမြစ်ခြင်း မလုပ်ချေ။ ပြောရမယ့်အရွယ်တွေလည်း ဟုတ်မှ မဟုတ်တာလေပဲ။ အရွယ်တောင် အစိတ်ဟိုင်းလို့ ပုလဲရတုနား ကပ်နေသည့် အသက်တွေလေပဲ။

သို့သော် မိဘဆိုတော့ နည်းနည်းတော့ စိတ်ပူသဖြင့်...

"လားရှိုးမှာ ဘယ်နှစ်ရက် နေမှာလဲ"

"တစ်ပတ် ဆယ်ရက်ပေါ့ မာမီ"

"ဘာနဲ့ သွားမှာလဲ၊ အိမ်က ကားနဲ့ တစ်ယောက်တည်း သွားတာမျိုးတော့ မာမီက ခွင့်မပြုဘူး"

"ဖလိုက်နဲ့ပဲ သွားပြီး ဖလိုက်နဲ့ပဲ ပြန်မှာပါ"

"ကောင်းတယ်"

မာမီဆီမှ ခွင့်ပြုချက်ရပြီဆိုတော့ သူ နန်းကစ်တီစိုးဆီသို့ ဖုန်းလှမ်းဆက်လိုက်သည်။

"ကြောင်မ"

"ဘာလဲ ယမမင်း"

"နင် ဘာလုပ်နေသလဲ"

"သိချင်သလား...သိချင်ရင် လာခဲ့လေ"

"အင်း...လာမလို့"

"အာ...မလာနဲ့ဦး၊ ငါတို့ ဟန်နီးမွန်း ထွက်မလို့ ဒီညပဲ"

ခက်ခက်နွယ်ယမင်း စိတ်ထဲ ဟားတိုက်၍ရယ်ချလိုက်ချင်သည်။ သိနေသားပဲ၊ တမင် ဒီရက်ကို ချောင်းနေတာ။

ဒါမှ ဦးလေးကြီးဟု သူကင်ပွန်းတပ်ပေးလိုက်သော လူကြီးနှင့် အမှတ်တမဲ့ တွေ့ဆုံမှုမျိုး ဖန်တီးနိုင်မည်ပေါ့။

"ဘယ်နှစ်ရက် ကြာမှာလဲ"





"ဆယ်ရက်...ပြီးရင် ငါတို့ ဒီမှာပဲ နေတော့မှာမို့ နင်ကြိုက်တဲ့ အချိန် လာခဲ့"

"အေးပါ..."

"ဒါဆို ဘယ်တော့ လာမှာလဲ"

"စိတ်ကူးပေါက်တဲ့အချိန်ပေါ့ဟာ"

"ဒါထက် နင့်လူကြီးလဲ မနက်ဖြန် သဘက်ခါ ရွှေလီဘက် ထွက်ဦးမှာ"

"ဘယ်က လူကြီးလဲ"

တမင် မသိချင်ဟန်ဆောင်၍ ကစ်တီကို မေးလိုက်သည်။

"နင့်အဆက်အဆုံးကြီး ရဲဘုန်းလူကို ပြောတာပေါ့"

"ကြောင်မစုတ်..."

"စိတ်ဝင်စားတယ်မှတ်လား...သူကတော့ (၃-၄)ရက်ကြာရင် ပြန်ရောက်မယ်"

"အေး...အေး...နည်းနည်းတော့ စိတ်ဝင်စားလာသလိုလိုပဲ"

"ကောင်မစုတ်...ပဲများမနေနဲ့၊ နင်လာဖြစ်အောင် လာလည် [illegible]၊ G.S.M ဖုန်းရတဲ့မြို့တွေ ရတိုင်း ငါဖုန်းဆက်မယ်"

"ဟိုတယ်က လိုင်းဖုန်းတွေကို နင်က အလုကြည့်ထားမှာမို့ [illegible]"

"အေးပါဟာ...ငါမေ့လို့ပါ၊ ဒါပဲနော်...ဘိုင့်ဘိုင်၊ ကိုကို ခြံထဲ [illegible]လာပြီ"

"ဘိုင့်.."

ရပြီ...ခက်ခက်နွယ်ယမင်း G.S.M ဖုန်းအဖုံးလေးကို ပိတ်လိုက်[illegible]ပြီး ကြည်နူးစွာပင် ပြုံးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အစီအစဉ်ထဲ ကစ်တီတို့ မရှိရှိန်မှ လားရှိုးကို ရောက်အောင် သွားမည်။

ရဲဘုန်းလူဆိုသော လူကြီး၊ မထင်မှတ်ထားသော နယ်မြေ ဒေသစိမ်းတစ်ခုမှာ ထင်မှတ်မထားသော်လည်း မျှော်လင့်နေသော မိန်းကလေးကို တွေ့ရှိလိုက်ပါက အဘယ်မျှ အံ့အားသင့်သွားမည်နည်း။

ဒါကိုပဲ သိချင်နေသည်။

"မာမီ.."

"ဟေ.."

"မီး လေယာဉ်ရုံး ခဏသွားလိုက်ဦးမယ်"

"လက်မှတ်ဝယ်ဖို့လား"

"ဟုတ်.."

"အေး..အေး..ကားကို သတိနဲ့ မောင်းနော်"

"ဟုတ်.."

သူ အိမ်ထဲမှ ထွက်ခဲ့သည်။ ကားကို အသာရပ်ကြည့်လိုက်သေးသည်။

"ကားလေးရေ...မင်းနဲ့ငါနဲ့ နောက်(၃-၄)ရက်ဆို တစ်ပတ်လောက်တော့ ခွဲရဦးမယ် သိလား၊ မင်း အေးအေးဆေးဆေး အနားယူနေလိုက်ဦးပေါ့"

ကားကို အသာပွတ်သပ်ရင်း ခပ်တိုးတိုးလေး ပြောလိုက်သည်။ ကြောင်ကလေး၊ ခွေးကလေးကို ချစ်တတ်သော မိန်းကလေး သဘာဝကို လွန်ကာ ကားခရေဇီဖြစ်သော သူ့အား မာမီက...

"ငါလည်း ကားပေါ်မှာ ထွက်ကျမမွေးခဲ့ဘဲနဲ့ ကားရူး ရူးရတယ်လို့၊ ဆေးရုံမှာများ မှားခဲ့သလား မသိပါဘူး"





ဟု မကြာခဏ ကျီစယ်ခဲ့ဖူးလေသည်။

ခက်ခက်နွယ်ယမင်း သဘောကျစွာ ပြုံးလိုက်မိပြီး ကားမောင်း ထွက်ခဲ့လိုက်လေသည်။

✿ ✿ ✿ ✿

မရောက်ဖူးသော နယ်မြေဒေသစိမ်းမို့ လေယာဉ်ပျံပေါ်တွင် ခက်ခက်နွယ်ယမင်း ရင်ဖိုနေမိသည်။

လားရှိုးလေဆိပ်သို့ လေယာဉ်မဆင်းသက်မီ ရစ်ဝဲနေစဉ် …မြို့၏အလှကို သူ အပေါ်စီးမှ စံစားကြည့်မိလေသည်။

တောင်ပတ်လည် ဝန်းရံလျက်ရှိနေပြီး စေတီပုထိုးများနှင့် …သာလှပသော တောင်ပေါ်မြို့လေးတစ်မြို့ပါလား။

ရင်ထဲ ကြည်နူးအေးချမ်းသွားသည်။

နယ်မြေစိမ်းသော်လည်း လူတွေက မစိမ်း။ သူ့အား လာကြိုသူ …မှာ ရန်ကုန်မှာ ကစ်တီနေသောအိမ်မှ အန်တီနန်းနှင့် ကစ်တီ မိခင် …ခြင်းကြောင့်ပင်။ အန်တီနန်းက...

"ခက်ခက်တို့က လုပ်လိုက်ရင် အထူးအဆန်းပဲ"

ခက်ခက်နွယ်ယမင်း ဒီနေ့ မင်္ဂလာဒုံ လေယာဉ်ကွင်း ရောက်ပြီး


www.burmeseclassic.com

www.burmeseclassic.com

မှ ကစ်တီတို့ လာရှိအိမ်ဖုန်းနံပါတ်ကို လှမ်းခေါ်ကာ ဖုန်းဆက်လိုက်သည်၊ "အခုလေယာဉ်နဲ့ ထွက်လာမှာ၊ အန်တီတို့ သမီးကို လေဆိပ်မှာ ကြိုပေးပါ" ဟူ၍။ ဒါကို အန်တီနန်း ဆိုလိုမှန်း သူကောင်းစွာသိသည်။

ကစ်တီအမေကတော့ သူ့အကြောင်း မသိသေးသူမို့ စိုးရိမ်ကာ—

"သမီးလေးရယ်...နွယ်..ခက်..အင်း..ခက်ခက်နွယ်ရယ်၊ ဆိုင်းမပါ ဗုံမဆင့်နဲ့ ခုပဲ ထွက်လာမယ်ဆိုတော့ အန်တီက ဘာများလဲလို့ စိုးရိမ်တာပေါ့၊ တစ်ယောက်တည်းလား...အဖော်မပါဘူးလား"

"ဟုတ်ကဲ့...ကစ်တီတို့ ညည့်စံပွဲ မလာဖြစ်ဘူးမှတ်လား စိတ်ကောက်နေမှာစိုးလို့ လာချော့တာ"

အန်တီနန်းကတော့ ပြုံးနေသည်။ ရန်ကုန်မှာကတည်းက ကစ်တီနှင့်အတူပင် တူမတစ်ယောက်လို ရင်းနှီးနေသောကြောင့် "ခက်ခက်တို့ ထွင်ပြန်ပြီ၊ စိတ်မြန်ကိုယ်မြန်နှင့် ပေါက်ချလာပုံ ထောက်ရင် ဘာတွေများ ကြံစည်နေတာလဲ မသိဘူး" ဟု တွေးကာ ပြုံးနေသည်။

"သမီးကလည်း...ပစ္စည်းတွေက များလိုက်တာ"

"အန်တီတို့အိမ်အတွက် လက်ဆောင်တွေလေ၊ ကစ်တီ အကြိုက်တွေကော၊ ဒီမှာ ရှားပါးတဲ့ ပုစွန်ခြောက်၊ ငါးခြောက်တွေပေါ့ ပါတယ် အန်တီ"

"ဒုက္ခရှာလို့ သမီးရယ်၊ ဒါထက် ဒီမှာ သမီးသူငယ်ချင်း မရှိဘူး"

ကစ်တီမိခင်က သူ့သမီးကို များစွာအကူအညီပေးထားသည့်အတွက် အသိအမှတ်ပြုပြီး ဖက်လှဲတကင်း ရှိလှသည်။

ကားပေါ် ရောက်သည်နှင့်...

"ကစ်တီတို့က ဘယ်လောက်ကြာမှာမို့လို့လဲ အန်တီ"





"တစ်ပတ်ဆယ်ရက် ပြောတာပဲ၊ နောက်ထပ် လေးငါးရက်လောက်တော့ ကြာဦးမှာ၊ ဘာဖြစ်သလဲ...အန်တီတို့ ရှိတာပဲ"

ကစ်တီအမေက ပြောလိုက်သည်ကို အန်တီနန်းကပါ...

"ဘာဖြစ်သလဲ...နေစမ်းပါ၊ ကစ်တီတို့အိမ် မနေနဲ့၊ အန်တီနန်းတို့အိမ်မှာပဲနေ"

ကစ်တီတို့ လင်မယားက သီးခြားအိမ်ကလေးနှင့် နေသည်ကို သူသိပြီးသားဖြစ်သည်။

အားလုံးသိပြီးသားမို့လည်း တမင်တကာ အချိန်ကောင်းကို ရွေးထွက်လာခဲ့ခြင်းဖြစ်သည်။ ခရုမှာလည်း အဆံနှင့်၊ လူမှာလည်း အကြံနှင့်ကိုး။

ကားထဲ၌ အန်တီနှစ်ယောက် မေးတွေးသော အမေးနှင့် အပြောတို့ကို ခက်ခက်နွယ်ယမင်း ဖြေနေရသည်။

"ရပါတယ် အန်တီ၊ သမီးက ဘယ်နေနေ ရပါတယ်၊ ဒေါင်းလူမှာပြားကျကျ နေတတ်တဲ့သူဆိုတာ အန်တီနန်း သိပါတယ်"

"ဟုတ်တယ်...မမ၊ ကစ်တီနဲ့တော့ တစ်ခြားစီပဲ၊ ဒါထက် ကစ်တီဆီ ဖုန်းဆက်ပြီးပြီလား"

"နားပြီးမှပဲ ဆက်တော့မယ် အန်တီ"

"ရတယ်လေ...အန်တီတို့ပဲ ဆက်ပေးပါ့မယ်၊ သမီး သွားချင်တဲ့ဆီတို့ အန်တီတို့ လိုက်ပို့ပေးမယ်၊ သမီး ဒီမြို့ကို မရောက်ဖူးသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"နေရာစုံ လိုက်ပို့ပေးမယ်...စိတ်သာချ"

"အန်တီနန်းကကော ဘယ်တော့ ရန်ကုန်ပြန်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှေ့အပတ်လောက် ပြန်မလားလို့၊ ရောက်တုန်းရောက်နိုင်
တော့ ကိုယ့်ဇာတိမြေက မခွာနိုင်သေးဘူး"

"ဆိုင်ကဲကော"

"မန်နေဂျာ ရှိတာပဲ"

အန်တီနှစ်ယောက်နှင့် စကားပြောရင်း ကားလမ်း၏
ဝဲယာတို့ကို ကြည့်ရင်း ခက်ခက်နွယ်ယမင်း သဘောကျနေလေသည်

ပဲခူးတွင် ရှိသော တုတ်တုတ်နှင့် ခပ်ဆင်ဆင် သုံး
ဆိုင်ကယ်များကို တွေ့ရလေသည်။ သူတို့ပုံစံက တစ်မျိုးဖြစ်သည်။

"ဒီမှာလည်း (Taxi)တုတ်တုတ်တွေ ရှိတယ်နော်"

"ဟုတ်တယ်...ဒီအရပ်ကတော့ ပလုပ်တုတ်လို့ ခေါ်ကြတယ်

"ပလုပ်တုတ်...ဟင်းဟင်း...ကလေးကစားစရာ နာမည်
တူတယ်"

"ကြုံသလို ခေါ်ကြတာပါပဲ သမီးရယ်၊ ဟောဟိုရှေ့က နှစ်
တိုက်က သားတိုးအောင်တို့ ကုမ္ပဏီရုံးခန်းလေ သမီး"

ကစ်တီအမေက သားမက်ကို သားဟု ပါးစပ်ဖျားက
သဘောကျနေပုံရလေသည်။

"ဪ...ဟုတ်လား"

"သားက ဒီမှာပဲ ရုံးထိုင်တော့မှာလေ"

ခက်ခက်နွယ်ယမင်း ရင်ထဲ ငလျင်အသေးစားလေး လှုပ်
သွားလေသည်ကို ဘယ်သူမှ မသိလိုက်ကြ။

"သားရဲ့ MD က သဘောကောင်းရှာပါတယ်၊ သားတို့
ပြေအောင် သူကပဲ အနစ်နာခံပြီး နေရာလဲပေးရှာတယ်"

ခက်ခက်နွယ်ယမင်း ကြိတ်၍ကျေနပ်နေမိသည်။ ရဲအုန်း





ဆိုသောလူကြီး သဘောကောင်းတာ သိနေခြင်းကြောင့် စိတ်ထဲ
ကျေနပ်နေသကဲ့သို့ ပျော်ရွှင်ကြည်နူးမိသည်။ ဒါဆို လူကြီး ရန်ကုန်ပြန်
ရောက်တော့မည်ပေါ့။

ရေကန်အသင့် ကြာအသင့်ပါလား။

လူကြီးနှင့် ပတ်သက်ပြီး မမေးဘဲ အလိုအလျောက် ကြားသိ
နေရတာကိုက ထူးခြားသော ရေးရေစက်ဟု သူယုံကြည်နေမိလေပြီ။

"အမ်.အေ.ဝိုင် အထွေထွေကုမ္ပဏီလီမိတက်" ဟူသော ဆိုင်း
ဘုတ်ကိုလည်း တွေ့လိုက်ရသည်။ မသိသေးသောအချက်ကို ကောက်
ကာ မေးလိုက်သည်။

"သူတို့ ကုမ္ပဏီက ဘာလုပ်သလဲဟင် အန်တီ"

"အန်တီလည်း အကုန်မသိပါဘူး၊ သားသူငယ်ချင်းနာမည်
တော့ မေ့နေပါပြီ၊ အမ်ဒီပဲ ထားပါတော့၊ သူပြောတာကတော့ ဆောက်
လုပ်ရေးလုပ်ငန်းကော၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း
အကုန်လုပ်တယ်တဲ့"

ကစ်တီအမေက ဖြေလိုက်လေသည်။ ဒါကို ခက်ခက်နွယ်
ယမင်းက မအောင့်အည်းနိုင်တော့ဘဲ သူ့ဝသီလေးအတိုင်း...

"ဪ...ဪ...တကယ့်လူတွေပဲ၊ လုပ်လို့ရတာ အကုန်
လုပ်တာပေါ့နော်"

သူ အန်တီနှင့် စကားရောဖွဲ့ရော အလိုက်သင့် ပြောနေရ
သည်။ သူတို့ကုမ္ပဏီအဆောက်အဦ ခြံဝန်းအတွင်း ရပ်ထားသော
Surf)ကားတစ်စီးကို မြင်လိုက်ရသည်။ သူ့ကား (Kiss)ပေးခဲ့သော
Crown)ကား မဟုတ်ပါလား။ ဟိုလူကြီး ရွှေလီက ပြန်ရောက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



"လားရှိုးက အရမ်းအေးတယ်နော် အန်တီ"

အမ်အေပိုင် ကုမ္ပဏီလေးကို မြင်ကွင်းထဲက ချန်လှပ်ခဲ့

သည်နှင့် ခက်ခက်နွယ်ယမင်း စကားလမ်းကြောင်း ပြောင်းလွှဲလို

သည်။

"ဟုတ်တယ် ခက်ခက်၊ ရန်ကုန်နဲ့တော့ အရမ်းကွာဟာသ

တာပေါ့၊ နည်းနည်းနားပြီးရင် ရေပူစမ်းမှာ ရေသွားချိုးကြမယ်"

"ရေပူစမ်း"

ကစ်တီပြောပြကတည်းက ရောက်ဖူးချင်နေသည့်နေရာ ဖြ

သဖြင့် စိတ်ထဲ ပျော်မြူးသွားသော်လည်း လက်ပတ်နာရီကို ကြည့်လို

က...

"ဟင်...လေးနာရီတောင် ခွဲပြီးနေပြီပဲ၊ ညနေစောင်းကြီး ဖြ

မလား အန်တီနန်းရယ်"

အန်တီနန်းက ရယ်သွေးသွမ်းရင်း...

"ဟင်း...ဟင်း...ဟင်း...ငါ့တူမ ရန်ကုန်သူက လားရှိုးရော

တော့ တောသူဖြစ်သွားပြီ၊ ဒီမှာက ရေပူစမ်းကို ညဖက်စိမ်ကြတာ

တယ်၊ ရှယ်ခန်းဆိုရင်တောင် နည်းနည်းစောင့်ရသေးတယ်...လူမ

လေ"

"ရှယ်ခန်း..."

"ဟုတ်တယ်လေ...ရှယ်ခန်းဆိုတာ ၁၀၀၀ိ/ - တန် အခန်း

ပြောတာ၊ ရေချိုးကန်နဲ့ဘာနဲ့ အကျအနပေါ့၊ ရိုးရိုးက ၅၀၀ိ/ - ၊ ဒီထ

နိမ့်တာ ၃၀၀ိ/ - ၊ အဲဒီလို အစားအစား ရှိတယ်၊ အန်တီတို့ကတော့

ရိုးရိုးအခန်းတွေ မချိုးဘူး"

"ဪ...ဒီလိုလား"





"ရောက်ပြီး တအောင့်နားပြီးတာနဲ့ သွားစိမ်ကြတာပေါ့ အကြာ

ကြီးတော့ မစိမ်နဲ့၊ အကျင့်မရသေးတော့ မူးတတ်တယ်"

"ဟုတ်ကဲ့ပါ အန်တီ"

အထူးအဆန်းဆိုလျှင် စမ်းသပ်ကြည့်ချင်သော ခက်ခက်နွယ်

မင်းအတွက် ရေပူစမ်းခရီးစဉ်ကို ကျေနပ်စွာပင် လက်ခံလိုက်လေ

သည်။

ထ ထ ထ ထ

ရောက်လေပြီ... "ရေပူစမ်း"။

လားရှိုးမြို့၏နာမည်ကြီးလှသောနေရာတစ်ခု ဖြစ်သည်။

လားရှိုး-မူဆယ်လမ်း၏လက်ယာဘက်တွင် တည်ရှိသည်။

မြို့နှင့် မဝေးလှသော မြို့အစွန်တွင် တည်ရှိသည့်အတွက် သွားရေး

လာရေး အဆင်ပြေလှသည်။

ကိုယ်ပိုင်ကား ရှိသူများ၊ ဆိုင်ကယ်လ်ရှိသူ၊ အချိန်ပေးနိုင်သူ

များအတွက်ကတော့ ရေပူစမ်းကို ကိုယ်ပိုင်ရေချိုးခန်းနယ် သဘောထား

ပြီး နေ့စဉ်လိုလို ရေသွားချိုးကြသူများလည်း ရှိသည်။

လျှပ်စစ်မီးရောင် ထိန်ထိန်နှင့် ရေပူစမ်းနေရာလေးသည်



www.burmeseclassic.com

www.burmeseclassic.com

ကျဉ်းသည်ဟု မဆိုသာသော်လည်း လူစည်ကားနေသည်။

"သမီး လွှတ်လွှတ်လပ်လပ်သာ ချိုးနော်၊ အန်တီတို့တော့ လေးငါးဆယ်မိနစ် စိမ်ပြီးတာနဲ့ ပြီးပြီ၊ အပြင်မှာပဲ စောင့်နေမယ်၊ ဒီမှာ စိတ်ချလို့ရပြီ၊ အေးအေးဆေးဆေးသာ စိမ်ချိုး"

"ဟုတ်ကဲ့"

"ရေပူက ချက်ချင်းကြီး ထိရင် အရမ်းပူတယ်၊ ဖြည်းဖြည်းချင်း ခြေထောက်က စပြီး ရေကို စွတ်ယူပေါ့၊ ကြာတော့ အပူဒဏ် ခံနိုင်သွားပြီး နွေးရုံလေးပဲ ဖြစ်သွားလိမ့်မယ်"

အန်တီနန်း၏လက်ချာ(သင်ခန်းစာ)ကို နားထောင်ပြီး ခက်ခက်နွယ်ယမင်း ခြေထောက်ကလေး ရေချိုးကြွေကန်ကြီးထဲအရွ တွင်...

"အားပါးပါး...ပူလိုက်တာ"

ဟု နှုတ်မှ ထုတ်ဖော်ညည်းညူမိလျက်သားပင် ဖြစ်သွားရ သည်။ လက်ကလည်း ရေပူဘားကို ဖိတ်ပြီး ရေအေးဘား ဖွင့်ရန် ကြိုးစည်လိုက်ပြီး ရှယ်လျက်သား ဖြစ်သွားရလေသည်။

သို့သော် အန်တီနန်း လက်ချာထဲမှ...

"အချို့က ရေအေးနဲ့ စပ်ပြီးချိုးကြတယ်လေ၊ ချိုးနေကျ မဟုတ် တော့ မခံနိုင်ဘူး၊ စမ်းရေပူကမှ ကျင့်သားရရင် အညောင်းအညာတွေ ပြေပြီး သိပ်နေလို့ကောင်းတာ"

ဟု ဆိုထားသည်ကို အမှတ်ရကာ ရေပူကို လက်ခုပ်ကလေး နှင့် ခပ်ပြီး တစ်ကိုယ်လုံးအနှံ့ ပက်လိုက်သည်။ နောက် ရေကန်ထဲ တဖြည်းဖြည်း စိမ်လိုက် ထလိုက် လုပ်ရင်း အပူဒဏ်ကို ခံလာနိုင်သော အခါ နွေးပြီးနေရ၊ စိမ်ရသည်မှာ အကြောအချဉ် အညောင်းအညာတို့





ပြေသွားပြီး ဆောင်းတွင်းရာသီဥတုကိုပင် ရေပူစမ်း ရေချိုးစောင်လေးနှင့် အံတုကာ နေ၍ကောင်းလှလေသည်။

"သဘာဝက ပေးသော လက်ဆောင်နေရာလေးတစ်ခု" ကို လူအများအတွက် အကျိုးရှိရှိ အသုံးချထားသည်ကို ကျေးဇူးတင်မိလေ သည်။

မိနစ်(၂၀)ခန့်သာ စိမ်ပြီးနောက် ကိုယ်ရုံတော် အဘွားကြီး နှစ်ယောက်ကို အားနာသဖြင့် ရေစိမ်ခြင်းကို အဆုံးသတ်လိုက်ရသည်။

ရှယ်ရေချိုးခန်းက ထွက်လာတော့...

"ဘယ်နယ့်လဲ သမီး...အဆင်ပြေရဲ့လား"

"ပြေပါတယ် အန်တီ၊ လန်းဆန်းပြီး တစ်ကိုယ်လုံး အကြော အချဉ်တွေ ပြေသွားတာပဲ"

"အဲဒါ ခဏပဲ သမီး၊ ပြီးရင် အိပ်ချင်လာလိမ့်မယ်၊ အိမ်ရောက် ရင် ညစာစားပြီး တန်းသာ အိပ်ပစ်လိုက်ပေတော့၊ နိုးလာရင် ပိုပြီးလန်း လာလိမ့်မယ်"

စိတ်ထဲတော့ "လန်းတယ်ကွာ" ဟု ရေရွတ်လိုက်ပေမယ့် နှုတ် ကတော့...

"အား...တကယ်အရမ်းကောင်းတာပဲနော်၊ ဒီလိုရေပူစမ်းလေး ရှိနေတာ"

"ဒါပေါ့...သဘာဝက ပေးတဲ့လက်ဆောင်လေ၊ အန်တီတို့က ငယ်ငယ်ကတည်းက ကိုယ်တွေ့ကြုံလာတော့ သိတယ်၊ သမီးလည်း နောက် နေ့တိုင်းလာချင်လာလိမ့်မယ်"

"လာချင်ရင် ပို့ပေးမှာလား"

အားမနာတတ်သော ခက်ခက်နွယ်ယမင်းက


www.burmeseclassic.com

www.burmeseclassic.com

သည်၊ ကစ်တီအမေက ဝမ်းသာအားရပင်…

"ပို့ပေးပါတယ်ရှင်…သမီးသွားချင်တဲ့နေရာမှန်သမျှ အကုန်ပို့ပေးမယ်"

ကစ်တီအမေက ဝမ်းသာအားရ ပြောလေသည်၊ အန်တီနန်းကတော့ ပြုံးနေသည်၊

စကားတပြောပြောနှင့် နေပြီး တအောင့်ကြာ အိမ်ပြန်လာသည်၊ ညနေစာ ရှမ်းထမင်းဟင်းများကို စားသုံးစဉ်မှာပင် ခက်ခက်နွယ်ယမင်း အိပ်ချင်လာသည်၊ အနည်းငယ်သာ စားသုံးနိုင်ပြီးနောက် ဒေါ်လေးနန်းနှင့် တစ်ခန်းတည်း၌ ပြင်ဆင်ပေးထားသော သူ့အတွက် ကုတင်ပေါ်တွင် ကိုယ့်အိမ်ကိုယ့်ယာလိုပင် သဘောထားကာ လှဲလျောင်းလိုက်သည်နှင့် တပြိုင်နက်ဆိုသလို အိပ်ယာအပြောင်းအလဲမို့ အိပ်မရဘူး၊ နေရာစိမ်းမို့ မျက်စိကြောင်နေတယ်ဟူသော အကြောင်းပြချက်ဟူသမျှတို့ကို ရေပူစမ်း ရေစိမ်ထားသော ခန္ဓာကိုယ်က အနိုင်ယူသွားလေတော့သည်၊

"ဩော်…ခက်ခက်ရယ်၊ ကစ်တီသူငယ်ချင်း မပြောရဘူး ကစ်တီလိုပါပဲလား"

အန်တီနန်းက ချစ်စနိုးလေး ရေရွတ်ရင်း ခြေရင်းမှာ အထပ်လိုက် ခေါက်ထားသော နစ်ထပ်ဝွမ်းစောင်ကြီးများကို ယူကာ ခက်ခက်နွယ်ယမင်း ကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်လေတော့သည်၊

လားရှိုးဆောင်းရာသီဒဏ်ကို ရန်ကုန်သူလေး ဘယ်ခံနိုင်မလဲ ဟူသော ကရုဏာစိတ်ကလေးနှင့် ဖြစ်သည်၊







အခန်း(၂၂)

ညက တော်တော်နှင့် အိပ်မပျော်၊ သူ၏အိပ်ပျော်ခြင်းကို နိုးယူ[illegible]သောသူနှင့် အမှတ်မထင် ပြန်လည်ဆုံစည်းခြင်းကြောင့် ဖြစ်[illegible]ည်၊

ခင်းကလေးကို ဘယ်လိုပညာပေးရမလဲ ဟူသော အာရုံ[illegible]တ်မှုကလည်း ပါလေသည်ကိုး၊

နောက်ဆုံး သန်းခေါင်ယံ မတိုင်မီမှာပင် ရေပူစမ်း စိမ်ထား[illegible]အရှိန်တို့ကြောင့် အိပ်ပျော်ခြင်းက အနိုင်ယူသွားလေတော့သည်၊

နံနက်မိုးလင်းလင်းချင်း…

အောင့်အည်းထားရသောစိတ်ကို မြိုသိပ်မထားနိုင်သော[illegible]ကြောင့် တိုးအောင်ဆီမှ ရထားသော G.S.M ဖုန်းနံပါတ်ကို နှိပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ပုဏ္ဏာပတော်ဦးတွေ ပေးသွားခဲ့ပြီး ရက်ပေါင်း(၄၀)ခန့် ဒုက္ခပေးခဲ့သော မိန်းကလေးရေ၊ ယခု မင်းအလှည့်ပေပဲပေါ့ကွာ။

"ဟယ်လို..."

အိပ်ချင်မူးတူးအသံကလေးဖြစ်သည်။ ဖုန်းနံပါတ်ကို မကြည့်ဘဲ ထူးလိုက်ပုံရသည်။ ထို့အတွက် အကွက်ကောင်း ဆိုက်သွားပြီ။

"ကျွန်တော့်ကားမှာ ဒရိုင်ဘာ မရှိလို့ လေဒီဒရိုင်ဘာလေး ငှားချင်လို့ပါ"

"ရှင်"

ပုဇွန်ထုပ်မျက်လုံးသဖွယ် ပြူးထွက်လောက်ပြီ။

"ဘာလဲ...ရေပူစိမ်ပြီး အရမ်းအိပ်လို့ကောင်းနေသလား။ ဦးလေးကြီးအသံတောင် မမှတ်မိတော့ဘူးပေါ့"

ရှာန်ဝင်လာသဖြင့် ညက အိပ်မပျော်ခင် ရှာဖွေထားသမျှ စကားလေးများကို အစွမ်းကုန် သုံးကာ ကလိလိုက်မိလေသည်။

လေဒီဒရိုင်ဘာလေးပေပဲ၊ ဘယ်ခေလိမ့်မလဲ ပြန်လည်ရှေ လာသည်။

"မှတ်မိပါတယ်ရှင်...ဒါနဲ့ ကျွန်မကို ရေပူစမ်းမှာ တွေ့လိုက်ရဲ့ ဘာဖြစ်လို့ လာတွေ့ပြီး ချက်ချင်းမနှုတ်ဆက်တာလဲ"

သူ ရုတ်တရက် ဖြေစရာစကား ရှာမရသေးခင်...

"ဪ..သိပြီ၊ အိမ်က အန်တီကြီးတွေ ပါလာလို့ ထင်တယ် ဟင်း..ဟင်း..ဒီလိုပါပဲ..လူကြီးတွေက"

သိလျက်နှင့် ပြန်ရိနေသော မိန်းကလေးကို ရဲဘုန်းလူက လည်း ပြန်ပြီးမသိချင်ဟန်ဆောင်နေပေးလိုက်သည်၊ သူကလေး တွေ





နပ်စေဖို့အတွက် ဖြစ်သည်။

"ဟုတ်တယ်...အိမ်က အန်တီကြီး(၂)ယောက်တောင် ပါလာတော့ နှုတ်ဆက်ဖို့ ခက်နေတယ်လေ"

"ဟင်း...ဟင်း၊ ဦးလေးကြီးက မလွယ်ပါလား၊ ခဏနော်... မျက်နှာသစ်လိုက်ဦးမယ်၊ ပြီးမှ ပြန်ခေါ်"

အနိုင်နှင့် ပိုင်းသွားပြန်ပြီ။

ရဲဘုန်းလူ Handset အဖုံးကို ပိတ်လိုက်ပြီး ခဏတော့ ငေါင်သွားသည်။

နာမည်ခက်သလောက် လူကလည်း မလွယ်ပါလား။

လုပ်ချင်ရာကို ဖွတ်လုပ်တတ်ပြီး ဇာတ်ရှုပ်များကိုလည်း နင်းတီးတတ်သူ။ သူ့အပေါ် လူစိတ်ဝင်စားအောင် အမြဲလုပ်တတ်သူဟု၊

အင်မတန် နှုတ်လုံသော နန်းကစ်တီစိုးထံမှ ခက်ခက်ခဲခဲ ယမင်း Data(အချက်အလက်)အားလုံးကို ရဲဘုန်းလူ ရရှိလိုက်သဖြင့် သအောင့်ကြာ ဖုန်းပြန်ခေါ်တော့...

လူကြီးမင်းနှင့်သာ သွားတိုးနေလေသည်။

လုပ်ချလိုက်ပြီ...လေဒီဒရိုင်ဘာကတော့။

ကိုင်းကွာဟု ဆိုကာ သူ ဖုန်းကို ကြိုးစားပမ်းစားပင် ခေါ်လိုက်သည်၊ မရသေးပါ။

ထိုအချိန် တိုးအောင်ထံမှ ဖုန်းဝင်လာပြီး...

"မင်းကွာ..တုံးလိုက်တာ၊ ငါ့ယောက္ခမတွေနဲ့ အတူတူ တွေ့ပါတယ်ဆိုကတည်းက ယောက္ခမအိမ်အထိ သွားလိုက်ပေါ့၊ ဒါဆို ဒင်းဘယ်ပြေးမလဲ မိချုံသဲဆိုပြီး ချောင်ပိတ်မိပြီပေါ့"

"အိုခေ...သိုင်းကျူး"



www.burmeseclassic.com

www.burmeseclassic.com

တိုးအောင်၏အကြံကို ဒီတစ်ခါတော့ သူလက်ခံသည်မှ ချက်ချင်းလက်ငင်းပင် ကောက်ခါငင်ကာ ထထွက်ဖို့ လုပ်ပြီးမှ...

"အင်း...အားနာစရာကြီး စောစောစီးစီး"

" တောင်ဖေပါ ဆောင်းရာသီ နံနက်ခင်း စောစောစီးစီး သူတစ်ပါး အိမ်သို့ သွားလည်ရမှာ အလုပ်မဟုတ်သေးပါဘူးလေဟု တွေးပြီး ကော်ဖီဖျော်ထားပြီး ရုံးညစောင့်ကောင်လေး ဂျူတီမထွက်ခင် ဝယ်ပေးသွားသော ရှမ်းခေါက်ဆွဲရေဖျော်နှင့် တို့ဟူးနှစ်ပြန်ကြော်လေးစား၊ ကော်ဖီသောက် စသည်ဖြင့် အချိန်တစ်နာရီ ကြာအောင် ဖြုန်းလိုက်ပြီးမှ တိုးအောင်ယောက္ခမအိမ်သို့ ထွက်ခဲ့လေသည်။

"ဟော..မောင်ရဲဘုန်းလူပါလား၊ စောစောစီးစီး ဘာကိစ္စများ ပေါ်လာလို့လဲ၊ တိုးအောင်တို့ လင်မယားကို ပြန်ခေါ်ပေးရမှာလား"

တိုးအောင်ယောက္ခမ အဖိုးကြီးနှင့် တန်းတိုးနေသည်။

ရှေ့မျက်နှာ နောက်ထားကာ...

"မဟုတ်ပါဘူး အန်ကယ်လ်၊ နန်းကစ်တီစိုးရဲ့သူငယ်ချင်း ရောက်နေတယ်ဆိုလို့ပါ၊ တိုးအောင်တို့ကလည်း ချက်ချင်းရောက် မလာနိုင်သေးတော့ လားရှိုးအနံ့ လိုက်ပို့ပေးချင်လို့ပါ"

"ဟေ...ဟုတ်လား၊ ဒီကလေးမကလည်း ခက်တာပဲ၊ ခုပဲ ရန်ကုန်အိမ်က အမေ နေမကောင်းလို့ ဖုန်းဆက်တယ်ဆိုပြီး Van ကား စင်းလုံးငှားပြီး မနက်လေး ဆင်းသွားပြီ"

"ဗျာ...မနက်လေး ဆင်းသွားတယ်"

ရဲဘုန်းလူ အံ့အားသင့်သွားရာမှ စိုးရိမ်ပူပန်စိတ်က ငယ်ထိပ်သို့ ရောက်ရှိသွားလေသည်။

"ဟုတ်တယ်ကွဲ့...ရရာကားနဲ့ မန္တလေးကနေ ရန်ကုန်ပြန်





ဆင်းမယ်တဲ့"

ရဲဘုန်းလူ ပူပန်စိတ်က တိုး၍သာ လာလေသည်။ သွေးမတော် သားမစပ် ဝင်ရောက်လာသည့် ပူပန်စိတ်သည် မည်သည့်အရာက လှုံ့ဆော်သည်မှန်း ထိုအချိန်က သူ မသိခဲ့။

အရေးထဲ တိုးအောင် ယောက္ခမ နှစ်ဦးလုံးက ထိုင်ခိုင်းပြီး လက်ဖက်ရည်နှင့် ရှမ်းခေါက်ဆွဲ ကျွေးနေလေသည်။

ရဲဘုန်းလူ အားနာပါးနာနှင့်ပင် ငြင်းဆန်ပြီး မထိုင်ဘဲ ခြေလှမ်းသာ ပြင်နေရသည်။

"ကျွန်တော် အခုပဲ ရုံးက ကလေးဝယ်ပေးတာ စားခဲ့လို့ပါ ခင်ဗျာ"

"မတူဘူးကွဲ့...စားစမ်းပါ မောင်ရင်ရာ၊ အန်ကယ်လ်တို့ လူမျိုး တွေက ကျွေးရင် ဟန်မဆောင်ဘဲ အကုန်စားပစ်မှ ကြိုက်တာ၊ ယောကျ်ားပဲကွာ...ဟိုမှာ စားခဲ့တဲ့ တစ်ပန်းကန် နံကြိုနံကြားတောင် ညှပ်မှာမဟုတ်ဘူး၊ လာ...ထိုင်ပါ မောင်ရင်သုံးဆောင်ပါ"

တိုးအောင် ယောက္ခမအထီးက အတင်းထိုင်ခိုင်းသည်။ ယောက္ခမအမကြီးက စားချင်စဖွယ် ဖွယ်ဖွယ်ရာရာတွေ စားပွဲပြည့်နေအောင် တည်ခင်းကျွေးသည်။ ခေါ်ပုတ်ကင်၊ တို့ဟူးခြောက်ကြော်၊ ကောက်ညှင်းပေါင်း၊ ဆိတ်သားခြောက်ဖုတ်နှင့် ခေါင်ဆွဲဆန်ဖစေး၊ လက်ဖက်ရည်ချိုကျစိမ့်လေး၊ ရေနွေးကြမ်းခရားအိုးကလည်း လက်ဖက်ခြောက်နံ့လေး တသင်းသင်းနှင့် စားသောက်ချင်စဖွယ်ပင်။

"ခုခေတ်မိန်းကလေးတွေများ တယ်ခက်တာပဲ၊ ရဲတင်းသွက်လက်တာများ ကျုပ်တို့ခေတ် အဖွားကြီးနဲ့ တစ်ခြားစီပဲ"

"ခေတ်ကလည်း သာယာ၊ လမ်းပန်းဆက်သွယ်ရေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပေသကိုး၊ ဒီတော့ စိတ်ထင်တိုင်း ခရီးပေါက်တာပေါ့၊ မဟုတ်ဘူးလား မောင်ရင်၊ စားစမ်းပါကွာ...လွယ်ပဲကွ...များများသာစား"

"ဟုတ်ကဲ့..."

ရဲဘုန်းလူ ငြင်းဆန်၍မရနိုင်သည့်အဆုံး တူကို ဆွဲကာ ရှမ်းခေါက်ဆွဲကို အားပါးတရ မွှေပြီး ပါးစပ်ထဲကို ထည့်သွင်းလိုက်သည်။

"အား...ဝူး...ဖူး...ဖူး"

ပူလိုက်သည့်ဖြစ်ခြင်း။ ကမန်းကတန်း ရုပ်ပျက်ဆင်းပျက် မဖြစ်အောင် ပန်းကန်ကို အကာအကွယ်ယူပြီး ပါးစပ်မှ ပြန်ထုတ်ကာ ထားလိုက်သည်။ တစ်ကြိမ်နှစ်ကြိမ် မွှေနှောက်ပြီးမှ အနည်းငယ် ညှပ်ကာ မှုတ်ပြီးစားလိုက်ရသည်။

နားထဲသို့ ဝင်ရောက်လာသော တိုးအောင်ယောက္ခမအထီး အသံတွေကလည်း သူ၏စိုးရိမ်ပူပန်စိတ်ကို နှိုးဆွနေလေသည်။

"အညာတုန်းက တို့ ရှမ်းမြောက်လမ်းတွေက ဒီလိုဘယ်ဟုတ်မလဲ၊ စိုင်းဆိုင်မောဝ်သီချင်းလိုပဲ ဆိုးချက်ကွာ၊ လားရှိုး-မန္တလေး ခရီးလမ်း အနည်းဆုံး တစ်ညတော့ ခွရတယ်၊ ဂုတ်တွင်းမှာ လမ်းပိတ်ရင်ပေါ့ကွာ၊ အေးလေ...ဂုတ်တွင်း အတက်အဆင်းလမ်းတွေကလည်း ကြမ်းက ကြမ်းနဲ့"

အဖိုးကြီးစကားကြားရလေလေ ရဲဘုန်းလူဖင်မှာ တကြွကြွ ဖြစ်လာလေလေ ဖြစ်နေသည်။

သူ့လေဒီဒရိုင်ဘာဘေးအတွက် ရတက်ပွေရလေပြီ။

"ဒါနဲ့ မောင်ရင်နဲ့ အဲဒီမိန်းကလေးနဲ့ အရင်ကတည်းက သိသလား"

"ဘာ...ဘယ်သူ..."





အဖိုးကြီး၏အမှတ်တမဲ့ ဝင်ရောက်လာသောမေးခွန်းကြောင့် သူကြောင်သွားသည်။

"ဟိုလေ...ကစ်တီသူငယ်ချင်း... မအေကြီး ဘယ်သူ"

"ခက်ခက်...အင်း...နာမည်ကလည်း ခက်သလို နာမည်မှာလည်း ခက်ပါတော့ ခက်ခက်ပဲ ထားပါတော့၊ သူနဲ့ ပြောတာ"

သူ ရယ်ချင်သလိုပင် ဖြစ်မိသွားသည်။ အဖွားကြီးပြောတာ တုတ်လည်း ဟုတ်နေတာပဲလေ။

"ခက်ခက်နွယ်ယမင်းပါ"

ရှမ်းခေါက်ဆွဲ တစ်ပန်းကန် အေးအောင်စောင့်၊ စားသောက်ပြီး လက်ဖက်ရည်သောက်ကာ စကားစဖြတ်၊ နှုတ်ဆက်ပြန်ထွက်ခဲ့ရလေသည်။

သို့သော် တိုးအောင်၏ယောက္ခမနစ်ဦး စကားရေလျဉ်ကြောကို ဖြတ်တောက်၊ ကျွေးမွေးသည်ကို ကျေနပ်အောင် စားပေးရသည်နှင့် မကြာဘူးဆိုတာတောင် တစ်နာရီခန့်တော့ ကြာသွားလေသည်။

"သား မောင်တိုးအောင်ကို ဒီရုံးမှာ ထားပေးလိုက်တဲ့အတွက် အန်ကယ်လ်တို့က ကျေးဇူးတင်နေတာ"

"ရပါတယ်ခင်ဗျာ...သူလည်း အကျိုးရှိ၊ ကျွန်တော်လည်း အကျိုးရှိ ဖြစ်သွားတာပေါ့ခင်ဗျာ၊ ခွင့်ပြုပါဦး အန်ကယ်နဲ့ အန်တီ"

"အေးကွယ်"

"အေး...မောင်ရင် ရန်ကုန်မဆင်းခင်တော့ အန်ကယ်တို့ ဆောင်းကောင်းပြုစုဦးမှာပါကွာ"

"ကျေးဇူးတင်ပါတယ်...ခွင့်ပြုပါခင်ဗျာ"

ရဲဘုန်းလူ နောက်တစ်ချီ ခွင့်တောင်းပြီး တစ်ချိုးတည်း လစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

သူ့ကားပေါ် ရောက်သည်နှင့် လျှပ်တပြက် စဉ်းစားလိုက်သည်။

လေဒီဒရိုင်ဘာနောက်ကို လိုက်သင့်မလိုက်သင့်။

ရုံးကိစ္စတွေက ရှိနေသည်။ သူ့ရုံးချိန်ပြင်ပ လုပ်မည်။

အရေးကြီးသည်က တောင်တက်တောင်ဆင်းကွေ့တွေနဲ့ ခေ မိုင်ပေါင်းရှည်သော နေရာစိမ်း ဒေသစိမ်းမှာ မိန်းမချော မိန်းမလှလေး တစ်ယောက်တည်း။

ရဲဘုန်းလူရင်ထဲ ပူလောင်ပါဘိ။

ဘာပဲဖြစ်ဖြစ် လိုက်သွားတော့မည်။

လားရှိုး-မန္တလေး အဝေးပြေးလမ်းမပေါ်သို့ သူ့ကားလေး ရောက်ရှိသွားလေတော့သည်။ သို့သော် သူ လမ်းမကျွမ်း နယ်မြေ မကျွမ်းသည်ကို သတိရပြီး ရုံးဘက်သို့ ပြန်လှည့်လိုက်သည်။







## အခန်း(၂၂)

ခက်ခက်နွယ်ယမင်း...။

ဟိုလူကြီးဆီက ဖုန်းလာသည်နှင့် စကားစ ဖြတ်ပြီး ကစ်တီကို တ်ဆိုးဆိုးနှင့် ခေါ်လိုက်သည်။

"ကြောင်မ...နင်နတ်မ ှသုံဘူး"

"မဟုတ်ဘူးဟ...ဒီလို × × ×"

မနေ့ညနေက ရေပူစမ်းတွင် ကစ်တီမိခင်၊ အဒေါ်နှင့် သူ့ကို ွလိုက်ရသော ရဲဘုန်းလူက တိုးအောင်ဆီကို ချက်ချင်းဖုန်းဆက် ာ မေးသည်တဲ့။ တိုးအောင်က သူ့ကို တပြန် အစ်အောက်ကာ လှည့် ဆ်မေးတော့ ရဲဘုန်းလူ လေဒီဒရိုင်ဘာလေး၏ညက်နက်တို့ကို ိသွားရလေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူ့မှာမှ အပြစ်မရှိ။

အပြစ်ရှိသူက ဇာတ်လမ်းထွင်သူ မိမိပေပဲပေါ့။

တယ်လီဖုန်းဆက်၍ ဝေဒနာပေးပုံ။

ပဟေဠိနှင့် ကစားခဲ့ပုံ။

စသည်တို့ကို ဦးလေးကြီး၊ ဟိုဦးလေးကြီး (ရဲဘုန်းလူ) သိသွားပြီဆိုတော့။

ရှက်စရာပေါ့...။

အမှတ်တမဲ့ ဆုံစည်းမှု၏ ရင်ခုန်စရာ၊ ပျော်ရွှင်ကြည်နူးစရာဆိုတာ ဘာမှမရှိတော့ဘဲ ကိုယ့်အကြောင်း သိနေသူ၏စိတ်ထဲ ကြိတ်ကာ လှောင်ပြောင်နေမှုကို သူခံစားရမည်ပေါ့။

ဟွန်း...မရ။

ရင်ခုန်စရာမကောင်းသော တွေ့ဆုံမှုကို မလိုချင်တော့သဖြင့်

ခက်ခက်နွယ်ယမင်း ဉာဏ်ဆင်ကာ နန်းကစ်တီစိုး၏မိဘများနှင့် အန်တီနန်းကို ခွင့်တောင်းပြီး ချက်ချင်းပင် မန္တလေးသို့ ဆင်းခဲ့လေသည်။

"မာတာမိခင် ကျေးဇူးရှင် မာမီရေ...နေမကောင်းဘူးလို့ လိမ်ညာမိတဲ့အတွက် ခွင့်လွှတ်ပါ၊ မာမီကော ဒယ်ဒီကော နေကောင်းပါစေ"

လားရှိုးမြေမှ ချက်ချင်းခွာခဲ့လိုက်သည်။

"ရဲဘုန်းလူဆိုတဲ့ လူကြီးရေ...ရှင်ကြီးနဲ့ မဆုံချင်သေးဘူး—ရှက်တယ်"

ကစ်တီမိဘတွေက 'လက်ဖက်ခြောက်၊ စို၊ ခေါ်ပုတ်၊ တို့ဖူးခြောက်တို့ ထည့်ပေးနေသဖြင့် အဝတ်ထည့်ထားသော ခရီးဆောင်



အိတ်အပြင် မြွေအရေခွံ ပလတ်စတစ်အိတ်တစ်လုံးက လက်ဆောင်တွေအပြည့်နှင့် အပိုပါလာသေး။

အင်းလေ...စေတနာကိုမှ ငြင်းပယ်လို့မကောင်းတာ။

ကစ်တီမိဘတွေက မပြန်စေချင်၊ လေယာဉ်လက်မှတ် ရမှပြန်စေချင်သည်။

သို့သော် ခက်ခက်နွယ်ယမင်း၏ပင်ကိုယ်သဘာဝကိုက လုပ်ချင်ပြီဆို တားမရ။ လူကြီးများကို ဖွတ်ပင် တောင်းပန်ရှိခိုးပြီး စီစဉ်ပေးလိုက်သော (Van)ကားနှင့် ပြန်ချလာခဲ့လိုက်လေသည်။

ဘာပဲဖြစ်ဖြစ် ရဲဘုန်းလူကို မျက်ခြည်ဖြတ်နိုင်ဖို့ပဲ ဖြစ်သည်။

ကားဆရာက အသက်ခပ်ကြီးကြီး စကားသိပ်မပြော။ ကွမ်းကိုသာ မြုံ့နေသော်လည်း သူသိလို၍ မေးသမျှကို ဗဟုသုတကြွယ်ကြွယ်ဝဝ ဖြေနိုင်သူဖြစ်သည်။

"ကျောက်မဲမှာ ထမင်းစားမလား မိန်းကလေး၊ နှင်းတောင်...န်းဆိုင်က စားကောင်းတယ် ကျယ်ဝန်းတယ်"

အချိန်က (၁၂)နာရီကျော်ကျော် ရှိနေပြီမို့ သူသဘောတူလိုက်သည်။

"ကောင်းသားပဲ ဦးလေး"

ဒီတစ်ချီတွင်လည်း သူဆုံးဖြတ်ချက် မှားသွားကြောင်းကို သိလိုက်ရပြန်သည်။

သူ၏လျှို့ဝှက်ချက်ကြီးတစ်ခု ထပ်မံပေါ်ပေါက်လာပြန်လေသည်။

ထမင်းစားနေစဉ် သူ့အနီးသို့ လူတစ်ယောက် ကပ်လာသည်။

နေရာလွတ် မရှိသဖြင့် လာထိုင်ဖို့ပဲ ဖြစ်လိမ့်မည်ဟု ထင်


www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သို့ပေမင့် ထိုလူက သူ့အား စေ့စေ့ကြည့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်လာသောအခါ ခက်ခက်နွယ်ယမင်း လန့်ဖြန့်သွားလေသည်။

"မေနှီးဝါးလ်"

"ရှင်..."

သူ့နားထဲတွင် အကျယ်မြုံးတစ်လုံး ပေါက်ကွဲသကဲ့သို့ ဖြစ်သွားလေသည်။

ဘယ်လိုမှ မျှော်လင့်မထားသော ပုဂ္ဂိုလ်။

ကစ်တီ၏သတိုးသားလောင်းအဖြစ် လျာထားခြင်း ခံရသူကြီး

ဒေါက်တာ စစ်ဝဏ္ဏဟန်။

သူ့ရှေ့တွင် အရှင်လတ်လတ်ကြီး ဘွားကနဲ ပေါ်လာ သည်။

"ဝမ်းသာလိုက်တာ မေနှီးဝါးလ်ရယ်၊ ကိုယ်ထိုင်မယ်နော်"

ကိုယ်တော်ချောက ကိုယ့်ကိုယ်ကို မိတ်ဆက်ရင်း လာ သည်။ ခက်ခက်နွယ်ယမင်း စိတ်ညစ်သွားသည်။ လျှပ်တစ်ပြက် အ ဉာဏ်များကလည်း ဘယ်ဆီ ရောက်နေသည်မသိ။

"ရှင်...ဘယ်သူ့ကို ပြောတာလဲ"

တတ်နိုင်သလောက်တော့ အကြောင်းရိုက်ကာ ရုန်း ကြည့်မည်။

"ဟာ...သွားပါပြီ၊ ဒီစားပွဲမှာ မင်းတစ်ယောက်တည်း ရှိတာ ကို မပြောလို့ ဘယ်သူ့ကို ပြောရမှာလဲ မေနှီးဝါးလ်ရယ်"

ကိုယ့်ဇာတ်လမ်းနှင့်ကိုယ်မို့ ရယ်ချင်စိတ်ကို မနည်းပြီး လိုက်ရသည်။





ပေါက်တဲ့နဖူး မထူးတော့ပါဘူး။ အခြေအနေအရ မီးစင်ကြည့် ရတော့မှာပဲ။ ထို့အပြင် ဒေါက်တာစစ်ဝဏ္ဏဟန် ရုပ်က e-mail ထဲမှာ တဲ့ အပြင်မှာ ပို၍ကြည့်ကောင်းကာ ခန့်ငြားနေလေသည်။ လူကြီး ကောင်းပုံစံလည်း ပေါက်သည်။ အသားဖြူဝင်း အရပ်အမောင်း ည်း ကောင်းကာ ဥပမိရုပ်ကောင်းသူ ဖြစ်လေသည်။

"ဟုတ်တယ်လေ...ဒါပေမယ့် ရှင်က ဒေါက်တာစစ်ဝဏ္ဏဟန် တာ သေချာပါတယ်နော်"

"သေချာပါတယ်ဗျာ...ခု မေနှီးဝါးလ် ဘယ်ကို လာတာလဲ၊ အိမ် ို လိုက်လည်ပါလား၊ မယ်မယ်တို့က အရမ်းတွေ့ချင်နေတာ"

ခက်ခက်နွယ်ယမင်း၏သမင်ပျိုမျက်လုံးလေး ဝိုင်းဝိုင်းလည် သွားရပြန်သည်။

စိတ်ထဲ ကစ်တီကို ကျိန်ဆဲနေမိသည်။

ကြည့်စမ်း ကြောင်မစုတ်။ Online ပေါ်မှာ ဘာတွေ လေဖမ်း ထားသလဲ မသိ။ သို့သော် မတတ်နိုင်၊ မြန်မာပြည် လူဦးရေ သန်း ၅၀)နီးပါးတွင် လိပ်စာလည်း မမှန်၊ နာမည်ရင်းလည်း မဟုတ်သော ကလေးတစ်ဦးအနေနဲ့ အင်တာနက်ထဲ ပြောချင်ရာ ပြောပေတော့ သူ့ခွင့်ပြုခဲ့မိသည်ကိုး။ ဒါလည်း သူ့မှာဟာအများပေပဲ။

"ဘယ်လိုလဲကွယ်...အပြင်မှာတော့ သူစိမ်းတွေလိုပါပဲလား"

"ဒါကတော့ရှင်"

"နီး...နီး...ကိုယ်နားလည်ပါတယ်၊ မိန်းကလေးဆိုတာ ဣန္ဒြေရှိ ယ်လေ၊ ဒါကို ကိုယ်ပိုကြိုက်ပါတယ်၊ ကိုယ်ကတော့ မင်းအတွက် ခဲ့လိုက်ရတာတွေကို မင်းကလေး မသိပါဘူး"

ခက်ခက်နွယ်ယမင်း စိတ်ထဲ ရယ်ချင်သွားသည်။ မိဆင်



www.burmeseclassic.com

www.burmeseclassic.com

ထားသည့်ဇာတ်ကို မိမိမသိဘူးအထင်နှင့် ပြောနေတာ ရယ်ပွဲဖွဲ့ရ
စရာပေါ့။ သို့သော် အခြေအနေနဲ့ အချိန်အခါအရ ရယ်ချင်စိတ်
မြှသိပ်ကာ...

"ကျွန်မ မန္တလေးကို မမှောင်ခင် ဆင်းရမှာမို့ ခွင့်ပြုပါဦး"

"နေပါဦး နီးရယ်...အိမ်လိုက်လည်ပါ၊ မန္တလေးကို မိုးမချုပ်
ရပါဘူး၊ ပြီးအောင် စားပါ"

သွားပြီ...ပြဿနာတွေ။ ထမင်းဘယ်လိုလုပ် မြိုကျတော့
လဲ။ သို့သော် အကြံကောင်း ယူဖို့တော့ ထမင်းကို ဝါးရင်း အချိန်ဆွဲ
လိုက်သည်။

ဒေါက်တာစစ်ဝဏ္ဏဟန်ကလည်း...

"Onlineပေါ်မှာ မင်းကလေးကိုယ့် e-mail လိပ်စာ ဝင်လာပြီး
မိတ်ဆက်တော့ ကိုယ်အရမ်းအံ့ဩတုန်လှုပ်သွားတယ်လေ"

"ဏာဘူး" ဟု စိတ်ထဲ ရေရွတ်လိုက်သော်လည်း နှုတ်က
မထိတထိ ကျီစယ်လိုက်မိသည်။

"ဩော်...ဟုတ်လား၊ ကျွန်မက ဒီလောက်တောင် ဆွဲဆောင်
ရှိလို့လား"

"ဒီထက်ပိုတယ်...ဒီထက်ပိုတာပေါ့ဗျာ"

စစ်ဝဏ္ဏဟန်အသံ Tone မြင့်သွားသဖြင့် ခက်ခက်နွယ်
ယမင်း ဘေးဘီဝဲယာသို့ ကြည့်လိုက်သည်။

"ဆောရီးကွာ...ကိုယ်ဝမ်းသာလွန်းလို့ပါ နီးရယ်"

ထိုစဉ် ကယ်တင်ရှင် ရောက်လာသည်။ ကားဆရာကြီး ဖြ
သည်။

"မိန်းကလေး...အံသိတွေ့နေတာကို၊ အေးအေးဆေး





ပြောပါ၊ ဦးလေး ကားပေါ်ကပဲ စောင့်နေတော့မယ်"

"ဟာ...မဟုတ်..."

ခက်ခက်နွယ်ယမင်း ပါးစပ်ဟလိုက်ပေမယ့် ဆက်ပြောချိန်
ရလိုက်။ စစ်ဝဏ္ဏဟန်ကပင် ဝင်ပြောလိုက်သည်။

"ဦးလေး သွားနှင့်ပါ၊ ကျုန်တဲ့ခရီးသည်တွေ အားနာဖို့ ကောင်း
ပါတယ်၊ မိန်းကလေးပစ္စည်းတွေသာ ချထားပေးပါ၊ သူ့လိုရာခရီး
ကျွန်တော်ရောက်အောင် ပို့ဆောင်ပေးလိုက်ပါ့မယ်"

ကားဆရာကြီး ရုတ်တရက် ကြောင်သွားသည်။

"မဟုတ်သေးပါဘူး ငါ့တူ၊ ခရီးသည်က သူတစ်ယောက်
တည်း စင်းလုံးငှားလာတာ"

"ဗျာ..."

စစ်ဝဏ္ဏဟန် အိုးတိုးအန်းတန်းနှင့် ကြောင်တောင်တောင် ဖြစ်
သွားစဉ်မှာပင်...

"ဟုတ်ပါတယ်...ကျွန်မ အရေးတကြီးကိစ္စလေး ရှိလို့ ခွင့်ပြုပါ
ဦး နောက်များမှ Online ပေါ် ဆက်တွေ့ကြတာပေါ့နော်"

ခက်ခက်နွယ်ယမင်း လှုအုပ်ကြားထဲမို့ ရော့ရော့မော့မော့
လေး ပြောလိုက်ရသည်။ စိတ်ထဲမှာတော့ တစ်ဖေ့လေးမှ မကျေနပ်။

ဟွန်း...သူ့နယ်မှာမို့လို့၊ ရန်ကုန်မှာသာဆို ဒင်းကို ချာလပတ်
ရမ်းသွားအောင်ကို လုပ်ပစ်လိုက်မယ်။

"ဒီလိုလုပ်ပါလား...နီး၊ ကိုယ့်အိမ် ခဏလိုက်လည်လေ၊
ဦးလေးက ဒီမှာပဲ စောင့်နေပေါ့"

စစ်ဝဏ္ဏဟန်၏ဇွတ်တရွတ်နိုင်သောစိတ်ကို အင်္ဂါရပ်ချမ်း
သာနှင့် တိုက်ကြည့်ပြီးကတည်းက သဘောပေါက်ပြီးသားမို့ အခြေ



www.burmeseclassic.com

www.burmeseclassic.com

အနေကို မီးစင်ကြည့်ကရန် ဆုံးဖြတ်လိုက်သည်။ သူ့ ကျေနပ်မှုလေး အနည်းငယ် ပေးပြီးမှ ရှန်းထွက်ပြေးရန်ဖြစ်သည်။

"ရပါတယ်ရှင်...ကိုဝဏ္ဏဟန် ဒီလောက်တောင် ဖိတ်ခေါ်နေမှ တော့ လည်ရမှာပေါ့၊ ဒါပေမယ့် ကျွန်မ ဒီကားနဲ့ပဲ လိုက်မယ်၊ ကိုဝဏ္ဏ ဟန်ကားက ရှေ့က မောင်းပါ"

ဒါတောင် ဝဏ္ဏဟန်က ဈေးဆစ်နေသည်။

"နီး...ကိုယ်နဲ့ပဲ လိုက်ခဲ့ပါလားကွာ...စကားပြောရင်းပေါ့"

"ရပါတယ်ရှင်"

သို့သော် ကားဆရာကြီး၏အလိုက်ကန်းဆိုးမသိ ဝင်ပြော လိုက်မှုကြောင့် ခက်ခက်နွယ်ယမင်းပါးစပ် အော်တိုမက်တစ် ပိတ်သွား ကာ စစ်ဝဏ္ဏဟန်၏လင့်ခရူဆာကားတံခါး ဖွင့်ပေးထားရာထဲ ဝင်ထိုင် လိုက်ရလေသည်။ ကားဆရာကြီးစကားကလည်း ကြည့်ပါဦး။

"စိတ်ချလက်ချသာ လိုက်သွားပါ မိန်းကလေး၊ ကျုပ် ဘယ်မှ ထွက်မပြေးဘူး၊ မင်းတို့ကားနောက်က ထပ်ချပ်မကွာ လိုက်ခဲ့မယ်" ဟူ၍ ဖြစ်သည်။







# အခန်း(၂၃)

ကျောက်မဲမြို့သည် မန္တလေး–လားရှိုးလမ်းမ၏ဘေးတွင် ရှိ သဖြင့် ကားဖြင့် (၅)မိနစ်ခန့် မောင်းလိုက်သည်နှင့် မြို့တွင်းသို့ ရောက် ဘာသည်၊ ယခင် စော်ဘွားများ အခြေချရာ မြို့တစ်မြို့ ဖြစ်သဖြင့် တော်အသင့် စည်ကားသော မြို့တစ်မြို့ဖြစ်သည်။

"ကိုယ့်အဖေနဲ့ အမေက သဘောကောင်းပါတယ်၊ နီးကို မြင်ရင် သဘောကျမှာပါ"

ကစ်တီကြောင်မစုတ်က ဘာတွေ စကားလွှန်ထားသည် မသိ တော်ခက်နွယ်ယမင်း စကားကို အလွတ်မပြောရဲသေး၊ နောက်ကား ဝါကို ကြည့်ရင်းလည်း လာရသေးသည်။

"ဒေါက်တာမိဘတွေက ကျွန်မကို သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အရိပ်အမြွက်တော့ ကိုယ်ပြောပြဖူးတယ်"

"ဘုရားရေ..."

ခက်ခက်နွယ်ယမင်း မတုန်လှုပ်စဖူး တုန်လှုပ်စ ပြုနေလေပြီ။ ကယ်တင်ရှင်ကိုတော့ ရှာထားမှဖြစ်မည်။ မိုးပြိုခဲ့သည် ရှိသော် ဟူသော အတွေးက ဝင်လာပြီကိုး။

ပါဝါပိတ်ထားသော G.S.M ကို ဖွင့်လိုက်သည်၊ ကျောက်မဲတွင်လည်း G.S.M Station ရှိနေသဖြင့် သူကံကောင်းသွားသည်။ လိုင်းအပြည့် မိနေသည်။

"ဘယ်ကိုဆက်မလို့လဲ၊ ကိုယ်တို့ ကျောက်မဲလည်း G.S.M ဧရိယာထဲမှာ ပါနေပြီ...ဆက်လို့ရပါတယ်၊ ကိုယ့်ဖုန်းနဲ့ ဆက်လဲ ရတယ်နော်"

အရေးထဲ ကြွားနေပြန်ပြီ။ ခက်ခက်နွယ်ယမင်း တုံ့ပြန်မပြောဘဲ ကစ်တီထံသို့ Message ပို့လိုက်သည်၊

"ကစ်တီ...ငါ ကျောက်မဲမှာ နင့်ဒေါက်တာကြီးနဲ့ တွေ့နေတယ်...ကယ်ပါဦး" ဟူ၍ ပို့ပြီး ဖုန်းကို အသာအယာပင် လက်ပွေ့အိတ်ထဲသို့ ထည့်ထားလိုက်သည်။

မကြာမီ ကားက ခန့်ညားကျယ်ဝန်းသော ခြံကြီးတစ်ခုထဲ ချိုးဝင်လိုက်လေသည်။ အငှားကားကို သမင်လည်ပြန် ငဲ့ကြည့်တော့ နောက်မှ ထပ်ချပ်မခွာ လိုက်လာသဖြင့် သက်ပြင်းချလိုက်မိသည်။

"ကိုယ်တို့အိမ်ပဲ နိုး"

"ကွေ့ဝင်ကတည်းက သိပါတယ်" ဟု နှုတ်က ဘုတောလိုက်ချင်သော်လည်း ကိုယ့်နယ်မြေ မဟုတ်သဖြင့် ကြောင်လက်သဲ ရှသကဲ့သို့ ကျင့်ကြံနေထိုင်လိုက်သည်။





စစ်ဝဏ္ဏဟန်၏မိဘနှစ်ပါး ထွက်လာသည်။ ညှို့ခန်းက ကျယ်ဝန်းသလို ရှေးကျသော ပရိဘောဂများနှင့်ပင် တခမ်းတနား ဖွဲ့စည်းထားသည်၊

စစ်ဝဏ္ဏဟန်က မိဘများကို ရှမ်းစကားတစ်ခွန်းနှစ်ခွန်း ပြောကာ မိတ်ဆက်ပေးလိုက်သည်နှင့် အဖိုးကြီး၊ အဘွားကြီး လင်မယားမှာ မျက်လုံးများ ဝင်းလက်တောက်ပြောင်လာသလို...

"လှလိုက်တဲ့ မိန်းကလေး၊ လာပါ...ထိုင်ပါ၊ လွတ်လွတ်လပ်လပ် နေပါ"

တော်ပါသေးရဲ့...မြန်မာစကားကို ဝဲတဲတဲနှင့် ပြောဖော်ရ၍။

"ဟုတ်ကဲ့ပါရှင်...တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မလည်း ခုလို ကိုဝဏ္ဏဟန်နဲ့ ရုတ်တရက်ကြီး တွေ့မယ်မထင်ဘဲ တွေ့လိုက်ရတာမို့ ကြိုအကြောင်းမကြားနိုင်တာ ခွင့်လွှတ်ပါရှင်"

အလွန်ယဉ်ကျေးစွာ စကားဆိုပြီး ကျွန်းကနုတ် ဆက်တီကြီးပေါ်တွင် ခပ်ရို့ရို့လေး ဝင်ထိုင်လိုက်လေတော့သည်။

ရိုးသားသော အဖိုးကြီး၊ အဖွားကြီးမှာ ပျူငှာဖော်ရွေလွန်းလှလေသည်။

မရိုးသားခဲ့သော ခက်ခက်နွယ်ယမင်းမှာ အားနာလွန်းသဖြင့် အထိုက်အလျောက် ယဉ်ကျေးစွာ ဆက်ဆံနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်...

ပျားရည်ဆမ်းခရီးတွင် ဇိမ်ကျနေသော စုံတွဲမှာ လားရှိုးမှ ဖုန်းဝင်လာပြီး...

"ခက်ခက် သူ့အမေ နေမကောင်းလို့ ရုတ်တရက် ကားစင်းလုံးငှားပြီး မန္တလေးကို ဆင်းသွားတယ်"

ဟူသော သတင်းစကား ကြားရကတည်းက သို့လောသို့လော ဖြစ်ပြီး ခက်ခက်ဖုန်းကို ခေါ်ကြည့်တော့လည်း ပိတ်ထားသည်နှင့် တိုးနေသည်။

ယခု မွန်းလွဲကျော်တော့ သူ့ G.S.M ထဲ Message ဝင်လာသဖြင့် လင်မယားနှစ်ယောက် ဖတ်လိုက်တော့...

မျက်လုံးပြူးကုန်သည်။

"ဘယ်လိုလဲ စိုး၊ ဘယ်က ဒေါက်တာလဲ၊ ဟိုလူကို ပြောတာလား၊ ခက်ခက်နဲ့ ဘာဆိုင်လို့လဲ"

ကစ်တီ လိမ်ညာနေ၍မဖြစ်တော့။ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်သည်။

ဒါရိုက်တာမကြီး မိခက် ကိုယ့်ရှူးကိုယ်ပြန်ပတ်နေသည့် အဖြစ်ကြုံနေရပြီ။





မေနီးဝါးလ်ဟူသော ဇာတ်ကောင်တစ်ဦးကို online ပေါ်တင်မိသည့် ပြဿနာကို ကုန်စင်အောင် ရှင်းပြလိုက်လေသည်။

"ဟာ...ဒါဆိုရင် တရားခံထဲ ကိုယ်တို့ပါ ပါနေပြီပေါ့"

"ဟုတ်တယ်"

"ကျောက်မဲကို လိုက်သွားရင် ကောင်းမလား စိုး"

"မကောင်းဘူး ထင်တယ် ကိုကို၊ တော်ကြာ ဒေါက်တာကြီး ရှက်ရမ်းရမ်းသွားရင် ခက်မယ်"

နန်းကစ်တီစိုး ဆံပင်ကို ကုတ်ရင်း ကြံရာမရသလို ညည်းတွားလိုက်သည်။

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲ ကိုကိုရယ်၊ စိုးတော့ သေသာ သေချင်တော့တာပဲ"

"ကျောက်မဲကို ဖုန်းဆက်ကြည့်လိုက်ပါလား၊ G.S.M ဖုန်းလိုင်းရှိသလား"

"အင်း...ရှိတယ်၊ ဆင်ပြီးတာ မကြာသေးဘူး"

"ဒါဆို ဆက်လိုက်လေ စိုးရယ်"

"အင်း...အင်း"

နန်းကစ်တီစိုး ဖုန်းလေးနှင့် အလုပ်ရှုပ်သွားသည်။ Hotel အခန်းတွင်း လိုင်းမမိသဖြင့် အပြင်ထွက်ပြောရသည်။

"ကစ်တီ.."

"မိခက်ရယ်...စိတ်ပူလိုက်ရတာ၊ အခု ဘယ်ရောက်နေသလဲ"

"ကျောက်မဲက ကိုဝဏ္ဏဟန် မိဘတွေအိမ်မှာ စကားပြောနေတာ"

"အိုကေရဲ့လား..."



www.burmeseclassic.com

www.burmeseclassic.com

"လူကြီးမိဘတွေက သဘောကောင်းကြပါတယ်၊ တအောင့်နေရင် ငါ မန္တလေး ဆင်းတော့မှာ၊ ဒါပေမယ့် ဒီမှာ တားနေကြတယ်လေ"

"အမလေးလေး...နင်မနေလိုက်ပါနဲ့နော်"

"အင်းပါ...ငါသိပါတယ်၊ ဒါပဲနော်...လူကြီးတွေနဲ့ စကားပြောနေရာက ခွင့်တောင်းပြီး ဆက်ရတာ၊ နောက်မှ ပြန်ဆက်မယ်၊ ဘာမှမပူနဲ့တော့"

ခက်ခက်ဆီမှ ဖုန်းပိတ်သွားလေသည်။

"ကျွတ်...စကားတောင် မဆုံးသေးဘူး"

"အခြေအနေ ကောင်းနေပုံပဲ၊ ဒါဆို ကိုယ်တို့ ရဲကြီးတော့ ဆွေးတော့မှာပဲ"

"မဟုတ်ပါဘူး...အခြေအနေကို မီးစင်ကြည့်ကနေပုံရတယ်၊ ဟိုလူကြီးအိမ်ကို ရောက်နေတယ်တဲ့၊ ဘာမှမပူနဲ့တော့ ပြောတာပဲ၊ ဒါပေမယ့် ဒီကောင်မစုတ် မိခက်က ဘာမှ အကြောင်းအလန့် ရှိတာမဟုတ်တော့ စိုးရိမ်မိတာ၊ စိုးသာဆို သူ့နေရာဆို ရှောင်ရသွားမလားပဲ"

"ဩော်...စိုးရယ်၊ ဒီလောက်တောင် စိတ်ပျော့ရသလား"

တိုးအောင်က စိတ်ပျော့ပြီး နူးညံ့လွန်းသူ ချစ်ဇနီးချောလေး၏ နဖူးမှ ဆံနွယ်စများကို သပ်တင်ပေးရင်း နှစ်သိမ့်အနမ်းလေးတစ်ပွင့် ခြွေလိုက်သေးသည်။

"ကိုကို့သူငယ်ချင်းကြီးတော့ ကျန်ရစ်မဖြစ်တန်ပါဘူးနော်၊ ဒီကောင့်ရင်ထဲ ထူးထူးခြားခြား ဝင်ရောက်လာတဲ့ လေဒီဒရိုင်ဘာလေးသာ ပျောက်ဆုံးသွားရင်..."

"အို...ကိုကိုကလည်း၊ မိခက်က ဘာဖြစ်လို့ ပျောက်ဆုံးရမှာလဲ"





"စကားအဖြစ် ပြောတာပါ၊ ခက်ခက်ကသာ ဒေါက်တာကြီးနောက် ပါသွားရင် ရဲကြီးတော့ အူနဂေါ်ဇီလာ ကိုက်ပြီ"

"အူနကျွဲခတ်ပါ ကိုကိုရယ်...ဟင်း...ဟင်း"

"သိပါတယ် စိုးရဲ့၊ ကျွဲက နည်းနည်းငယ်နေလို့ ဂေါ်ဇီလာနဲ့ တိုက်ခိုင်းလိုက်တာ၊ သိရခက်တဲ့ ရဲကြီးလည်း အသည်းအသန် ဖြစ်နေပြီထင်တယ်၊ ဖုန်းဆက်လိုက်ရင် ကောင်းမလား၊ ကျောက်မဲက ဟိုလူ့လိပ်စာ စိုး သိတယ်မဟုတ်လား"

နန်းကစ်တီစိုး စဉ်းစားရပြီ။ တွေးတွေးဆဆနှင့်...

"ဒီလိုရှိတယ်လေ ကိုကို"

"အင်း...ဘယ်လိုလဲ ပြောပါဦး စိုး"

"မိခက်ရဲ့ အခု သိရသလောက် အခြေအနေက ရှန်းသာ ခွက်သာ ရှိသေးတယ်၊ ကိုကို့သူငယ်ချင်း လိုက်သွားမှ ပိုရှုပ်ကုန်မယ်၊ သူတို့(၂)ယောက်က ဘာမှ ပတ်သက်သေးတာ မဟုတ်သေးဘူးလေ၊ ခုလည်း ကိုရဲဘုန်းလူက မဆင်မခြင် ကလိလိုက်လို့၊ မိခက်က ရှက်ပြေးပြေးရင်း ဒေါက်တာကြီးနဲ့ ခလုတ်တိုက်မိတာလေ"

"ဒီလိုတော့လည်း ငါ့မိန်းမလေးက အတော်သား"

တိုးအောင် ကစ်တီပါးနနကို ဖွဖွဆွဲ၍ အလိမ်၌ ဖုန်းသံ ထပ်မြည်လာသည်။

တိုးအောင်၏ဖုန်းဖြစ်နေသဖြင့် တိုးအောင် ဖုန်းအဖုံး ဖွင့်လိုက်သည်၊ သို့သော် အဖုံးမဖွင့်မီ ဇနီးချောလေးကို အစီရင်ခံပြီး ခွင့်ပြုချက်တောင်းခံရသေးသည်။

"ဟိုကောင်ကြီး ဖုန်းပဲ...ကိုကို ဘာပြောလိုက်ရမလဲ စိုး"

"အင်း...အဆက်အသွယ် မရသေးဘူးလို့သာ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ဘူးထင်တယ်...တော်ကြာ ဘသားချောက ရန်ကုန်အထိ လိုက်သွားလို့ ပြဿနာတွေ ပိုကြီးထွားလာမယ်"

"အဲ့ဖြင့် ကျောက်မဲရောက်နေတယ်၊ ဘာမှ သတင်းထပ်မရသေးဘူးလို့သာ ဖြေလိုက်ပါ ကိုကိုရာ"

ကစ်တီ စိတ်ရှုပ်ထွေးစွာဖြင့် ပြောလိုက်သည်။ ချစ်သူငယ်ချင်းဆတ်ဆတ်ကြဲလေးအတွက် ရင်တွေ ပူလှပြီ။

တိုးအောင်ကလည်း ဇနီးချော အမိန့်တော်အတိုင်း ရဲဘုန်းလူကို အစီရင်ခံသည်။ ဖုန်းပြောအပြီးတွင် ကစ်တီ သိလိုဇောနှင့်...

"ဘာတဲ့လဲ ကိုကို"

"သူ ကျောက်မဲလိုက်သွားမယ်တဲ့"

"မလွယ်ပါလားနော်...ကိုကို့သူငယ်ချင်းက ဇွတ်ကြီးပါလား"

"အနုဿယကိဇလသာ ဆိုတာ ဒီအတိုင်းပဲ၊ မထ,မထနဲ့ ထကြွလာရင် တယ်ကြောက်စရာကောင်းတယ်ကိုး ဒကာမလေးရဲ့"

တိုးအောင်က ဘုန်းကြီးလေသံနှင့် နောက်ပြောင်ကျီစယ်လိုက်တော့ ကစ်တီက ပေါင်တွင်းကြော ဆွဲလိမ်ကာ...

"ကိုကိုတို့ သူငယ်ချင်းတွေက ဒီအတိုင်းပဲလား"

"အားလားလား...နာတယ်၊ ကိုကိုက သူ့လို မဟုတ်ဘူး—ကြောင်..."

ပြောပြောဆိုဆိုနှင့် သူ့အား ထုရိုက်ရန် ကြိုးပမ်းလိုက်သော ကစ်တီ၏လက်ကလေးများကို ထိန်းချုပ်ပြီး ကိုယ်လုံးလေးကို ရင်ခွင်ထဲသို့ အားပါးတရ သိမ်းကြုံးဖက်လိုက်ပြီးသည့်နောက်တွင်တော့...။







## အခန်း(၂၄)

မုဆိုးပိုက်ကွန်ထဲ မိနေသော သမင်ပျိုနယ် လှုပ်လေငြိလေ ...ဘစိုးသဖြင့် ခက်ခက်ခွယ်ယမင်း အကြံထုတ်ရင်း စကားကို အလိုက် ...် ပြောနေရသည်။

"ဒီမြို့က လူတွေရဲ့အဓိကလုပ်ငန်းကတော့ လက်ဖက်လုပ်ငန်း ...နယ်တစ်ဝိုက်မှာ လက်ဖက်စိုက်ခင်းတွေဆို သိပ်လှတာပဲ၊ ကိုယ်တို့ ...သွားပိုင် လက်ဖက်ခင်းတွေဆို လက်ညှိုးထိုးမလွဲဘူး"

"ဟုတ်လား"

"ကိုးရီးယားက လက်ဖက်ခင်းတွေ မြင်ဖူးတယ်မှတ်လား"

"အင်း..."

"အဲဒါတွေထက်တောင် လှတာ နိုးရဲ့"

"ဟုတ်လား...ကျွန်မတောင် မြင်ဖူးချင်လာပြီ၊ ဒါပေမယ့်..."


www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်နွယ်ယမင်း စကားတစ်ခွန်း မှားသွားလေသည်။ အချိန်မီ ပါးစပ်ကိုဘရိတ် ပြန်အုပ်လိုက်သော်လည်း မရတော့။ ဒေါက်တာဝဏ္ဏဟန်က ဝမ်းသာအားရပင်...

"တကယ်လား...ကိုယ်လိုက်ပြပေးမယ်လေ"

"ဟိုလေ...ရပါတယ်၊ ကျွန်မက ဒီနေ့အရောက် မန္တလေးကို ခရီးဆက်ရမှာဆိုတော့..."

ဒေါက်တာဝဏ္ဏဟန်က ခပ်ပြုံးပြုံးပင်...

"ဒီကနေ မိုင်(၂၀)လောက်မှာ ရှိတဲ့ မန်ကွမ်ဆိုတဲ့ရွာကြီးမှာ ကိုယ်တို့ပိုင် လက်ဖက်စိုက်ခင်းတွေ ရှိတယ်၊ နီးတို့လို ရန်ကုန်သူတွေ မြင်သွားရင် အံ့ဩလွန်းလို့ ပါးစပ်တောင် မပိတ်နိုင်တဲ့ ရှုခင်းတွေလေ လိုက်ပြပေးမယ်...ကိုယ့်ကားနဲ့ဆို အသွားအပြန် တစ်နာရီတောင် မကြာဘူး"

"ခက်တာပဲ..."

ခက်ခက်နွယ်ယမင်း ယခုမှ တကယ် ခက်နေလေပြီမို့ ညည်းညူလိုက်မိသည်အထိ ဖြစ်သွားရလေပြီ။

"မခက်ပါဘူး နီးရယ်၊ နီးကို ဒီည မန္တလေးအမီ ကိုယ်ပြန်ပို့ပေးမှာပါ၊ ကျောက်မဲ၊ မန်ကွမ်၊ မိုးကုတ်လမ်းကနေတဆင့် မန္တလေးကို ပြန်ဆင်းလည်း ရတဲ့လမ်းကနေ ပို့ပေးမယ်၊ တာဝတိံသာက နတ်ပြည်ရှုခင်းနဲ့တောင် မလဲနိုင်တဲ့ ရှုခင်းတွေကို မြင်တွေ့ခံစားစေချင်တာ ကိုယ့်ရဲ့ စေတနာသက်သက်ပါ နီးရယ်၊ ကိုယ့်စေတနာကို ငြင်းဆန်ဖို့ စိတ်မကူးပါနဲ့တော့"

ခက်ခက်လေးတွေကို ဖန်တီးတတ်သူအတွက် ယခုမှ တကယ်ခက်နေရလေပြီမို့ ထွက်ပေါက်ရှာရင်း...





"ကျွန်မ ငှားလာတဲ့ကား ဘယ်လိုလုပ်မလဲ ဒေါက်တာရဲ့"

"သြော်...ဒါလား၊ ကိုယ်ပြောဖို့ မေ့နေတယ်၊ အဲဒီကား လားရှိုး ကို ပြန်လွှတ်လိုက်ပြီ"

"ဘုရားရေ...ကားခတောင် မရှင်းရသေးဘူး"

ဒေါက်တာဝဏ္ဏဟန်က မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွား သော သူ့ကို ကြည့်ကာ ရယ်လိုက်ပြီး...

"မပူပါနဲ့ နီးရယ်၊ ခုနပဲ ကိုယ်က ကားဆရာကြီးကို ညှိနှိုင်းပြီး မန္တလေးအထိ ဆင်းတဲ့ စင်းလုံးငှား ဈေးနှုန်းအတိုင်း ပေးလိုက်တာ"

"ကျွန်မအိတ်တွေ..."

"ကိုယ့်အလုပ်သမားတွေက ကိုယ့်ကားပေါ် လွှဲပြောင်းတင် ထားပါတယ်"

"ဘုရား...ဘုရား...ဒီလူကြီး အကြံအစည် ရှိမှရှိသားရဲ့လား" ဟု ...တွင်း စိုးရိမ်ပူပန်စိတ်တို့ ဖြစ်ထွန်းလာလေပြီ၊ သို့သော် ကြောက်ရွံ့ စိတ်လေးကို တစ်စေ့လေးမျှ မပြဘဲ...

"ဟင်း...ဟင်း...ရှင်က တော်တော်ရက်ရောနေပါလား ဒေါက် တာ"

"ဒါတောင် နည်းပါသေးတယ်၊ Online ပေါ်မှာ တွေ့ကတည်း က ရူးသွပ်လန်းနေတာ၊ ခုလို လူအရှင်လတ်လတ် တွေ့ရတော့ ခွဲတောင်မခွဲ ချင်အောင်ကို ဖြစ်မိသွားတာ"

"ဘုရားရေ..."

ဒီတစ်ချီတွင်တော့ နှုတ်ထွက်ကာ ဘုရားတလိုက်မိသည် အထိ ဖြစ်သွားသည်၊ သို့သော် အချိုသပ်ကာ စည်းရုံးမှ ဖြစ်တော့မည်ဟု ...ဘာပေါက်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒေါက်တာရဲ့စေတနာတွေကို ကျွန်မ လျစ်လျူရှု မရတော့ဘူးပေါ့"

"ဒါပေါ့ နီးရယ်"

"ဒါပေမယ့်..."

"ဆို..."

"တောလမ်းခရီးဆိုတော့ ရှင်နဲ့ကျွန်မ (၂)ယောက်ထဲ သွားဖို့ မတင့်တယ်ပေဘူး ထင်တယ်"

"အိုး...ဒီအတွက် စိတ်သာချ၊ ကိုယ့်ရဲ့အင်မတန်ကျွမ်းကျင်တဲ့ ဒရိုင်ဘာ Country Driver ရယ်၊ ကျွမ်းကျင်မက္ကင်းနစ်(စက်ပြင်ဆရာ) ပါမယ်"

"အားလုံး ယောကျ်ားတွေချည်းပဲဆိုတော့..."

"မဟုတ်ပါ...နီးကို အနီးကပ် ပြုစုဖို့ စက်ပြင်မိန်းမ နန်း လည်း ပါလိမ့်မယ်"

ဩော်...လက်စသတ်တော့ ဒီလူကြီးက သူ့မိဘတွေနဲ့ တော ပြောနေတုန်း လှစ်ကနဲ ပျောက်သွားတာက ဒီကိစ္စတွေ သွားစီစဉ်နေ တာကိုး။

"အစကတော့ မန္တလေးကို နောင်ချိုလမ်းအတိုင်း လိုက်ပို့ ဖို့ပါပဲ၊ ဒါပေမယ့် အခု မိုးကုတ်ဘက်ကနေ လှည့်ပို့ပေးဖို့ ဖြစ်လာတာ ပေါ့"

"ရှင်ကတော့ မပါဘူးပေါ့နော် ဒေါက်တာ"

"ဗျာ..."

ခက်ခက်နွယ်ယမင်း၏ဗီဇလေးက နိုးလလာပြီး အမှတ်တမဲ့ ထိုးနှက်လိုက်တော့ ဒေါက်တာစပ်ဝဏ္ဏဟန် မျက်လုံးပြူးပြူသွားပြီး—





"မနောက်ပါနဲ့ နီးရယ်၊ ဒီခရီးစဉ်မှာ မင်းရဲ့အဓိက Guide တ ကိုယ်လေ၊ ကိုယ်နေခဲ့လို့ ဘယ်ဖြစ်မလဲ၊ ကိုင်း...နန်းဖေါ်ရေ"

"ရှင်...ဆရာ"

"ညှော့သည်ရေချိုးဖို့ စီစဉ်ပေးလိုက်...မီးလာတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ရေနွေးတစ်ခါတည်း စပ်ပေးထားလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

"ကိုင်း...နီးရေ၊ သက်တောင့်သက်သာ နားနေပြီး အညောင်း အညာပြေ ရေချိုးလိုက်ပါ၊ ကိုယ် ခရီးစဉ်အတွက် သွားစီစဉ်လိုက်ဦး မယ်"

မျိုးရိုးအစဉ်အလာ ရှိပြီး ဂုဏ်သရေရှိ ပညာတတ် ဆရာဝန် တစ်ဦးပေပဲ။ လူကြီးလူကောင်း အမူအကျင့်မျိုးသာ ကျင့်ကြံမည်ပေါ့။

ခရီးစဉ်ကတော့ စိတ်ဝင်စားဖို့ အကောင်းသား။

တခါတရံလေးမှ မကြားဖူး၊ ခရီးလမ်းကြောင်းလေးမို့ စူးစမ်းရ ဖွယ်သနာပါသော ခက်ခက်နွယ်ယမင်း ကြည်ကြည်သာသာပင် လိုက် သွားရန် ဆုံးဖြတ်လိုက်သည်မို့...

ရေမွှေးရနံ့ စပ်ထားသော ရေဇလုံထဲ စိမ်လိုက်သည်။ သူ့ ခေါင်းထဲ အကြောက်အလန့် မရှိတော့။

ဒေါက်တာစပ်ဝဏ္ဏဟန်သည် မျိုးရိုးဂုဏ်၊ ဆရာဝန် ဂုဏ် သိက္ခာကိုတော့ ပစ္စလက္ခ လုပ်မည်မဟုတ်ဟု ယုံကြည့်လိုက်သော ကြောင့်လည်း ဖြစ်သည်။

သို့သော် ရေချိုးခန်းက ထွက်လည်းလာပြီး lotion လေးပွတ် ပြီးနောက် ကစ်တီဆီသို့တော့ Message လှမ်းပို့ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"မပြေးသော် ကန်ရာရှိ" သတိဆိုတာ ပိုတယ်လို့မှ မရှိလေဘဲ

"ကစ်တီ...ငါ့ခရီးစဉ် ကျောက်မဲ၊ ပန်ကွမ်၊ မိုးကုတ်၊ မန္တလေး ဒေါက်တာကြီးနှင့် အတူသွားမည်"

ဟု စာရိုက်ပြီး ပို့ထားလိုက်သည်။

စိတ်ဝင်စားစရာကောင်းသော ခရီးစဉ်မို့ စိတ်လှုပ်ရှားသည် မှာ အမှန်ပင်။ သို့သော် ထိုစိတ်လှုပ်ရှားမှုသည် စူးစမ်းလိုစိတ်သာ သက်မှုသာ ဖြစ်သည်ကိုတော့ သူ့ကိုယ်သူ ကောင်းစွာနားလည် သည်။

နလုံးသားနှင့် ဘာမှ မပတ်သက်၊ ခံစားမှုဟုလည်း သူ့စိတ် ပိုင်းခြားသိမြင်နေလေသည်။

"ဒေါက်...ဒေါက်"

သူ့အတွက် ခေတ္တနားခိုရန် သီးသန့်ပေးထားသော အခန်း တံခါးကို ခေါက်လိုက်သောကြောင့်...

"ဘယ်သူလဲ"

"ကျွန်မပါ.."

နန်းဖေါ်အသံကြောင့် သူတံခါးဖွင့်ပေးလိုက်သည်။

"ဆရာက အစ်မလေး အသင့်ရှိရင် သွားရအောင်တဲ့"

"ကောင်းပြီ"

ခက်ခက်နွယ်ယမင်း အကြောက်အလန့်မရှိ နန်းဖေါ်နောက် က လိုက်ခဲ့လေတော့သည်။ အသစ်အဆန်းကို စူးစမ်းလိုသော ဝါသနာ ကလည်း ရှိသည်ကို။





# အခန်း(၂၅)

ဥပေက္ခာပြု၍ ဘယ်လိုမှ မနေနိုင်အောင် သူ့အား တွန်းပို့နေ သော နလုံးသားက လေဒီဒရိုင်ဘာလေးအပေါ် စိုးရိမ်စိတ်က လွန်ကဲနေ ၍ လားရှိုး-မန္တလေး အဝေးပြေးလမ်းမကြီးပေါ်သို့ ရဲဘုန်းလူ ကား တစ်စီးနှင့် ရောက်ရှိနေရလေပြီ။

လားရှိုးမှ ကျောက်မဲသို့ (၃)နာရီသာသာခန့် မောင်းအပြီးတွင် အေးရှားဝေါလ် တိုးဂိတ်အလွန် ထမင်းဆိုင်များကို ရောက်လာသည်။

"Boss ဗိုက်ဖြည့်ဦးမလား"

ကုမ္ပဏီမှ ဒရိုင်ဘာ မောင်ထူးကို အဖော်အဖြစ် ခေါ်ခဲ့သည်။ ကိုတစ်လှည့် ကိုယ်တစ်လှည့် မောင်းမည်။ အကယ်၍ ကားဂျ တစ်စုံ တစ်ရာ စက်ချွတ်ယွင်းခဲ့သည် ရှိသော် မောင်ထူးက စက်ပြင်ကျွမ်းကျင်


www.burmeseclassic.com

www.burmeseclassic.com

သည်။

သူက ဇောကပ်နေ၍ ဗိုက်ဆာဖို့ပင် မေ့လျော့နေသော်လည်း မောင်ထူးက ဆာလောင်လာပုံရသည်။ သူ့အား လှမ်းမေးလိုက်သည်။

"အင်း...ကောင်းသားပဲ၊ ဒါပေမယ့် ကားရပ်ရင် အဝေးပြေး တက္ကစီသမားတွေ များများရပ်တဲ့ ထမင်းဆိုင်ရပ်ဗျာ"

"Yes (ဟုတ်ကဲ့) Boss (သူဌေး)"

ကိုမောင်ထူးက သူ့အလိုကျ van တက္ကစီကား (၄-၅-၆)စီးခန့် ထိုးရပ်ထားသော နှင်းတောင်တန်း ထမင်းဆိုင်တွင် ထိုးရပ်လိုက်သည်။

ရပ်ထားသော တက္ကစီကားများကို ရဲဘုန်းလူ မျက်စိဝေ့ဝဲကာ ကစားလိုက်သည်။

ဘယ်အစွန်ကား ခရီးသည်အထုပ်အပိုးများ အပြည့်ဖြစ်နေသည်မို့ မဖြစ်နိုင်။

နောက်ကားတစ်စီးလည်း ထို့အတူ ပြန်ထွက်ရန် တာရှေ့သည်။ နောက်..နောက် အတူတူတွေပင်။ သို့သော်...

ညာဘက်အစွန် ချောင်ကျကျတွင် ရပ်ထားသော ဗင်ကားထဲတွင် လူရှင်း၊ အထုပ်ရှင်းနေသည်။

"မောင်ထူး"

"ခင်ဗျာ...BOSS"

"ခင်ဗျား အထဲထဲကို လိုက်မဝင်နဲ့ဦး၊ အဲဒီညာအစွန်က (ဗ/××××) ဗင်ကားကို စောင့်ကြည့်နေ၊ ကားသမား ထွက်လာတာနဲ့ ဝင်ရောပြီး မိတ်ဆက်ထား...ဆွဲထား၊ ငါထွက်လာခဲ့မယ်"

"ရက်စ် ဘော့စ်"





ဘာကြောင့် ဘာကိစ္စဟု တစ်ခွန်းမမေးသော မောင်ထူးကို သဘောကျစွာဖြင့် ခေါင်းတညိတ်ညိတ် လုပ်လိုက်ပြီး ဆိုင်ထဲ ဝင်ခဲ့သည်။

ထမင်းဆိုင်တိုင်းလိုလို ကားသမားများ သီးခြားထိုင်ကာ ဝိုင်းဖွဲ့တတ်သောနေရာ ရှိသည်။ ယခုလည်း ထိုနေရာအနီး၌ ယူလိုက်သည်။

"ကောင်းတယ်ဗျာ...အဘိုးကြီး အသက်ကြီးလာမှ လာဘ်လာဘတွေ ရွှင်နေတယ်"

"ဒါပေ့ါကွာ...မန္တလေးခရီးကို ကျောက်မဲတင် ပို့လိုက်ရတော့ ကားခရော ဆီရော ငါ့အတွက် အကုန်ကျန်တော့ ထောတာပေါ့ကွာ"

"အေးဗျာ...တစ်ခါတစ်လေ ကားသမားတွေ ဒီလိုပါပဲ၊ ဒါနဲ့ ကောင်မလေးက ချောသလား"

ရဲဘုန်းလူ ခေါင်းထောင်သွားသည်။ နားရွက်များလည်း လှုပ်ခတ်သွားသည်။

"အားပါး...ချောတာက တော်တော်ကို ချောတာကွ၊ ဒီဒေသခံ မဟုတ်ဘူး၊ ခေါ်သွားတဲ့လူကလည်း မိုက်တယ်၊ ဆရာဝန်နဲ့ တူတယ်၊ ကောင်မလေးက ဒေါက်တာလို့ ခေါ်တာ ကြားလိုက်တယ်"

ရဲဘုန်းလူ ဖင်ကြွသွားသည်။ ခြေလှမ်းတို့က ထိုစားပွဲအနီးသို့ ရောက်သွားသည်။

"ဒီမှာ တဆိတ်လောက် နောင်ကြီး၊ ခုန နောင်ကြီးကား ငှားစီးသွားတဲ့ မိန်းကလေးက ဗိုလ်ချုပ်လမ်းပေါ်က (ဦး×××နဲ့ ဒေါ်×××) အိမ်ကနေ လိုက်တဲ့ မိန်းကလေးလား"

မြို့မျက်နှာဖုံး ဖြစ်သော နန်းကစ်တီစိုး၏မိဘနှစ်ပါးအမည်ကို ထုတ်ဖော်မေးလိုက်တော့ ကားဆရာကြီးက ခေါင်းကို ဆတ်ကနဲ ထောင်



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့အား စူးစမ်းသလို ပြန်ကြည့်လာသည်။

ဟိုင်းဝေးကားသမားများကို ဖုန်းဆက် ဘုတ်ကင်ချိတ်၊ အိမ်တိုင်ယာရောက် ခရီးသည် ခေါ်ရသည်။ ကိုယ့်ခရီးသည်တွေရဲ့နာမည်မှတ်ပုံတင်နံပါတ်ကအစ အဝေးပြေးဂိတ်တွင် စာရင်းပေးရသည်ဆိုတော့ ကားသမား သိနိုင်သည်။

"မောင်ရင်က ဘာပတ်သက်လို့လဲ"

ကားဆရာက မသက်ာသလို ကြည့်ကာ မေးခွန်းပြန်ထုတ်လိုက်သည်။

"ဟိုဗျာ...တစ်မျိုးတော့ မထင်ပါနဲ့၊ ခက်ခက်နွယ်ယမင်း ဆိုရင်တော့..."

"အင်း...အဲဒီနာမည်ပဲ၊ နာမည်ကလည်း ရှည်လိုက်တာ၊ ခက်တို့ နွယ်တို့ ယမင်းတို့ပဲ မှတ်မိလိုက်တယ်၊ ရှေ့နောက် နေရာမှန်တော့ မသိဘူး"

ကားဆရာကြီး အနည်းငယ် အမြင်ရှင်းသွားပုံရသည်။

"တစ်မျိုးတော့ မထင်ပါနဲ့ဗျာ၊ သူက ကျွန်တော့်မိတ်ဆွေပါ၊ ဘာမပြော ညာမပြောနဲ့ လားရှိုးကနေ ပြန်ထွက်သွားလို့ နောက်ကလိုက်လာတာပါ"

ကားဆရာကြီး၏ ကားသမား သဘောသဘာဝ ပေါ်လွင်လာပြီး ပြုံးဖြီးဖြီးနှင့် မြူနေသော ကွမ်းကို ပြွတ်ကနဲ ထွေးလိုက်ပြီး...

"ဒါဆို မောင်ရင်တော့ ဆွေးပြီ"

"ဗျာ.."

"မဗျာနဲ့...ဒီမြို့က လူတစ်ယောက်နဲ့ ပါသွားပြီ"

"ဟုတ်ရဲ့လားဗျာ"





ရဲဘုန်းလူ့ရင်ထဲ အနမြူပေါင်းဒိုးဖို ပေါက်ကွဲသွားလေပြီ။ ခွတ်တရက် ပူထူသွားသည်။

သူ့အနီး ရောက်လာသော မောင်ထူးက...

"Boss...ဘာဖြစ်လို့လဲ"

မောင်ထူးမေးခွန်းကို မဖြေအားသေးဘဲ...

"ဘယ်ကို သွားတာလဲ"

"ဒီကလမ်းတွေတော့ သိပ်မကျွမ်းဘူး၊ ကျုပ်ကိုယ်တိုင် လိုက်ပို့ခဲ့ရတာ၊ နောက် ဟိုလူကပဲ မနွလေးကို သူဆက်ပို့မယ်ဆိုပြီး ကားခတွေ ရှင်းပေးပြီး ပြန်လွှတ်လိုက်တာ၊ ကျုပ်လည်း လားရှိုးပြန် ခရီးသည်များ ထပ်ရလို့ ထပ်ရပြား ဒီမှာလာနားရင်း ရှာနေတာ"

ရဲဘုန်းလူ့ စိတ်ရှည်လက်ရှည် နားထောင်ပေးရသည်၊ ကားသမားရဲ့မနောကိုလည်း ဆန်းစစ်ရင်းဖြစ်သည်။

"ဒါဖြင့် အဲဒီနေရာ ခင်ဗျားသိလား"

"သိပ်တော့ မကျွမ်းဘူး၊ ဒါပေမယ့် ကားနဲ့ဆိုရင်တော့ သွားတတ်တယ်"

"ဒါဆို ကျွန်တော့် လိုက်ပြပါလား"

ရဲဘုန်းလူက အလျင်စလို နိုင်နေသလောက် ကားသမားက အင်တင်တင်။

"ကျုပ်ကားနဲ့လား...ခါတ်ဆီဖိုးက.."

"မဟုတ်ပါဘူး...ကျွန်တော့်ကားနဲ့ပါ၊ ပြီးရင် ခင်ဗျားကို ဒီပြန်ပို့ပေးပါ့မယ်"

"ဒါကတော့..."

ကားသမား၏အင်တင်တင်ကို ရဲဘုန်းလူ၏အသပြာငွေအချို့



www.burmeseclassic.com

www.burmeseclassic.com

က လက်ထဲသို့ ထိုးထည့်ပေးလိုက်သည်နှင့် ပျောက်ကွယ်သွားလေတော့သည်။ ထို့အပြင် ကွမ်းချိုးတက်နေသော သွားနှင့်သွားဖုံးများ ပေါ်အောင် ပြုံးပြပြီး…

"ဟော့ကောင်တွေ…ငါ့ကား ကြည့်ထားလိုက်ဦး…ပြန်လာမယ်"

ကား(သ)မားကြီးလည်း ရဲဘုန်းလူ၏အသပြာငွေတန်ခိုးနှင့် ရဲဘုန်းလူ ကားပေါ်သို့ ဖွေ့ကနဲ ရောက်အလာတွင် တပည့်သားချင်းအပေါ် စာနာနားလည်သော ရဲဘုန်းလူက သူ့တပည့်ကျော် မောင်ထူးကိုလည်း…

"မောင်ထူး"

"ရက်စ်…ဘောစ့်"

"မင်း ဗိုက်ဆာနေတယ်မှတ်လား…ထမင်းစားထားနှင့်လိုက်ငါ ကားဆရာကို ပြန်ပို့တဲ့အချိန်အပြီးနော်"

"ဘော့စ်ကကော.."

"ငါ မဆာသေးဘူး"

စိုးရိမ်စိတ်က ဆာလောင်ခြင်းကိုပါ လွှမ်းမိုးသွားကြောင်းကို ရဲဘုန်းလူ သိလိုက်လေပြီ။

ကားသမားကြီး၏လမ်းညွှန်ပြသမှုဖြင့် အချိန်တိုအတွင်းတွင် ရေးကျပြီး ခမ်းနားထည်ဝါမှု ရှိသော အိမ်ခြံဝင်းအရှေ့သို့ သူ၏ surf ကားလေး ဆိုက်ရောက်သွားသည်။

"ဒီအိမ်ပဲ"

"ဟုတ်ရဲ့လား"

ခိုင်မာသော ခြံဝန်းကြီး၏ဝန်းတံခါးမှာ ကြေးသော့ခလောက်ကြီး ခတ်ထားပြီး ကုန်းမြင့်နေအိမ်ပေါ်တွင် ရဲတိုက်နှင့် တူသည်။ အိမ်အိုကြီးပေမယ့် ထည်ဝါစွာ မားမားစွင့်နေသည်။ အိမ်ကြီးကို လှမ်းကြည့်ပြီး ရဲဘုန်းလူ အံ့သြစွာ မေးခွန်းထုတ်လိုက်မိသည်။

"ဟုတ်ပါ့ဗျာ…စော်ဘွားမျိုးက ဆင်းသက်လာတဲ့သူတွေဆိုတော့ ချမ်းသာတာပေါ့၊ ကျုပ်ကိုတောင် ကားခ ဈေးဆစ်မနေဘဲ ချက်ချင်းထုတ်ပေးလိုက်တာ"

"အင်း.."

ကားဆရာကြီးက ပြန်ပို့ပေးဖို့ တောင်းဆိုတော့ သူက လက်ခံပြီး လမ်း၊ အိမ်၊ ဓနရာတို့ကို သေချာစွာ မှတ်သားပြီး လမ်း၌ စကားတွေထိုးခေါက်ကြည့်တော့…

ဆရာဝန်က မိန်းကလေးကို "နီး" လို့ ခေါ်သည်။

မိန်းကလေးက ဒေါက်တာလည်း ခေါ်သည်၊ ကိုဝဏ္ဏဟန်ဟုလည်း သုံးသည်။ သိပ်ရင်းနှီးပုံ မရသော်လည်း ဒေါက်တာဘက်ကတော့ တွေ့နေပုံ ရသည်တဲ့။

"ဟင်း.."

ရဲဘုန်းလူ သက်ပြင်းရှည်ကြီး ချလိုက်မိသည်၊ နောက်ဆက်ပြီတာ…

"အွန်လိုင်းမှာ တွေ့တယ်ဆိုလားဘာလားပဲ၊ အွန်လိုင်းဆိုတာ ဘယ်မြို့လဲ မသိဘူး"

ကားသမားကြီးစကားကြောင့် ရဲဘုန်းလူ စိုးရိမ်ပူပန်မှုကြားက ပြုံးလိုက်မိလေသည်၊ ကားသမားကိုတော့ ရှင်းပြမနေတော့၊ စိတ်ထဲက သာ…

"တော်တော်ဆိုးတဲ့ ကောင်မလေး" ဟုသာ ကြိတ်၍မှတ်ချက်




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



ချလိုက်လေသည်။

ကားသမားကြီးကို နှင်းတောင်တန်း စားသောက်ဆိုင် ပြန်ပို့ပြီး နောက် ကသုတ်ကရက်နှင့် ထမင်းစားသောက်ပြီးပြီ ဖြစ်သော မောင်ထူး ကို ပြန်ခေါ်ခဲ့ကာ စောစောလမ်းအတိုင်း ပြန်မောင်းရင်း လေဒီဒရိုင်ဘာ ၏ G.S.M ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

လူကြီးမင်းနှင့် တိုးနေသည်။ ဆက်သွယ်မှု ဧရိယာပြင်ပသို့ ရောက်နေသည်တဲ့။

"ဟွန်း..."

သက်ပြင်းချမိပြန်သည်။ ထိုအချိန် သူ့ဖုန်းထဲ Message တစ်ခု ဝင်လာသည်။

"ဦးရဲဘုန်းလူ...ခက်ခက်ကို တတ်နိုင်သလောက် ကယ်ပါဦး။ သူစိတ်ဝင်စားတာ ဦးရဲကိုပါ...ကစ်တီ" တဲ့။

ရဲဘုန်းလူ၏သောကစိတ်ကို အားဖြည့်ပေးလိုက်သော "သူ စိတ်ဝင်စားတာက ဦးရဲကိုပါ" ဟူသောစကားကြောင့် အရှိုးကြေကြေ အရေခမ်းခမ်း အစွမ်းကုန် ကြိုးပမ်းရှာဖွေပေးတော့မည်ဟု ဆုံးဖြတ်ပြီး စောစောက ရောက်ရှိခဲ့သော အိမ်ကြီး၏ဝင်းတံခါးရှေ့မှာပင် ကားကို ပေါပေါတင်တင်ပင် ရပ်လိုက်သည်။ နောက် ဟွန်းတီးသံ ပေးကြည့် လိုက်သည်။

"တီ..တီ..တီ"

ထူးခြားမှု မရှိ။ ထပ်မံတီးကြည့်သည်။

"တီ..တီ..တီ.."

လှုပ်ရှားမှု အရိပ်အယောင် မမြင်ရသဖြင့်...

"မောင်ထူး ဆင်းကြည့်စမ်းကွာ၊ လူခေါ်ခေါင်းလောင်း ရှိလို





ရှိခြား..."

သူ အိမ်ဆီသို့ လှမ်းကြည့်သည်။ အိမ်ကြီး၏အပေါ်ထပ်ပိုင်းကို သာ မြင်ရသည်။ အောက်ထပ်ကို မမြင်ရ။ တရုတ်စကားပင်၊ ကျောက် ဆတ်ပန်းပင်နှင့် ရေထင်းရှူးပင်အချို့က ကာကွယ်သွားသဖြင့် အိမ်ရှေ့ကို မမြင်ရ။

"ဘော့စ်ရေ...ဒီမှာ လူခေါ်ဘဲလ် ထင်တယ်၊ တီးကြည့်လိုက်ရ မလား"

မလိုအပ်ဘဲ ရွှင့်တောင်းနေသော မောင်ထူးကို ခေါင်းပြုကာ ကြည့်လိုက်ပြီး...

"အေး...တီးလိုက်"

ဘဲလ်တီးပြီး (၃)မိနစ်ခန့်အကြာတွင် ထောင်တောင်မောင်း မောင်းနှင့် ရှမ်းအမျိုးသားကြီးတစ်ယောက် ကွမ်းဝါးရင်း လျှောက်လာ သည်ကို တွေ့ရ၍ သူ ကားပေါ်မှ ဆင်းကာ တံခါးဝသို့ လျှောက်သွားလိုက် သည်။ မောင်ထူးက ဧရရလည်လည် ရှင်းပြမေးမြန်းနိုင်မည်မဟုတ်။ အင်းလေ...မောင်ထူးက သူတို့အကြောင်း ဘာမျှမသိသော အဖော် သက်သက်ပေပဲ။

"ဘာကိစ္စလဲ"

"ဒေါက်တာ စပ်ဝဏ္ဏဟန်နဲ့ တွေ့ချင်လို့ပါ"

"မရှိဘူး"

"ဗျာ.."

ရဲဘုန်းလူ အံ့အားသင့်သွားသည်။ ခုနကပဲ ကားသမားကြီးက သေချာချာ သတင်းပေးသွားသည်။

"ဘယ်သွားပါသလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ပန်ကွမ်–"

လူကြီးက တုံးတိတိပင် ဖြေသည်။

"သူတစ်ယောက်တည်းလား"

"မဟုတ်ဘူး…ဇည်သည်မိန်းကလေးနဲ့ သွားတာ"

သူလိုချင်သည့်အဖြေ ရပြီ။ ပို၍သေချာစေရန်…

"ဒါနဲ့ သွားတာကြာပြီလား ဦးလေး"

"အင်း…နည်းနည်းကြာပေါ့"

ရှမ်းပြည်၏ "နည်းနည်းကြာပေါ့" ဟူသောအချိန်မှာ တစ်နာရီ ခန့်ဟု ခန့်မှန်းမိသဖြင့် အချိန်မလင့်စေရန် ကားပေါ် ပြန်တက်တော့…

"မောင်ထူး…မင်း မောင်း"

"ရက်စ် ဘော့စ်"

မြို့စောင့်အဖိုးကြီးကို နှုတ်ဆက်ထွက်ခွာခဲ့သည်။ မောင်ထူး နယ်ကျွမ်းသူမို့ ပန်ကွမ်တည်နေရာကို မြို့စောင့်ကြီးအား မေးခဲ့တော့…

"ပန်ကွမ်ဆိုတာ မင်းသိသလား"

"ရက်စ် ဘော့စ်၊ ကျောက်မဲ–မိုးကုတ်လမ်းပေါ်မှာ ရှိတဲ့ ရွာ ပဲ၊ လက်ဖက်ခင်းတွေကို လေ့ကားထစ် စိုက်ပျိုးနည်းနဲ့ စိုက်ထား လှမှလှပဲ"

ဩော်…ဒေါက်တာဝဏ္ဏဟန်က လေဒီဒရိုင်ဘာလေးကို လ ဖက်မြို့တွေဘက် ခေါ်သွားတာကိုး၊ ဘာအကြံအစည်လဲ၊ "ခက်လ ခက်တဲ့ ခက်ခက်တစ်ယောက် ဘေးမသီ၊ ရန်မခပါစေနဲ့" ဟု ရဲဘုန်း ဆုမတောင်းစဖူး တောင်းကာ မေတ္တာပို့သနေမိလေသည်။

သူ့ရင်ကို လှုပ်ခတ်စေသော မိန်းကလေးအဖြစ် သူ ကော အသိအမှတ်ပြုမိရာမှ သူ့နှလုံးသားကိုပါ အသားလွတ်ကြီး သိမ်းပိုက်





ပြီကောလားဟုလည်း သတိပြုမိလိုက်လေပြီ။ စိုးရိမ်သောကတွေ ရင် ပြည့်နေပြီမို့…

"မြန်မြန်သာမောင်း မောင်ထူး"

"ရက်စ်…ဘော့စ်"

ထိုအချိန် သူ့ G.S.M လိုင်းဝင်တုန်းဝင်ခိုက် နန်းကစ်တီစိုးနှင့် တ်သွယ်ကာ အကျိုးအကြောင်းကိုလည်း ပြောပြ၊ ဒေါက်တာဝဏ္ဏ န်နှင့် ခက်ခက်နွယ်ယမင်းတို့၏သိကျွမ်းခဲ့ရမှုအကြောင်း တိတိလင်း ပ်ပင် မေးထားလိုက်သည်။

ကစ်တီက အသေးစိတ် ရှင်းပြသောအခါမှ သူ့လေဒီဒရိုင်ဘာ နှလုံးသားကို ဝဏ္ဏဟန် မသိမ်းသွင်းနိုင်စေနဲ့၊ အန္တရာယ် မပေးပါ နဲ့ဟုသာ ဆုတောင်းပေးရင်း ရင်ဝယ် စိုးထိတ်ထိတ်ဖြင့်သာ…။


www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၆)

ခက်ခက်နွယ်ယမင်း စီးလာသော လင့်ခရူဆာကားကလေး

လမ်းဘေးဝဲယာတို့တွင် ရှုမျှော်မဆုံးအောင် မြင့်မားကျယ်ဝန်းလှ

လက်ဖက်ခင်းများကို တွေ့မြင်လိုက်ရသည်။

အမြင့်ပေ(၅၀၀၀)အထက်ရှိ တောင်စောင်းများတွင်

ဖက်စိုက်ခင်းများကို လှေကားထစ် စိုက်ပျိုးထားနည်းနှင့် အစီအ

ရှိလေသည်မို့ တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးသော ရှုခင်းအသစ်

စိတ်ထဲ လန်းဆန်းသွားလေတော့သည်၊

ကား၏ရှေ့ခန်း၌ ဒရိုင်ဘာနှင့်ဒေါက်တာစပ်ဝဏ္ဏဟန်

ခန်း၌ နန်းဖေါနှင့်သူ၊ နောက်ပိတ်ခန်း၌ စက်ပြင်နှင့် ခရီးဆောင်

များ တင်ဆောင်လာသည်။





မရောက်ဖူးသော မကြားဖူးသော နယ်မြေစိမ်းဒေသမို့ နောက်

တစ်ချိုဆိုတာကို တွေးထား၍မရနိုင်သော နေရာဖြစ်သည်၊ ထို့ကြောင့်

ခက်ခက်နွယ်ယမင်း သူ့ Nokia handset video ကင်မရာဖြင့်

တ်တမ်းတင် ရိုက်ကူးပြီး ဖုန်းပြန်ပိတ်ထားလိုက်သည်။ ဆက်သွယ်မှု

ကော်တများလည်း ပျောက်နေသဖြင့် ကစ်တီဆီဖုန်း ဆက်၍မဖြစ်နိုင်

သေး၊

"ဘယ်လိုလဲ...နိုး ကားမမူးဘူးလား"

"ဟင့်အင်း...ကျွန်မက ကားမမူးတတ်ဘူး၊ ရန်ကုန်မှာဆို

တစ်ဦးတည်းသော Private Taxi Lady Drive (ကိုယ်ပိုင်အငှား

ဘ၌မောင်းအမျိုးသမီးတစ်ဦး)လေ၊ ကိုဝဏ္ဏဟန် ရန်ကုန်ရောက်တဲ့

ခါ ငှားစီးနိုင်ပါတယ်၊ ဒါပေမယ့် ချွင်းချက်တစ်ခုတော့ ရှိတယ်၊ ကျွန်မ

ကို ငှားစီးတဲ့လူက အမျိုးသမီးပဲ ဖြစ်ရမယ်"

"ဟတ်..ဟား..တယ်ဟုတ်ပါလား၊ ကိုယ် ခုမှပဲ ကြားဖူးတော့

ယ်၊ နိုးရဲ့ကားကို ငှားစီးဖို့ ဘုန်းကညာတစ်ပါး လုံးရာက ပြားရမလို ဖြစ်

ပြီ...နေပါစေတော့ကွာ"

"ခေတ်ကြီးကိုက ကျားကိုမ၊ မကိုကျား လွှဲပြောင်းပေးနေတဲ့

ကြီးကို ရောက်နေပြီပဲဟာ"

"ကျေးဇူးတင်ပါတယ်၊ နိုး ကားကို စီးဖို့တော့ မ "မ" ပါရစေနဲ့

၊ ဟား...ဟား"

အရယ်အရွှမ်းလေးတွေ ဖောက်လာတော့ ခရီးသွားရတာ

ြလာလေသည်၊

"ကိုဝဏ္ဏဟန်မှာ ဘဝအဖော် မရှိသေးဘူးနော်"

"Online ပေါ်မှာ ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ကြောင်မ ကစ်တီ ဘာပြောထားမှန်း မသိ၍ ခက်ခက်နွယ်ယမင်း ငြိမ်နေလိုက်ရသည်။ သို့သော်...

"စေ့စပ်ထားတာ ရှိတယ်ဆို"

"မိဘတွေချင်း သဘောတူဖို့ လုပ်တာ စေ့စပ်ခါနီးမှ ပျက်သွားတာပါ။ ကိစ္စမရှိပါဘူး...တစ်ယောက်နဲ့တစ်ယောက်တောင် မမြင်ဖူးကြသေးပါဘူး"

"ဪ...ကိုဝဏ္ဏဘက်ကလား၊ သူ့ဘက်ကလား"

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ထားပါတော့...ပြီးခဲ့ပါပြီ"

အံမယ်...ဒေါက်တာကြီးက အရှောင်အတိမ်းလည်း ကျွမ်းကျင်ပေသားပဲ၊ ဆက်၍လည်း...

"ကိုယ်ကတော့ ကံကြမ္မာကို ယုံကြည်တယ် နီး၊ နီးနဲ့ ဆုံရတဲ့ ကြမ္မာကိုလည်း ကျေးဇူးတင်တယ်"

"ကျွန်မကလည်း ကိုဝဏ္ဏဟန်ကို ခုလို မရောက်ဖူးတဲ့အရပ်ကို လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်နေတာ"

"ဒါပေါ့...ရှမ်းမြောက်ပိုင်း လူဦးရေ(၂၄)သိန်းကျော် ရှိအောင် များပြားတဲ့လူတွေထဲ နီးနဲ့ကိုယ် တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းခွင့်ရတဲ့ ကြမ္မာကို ကိုယ်တို့မှ ကျေးဇူးမတင်ရင် ဘယ်သူတင်မလဲ"

ဒါကလည်း မှန်နေသည်ကို။ ချိန်းထားရင်တောင် လွဲနိုင်သည့်ကိစ္စ၊ ခုတော့ ဆန်းကြယ်စွာ ဆုံတွေ့မှု၏ အဓိက တရားခံက မိမိပင်ဖြစ်သည်၊ မိမိသည်သာ စတန့်ထွင်ပြီး ကစ်တီကို အကြံမပေးခဲ့လျှင် ဒေါက်တာ ဝဏ္ဏဟန်ဆိုသော မိန်းမတစ်ယောက် ဖြစ်ပေါ်လာစရာမှ မရှိဘဲ။ ထို့ကြောင့် အလိုက်သင့်ပင် မီးစင်ကြည့်ကနေရသည်။





"ပန်ကွမ်ရွာ ရောက်တော့မယ် ဆရာ၊ အိမ်ကို တန်းမောင်းရမလား"

"အင်း...မောင်း၊ အဲဒီမှာ ခဏနားမယ်"

လက်ဖက်ခင်းကြား မြေနီလမ်းလေးအတိုင်း ကားမောင်းဝင်လာသည်၊ လက်ဖက်တောထဲ ရောက်သွားသလို ခံစားလိုက်ရသည်။

"ပန်ကွမ်ရောက်တော့မယ်၊ နီး တွေ့လား၊ တောင်ကုန်းမြင့်ပေါ်က မြင်ရတဲ့ အိမ်စုလေးတွေ အများကြီးဟာ ပန်ကွမ်ရွာပေါ့"

"ရှင်က ဒီရွာသားလား"

"ဘိုးဘွားမိဘတွေကတော့ ဒီရွာသားပေါ့၊ ကိုယ်ကတော့ တောင်ပေါ်ကမဲသားစစ်စစ်ပါပဲ"

"ရှင်က မိဘစီးပွားရေးလုပ်ငန်းကို ဝါသနာမပါဘူးနော်"

"အင်း...ကိုယ်က မိရိုးဖလာ လက်ဖက်ခင်းထဲကနေ ငွေပုံပေါ်ထိုင်ပြီး မနေချင်ဘူး၊ ဒါကြောင့် ဒီဆရာဝန်ဘွဲ့ကို ယူခဲ့တာပေါ့၊ ဒါပေမယ့် ကိုယ်စိတ်ဝင်စားပါတယ်၊ ဒီလက်ဖက်ခင်းရဲ့အာနိသင်ဟာ ဆေးဝါးတစ်ခုအနေနဲ့ ဖြစ်လိမ့်မယ်ဆိုတဲ့ Research ကို ရှာဖွေနေတာ၊ ကိုယ်က သုတေသန ဆရာဝန်ဖြစ်ဖို့ ကြိုးပမ်းနေတာ"

"ဪ..."

"ဥပမာ နလုံးသွေးကြောကျဉ်းရောဂါကို လက်ဖက်ထဲမှာပါတဲ့ အာနိသင်ဟာ ဘယ်လောက်ရာခိုင်နှုန်း တိုက်ဖျက်နိုင်သလဲဆိုတာမျိုး ဆေးဝါးထုတ်ချင်တယ်"

ခက်ခက်နွယ်ယမင်း နားထောင်သမားသက်သက် ဖြစ်သွားသည်၊ လူတွေနှင့် ထိတွေ့နေသော အသီးအရွက်တွေအားလုံး၌ တစ်မျိုးမဟုတ်တစ်မျိုး လူတွေကို အကျိုးသက်ရောက်စေတတ်တာကို သု



www.burmeseclassic.com

www.burmeseclassic.com



လည်း သိသားပဲ။

တာတာ မြို့ကျယ်ကြီးထဲ ဝင်လာစဉ် ခက်ခက်နွယ်ယမင်း လက်ပတ်နာရီကို ကြည့်လိုက်မိသည်။ မွန်းလွဲ နှစ်နာရီခွဲနေလေပြီမို့...

"ဒီရွာနဲ့ မိုးကုတ်ကို ဘယ်နှစ်နာရီလောက် မောင်းရဦးမလဲ"

"လေးနာရီလောက်တော့ မောင်းရလိမ့်မယ်"

"ဟင်...ဒါဆို မိုးချုပ်မှာပေါ့၊ ဒီကနေ မန္တလေးကို ရောက်ပါ့ဦး မလား"

ဒေါက်တာစပ်ဝဏ္ဏဟန်က သူ့အား လှည့်ကြည့်ပြီး...

"နီးသဘောပါ...ဒီည မန္တလေး အရောက်ပို့ဆိုရင်လည်း ပို့ပေး မယ်၊ မိုးကုတ်မှာပဲ ဒီညနားမယ်၊ မိုးကုတ်မှာပဲ ဒီည နားမယ်ဆိုရင်လည်း ရပါတယ်"

"မိုးကုတ်မှာ အသိမိတ်ဆွေမှ မရှိတာ"

"ဗျာ...ကျွန်တော်ရှိတယ်လေ နီး၊ နီးရဲ့အွန်လိုင်းပေါ်က မိတ်ဆွေကြီး ဝဏ္ဏဟန်ကို ဘယ်နား သွားထားမလဲ"

ခက်ခက်နွယ်ယမင်း တွေးတွေးဆဆလေး ဖြစ်သွားပြီး ရင်ထဲက ဆန္ဒတစ်ရပ်ကိုတော့ ထုတ်ဖော်လိုက်မိသည်။

"မိုးကုတ်မြို့က နာမည်ကြီးပဲ၊ ရောက်တော့ ရောက်ဖူးချင်တယ်၊ မိုးကုတ်ဆရာတော်ကြီးရဲ့ဓာတုစေတီနဲ့ ဓါတ်တော်တွေလည်း မြင်ဖူးချင်တယ်"

"အား...နီးရဲ့အလိုဆန္ဒတွေအားလုံး ပြည့်စေရမယ်ဗျာ"

ဒေါက်တာ စပ်ဝဏ္ဏဟန်၏မျက်နှာတွင် ပြုံးရိပ်များ တွဲခိုနေ လေသည်။ သဘောကောင်းပုံတော့ ရသည်။

"လမ်းပေါ်က ရှုခင်းတွေက တအားကြည့်လို့ကောင်းတာပဲ





ကျွန်မ ဓါတ်ပုံလည်း ရိုက်ထားပြီးပြီဆိုတော့ ပန်ကွမ်က ကိုဝဏ္ဏဟန်တို့ အိမ်မှာ နားမနေပါနဲ့တော့၊ မိုးကုတ်ပဲ တန်းသွားရအောင်လား"

"ကိုယ်ကတော့ နီးကို ပြချင်နေတာ၊ ဒီမြို့ ဒီလက်ဖက်ခင်းတွေ အားလုံး ကိုယ့်ပိုင်ဆိုင်မှုတွေဆိုတော့ နောက်ပိုင်း နီးပိုင်ဆိုင်မှု ဖြစ်လာ မှာမို့လေ"

"အို...ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"တစ်ချိန်ချိန်မှာ ပိုင်ဆိုင်လာလိမ့်မယ်လို့ ကိုယ်မျှော်လင့်ထား တယ်"

"လောကကြီးမှာ ဘယ်အရာကိုမှ မမျှော်လင့်ထားတာ အကောင်းဆုံးပါပဲ"

ဒေါက်တာဝဏ္ဏဟန်က အလျှော့မပေး။

"ဘုရားသခင်က လူသားတွေအတွက် သေတ္တာထဲမှာ သော့ခတ် သိမ်းဆည်းထားတဲ့အရာဟာ Hope လို့ ခေါ်တဲ့ မျှော်လင့်ခြင်းပဲ လေ၊ ကိုယ့်ဘဝမှာ မေနီးဝါးလ်ဟာ hope ပါပဲ"

ဒေါက်တာစပ်ဝဏ္ဏဟန်၏စကားလုံးများက ခက်ခက်နွယ် ယမင်း၏ရင်ဘတ်ကို လာရောက်ထိမှန်သွားလေသည်၊ ပြုံးယောင် သန်းနေသော ဒေါက်တာ့မျက်နှာတွင် ဆွေးရိပ်များ ခြယ်မှုန်းနေသည် ကိုတွေ့လိုက်ရသည်၊ သနားသလိုလိုတော့ ဖြစ်မိသွားသည်၊ သို့သော် နှလုံးအိမ်ထဲသို့တော့ ထိုးဖောက်မဝင်ရောက်နိုင်၊

သူ့နှလုံးသားကို သံမဏိသော့တစ်ချောင်းနှင့် ခတ်၍သွားသူ ဦးလေးကြီးဟာ သူ့ မထိတထိ ကာလိခဲ့သောသူ။

"ဆင်းပါ နီး၊ ကားကို အနားပေးရင်း လူတွေလည်း ခေါက် ညောင်းဖြေကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


သူ့ဘာတ်တာ တားတံခါးကို ကိုယ်တိုင်ဆင်းဖွင့်ပေးသော ဒေါက်တာ စပ်ဝဏ္ဏဟန်ကြောင့် ခက်ခက်နွယ်ယမင်း အားတောင့်အားနာနှင့် ပန်ကွမ်ရွာတ အိမ်ကြီးရှေ့သို့ ဆင်းသက်လိုက်ရလေတော့သည်။



# အခန်း(၂၇)

ပန်ကွမ်ရွာကြီးတွင် နာရီဝက်ခန့် နားပြီး ခက်ခက်နွယ်ယမင်း ၏ဆန္ဒအရ လက်ဘက်ခင်းများဘက်သို့ မသွားတော့ဘဲ မိုးကုတ်မြို့သို့ ခရီးဆက်ခဲ့ကြသည်။

"နိုး ပင်ပန်းနေပြီလား"

"ဟင့်အင်း"

ဒေါက်တာစပ်ဝဏ္ဏဟန်၏မျက်တောင်နှစ်ခုအောက်က ရှန်း ထွက်နိုင်ဖို့ မလွယ်ကူသေး။

ပန်ကွမ်က အထွက်တွင် ဒရိုင်ဘာကို အလုပ်ရှိသေးသည်ဟု ဆိုကာ ကျောက်မဲသို့ လက်ဖက်တင်ကားနှင့် ပြန်လွှတ်လိုက်သည်။ ထို့ကြောင့် ဒရိုင်ဘာနေရာကို ဒေါက်တာစပ်ဝဏ္ဏဟန်က နေရာယူပြီး သူ့

www.burmeseclassic.com


☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

ကို ရှေးရှု၍ လိုက်ပါစေသည်။

**တောအချောင်၌** ပိုကောင်းသော အနေအထားကို ရောက်သွားသည်။

"တင့်အင်းသာဆိုတယ်၊ ကြည့်ရတာ ပင်ပန်းနေသလိုပဲ၊ **ရှေ့နားက စီးတော့** မြင်ကွင်းက ပိုကျယ်ပြီး ကြည့်လို့ကောင်းတယ် မှတ်လား နိုး"

သူ့ဆင်ခြေနဲ့တော့သူ ဟုတ်နေသည်။ ကားကက်ဆက်က စိုင်းဆိုင်မော့ဝ် သီချင်းသံလေးကလည်း ရှခင်းနှင့် လိုက်ဖက်စွာ ငြိမ့်ညောင်းစွာ ထွက်ပေါ်နေသည်။ နေဝင်ရီတရောအချိန် ဖြစ်နေသဖြင့် ခက်ခက်နွယ်ယမင်း သဘာဝအလှတရားဖြစ်သော တောရိပ်တောင်ရိပ်ထဲက အမြန်လွတ်မြောက်ပြီး မိုးကုတ်မြို့ကို ရောက်ချင်နေသည်။ သို့အတွက် စိတ်ထဲ မလန်းဆန်းတော့သည်ကို မျက်နှာပြင်ပေါ် ပုံရိပ်ထင်ဟပ်နေသည် မဟုတ်ပါလား။

"နီးနာမည်ကို မေနီးဝါးလ်လို့ ဘယ်သူပေးထားတာလဲ"

သူ့အရိပ်အကဲကို ကြည့်ပြီး ဒေါက်တာစပ်ဝဏ္ဏဟန်ကလည်း လမ်းကြောင်းပြောင်းလိုက်သည်။

ခက်ခက်နွယ်ယမင်းပေပဲ။ မေးခွန်းကို မဖြေသေးဘဲ သူက မေးခွန်းပြန်ထုတ်သည်။

"ဘာဖြစ်လို့ မေးတာလဲ"

"အထူးအဆန်း ဖြစ်နေလို့ပါ"

"အင်း...ကျွန်မလည်း ထူးဆန်းတာ ရှိနေလို့ ကိုဝဏ္ဏဟန်ကို မေးရဦးမယ်"

"ဘာများပါလိမ့်"





"မေနီးဝါးလ်ဆိုတဲ့ နာမည်ထဲက တစ်လုံးထဲ အရေးအသွတ်ခေါ်ယ်ဆိုရင် မေဆိုတဲ့အလုံးကိုသာ ခေါ်သင့်တာပေါ့၊ ကိုဝဏ္ဏဟန်က းထူးခြားခြား နီးတဲ့၊ ဘာလဲ...နီးအဖွဲ့ကို သဘောကျလို့လား"

ခက်ခက်နွယ်ယမင်း စကားပြောရင်း ဒေါက်တာဝဏ္ဏဟန်၏ ျက်နှာအရိပ်အကဲကို စေ့စေ့ကြည့်ကာ အကဲခတ်လိုက်သည်။

နီစပ်စပ်နှင့် ဖြူသော ဒေါက်တာဝဏ္ဏ အသားအရေမှာ ဝင်လု နေဝန်းနီနှင့်အလားပမာ သဏ္ဌာန်တူပြီး မျက်ခုံးထူထူနှစ်ခု ဆက် လုပင် ဖြစ်သွားအောင် မျက်မှောင်ကျုံ့သွားသည်။ မေးရိုးကြီး တင်း န် ဖြစ်သွားသည်။

"သူများမသုံးတဲ့အသုံးကို နှစ်သက်လို့ဆိုပါတော့၊ ဒါထက် ိုယ်မေးတာ ဖြေဦးလေ"

"ဩော်...မေနီးဝါလ်းဆိုတာ Nick name(နာမည်ပြောင်)ပါ"

"ဟင်.."

ဒေါက်တာစပ်ဝဏ္ဏဟန် မျက်လုံးပြူးသွားပြီး...

"ဒါဆို နာမည်အရင်းက.."

ခက်ခက်နွယ်ယမင်း ပြုံးလိုက်သည်။ သို့သော် နှုတ်ခမ်းကို န့်ရုံသာ။

"ဘာဖြစ်လို့ သိချင်ရတာလဲ၊ ဒေါက်တာနဲ့ကျွန်မ မေနီးဝါးလ် နေနဲ့ပဲ သိထားတာ ကောင်းတာပေါ့"

"မဟုတ်သေးဘူး ထင်တယ် မိန်းကလေး၊ မင်းအပေါ် ကိုယ်က လေးအနက် ထားတာပါ။ ဒါကြောင့် မင်းရဲ့နာမည်ပြောင်လေး သိရုံနဲ့ ိုယ်မကျေနပ်နိုင်ဘူး"

ဒေါက်တာစပ်ဝဏ္ဏဟန်၏အသံက ဒေါသသံ ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားမောင်းသူကို စိတ်ဒုက္ခမပေးသင့်ကြောင်း လေဒီဒရိုင်ဘာအနေနှင့် ကောင်းစွာသိသဖြင့်...

"တဲပါ...ကိုဝဏ္ဏဟာန် စိတ်တိုမနေပါနဲ့၊ မိုးကုတ်ရောက်ရင် အားလုံးပြောပြမယ်"

"ကိုယ် အရမ်းသိချင်နေပြီ"

"ကျွန်မကလည်း ဒီအကြောင်းကို အေးအေးဆေးဆေးလေး ပြောပြချင်တယ်"

"ဟူး..."

ဒေါက်တာစပ်ဝဏ္ဏဟာန် သက်ပြင်းမှုတ်ထုတ်လိုက်ပြီး ကားကို ဆက်မောင်းနေလိုက်သည်။

ရှခင်းတွေ သိပ်မသဲကွဲတော့၊ နေမင်း အိပ်ငိုက်နေပြီဖြစ်သည်။ တောတောင်ရိပ်တွေကြောင့် အလင်းက ပိုအားနည်းလာသည်။

"နာမည်အရင်းလေး ပြောပြဖို့ ဒီလောက်တောင် ခက်ခဲနေသလား"

"မဟုတ်ပါဘူး...ဒီ Nickname လေး ဖြစ်ပေါ်လာပုံကို အသေးစိတ် ရှင်းပြချင်လို့ပါ"

ခေါင်းထဲတွင် ပုံပြင်သစ်တစ်ပုဒ် ဖန်တီးရန်အတွက် ခက်ခက်နွှယ်ယမင်း အချိန်ယူ စဉ်းစားရဦးမည်၊ အမှန်အတိုင်း ပြောလို့တော့ မဖြစ်၊ ပြောလို့ကတော့ ဒေါက်တာစပ်ဝဏ္ဏဟာန် ဒေါသအိုး ပေါက်ကွဲကာ ရှက်ရမ်းရမ်းနိုင်သည်။

"စိတ်ဝင်စားဖို့ကောင်းတဲ့ ပုံပြင်လေးဆိုရင်တော့လည်း ကိုယ် အချိန်ယူ နားထောင်ပေးပါ့မယ်"

ဒေါက်တာစပ်ဝဏ္ဏဟာန် စိတ်ပြေသွားပုံရသဖြင့် သူ့ရင်ထဲ





ကြိတ်၍ဝမ်းသာသွားသည်။ မိုးကုတ်မြို့မရောက်ခင် ဦးနှောက်ထဲလည်း အတ်လမ်းတစ်ပုဒ် စီကာ သီကုံးထည့်နေရသည်။

မိုးကုတ်မြို့၏မိုးကုတ်မိုတယ်ကို ရောက်ပြီး အခန်းယူ ရေမိုးချိုးပြီးနောက် စားသောက်ခန်းမသို့ ထွက်ခဲ့ကြသည်။

စားသောက်စရာများ မှာယူထားစဉ်မှာပင် ညက်များသော ခက်ခက်နွှယ်ယမင်း စကားစလိုက်သည်။

"မေနီးဝါးလ်ဟာ အရမ်းကို အိပ်မက်ဆန်တဲ့ မိန်းကလေးပါ ကိုဝဏ္ဏဟာန်"

"မေနီး^ါးလ်ဆိုတာ မင်းမဟုတ်ဘူးလား"

"မဟုတ်ဘူး...ကျွန်မဟာ အိပ်မက်မဆန်ဘူး၊ လက်တွေ့ဆန်တယ်၊ မေကတော့ အိပ်မက်ဆန်တယ်"

"မေ.."

ရုတ်တရက်ကြီးပင် ဒေါက်တာဝဏ္ဏ သံယောင်လိုက်လိုက်သည်၊ နောက် အဖျားခတ် တုန်ရီသွားသောလေသံနှင့်...

"မေ..မေဆိုတာ..",

"ဟင်...ကိုဝဏ္ဏဟာန်ကလည်း၊ မေဆိုတာ မေနီးဝါးလ်ကို ပြောတာပဲဟာ"

"ကျေးရူးပြုပြီး မေနီးဝါးလ်ဖြစ်ဖြစ် နီးလို့ပဲဖြစ်ဖြစ် သုံးပါလား"

ဒေါက်တာစပ်ဝဏ္ဏဟာန်သည်လည်း သိရခက်သော လူတစ်ယောက်ပါလားဟု ခက်ခက်နွှယ်ယမင်း ကောင်းစွာအကဲခတ်လိုက်မိသည်၊

ဒေါက်တာစပ်ဝဏ္ဏဟာန်မှာ ပျော့ကွက်တစ်ကွက်တော့ ရှိနေသည်ဟု။


www.burmeseclassic.com

www.burmeseclassic.com

"မေနီးဝါးလ်ဟာ တစ်နေ့မှာ ကျွန်မကို အကူအညီတောင်းတယ်၊ ကျွန်မခါတ်ပုံ အသုံးပြုခွင့်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အိပ်မက်ထဲက ချစ်သူဟာ အရမ်းကို ခန့်ညားတဲ့ ရှေမင်းသားလေးတဲ့၊ ဒါပေမယ့် သူက မလှတော့ သူငယ်ချင်းတွေထဲမှာ အလှဆုံး ဖြစ်တဲ့ ကျွန်မဆီက အကူအညီတောင်းတာတဲ့လေ"

"မေနီးဝါးလ်ဟာ ဒီလောက်ရုပ်ဆိုးသလား"

"ဆိုးတယ်လို့သာ သတ်မှတ်ထားလိုက်ပါလေ"

ဒေါက်တာဝဏ္ဏဟာန် စားသောက်ခန်းမအပြင်သို့ ငေးမျှော်ကြည့်နေသည်။ သူ့အကြည့်က ပစ္စုပ္ပန်၌ မရှိ၊ အတိတ်ကို ငေးမျှော်နေသလိုပင် ဖြစ်နေသည်။ နောက်..ဆွေးဆွေးမြေ့မြေ့နှင့်...

"မင်းဟာ အနီးအဝေးလေးတွေ စုထားတဲ့ မေနီးဝါးလ်ရဲ့ပုံရိပ်တစ်ခုပေါ့...ဟုတ်လား"

"ဟင့်အင်း...ကျွန်မဟာ လက်တွေ့ဆန်တဲ့ ခက်ခက်နွယ်ယမင်းပါ၊ အိပ်မက်ထဲက မေနီးဝါးလ် မဟုတ်ပါဘူး"

"ဪ...မင်းနာမည်က ခက်ခက်နွယ်ယမင်းကိုး"

"ဟုတ်ပါတယ်.."

"မင်းတို့ ဘာဖြစ်လို့ ကိုယ့်ကို ဒီလိုလုပ်ရတာလဲကွာ"

ဟု ညည်းညူပြီးမှ...

"ကိုယ်လက်မခံဘူး"

"ရှင်.."

"ဟုတ်တယ်...မင်းဟာ ခက်ခက်နွယ်ယမင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုယ်လက်ခံတာ မင်းဟာ ကိုယ့်ရဲ့မေနီးဝါးလ်ပဲ၊ မင်း ဘာမှငြင်းဖို့ မစဉ်းစားနဲ့"





ခက်ခက်နွယ်ယမင်း ခုမှ ကြောက်စိတ်မဝင်စဖူး ဝင်လာသည်။ သို့သော် ဉာဏ်ဆင်လျက်ပင်...

"ခွင့်လွှတ်ပါ ကိုဝဏ္ဏဟာန်၊ ကျောက်မဲမှာ တွေ့တုန်းက ရုတ်တရက်မို့ ကျွန်မ မငြင်းဆန်ရက်ခဲ့ဘူး၊ နောက်တော့လည်း ရှင်နဲ့ အနီးကပ် ဆက်ဆံကြည့်တော့ လူကြီးလူကောင်းတစ်ယောက်ဆိုတော့ လေးစားလာပြီး အမှန်အတိုင်း ဖွင့်ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်လေ"

မုသားတစ်ဝက်၊ ပင့်လုံးတစ်ဝက်နှင့် စကားချိုချိုကို အမြောက်လက္ခဏာ တစ်ချို ပြောလိုက်သည်။ တင်းနေသော ဒေါက်တာစပ်ဝဏ္ဏဟာန်၏မျက်နှာကြောကြီး ပြေလျော့သွားသည်။

"နောက်ပြီး သူ့အိပ်မက်ထဲက ရှေမင်းသားဟာ ဘယ်လိုလူစားမျိုးလဲ သိချင်လာလို့ အခြေအနေကို မေးနေခဲ့တာ၊ ဒါပေမယ့် ဒေါက်တာရဲ့ကျွန်မအပေါ် မေနီးဝါးလ်ဆိုတဲ့ ယုံကြည်မှုတွေ အရမ်းတက်မလာခင် အမှန်ကို ဖွင့်ပြောသင့်တယ် ထင်လို့ပါ"

"မေနီးဝါးလ်ဟာ ဘယ်သူလဲဆိုတာ မင်း ကိုယ့်ကို သက်သေပြနိုင်မလား"

ကတ်တီကို သတိရမိသည်။ ကတ်တီ ငါ့ကို ကယ်ပါ။

"မန္တလေးမှာ ရှိတယ်"

"ဟင်...မန္တလေးမှာ.."

"ရှင့်ကို ကျွန်မ မလိမ်ပါဘူး၊ ဒီမှာ ကျွန်မမှတ်ပုံတင်ကတ်နဲ့ Visitingကဒ်"

ဒေါက်တာစပ်ဝဏ္ဏဟာန် ယုံကြည့်လိုက်သော်လည်း ပြန်ချထားလိုက်ပြီး...


www.burmeseclassic.com

www.burmeseclassic.com

"ဒါတွေ ကိုယ်စိတ်မဝင်စားဘူး၊ ကိုယ်စိတ်ဝင်စားတာ အင်တာနက်(internet)ကနေတစ်ဆင့် သိကျွမ်းခဲ့ရတဲ့ မေနီးဝါးလ် ဆိုတဲ့ မင်းပဲ၊ မင်းမဟုတ်ဘူးဆိုရင် အခြားမေနီးဝါးလ်အစစ်ကို မင်း သက်သေပြရမယ်"

"ခုက္ကပါပဲ"

ခက်ခက်နွယ်ယမင်း အကြီးအကျယ်ပင် စိတ်အိုက်သွားခဲ့ရ လေပြီ။ ဒေါက်တာစပ်ဝက္ကဟန်က သူ့ရှေ့ရှိ ဝီစကီပုလင်းကို ဒုတိယ မြောက် ထပ်ထည့်လိုက်သဖြင့် ပိုမိုမျက်လုံးပြူးသွားရသည်။

"ဒါဆို ရှင်ခဏစောင့်၊ ကျွန်မ မေနီးဝါးလ်ဆီ ဖုန်းသွားဆက် လိုက်မယ်"

"အိုကေ..."

ခက်ခက်နွယ်ယမင်း စားသောက်ခန်းထဲမှ ထပြီး Reception ကောင်တာရှိ လိုင်းဖုန်းမှတဆင့် နန်းကစ်တီစိုး၏ G.S.M ဂဏန်း ကိုးလုံးကို နှိပ်ကာ ဘုရားတလိုက်သည်။

ဘုရား...ဘုရား...လူကြီးမင်းနဲ့ မတိုးပါစေနဲ့။







အခန်း(၂၈)

"ကြောင်မ...ငါတော့ ကွိုင်တက်နေပြီ"

မိုးကုတ် မိတယ်ဖုန်းမှ လေသံနှင့် ကစ်တီကို အလောသုံး ဆယ် လှမ်းပြောလိုက်ရသည်။

အရေးထဲ မိုးကုတ်က G.S.M လိုင်းမဝင်၊ CDMA လိုင်းသာ သဖြင့် ကြိုးဖုန်းကိုသာ အားကိုးရသည်။

"ပြော...မိခက်၊ နင့်ဆီက သတင်းကို ငါအမြဲစောင့်မျှော်နေ တာ"

အရေးအကြောင်းဆိုတော့လည်း အားကိုးရပေသားပဲ။ အား တက်စွာဖြင့်...

"ဒီလိုဟာ...ငါ သူ့ကို မေနီးဝါးလ် မဟုတ်ကြောင်း ဖွင့်ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီ"

"ဟင်...ဒီတော့..."

"ဟုတ်တယ်...မပြောလို့မဖြစ်ဘူး၊ နင့်လူက ဖွတ်ကြီး၊ ဘော ကျပ်နံကျပ် အနေအထားမို့ ငါဖွင့်ပြောလိုက်ရတာ၊ ဒီတော့ သူက မေနီးဝါးလ်အစစ်ကို တွေ့ချင်တယ်တဲ့လေ"

"ပြဿနာပဲ...ငါက..."

"လုပ်မနေနဲ့...နင်တို့ ပြေလည်အောင် ငါအကြံထုတ်ပေးခဲ့ တာပဲ၊ ငါ့ကိစ္စမှာလည်း နင်ကူညီဦး၊ နင့်ဂတ်ဂတ်ကြီးကိုလည်း အသေး စိတ် ရှင်းပြပြီး အကြံတောင်းနိုင်းလိုက်ဦး"

"ငါတို့က နင့်လောက် ဉာဏ်နီဉာဏ်နက် မများဘူးဟ ယမင်း ရ"

"ဒါလည်း ဟုတ်တာပဲ၊ လောလောဆယ်ဆယ် ဒီလိုလုပ်ဟာ နင်သာ မေနီးဝါးလ်အစစ် ဖြစ်ကြောင်း online ပေါ်က မေနီးဝါးလ်ဟာ နင် ဖြစ်ကြောင်းကို မိုတယ်ဖုန်းနံပါတ်က ×,×,×××၊ သေသေချာချာ မှတ် နော်၊ အခန်းနံပါတ်(၃၀၇)ကို ချိတ်ခိုင်းလိုက်...မှတ်ပြီးပြီလား"

"အင်း...အင်း...ငါ ကိုကို့ဆီ ခွင့်တောင်းပြီး ဆက်လိုက်ပါ့မယ်၊ မေနီးဝါးလ် မန္တလေး ရောက်နေတယ်လို့ လုပ်လိုက်မယ်"

"ငါ စိတ်ချနေမယ်နော် ကျေးဇူးရှင်"

"အင်းပါ...စိတ်ချ...စိတ်ချ၊ ဟဲ့...ခနဦး မိခက်၊ ငါပြောစရာ ကျန် သေးတယ်"

ရစ်ပြီ ကြောင်ချီးမဟု စိတ်ထဲ မြည်တွန်ရင်း...

"မြန်မြန်ပြော..."

"နင့်ရဲ့ဦးလေးကြီး ရဲဘုန်းလူကလေ...နင့်နောက်ကို ရှဲဒိုးလိုက်





နေတာ၊ ကျောက်မဲကနေ မန်ကွမ်ကို ဦးတည်တဲ့လမ်းပေါ်မှာ ငါ့ဆီ ဆက်ဆုံး သတင်းထောက်လှမ်းသေးတယ်"

"တကယ်"

ကျဦးထဲကျပ်ထဲကြီးက ခက်ခက်နွယ်ယမင်း ရင်ဖိုလှိုက်မော ပြည်နူးသွားလေသည်၊ ကိုယ်စိတ်ဝင်စားရသူက ကိုယ့်ကို ဂရုတစိုက် ပြီး ကိုယ့်အတွက် စိုးရိမ်ပူပန် ဗျာများနေသည်ကို သိရသဖြင့် တဒင် ရွှင်ရွှသွားသည်။

ထိုစဉ် နောက်ပါးဆီမှ...

"နီး ဖုန်းဆက်လို့ မပြီးသေးဘူးလား"

သူ့ထံ လျှောက်လှမ်းလာသော ဒေါက်တာစပ်ဝဏ္ဏဟန် အသံ ကြောင့်...

"ဟော...သူလာပြီ၊ ဒါပဲနော် ကြောင်မ၊ နင်ဆက်ဖြစ်အောင် ဆက်လိုက်"

ပြောပြောဆိုဆိုနှင့် ခက်ခက်နွယ်ယမင်း တယ်လီဖုန်း ချလိုက် လေသည်။

"ဘယ်လိုလဲ နီး"

ဒေါက်တာစပ်ဝဏ္ဏဟန် ဝီစကီတန်ခိုးနှင့် အတော်ထွေနေပုံ ရသည်၊ လျှာလေးအာလေး ဖြစ်နေသည်။

"မေနီးဝါးလ်းဆီက ရှင့်ဆီကို ဖုန်းဆက်မယ်ဆိုတဲ့ကတိကို ရလိုက်ပြီ ကိုဝဏ္ဏဟန်"

ခက်ခက်နွယ်ယမင်းက ထွက်ပေါက်ရသွားသဖြင့် တက် တက်ကြွကြွပင် ပြောလိုက်သည်။

"တကယ်...မင်းပြောတာတွေက ဖာတ်လမ်းမဟုတ်ဘူးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

အပြင်မှာ မေန်းဝါးလ်တစ်ယောက် တကယ်ရှိနေတယ်ပေါ့"

"ဟုတ်ပါ့ရှင်...အရှင်လတ်လတ်ကြီးကို ရှိနေတာ၊ သူ အားလုံး ဖွင့်ပြောလိမ့်မယ်"

"ကောင်းတယ်...သူ ဘယ်တော့ ဆက်မှာလဲ"

"မကြာခင် ရှင့်အခန်းထဲကို ဆက်လိမ့်မယ်"

"အိုကေ...ဒါဖြင့် ကိုယ်အခန်းထဲမှာ သွားစောင့်နေမယ်၊ မင်း မှာထားတာတွေ စားလိုက်ဦးနော်"

ဒေါက်တာစပ်ဝဏ္ဏဟန် တကယ်ပင် အခန်းဆီသို့ တက်သွားလေသည်။

ခက်ခက်နွယ်ယမင်းလည်း စားသောက်ခန်းဘက်သို့ ပြန်ကူးပြောင်း၍ မှာထားသော အစားအသောက်များကို အေးဆေးစွာပင် စားသောက်လိုက်သည်။ စားသောက်ပြီး နန်းဖောနှင့်အတူ (၃၀၅)အခန်းတွင် အိပ်စက်အနားယူလိုက်သည်။

အိပ်စက်ခြင်းကို ဖိတ်ခေါ်စရာမလို၊ ကားစီး၀ါး၍ ညောင်းညာမှု၊ အာဟာရပြည့်တင်းမှုတို့ကြောင့် ခေါင်းချသည်နှင့် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေသည်။

သို့သော်...

"ဒေါက်..ဒေါက်..ဒေါက်"

"ကလင်..ကလင်..ကလင်"

"နိုး...နိုး...နန်းဖေါ...နန်းဖေါ"

ခက်ခက်နွယ်ယမင်း အသံပေါင်းစုံ၏နှိုးနေမှုကြောင့် ရုတ်ချင်းနိုးလာပါသည်၊ သို့သော် အိပ်ချင်မူးတူး ဖြစ်နေ၍ ချက်ချင်းမထသေး။





"ကလင်...ကလင်"

"နန်းဖေါ.."

ခက်ခက်နွယ်ယမင်း ခေါင်းရင်းမှ ကြိုးဆွဲမီးခလုတ်လေးကို ဖွင့်ပြီး ဘေးကုတင်မှ နန်းဖေါကို လှုပ်နိုးလိုက်သည်။

"နန်းဖေါ..နန်းဖေါ၊ ထ..ထ၊ တံခါးသွားဖွင့်၊ ရှင့်ဆရာ ခေါ်နေသယ်"

"အင်း..အင်း..ဘာဖြစ်လို့လဲ"

အိပ်ချင်မူးတူး ဖြစ်နေသော နန်းဖေါကို...

"တောင်ပြို့လို့တဲ့"

ဟု နောက်လိုက်သည်။ ထိုအခါကျမှ...

"ဟင်...ဟုတ်လား"

ပြူးတူးပြဲတဲနှင့် မျက်လုံးကျယ်သွားပုံရသည်။ တံခါးသွားဖွင့်သည်။ သူလည်း လက်ပတ်နာရီ ကြည့်လိုက်တော့...

"ဟင်...(၉)နာရီပဲ ရှိသေးတာ"

ဟု ရေရွတ်ရင်း တံခါးဝဆီသို့ လှမ်းကြည့်လိုက်သည်၊ တံခါးဝ နေပ်ကာ စပ်ဝဏ္ဏဟန်က...

"နိုးရေ.."

"ဘယ်လိုဖြစ်ရတာလဲ ဒေါက်တာကြီးရေ၊ အိပ်မလို့ ကြံတုန်းသေးတယ်"

"အရေးကြီးလို့ပါ နိုး၊ ညတွင်းချင်း မန္တလေးကို ဆင်းချင်တယ်၊ ပြောတဲ့အတိုင်း သူနဲ့ အဆက်အသွယ်ရတယ်"

"ဟုတ်လား..."

ဟု နှုတ်က ပြောလိုက်ပေမယ့် စိတ်ထဲ ကြောင်မစုတ်သာ ဘာတွေ


www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကရ ထွင်လိုက်ပြန်သည် မသိ။ စိတ်ရှုပ်သွားသည်။

"သူကလည်း ညတွင်းချင်းကြီး ရန်ကုန်ကနေ ထွက်ခဲ့မယ်တဲ့၊ မနက်စောစော မန္တလေးက ပစိဖိတ်ဟိုတယ်မှာ စောင့်နေမယ်တဲ့"

မန္တလေးမှာ ရှိနေသော ကစ်တီ ဘာတွေများ ထွင်လိုက်သည် မသိ။

"မနက်မှ ဆင်းလို့မရဘူးလား"

"အင်း...ကိုယ်ပြောပါသေးတယ်၊ ဒါပေမယ့် သူက ရောက်အောင် မလာရင် နောက်တစ်ခါ တွေ့ဖို့ လုံးဝမမျှော်လင့်နဲ့တော့ ဆိုလို့ကွာ"

ဩော်...ကိုဝဏ္ဏဟန်တည်းဟူသော ပုရိသကို သူ့အလှ အမင်းပင် သနားသွားသည်။ မိန်းမသားများ၏လှည့်ကွက်ထဲ နားမလည်စွာ သက်ဆင်းနေရရှာပါလား။

သို့နှင့် ကသုတ်ကရုတ်ပင် ပစ္စည်းကောက်သိမ်းပြီး ထွက်ခဲ့ကြသည်၊ ထုံးစံအတိုင်းပင် သူတို့နှစ်ယောက်က ရှေ့မှာ၊ နန်းဖော် လင်မယားက နောက်မှာ ဖြစ်သည်။

"ညဘက်ကားမောင်းရင် ကိုယ်က ဘယ်သူမှ စိတ်မချဘူး ကိုယ်တိုင်ပဲ မောင်းတယ်"

"ဒါနဲ့ ကိုဝဏ္ဏဟန်တို့ ဘာဖြစ်ကြသေးသလဲ"

"ဘာကိုလဲ..ယမင်း"

အလဲ့...မဆိုးပါဘူး။ သူ့ကို မေနီးဝါးလ် မဟုတ်ဘူးဆိုတာ လက်ခံလိုက်သည့်သဘောအနေနှင့် နာမ်စားပြောင်းသုံးလိုက်သည်။

"မေနီးဝါးလ်နဲ့လေ"

"ဩော်...သူက တော်တော်အိပ်မက်ဆန်တယ်၊ သူ့စကား





ထောင်ရတာ လေထဲမှာ မျောပါနေသလိုပဲ၊ ဟိုရောက်ဒီရောက်နဲ့..."

"ဟုတ်လား.."

တော်ပါသေးရဲ့...ကစ်တီပညာအစွမ်းက မသေးဘူးထင့်၊ အလိမ်မပေါ်သည့်အပြင် အဟုတ်ကြီး ထင်ကာ စိတ်ခါတက်ကြွနေသည်။

"မေနီးဝါးလ်က အင်တာနက်ထဲက သူ့အိပ်မက်ထဲက ချစ်သူကို လိုက်ရှာနေတာပါတဲ့၊ ဒါပေမယ့် သိပ်နောက်ကျသွားပြီ ထင်ပါတယ်လို့ ပြောရင်းနဲ့..."

"ငိုပါလေရော်လား"

ခက်စက်နွယ်ယမင်းက တကယ့်ခံစားချက်အပြည့်နှင့် ပြောနေသော ဒေါက်တာစပ်ဝဏ္ဏဟန်ကို စကားထောက်ပေးလိုက်သည်၊ သို့သော်...

"ဟင့်အင်း...ရယ်နေတယ်"

"ဟင်.."

လုပ်ချလိုက်ပြန်ပြီ၊ ကြောင်မကစ်တီက သရုပ်ဆောင်ရင်လည်း ပီပီပြင်ပြင် သရုပ်ဆောင်တာ မဟုတ်ဘူးဟု စိတ်ထဲက ကြိတ်မာန်နေမိပြန်သည်၊ သို့သော်...

"ဒါပေမယ့် သူ့ရယ်သံထဲမှာ ငိုသံစွက်ဖက်နေတယ်လို့ ကိုယ်ခံစားရတယ်"

"ကိုဝဏ္ဏဟန်ကရော..."

"သူ့ထက် ပိုပါတယ်လေ၊ နောက်ပြီး သူ့အသံကြားမှ chatting ဝင် စကားပြောကြတုန်းက မေနီးဝါးလ်ဟာ အစုမှ တစ်ယောက်တည်းဆိုတာ ခံစားရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့် ပြောတာပေါ့၊ ကျွန်မက သူတို့ရဲ့ဇာတ်ရုပ်ပါလို့"

ဒီလိုတော့လည်း ကစ်တီမ သရုပ်ဆောင်တာ ပီပြင်သားပဲဟု စိတ်ထဲ ကြိတ်ချီးကျူးရင်း ဒေါက်တာစပ်ဝဏ္ဏဟန်ဘက် ငဲ့စောင်းကြည့်လိုက်သည်။ အတိတ်နယ်ပယ်ကို ငေးကြည့်နေသလို ဖြစ်နေသောကြောင့် စိတ်ပူသွားသည်။ သူမောင်းနေသောကားကို ကိုယ်က စီးနေရသောကြောင့် ကိုယ့်အတွက် စိတ်ပူခြင်းဖြစ်သည်။

ထို့ကြောင့်…

"ကိုဝဏ္ဏဟန် အဆင်ပြေပါတယ်နော်၊ ကျွန်မမောင်းပေးရမလား၊ ကျွန်မက လမ်းမကျွမ်းပေမယ့် ကားမောင်းတော့ ကျွမ်းပါတယ်"

"ရပါတယ်ဗျာ…ကျွန်တော်မျက်လုံးတွေ မမှေးနိုင်အောင် မြဲမြဲပြင်ထားပါတယ်"

ဩော်…မေနီးဝါးလ်က သူ၏အိပ်စက်ခြင်းကို နှုတ်ယူထားပြီထင်ပါသည်။

သို့သော် မကြာမီအချိန်ကာလ၌ ဒေါက်တာစပ်ဝဏ္ဏဟန် တစ်ယောက် မီးကုန်ယမ်းကုန် ပေါက်ကွဲတော့မည် ထင်ပါသည်။





အပိုင်း(၆)

နှလုံးသား ခြေရာထပ် လိုက်ခဲ့လေသူ

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

ရဲဘုန်းလှူတစ်ယောက် တစ်သက် သူစိမ်းမိန်းကလေးတစ်ဦးနှင့် ပတ်သက်ပြီး ပထမဦးဆုံးအဖြစ် အချိန်တွေ ပေးသည်၊ သောကတွေ ပေးသည်၊ ပူပန်မှုတွေ ပေးနေမိသည်။

ခက်လည်း ခက်တဲ့ ခက်ခက်နွယ်ယမင်းရယ်၊ online ပေါ်က မိတ်ဆွေတစ်ဦးနှင့် ဝေးသီခေါင်ဖျား တောတောင်အထပ်ထပ်ကြား ခရီးသွားရတယ်လို့။

နန်းကစ်တီစိုးဆီက သတင်းစကားတွေ ကြားရကတည်းက ရင်ထဲ နေဆယ်စင်းမက ထွန်းလင်းခဲ့လေပြီ။

ကျောက်မဲမှ ပန်ကွမ်ရွာကြီးသို့ တောက်လျှောက်မောင်းလိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘော့စ်...တစ်ခုခု စားပါလား၊ ကျွန်တော် ဘော့စ် ထမင်းမစား ရသေးမှန်း သိလို့ ပူတင်းပေါင်မုန့် ဝယ်လာတယ်"

ကားအတ်ချ်ဘုတ်ပေါ်တွင် တွေ့နေသူ့ဘားပဲ၊ ရင်တွေ ပူလောင် လွန်းလို့ ရေသန့်ပုလင်းကိုသာ မကြာခဏ မော့သောက်နေမိလေ သည်၊

"ရတယ်...မနက်အစောကြီးကတည်းက ဗိုက်ကို တင်းနေ အောင် နစ်ထပ်ဖြည့်သိပ်ပြီးသား"

လမ်းဘေးဝဲယာရှုခင်းများက အတော်ကြီး ကျယ်ပြန့်လာလေ လေ၊ သူ့ရဲ့လေဒီဒရိုင်ဘာလေးအတွက် ပူပန်လေလေ ဖြစ်သည်၊

ဟင်း...ဒီကောင် ဒီရှုခင်းတွေကို အကြောင်းပြု ခေါ်ဆောင်သွား တာပဲဖြစ်မည်။

"ရှေ့တစ်ကွေ့နှစ်ကွေ့လောက် မောင်းပြီးရင် ပန်ကွမ်ရွာကို မြင် ရတော့မယ် ဘော့စ်"

"ပန်ကွမ်.."

"ဟုတ်တယ်လေ ဘော့စ့်ရဲ့..စပ်ဝဏ္ဏတို့ရွာလေ"

"ဩော်..အင်း...သူတို့ကို ဘယ်လိုရှာမလဲ"

"လွယ်ပါတယ် ဘော့စ်၊ ဒီအရပ်ဒေသက ကိုစပ်ဝဏ္ဏဟန်ကို မသိတဲ့လူ မရှိပါဘူး၊ ပြီးတော့ ဒီလက်ဖက်ခင်းတွေရဲ့ဧကအများဆုံး ပိုင်ထားတဲ့သူပဲ"

"ဟင်...မင်းဘယ်လိုလုပ် သိတာလဲ"

"ဒီလိုပဲပေါ့ ဘော့စ်ရယ်၊ ဓါတ်ဆီထည့်တုန်းက စုံစမ်းလာတာ လေ၊ ကျောက်မဲထမင်းဆိုင်မှာလည်း စုံစမ်းခဲ့သေးတယ်၊ ဒေါက်တာ စပ်ဝဏ္ဏယာန် မိဘများက စော်ဘွားမျိုးရိုးတွေပဲ...မြို့မျက်နှာဖုံးတွေ၊





ဒေသခံတော်တော်များများက သိကြတာပဲ"

ရဲဘုန်းလူ မောင်ထူးစကားကို နားထောင်ရင်း စိတ်ထဲတော့ အပူလုံးကြီး အနည်းငယ် လျော့သွားသလို ခံစားလိုက်ရသည်၊

မြို့မျက်နှာဖုံး၊ မျိုးရိုးကောင်း၊ ပညာတတ်တစ်ဦး မိုက်မဲသော အလုပ်၊ သူ့သမိုင်းကို အမဲစက် ထင်စေမည့်အလုပ်မျိုးတော့ မလုပ်ပါဘူး ဟု တွေးမိသောကြောင့် ဖြစ်သည်၊

သို့နှင့် ပန်ကွမ်ရွာထဲ ရောက်လာသည်။ မေးရင်းစမ်းရင်းနှင့် ဒေါက်တာဝဏ္ဏဟန်တို့အိမ်ကြီးဆီသို့ ဦးတည်လာနိုင်သည်၊

"အိမ်နေရာတော့ သိပါပြီ...ဘာဆက်လုပ်ရမလဲ"

"သိတော့ မောင်းဝင်ပေါ့ဗျာ"

"ပြောင်ဝင်သွားလို့ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ...စပ်ဝဏ္ဏက မာဖီးယားဂိုဏ်းချုပ်မို့လို့လား"

ဘာဖြစ်လို့လဲ မသိ၊ လေဒီဒရိုင်ဘာလေးနှင့် ဆုံတွေ့ခွင့် မရ ချင်း သူ့စိတ်တွေက တင်းနေသည်၊ ထောင်းကနဲ ပြတ်နိုင်သည့် အနေ အထားအထိမို့ ဘုတောနေမိသည်။

"ဟုတ်ကဲ့...အာ...မဟုတ်ပါဘူး၊ ကျွန်တော်က နည်းနည်း နိုမ်လို့ပါ ဘော့စ်ရာ"

"မောင်းဝင်စမ်းပါဗျာ"

ခရိန့်မျိုး၌ မာဖီးယားဂိုဏ်းခေါင်းဆောင်လည်း ရင်ဆိုင်ရန် အသင့်ရှိနေသည့် အနေအထားမျိုးပင်၊ သူသိသည်က လူတစ်မျက်နှာ လေးနှင့် ဆုံတွေ့ဖို့ကလွဲ၍ ဘာမှမရှိ။

ဆွဲအားပြင်းသော အချစ်၏ရိုက်ချက်က ကြောင်ဖို့ပင် ကောင်းနေသည်၊ သို့သော်...


www.burmeseclassic.com

www.burmeseclassic.com


"သံဝဲခါးနဲ့ ကြေးသော့ခံလောက်ကြီးက ပိတ်ထားတယ် ဘော့စ်ရဲ့"

"ဟွန်းတီးလေကွာ"

"တီ–တီ…တီ…တီ"

ပြောပြောဆိုဆိုနှင့် သူပင် ကိုယ်ကို ကိုင်းပြီး ဟွန်းသံရှည် ပေးလိုက်သည်။

လှုပ်ရှားမှုတော့ တွေ့ရသည်။ သို့သော် နေးကွေးလွန်းသဖြင့် သူ ကားပေါ်မှ ဆင်းကာ ရပ်စောင့်နေလိုက်သည်။

အသက်(၇၀)အရွယ် အဘွားအိုတစ်ဦး။

"အဘွား…ဒေါက်တာစပ်ဝဏ္ဏဟန်တို့ ရှိပါသလား"

"မဟု"

အဘွားကြီးက ရှမ်းလို ဖြေသည်။ ထိုအခါ မောင်ထူးက ကားပေါ်မှ ပြေးဆင်းလာကာ ရှမ်းဘာသာစကားနှင့် အပြန်အလှန် ပြောဆိုကြသည်။ အချိန်အနည်းငယ်ကြာသောအခါ မောင်ထူးက…

"ခရီးဆက်လို့ရပြီ ဘော့စ်"

"ဘယ်ကိုလဲ.."

သူ နားဝေတိမ်တောင်နှင့် ကားပေါ် တက်လိုက်ရသည်။ ရှမ်းအဘွားကြီးကလည်း တရွေ့ရွေ့နှင့် သူတို့ကို ကျောခိုင်းသွားသည်။

"ဘယ်ကိုသွားမှန်းတော့ သူမသိဘူးတဲ့၊ မိန်းကလေးချော ချော စည့်သည်လေး ပါလာတယ်၊ နာရီဝက်လောက် နားပြီး ပြန်ထွက် သွားတယ်ဆိုတော့ မိုးကုတ်ပဲ ဆက်သွားမှာပေါ့ ဆရာ၊ ကျောက်မဲပြန် တာတော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ ပြောနိုင်တာလဲ"



"လမ်းကတစ်လမ်းထဲ ရှိတာလေ၊ ကျောက်မဲပြန်တာဆို လမ်းမှာ ကျွန်တော်တို့နဲ့ မျက်နှာချင်းဆိုင် တိုးမှာပဲ၊ ဒီတော့ မိုးကုတ်ကို ဆက်လိုက်ရုံပဲ ရှိတော့တာပေါ့ ဘော့စ်ရယ်"

"အင်း…လိုက်ဗျာ၊ မိုးကုတ်တစ်လမ်းထဲ ရှိတယ်နော်"

"ရက်စ်…ဘော့စ်"

ကားက နားခွင့်မရှိ၊ ခရီးဆက်ရပြန်သည်။

"အဘွားကြီးနဲ့ ခင်ဗျား စကားတွေ အများကြီးပြောနေတာ ဒီလောက်ပဲလား၊ ဘာတွေပြောသေးသလဲ"

"ဩော်…ဘော့စ်ကောင်မလေးက တော်တော်ချောတယ်တဲ့"

"ကျုပ်သိပြီးသားပဲ"

"နောက်ပြီး သူတို့ဆရာလေးက အဲဒီကောင်မလေးကို တော်တော်ဂရုစိုက်တယ်တဲ့"

"တော်..တော်..မကြားချင်တော့ဘူး"

အူနကျွဲခတ်ခံရလေပြီမို့ ခေါင်းခါခါနှင့် ငြင်းဆန်လိုက်သည်။

"ဟုတ်ကဲ့…နောက်ပြီး ဒီက ထွက်သွားတာ တစ်နာရီလောက် ရှိပြီတဲ့"

"ဒါဖြင့် မီအောင်လိုက်ဗျာ"

"ရပ့်ါမလား ဘော့စ်ရယ်၊ သူတို့ကားက လင့်ခရွှဆာလေ၊ ကားက ဘယ်မီနိုင်ပါ့မလဲ"

ပကာသနတွေ၊ မနဂုက်တွေကများ လေဒီဒရိုင်ဘာလေးကို ဆွဲခေါင်သွားလေသလားဟု မဝံ့မရဲ တွေးလိုက်မိသည်။

နန်းကစ်တီစိုးဆီမှ ရရှိခဲ့ရသော သတင်းစကားအရတော့ မနိုင်ဘူး ထင်ပါသည်။ ကားကှ ခရီးဆက်ခဲ့ရပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ဘော့စ်…ဒီရွာကြီးမှာတော့ ခဏနားပြီး ကားအောက်ပိုင်း နည်းနည်းတော့ check(စစ်ဆေး)ရလိမ့်မယ်၊ တော်ကြာ လမ်းကြမ်းတော့…"

"လုပ်ဗျာ…ဒါနဲ့ ဒါ ဘာရွာလဲ"

"မိုင်းလုံရွာကြီးပဲ"

ကားက လက်ဖက်ရည်ဆိုင်ရှေ့ထိုးရပ်လိုက်သည်။ ရဲဘုန်းလှလည်း အပေ့ါအပါးသွားရန် နောက်ဖေးဘက်သို့ ဝင်ခဲ့လေသည်။

ပြန်ထွက်လာတော့ ထုံးစံအတိုင်း မောင်ထူးနှင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ရှမ်းအမျိုးသမီး စကားတွေ ဖောင်ဖွဲ့နေသည်။

သူ လက်ဖက်ရည်နှင့်မုန့်စားပြီး နားနေစဉ် မောင်ထူးမှာ စားသောက်ရင်း စကားဖောင်ဖွဲ့နေတုန်းပင်။

"မောင်ထူးရေ…ကားစစ်ပြီးပြီလား"

"ပြီးပြီ ဘော့စ်၊ အောက်ပိုင်းအိုကေတယ်၊ ရေထိုး၊ ဆီဖြည့်လည်း လုပ်ပြီးပြီ၊ ဘော့စ် အပေ့ါသွားတုန်းမှာ ကားကိစ္စလည်း ပြတ်တယ်"

"ဒါဖြင့် မင်းစားပြီးရင် သွားရအောင်"

"ရက်စ်…ဘော့စ်"

ကားပေါ် ရောက်တော့မှ သူ မောင်ထူးကို ပြစ်တင်ဝေဖန်လိုက်မိသည်။

"မင်း အောက်ပိုင်းစစ်တာက ဆိုင်မှာ ထိုင်ပြီး လေဖမ်း ဒန်း…တာကို ပြောတာလား"

"ဒါကတော့ ဘော့စ်အတွက် သတင်းနှိုက်ယူပေးတာလေ"

သို့ဆိုပြန်တော့လဲ ရဲဘုန်းလှ၏ဇင်ယော်တောင် မျက်ခုံးနှ…တက် မြင့်တက်သွားလေသည်။





"ဘာသတင်းရခဲ့သလဲ"

"လင့်ခရူဆာကားဖြူလေးလည်း ဒီမှာ နားသွားတယ်တဲ့၊ ကားသမားချင်း သိနေတယ်လေ၊ ဒီလမ်းခရီးသွားရင် ဒီမှာ မလွဲမသွေ နားရ…ပဲ"

"တော်ပါဗျာ…ဆက်စမ်းပါဦး"

"ကားပေါ်မှာ အမျိုးသမီးနှစ်ယောက် ပါတယ်"

"နှစ်ယောက်"

သံယောင်လိုက်မိလိုက်သလို စိတ်လေးလံမှု ခွေးသားမျ…ာ့သွားလေတော့သည်။

"တစ်ယောက်က ငယ်ငယ်ချောချော၊ တစ်ယောက်က …ောက်သုံးဆယ်ကျော် လေးဆယ်ပိုင်းတဲ့၊ ယောကျ်ားကတော့လည်း …လိုပဲ ငယ်ငယ်ချောချောနဲ့ လေးဆယ်ပိုင်း"

ရဲဘုန်းလှ မျက်ခုံးတွန့်သွားပြီး…

"တော်ပြီဗျာ"

ဒေါက်တာစပ်ဝဏ္ဏဟန်ကို ငယ်ငယ်ချောချောလို့ ပြောတာပဲ …ည်ဆိုတော့ ဝန်တိုချင်သည်။

"သူတို့လည်း ဒီမှာ နာရီဝက်လောက် နားသွားကြသေးတယ်…"

"ဒါဆို…"

"ဟုတ်တယ် ဘော့စ်၊ ကျွန်တော်တို့ ခြေရာမပျောက်တော့ပါ…ိုးဘုတ်ဆိုတာ သေချာပါပြီ၊ မိုးကုတ်ရောက်ရင် မိုးကုတ်မိုတယ်…ြင့်ပါတယ်၊ သူတို့လည်း အဲဒီမှာ တည်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားရောက်ဖူးလို့လား"

"ကားသမားပါ ဘော့စ်ရယ်၊ ရှမ်းမြောက်ပိုင်းမှာ ကျွန်တော် ဘရိတ်မနင်းဖူးတဲ့နေရာ မရှိသလောက် ရှားပါတယ်"

"တော်ပါပေတယ်ဗျာ"

ဟု မြှောက်ပေးလိုက်ရသည်။ နယ်မြေလည်း မကျွမ်း၊ ကားမောင်းတွျမ်းသော်လည်း ကားစက်အကြောင်း နားမလည်သော သူ့အတွက် မောင်ထူးလို ဒရိုင်ဘာမျိုးက ကံကြမ္မာက ပေးသော လက်ဆောင်တစ်ခုအဖြစ် သူကျေနပ်စွာပင် လက်ခံလိုက်ရသည်၊

မိုးကုတ်မြို့သို့ ခရီးဆက်လက်ထွက်ခွာခဲ့ကြလေတော့သည်။

လေဒီဒရိုင်ဘာလေး၏ဆွဲငင်အားက ပြင်းထန်လေစွတကား။







အခန်း(၃၀)

မိုးကုတ်မြို့လယ် စားသောက်ဆိုင်၌ ခေတ္တရပ်နားပြီး ညနေစာ
င်းစားသောက်ရသည်။ မနက်ကတည်းက ရှမ်းခေါက်ဆွဲနှစ်ပွဲကို
အပြည့်အဝ မှီဝဲခဲ့ပြီး နေ့လည်စာထမင်း လွှတ်ခဲ့ရသော ရဲဘုန်းလူ
င်းစားနေစဉ်...

"မိုင်းလုံရဲကင်းမှာ ကျွန်တော်ဆင်းမေးခဲ့လို့ ၅ခ/ × × × ×
ရှဆာက ဒေါက်တာစပ်ဝဏ္ဏဟန်ကားလို့ သိရပြီး မိုးကုတ်မြို့
သွားခဲ့တယ်ဆိုတာလည်း သေချာတယ် ဘော့စ်"

"မိုတယ် သွားမယ်လေဗျာ...အဲဒီမှာပဲ တည်းကြမှာပါ"

"ဩော်...ဒီမှာ ဖုန်းဆက်လို့ရတယ် ဘော့စ်"

သူ့ G.S.M ဖုန်းကို ထုတ်ယူလိုက်သည်။ လိုင်းမဝင်။ သူ့ စိတ်


www.burmeseclassic.com

www.burmeseclassic.com

မရှည်သဖြင့် ကောင်တာသို့ ထက်ကာ ဖုန်းခေါ်လိုက်သည်၊ လေဒီဒရိုင်ဘာလေးဆီ၊ မရ။ နန်းကစ်တီစိုး ဖုန်းခေါ်သည်၊ မရ…လိုင်းမအား။ တိုးအောင်ဆီ ခေါ်တော့ သကောင့်သားက ဖုန်းပါဝါပိတ်ထားသည်။

သူ စားပွဲဆီ ပြန်လာသည်။ မောင်ထူးက…

"ရသလား ဘော့စ်"

"နီး…"

"ဒီမှာက G.S.M မရဘူး၊ C.D.M.A ဖုန်းလိုင်းပဲ ရတယ်တဲ့ စိတ်မပူပါနဲ့ ဘော့စ်၊ မိုတယ်မှာ စုံစမ်းလို့မှ မရရင် ဒီမှာ ကျောက်တွင်းတူးရင်း မွဲသွားတဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက် ဆိုင်ကယ် Taxi မောင်းနေတယ်၊ သူ့စုံစမ်းလိုက်ရင် လင့်ခရူဆာ ကားနံပါတ်အရ ရပ်နားတဲ့အိမ် သိမှာပါ"

"မင်းကောင်းသလိုသာ ကြည့်လုပ်တော့ မောင်ထူးရာ"

သူ ဖွဲတော့ မလျော့ပါ။ သို့သော် အမှောင်ထုက ဝါးမြိုစ ပြုလေပြီ၊ သူ့ရင်ထဲက သောကမီးလျှံက တောက်လောင်လေလေ ဖြစ်သည်။

စားသောက်ပြီး မြို့ကို တစ်ပတ်ပတ်ကြည့်လိုက်သည်၊ ဒေါက်တာစစ်ဝဏ္ဏဟန်၏ကားအရိပ်အယောင်ကို မြင်ရလို မြင်ရငြား၊ မမြင်ရတော့ မိုးကုတ်ပိုတယ်သို့ မောင်းခဲ့လိုက်သည်။

"မင်္ဂလာပါရှင်…မိုးကုတ်မိုတယ်က ကြိုဆိုပါတယ်"

မိုတယ်ကားပတ်ကင် ရှိရာသို့ မျက်စိဝေ့ဝဲလိုက်သော်လည်း ဒေါက်တာစစ်ဝဏ္ဏဟန်၏ကားနံပါတ်ကို မတွေ့ရ။

ဧည့်ကောင်တာ၌ စုံစမ်းရသည်။

"ဒေါက်တာစစ်ဝဏ္ဏဟန်နဲ့ တွေ့ချင်လို့ပါ၊ ဒီမှာတည်းမယ်လို့ ဖုန်းဆက်ထားလို့"





"ဟုတ်ကဲ့ရှင်…တည်းပါတယ်၊ စောစောကလေးတင်ပဲ check out လုပ်ပြီး ထွက်သွားပါပြီ"

"ဗျာ…"

"ခင်ဗျာ…"

ဆံရာတပည့်နှစ်ယောက် အာမေဋိတ်သံများနှင့် ခဲလေသမျှ ရေကျသွားလေရပြီ။

"ဒေါက်တာတစ်ယောက်တည်းလား…သူ့အဖော်တွေကော ပါသေးသလား"

ရဲဘုန်းလူ အစိုးရိမ်ဆုံးကိစ္စကို ဆက်လက်စုံစမ်းလိုက်ရသည်။

"မရှိတော့ပါဘူးရှင်…ဒေါက်တာတည်းကဲ့ အခန်း(၃၀၇) … ဒေါက်တာနဲ့ အတူပါလာတဲ့ အမျိုးသမီးနှစ်ယောက် တည်းတဲ့ …)ကော ပြန်အပ်ပြီး အရေးတကြီး ထွက်သွားကြပါတယ်၊ အစက … တစ်ညတည်းမယ်လို့ ပြောပါတယ်ရှင်"

ရဲဘုန်းလူရင်ထဲ အလုံးကြီးတစ်လုံးတော့ ကျသွားလေသည်၊ … ထိတော့ သူ၏လေဒီဒရိုင်ဘာလေး၏အခြေအနေ ကောင်းနေပုံ … သည်။

"ဘယ်လိုလုပ်ကြမလဲ ဘော့စ်"

"ဘယ်သွားမယ်လို့ ပြောသွားသလဲ၊ ကျွန်တော်တို့ကို ဘာမှ … သေးသလဲ"

ဟန်ကိုယ့်ဖို့ လုပ်ကာ မေးရသည်။

"ပြောမသွားပါဘူးရှင့်…မှာလည်း မမှာသွားပါဘူး၊ အရေး …ကိစ္စကြောင့် မြန်မြန်ကြီးကို ထွက်ခွာသွားကြတာပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်...ခွင့်ပြုပါဦး ခင်ဗျာ"

ရဲဘုန်းလူ ညှို့ကောင်တာမှ ထွက်ခဲ့တော့ မောင်ထူးက သူ့ထံ သုတ်.သုတ်သုတ် လိုက်လာပြီး...

"ကျောက်မဲတော့ မပြန်နိုင်ဘူး ဘော့စ်၊ မန္တလေးပဲ ဆင်းတာ ဖြစ်မယ်"

"ငါလည်း ဒီလိုပဲ ခန့်မှန်းတယ်"

"ဒါဆိုရင် ဆက်လိုက်ကြမယ် ဘော့စ်"

"အိုကေ.."

ပေါက်တဲ့နဖူး မထူးတော့ပါဘူး၊ သူ့လေဒီဒရိုင်ဘာလေးနှင့် မတွေ့ရမချင်း မိုးကုတ်စက်ဝိုင်း ဆုံးပါစေတော့၊ ထပ်ချပ်မကွာ လိုက်မည်ဟု ရဲဘုန်းလူ ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်လေသည်။

"မန္တလေးကို ဘယ်လောက်ကြာကြာ မောင်းရမလဲ"

"ကျွန်တော်တို့ကားနဲ့ဆို မကြာပါဘူး ဘော့စ်...(၅)နာရီပေါ့"

"အင်း..ဒါဆိုရင် မိုးမလင်းခင် ရောက်သွားမယ်"

"ဘော့စ်ရဲ့အမျိုးသမီးကို ဘယ်လိုရှာမလဲ"

"သူ့မှာ G.S.M ဖုန်းပါတယ်"

"ဟုတ်သားပဲ...မန္တလေး ဝင်တာနဲ့ G.S.M နဲ့ခြေရာခံလို့ရတာ ပဲ၊ ဒါဆို ကျွန်တော် speed (အရှိန်)နည်းနည်းမြှင့်မောင်းလိုက်တော့ မယ်"

"ပုံမှန်ပဲ မောင်းပါဗျာ၊ အလျင်လိုရင် အနှေးဖြစ်တတ်တယ်"

ရဲဘုန်းလူက တွေးတွေးဆဆပင် ပြောလိုက်လေသည်။

"ရက်စ် ဘော့စ်၊ ဒါထက် သူတို့ ဘယ်ကို သွားနိုင်သလဲ"

"မမှန်းတတ်တော့ပါဘူး...ဒီစပ်ဝက္ကဟန်ဆိုတဲ့လူက ဘယ်





တော မှန်ရဲ့လား မသိပါဘူး"

"ရဲတိုင်လိုက်ပါလား ဘော့စ်"

"မဖြစ်သေးပါဘူးဗျာ...ဟိုက အလိုတူပါဆိုရင် အရှက်ကွဲနေ ဦးမယ်၊ ကျွန်တော်တို့က ဘာမှဆိုင်သေးတာ မဟုတ်ဘူး"

"ဆိုင်လာတော့မယ် မှတ်လား"

ရဲဘုန်းလူက ပြုံးရုံသာ ပြုံးနေလိုက်သည်။ သူ့နှလုံးသားကို လည်း သူအံ့အားသင့်နေသည်။

တွေ့ဆုံခွင့်လေးက တစ်ကြိမ်သာ၊

မထိတထိ ကလိသံလေးနှင့် မထိတထိ အပြုံးလေးနှင့် ပေါင်ဦ ဇက်တက်သော မိန်းကလေးကိုမှ သူကလည်း ထူးထူးခြားခြား ရွှဲလန်းသွားခဲ့သည်။

ဒါဟာ နှလုံးသား၏စေညွှန်းရာသို့ သူကောက်ကောက်ပါ အောင် လိုက်နေခြင်းဖြစ်သည်။ ဟိုနစ်ကောင် တိုးကြီးနှင့် ဖော်ကြီးသာ သိပါက (အမြီးလေး တနံ့နံ့နဲ့ အနံ့ခံနေတာပေါ့) ဟု ပျစ်ပျစ်နစ်နစ်ကြီး နှင့်ချမှာ ကျိန်းသေသည်။

မတတ်နိုင်၊

အချစ်သည် လူ့ဘဝကို စေညွှန်းနိုင်စွမ်း ရှိမှန်းမှ သူ မသိခဲ့လေ တော့ ဣတ္ထိယတွေနှင့် ပတ်သက်လာလျှင် ဣန္ဒြေကြီး တစ်ခွဲသားနှင့် အပြောကြီးခဲ့သော သူ ခံရလေပြီပေါ့။

လမ်းခရီးတွင် (၂)ကြိမ်ခန့် နားပြီး မန္တလေးမြို့တွင်းသို့ (၄)နာရီထိုးလုလုခန့်တွင် ဝင်လာခဲ့သည်။

"ကြိုတင်ဘွတ်ကင် လုပ်ထားတဲ့ ဟိုတယ်မရှိသေးတော့ ဒီအလင်း ဆိုင်တစ်ခုလောက်မှာ ဝင်ပြီး လက်ဖက်ရည် သောက်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ မောင်ထူးရေ"

"ရက်စ် ဘော့စ်၊ ကျွန်တော် ဆိုင်ကောင်းကောင်းရွေးပြီး နားလိုက်ပါ့မယ်"

ရဲဘုန်းလူ စိတ်ရှည်လက်ရှည်နှင့် G.S.M ဖုန်းလေး ဖွင့်ကာ တိုးအောင်ကို ခေါ်လိုက်သည်။ မိန်းကလေးတွေကိုတော့ စောစောစီးစီး နှိုးရမှာ အားနာသည်။

တိုးအောင်ကို တော်တော်နှိုးရလိမ့်မည်ဟု ထင်ထားသော အထင် တက်တက်စင်အောင် လွဲသွားလေသည်။ ring (၅)ကြိမ်ခန့် မြည်ပြီး လာကိုင်သည်။

"ဟေ့ကောင် ဝရဲ ဘယ်ရောက်နေလဲ"

တိုးအောင့်၏ ဝမ်းသာအားရ ထူးလိုက်သံကြီးက မဂ်လာ ရှိသွားသည်။ သို့သော် သူငယ်ချင်းတို့ထုံးစံအတိုင်း…

"အားပါး…ကြားသားမိုးကြိုး၊ မင်းက ဒီအချိန်မှာ အိပ်ယာထပြီး လန်းဆန်းနေပါလား၊ ဘာအကြံအစည် ရှိနေလို့လဲ"

"ရှိတာပေါ့…မဟာအကြံအစည်ကြီး၊ ဒါကြောင့် ညကတည်းက မင်းဖုန်းကို မျှော်နေတာ"

"မင်းရဲမဟေသီ ကစ်တီ ခေါ် ကြောင်ပေါက်စမလေးတော့ နိုးပြီလား၊ နိုးရင် ငါ့ရဲ့ဇလဒီဒရိုင်ဘာလေးအကြောင်း မေးချင်လို့"

"အေး…အေး…အငမ်းမရ လုပ်နေ၊ ငါပြောမှာလည်း အဲဒီကိစ္စပဲ"

"ကောင်းပါပြီဗျာ…အမိန့်ရှိပါ"

ရဲဘုန်းလူ အနည်းငယ် လေသံလျှော့ပေးလိုက်ရသည်။ ဒီအချိန်မှာ တိုးကြီးက သူ့နိုင်ကွက်ကို ကိုင်ထားနိုင်သူ ဖြစ်နေသည်။

"ဒီလိုကွာ…မနေ့ညက မင်းကောင်မလေးနဲ့ ငါ့အသဲလေး





ကစ်တီ ဖုန်းအဆက်အသွယ် ရတယ်"

"မိုးကုတ်က ဆက်တာမှတ်လား"

"ဟေ…မင်းဘယ်လိုလုပ် သိသလဲ၊ ငါတို့မှာ မင်း ချောက်မဲတာ ပျောက်သွားကတည်းက ဘုမသိဘမသိနဲ့ စွတ်ရွတ်လိုက်လုပ်နေပြီ ထင်တာ"

"ဟေ့ကောင် တိုးကြီး၊ စကားကို ဆင်ဆင်ခြင်ခြင်ပြော၊ မင်းတို့ရဲ့ဆရာ ဘော့စ် M.D ရဲဘုန်းလူကွ၊ မပိုင်ရင် ခြင်တောင် မရိုက်ဘူး၊ မသေချာတဲ့အလုပ်ကို စမ်းတဝါးဝါး မလုပ်ဘူး"

သူ မောင်ထူးကို မျက်လုံးတစ်ဖက် မှိတ်ပြပြီး တိုးအောင်ကို အခွင့်သာနိုက် စွတ်တင်ပစ်လိုက်သည်။

"ထားပါတော့ကွာ…ဒါဆို မင်းကောင်မလေး အခုဘယ်ရောက်နေသလဲ"

ရဲဘုန်းလူ ခပ်တည်တည်နှင့်ပင်…

"မန္တလေး"

"ရိုက်စ်…မေးခွန်းတစ်ခု မှန်သွားပြီ၊ (၁)မှတ်ရမယ်၊ ထပ်မေးမယ်…ဘယ်သူနဲ့လဲ"

"ဘယ်သူရှိရမှာလဲ…ကျာဘူး စပ်ဝဏ္ဏဟန်ဆိုတဲ့ကောင်နဲ့ သူ့အပည့်လင်မယားရယ်နဲ့ပေါ့"

"တယ်ဟုတ်ပါလား…နောက်တစ်မှတ် ထပ်ရမယ်၊ ခု မန္တလေးမှာ ဘယ်နေရာမှာလဲ"

"လက်ဖက်ရည်ဆိုင်မှာ"

"ဟေ့ကောင်…မင်းမှားသွားပြီ"

"မမှားပါဘူး…ငါက ငါရောက်နေတဲ့နေရာကို ပြောတာလေ



www.burmeseclassic.com

www.burmeseclassic.com



ကွ"

"ငါမေးတာ မင်းခက်ခက်မလေးကို မေးတာကွ"

"မသိလို့ မင်းဆီ contact လုပ်တာပေါ့ကွာ"

"မသေမချင်း မှတ်ထား…ဘုတာကြီးနဲ့ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ ပစိဖိတ်ဟိုတယ်မှာ"

"ဟိုတယ်"

ရဲဘုန်းလှ စိတ်ဓါတ်ကျသွားချင်သည်။ သို့သော် တိုးအောင်တို့ သိတယ်ဆိုသော အနေအထားအရတော့ သိပ်မဆိုးပါဘူး။

"မင်းတို့လင်မယားကကော"

"အဲဒီဟိုတယ်မှာပဲလေ"

"ဟေ…"

"မသေမချင်း မှတ်ထား ငရဲသားရဲ့ မင်းရဲ့ခက်ခက်မလေး အတွက် ဒီတစ်ခါ ဒါရိုက်တာကတော့ ငါတို့လင်မယားပဲ…သိရဲ့လား။ နှ မင်းရဲ့ခက်ခက်မလေးနဲ့ ငါ့မဟေသီ မိဖုရားခေါင်ကြီး ချစ်ဇနီး အိမ်သူ သက်ထား…"

"ခွေး × × ×"

သူ တိုးအောင် ရှိနေမှုကို ဩဘာပေးလိုက်လေသည်။

ထိုအခါမှ တဟားဟား ရယ်ကာ…

"သူတို့သူငယ်ချင်းနှစ်ယောက် အတူရှိနေတယ်ကွ"

"ဟူး…"

ယခုမှ ရဲဘုန်းလှရင်ထဲက အပူလုံးကြီး ကျသွားလေတော့ သည်။

"တကယ်နော်"





"မင်းကွာ…ဒါ နောက်စရာကိစ္စလားကွ"

"အေးပါကွာ…ငါ ရုတ်တရက် အံ့အားသင့်လွန်းလို့ပါ"

"မင်းလာရင် အခန်းနံပါတ်(၃၀၅)မှာ ငါရှိနေမယ်"

"လာပြန်ပြီ(၃၀၅)"

"ဘာဖြစ်လို့လဲ"

"မိုးကုတ်မိုတယ်မှာလည်း ခက်ခက်နှယ်ယမင်း တည်းသွား တာ (၃၀၅)ပဲလေ"

"ဟား…ဟား…ဟား…တိုက်ဆိုင်မှုတွေပေါ့ကွာ"

တိုးအောင် ဖုန်းပိတ်သွားသည်။

ပါးနပ်သော မောင်ထူးက…

"ပစိဖိတ်ဟိုတယ်ကို ဂိုးရတော့မလား ဘော့စ်"

ရဲဘုန်းလှ ခေါင်းညိတ်အဖြေပေးရင်း စားသောက်ထားသည် တို့ကို ရှင်းလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

ပစီဖိတ်ဟိုတယ် ရောက်တော့ ဧည့်ကြိုက သူ့အား (၃၀၅) အခန်းသို့ လိုက်ပို့ပေးလေသည်။

မောင်ထူးကတော့ ကားနှင့် ဒရိုင်ဘာအများစု တည်းခိုသော နေရာ၌သာ တည်းခိုလိုက်သည်။

ဧည့်ကြိုက (၃၀၅)ကို ဘဲလ်တီးလိုက်သည်။

တိုးအောင်က ဝမ်းသာအားရပင်...

"လာ...ရဲကြီး မင်းလည်း ဟိုစကားပုံလို ဖြစ်ပြီး တော်တော် ပင်ပန်းနေမှာပဲ"

"ဘာလဲကွ...ဘာစကားပုံလဲ"

"ယုန်တောင်ပြေး ခွေးမြောက်လိုက်လေကွာ"





"× × × × ×"

"ဟာတ်...ဟားဟား"

"မင်း မပြောသေးဘူးကော"

"ဟိုဘက်(၃၀၆)မှာ သူငယ်ချင်းနှစ်ယောက် တွတ်ထိုးပြီး အိပ်နေကြမှာပေါ့၊ တော်သေးတာပေါ့ကွာ...သူတို့ဆင်ထားတဲ့ဇာတ် သူတို့ နိုင်အောင် ကနိုင်လို့ စိတ်ဒုန်းဒုန်းချပြီး အိပ်မောကျနေလောက်ပြီ"

"မင်းတို့က တစ်ယောက်တစ်ခန်းစီလား"

"နီး...နီး...အရှုံးလားကွ တစ်ခန်းစီ နေရအောင်၊ (၃)နာရီထိုးခါ နီးမှ ခက်ခက် ရောက်လာလို့ ဆောင်တော်ကူးသွားတာ"

"ဟင်း" ကနဲ နေအောင်သက်ပြင်းချလိုက်ပြီး အိပ်ယာပေါ် ခင်လှဲချလိုက်သူက ရဲဘုန်းလူပင်၊ ခုမှ စိတ်လက်ပေါ့ပါးသွားရသည်။

"ပြောပါဦး...ဇာတ်လမ်းလေးက ဘယ်လိုဖြစ်တာလဲ"

"လောကကြီးက တကယ့် အဖြစ်အပျက်တွေဟာ တစ်ခါတရံ မှာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ဆန်းကြယ်တယ်ဆိုတာတော့ ငါ သက်ခံသွားပြီ ရဲကြီး"

တိုးအောင်က တစ်ဖက်ကုတင်တွင် လဲလျောင်းလိုက်ပြီး နောက် နီဒါန်းချီကာ ဒေါက်တာစပ်ဝဏ္ဏဟန်နှင့် မေနီးဝါးလ်ဆိုသော ဇာတ်ကောင်အကြောင်း ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစပ်ဝဏ္ဏဟာန်ဘာဝ မတိုင်မီ ဆေးကျောင်းသားဘဝက မန္တလေးဆေးတက္ကသိုလ်တွင် အတော်စန်းပွင့်သူဖြစ်သည်။

ဆေးကျောင်းသား၊ ဇော်ဘွားအနွယ်တော်၊ လက်ဖက်ခင်းများ၏အိမ်ရှေ့စံ၊ ရုပ်ချော၊ ဥစ္စာပေါ၊ သဘောကောင်း၊ သုံးနိုင်ဖြုန်းနိုင်သဖြင့် အပျိုချောချောလေးတွေ ပတ်ချာဝိုင်းခြင်း ခံရသူဖြစ်သည်။

သို့သော် ဖူးစာရေးနတ်မင်းက ဆန်းကြယ်စွာပင် မန္တလေးဆေးတက္ကသိုလ်အနီး စာအုပ်အငှားဆိုင်မှ ဆယ်ကျော်သက်ကလေးကိုမှ မျက်စိကျခဲ့သည်။ Final part I တွင် အကြောင်းပါပြီး နိုးရာလိုက်ပြေးသည်အထိ ဖြစ်ခဲ့သည်။

ဒါကို စစ်ဝဏ္ဏဟာန်မိဘတွေက မကြည်ဖြူသဘောမတူနိုင်[illegible] ငွေများ လမ်းခင်းပြီး မရရအောင် ချစ်သူနစ်ဦးကို ကွဲကွာစေခဲ့သည်။

စပ်ဝဏ္ဏဟာန် အသည်းဟက်တက် ကွဲခဲ့ရလေသည်တဲ့။

ဒါ လွန်ခဲ့သော (၁၀)ရာစုအလွန် (၂)နှစ် (၃)နှစ်ခန့်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်မှန်တစ်ခုဖြစ်သည်။





ဒီအကြောင်းကို....

နန်းကစ်တီစိုး၏ဦးလေးတော်သူ ဆရာဝန်ကြီးကို ဝင်ကန်တော့စဉ်က စပ်ဝဏ္ဏဟာန်နှင့် ပတ်သတ်ပြီး ကစ်တီအား ကြောင်းလမ်းခဲ့သည်ကို ကြားရသဖြင့် ကစ်တီ ကံကောင်းသွားကြောင်း အစချီပြီး အတိတ်ဇာတ်လမ်းကို ဖွင့်ဟခဲ့လေသည်။ သို့သော်...

"ဒီကောင်ကြီးက စာကြိုးစားပြီး ရိုးသားတဲ့ ဆေးကျောင်းသားလေးပါ၊ မိန်းကလေးကလည်း အင်မတန် ချောမောပြီး ချစ်စရာ ကောင်းပါတယ်"

နန်းကစ်တီစိုးက မိန်းမသဘာဝအတိုင်း စပ်စုခဲ့သည်။

"သူ့နာမည်က"

"နာမည်လေးက ချစ်စရာလေးကွဲ့...မေမီမိုးတဲ့"

"ဟုတ်တယ်နော်...ချစ်စရာကောင်းတဲ့နာမည်ပဲ၊ လေးလေး...[illegible]လိပ်စာကော သိလား"

လိုရမယ်ရသဘောမျိုး ကစ်တီက ဆက်စပ်စုလိုက်သည်။ [illegible]ဦ ဟန်းနီးမွန်းခရီးစဉ် အစရက်မို့ ခက်ခက်နွယ်ယမင်း(ခေါ်)မေနီး[illegible]လ် မဟာဒုက္ခကြီးက မပေါ်ပေါက်သေးချေ။

"သိတယ်...အရင်နေရာတော့ မဟုတ်တော့ဘူး၊ ဒါပေမယ့် တို့[illegible]တက္ကသိုလ်နားက (- - -)လမ်း စိန်ပန်းပြာ စာအုပ်ဆိုင်လေးရယ်၊ [illegible] လက်ဖက်သုတ်ဂျင်းသုတ်၊ အသုတ်ဆိုင်ကလေးပါ တွဲဖွင့်ထား[illegible]၊ ခုတော့ အမေရာစ်ခု သမီးတစ်ခုပါပဲ"

ထိုစဉ်က ကစ်တီ၏စပ်စုမှုကို တိုးအောင်တောင် အလိုမတူ[illegible] "စိုးကလည်းကွာ...နေရာတကာ စပ်စုတယ်" ဟု ဝေဖန်ခဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုစပ်စုမှုက ရက်မကြာခင် အသုံးဝင်ခဲ့လေသည်။

"မေနီးဝါးလ်" ဟူသော Nick name အတွက် ခက်ခက်ကို ကယ်တင်ရန် မေမီမိုးကို အသုံးချဖို့ ကစ်တီ အိုင်ဒီယာ ရခဲ့သည်။ သူ့ကို ခွင့်တောင်းပြီး မေမီမိုးထံ သွားရောက်ဆက်သွယ်၊ ယမမင်းနှင့် ကြောင်မတို့ ရှုပ်ခဲ့သမျှ အရှုပ်တော်ပုံဇာတ်လမ်းကို ဖွင့်ဟ အကူအညီ တောင်းရသည်။

မေမီမိုးက သဘောတူခဲ့သည်။

မတူလို့လည်း မရသည့်ဇာတ်ကြောင်းက ရှိနေလေသည်ကိုး။ ထို့ကြောင့် ပစိဖိတ်ဟိုတယ်၌ အခန်း(၃)ခန်း ယူပြီးနောက် မိုးကုတ်မိုတယ်(၁၀၇)ရှိ ဒေါက်တာစပ်ဝဏ္ဏဟန်နှင့် ကစ်တီ ဆက်သွယ်လိုက်ရသည်။

"ဟယ်လို.."

"မင်း..မင်းဘယ်သူလဲ"

ဒေါက်တာစပ်ဝဏ္ဏဟန် သူ့ကို အရှုးလုပ်ခဲ့သည်ကို ခံခဲ့ရတော့ သတိထားပြီး မေးရလေသည်။

"မေနီးဝါးလ်ပါ"

"မနောက်ပါနဲ့ကွာ...မင်းတို့အချင်းချင်း ပေါင်းပြီး ငါ့ကို အရှူး လုပ်နေတာလား"

"မဟုတ်ပါဘူး...မေနီးဝါးလ်ဆိုတဲ့ နာမည်တွေထဲက ရှင်နဲ့ အရင်းနှီးဆုံး နာမ်လေးတစ်လုံးကို ရှင်မေ့ထားပြီလား"

ကစ်တီကလည်း သရုပ်ဆောင်ကောင်းသည်။ ဒေါက်တာ စပ်ဝဏ္ဏဟန် အရှိုက်ထိသွားသည်။

"ဘာ..."





လွန်ခဲ့သော(၁၂)နှစ် (၁၃)နှစ်က ကြေကွဲဖွယ်ရာ ချစ်ပုံပြင်ကို သူအမှတ်ရလာသည်။ "မေ" ဆိုသော အချစ်ဦး မေမီမိုးတို့ သူ ဘယ်လိုလုပ်မေ့နိုင်ပါ့မလဲ။ မိဘများအလစ် လိုက်လံရှာဖွေသော်လည်း အိမ်ထောင်ကျသွားပြီဟူသော သတင်းစကားကလွဲပြီး ဘာမှမရခဲ့သော "မေ့"ကို မမေ့နိုင်တာမှ "မေနီးဝါးလ်" ဆိုတော့ "မေ" ဟူသော အမည်လေးကြောင့် တုန်လှုပ်ခဲ့သည်။ ဒါကြောင့် "မေ" ကိုပင် မသုံးဘဲ "မေနီးဝါးလ်" ကို "နီး" ဟုသာ ခေါ်ခဲ့ခြင်းဖြစ်သည်ကိုး။

"မင်း..မင်းဘယ်သူလဲ"

တုန်ရီစွာ မေးလိုက်သည်။

"မေနီးဝါးလ်ပါ"

"ဒီမှာ ရှိနေတဲ့ ခက်ခက်နွယ်ယမင်းကကော"

"သူက သူပေါ့၊ ဒါပေမယ့် အင်တာနက်ထဲ chatting ဝင်တာ ကျွန်မပါ၊ ကျွန်မက ရုပ်ဆိုးတော့ သူ့ဓါတ်ပုံကို ယူသုံးလိုက်မိတာပါ...ခွင့်လွှတ်ပါ"

"ခုနပြောတဲ့ မေဆိုတာကကော.."

"အဲဒီမေက ရှင့်ဘဝထဲက အိပ်မက်တစ်ခုဖြစ်တဲ့ မေလေ၊ ရှင် သတိရသေးရဲ့လား"

"ဘယ်လိုပြောလိုက်တာလဲကွာ...မတတ်သာလို့ပါ၊ ဘယ်လို ဆုံစည်းနိုင်တော့မှာလဲ၊ သူက အိမ်ထောင်ကျသွားပြီပဲ"

"သူ အိမ်ထောင်ကျသွားတာ ရှင်တွေ့လို့လား"

"သတင်းကြားတာပဲ"

"ရှင် ယောကျ်ားမဟုတ်ဘူးလား"

"ဘာကွ.."


www.burmeseclassic.com

"ယောက်ျားဆိုတာ မတွေ့ဝေရဘူး...နားမယောင်ရဘူး ကာယကံရှင်ကို ရှင်ကိုယ်တိုင် တွေ့ကြည့်ပြီးမှ သူ့စကားကို ရှင်လက်ခံသင့် လက်ခံ ယုံကြည့်သင့် ယုံကြည်ရတယ်ရှင့်"

စပ်ဝဏ္ဏဟန် ပဟေဠိဆန်သော စကားတွေကို စဉ်းစားနေစဉ်

"ဘာပဲဖြစ်ဖြစ် ရှင့်အိပ်မက်ထဲက မေ့ကို တွေ့ချင်ရင် ဒါမှမဟုတ် အင်တာနက်ထဲက မေနီးဝါးလ်နဲ့ ဆုံချင်တယ်ဆိုရင် ဒီနေ့ည မန္တလေးသို့ ဆင်းခဲ့ပါ၊ မနက်(၄)နာရီမထိုးခင် ရောက်အောင်လာခဲ့"

"ဘယ်ကို လာရမှာလဲ"

"ပစီဖိတ်ဟိုတယ်၊ အခန်း(၃၀၇)မှာ ရှင့်အိပ်မက် စောင့်နေလိမ့်မယ်"

"ဘုရားရေ"

ဒေါက်တာစပ်ဝဏ္ဏဟန် လျှော့ချလှုပ်ခါသွားသလို ဦးနှောက်လည်း စားသွားရသည်။ စိတ်မြန်ကိုယ်မြန်နှင့် တဖွတ်ထိုးနိုင်သော စပ်ဝဏ္ဏဟန်သည် မိနစ်မဆိုင်းဘဲ ခက်ခက်နွယ်ယမင်းတို့ကို နှိုးကာ မန္တလေးသို့ အားချင်း ဆင်းချလာခဲ့လိုက်သည်။

ပစီဖိတ်ဟိုတယ်သို့ နံနက်(၃)နာရီမတိုင်မီ ရောက်ရှိလာသည်။

ဟိုတယ်ခန်းတွေက ကြိုတင်ဘွတ်ကင်လုပ်ပြီး မှာကြားထားပြီးသားမို့ အစစအရာရာ အဆင်ပြေလေသည်။

ပြေသည်မှ...

အခန်းနံပါတ်(၃၀၇)ရှေ့ ဒေါက်တာစပ်ဝဏ္ဏဟန် တုန်လှုပ်ချောက်ချားစွာဖြင့် ရပ်နေလိုက်သည်။

ခက်ခက်နွယ်ယမင်းက (၃၀၇)ထဲသို့ ဝင်သွားခဲ့လေပြီ၊ နန်းဆိုပါ ပါသည်။ ခက်ပြင်ကတော့ ထုံးစံအတိုင်း ဒရိုင်ဘာများ တည်းခိုရာသို့ သွားရောက်တည်းလေသည်။

"ဆရာ...ဝင်လေ"

"ဩော်..အေး"

ဒေါက်တာစပ်ဝဏ္ဏဟန် တုန်လှုပ်စွာ ရပ်နေရင်း ဘဲလ်ကို တီးလိုက်သည်။

အခန်းတံခါး တဖြည်းဖြည်း ပွင့်လာပြီး မျက်နှာလှလှလေးနှင့်မျက်နှာ ပေါ်လာသည်။

ဒေါက်တာစပ်ဝဏ္ဏဟန် အံ့အားသင့်လွန်းသဖြင့် လက်ထဲမှ လက်ဆွဲအိတ်ပင် လွတ်ကျသွားသည်။

"ဟင်..မေ"

မေမီမိုးက တစ်ခစ်ခစ် ရယ်ရင်း သူ့အိတ်ကို ကောက်ယူပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ကိုကို၊ ကိုကို့ရဲ့မေပါ"

"မေ...မေ...အိမ်ထောင်ကျ..."

"ကိုကို့မိဘတွေ ငွေပေးပြီး လွှင့်တဲ့သတင်းကို ကိုကို ယုံကြည်တာကိုး၊ ဟိုကုတင်ပေါ်ကို ကြည့်လိုက်ပါဦး ကိုကို"

စပ်ဝဏ္ဏဟာန်က ကုတင်တစ်လုံးပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသော သူငယ်စဉ်က ကိုယ်ပွားတစ်ခုကို သွားတွေ့တော့...

"ဟင်...ဒါ...ဒါ..."

"ကိုကို့သားလေ...သားအသက်တောင်မှ (၁၂)ခွဲတောင် နေပြီ ကိုကို"

"မေရယ်..."

စပ်ဝဏ္ဏဟာန် မေမီမိုးကို သိမ်းကြုံးဖက်လိုက်လေတော့သည်။

ဿ ၷ ၎ ၶ

"ဟင်...ဒါပဲလား၊ ဒါဆို မင်းချောင်းကြည့်တာပေါ့"

"ဩော်...ငါရဲ့မဟေသီ ဆင်ထားတဲ့ ဇာတ်ကွက် အောင် ခြင်း ရှိမရှိတော့ အနည်းငယ် စောင့်ကြည့်ရတာပေါ့ကွာ၊ ခုလော





အားလုံးအိုကေသွားပြီ၊ စပ်ဝဏ္ဏဟာန်လည်း သူ့မိဘတွေဆီကို ဖုန်းဆက် အကြောင်းကြားလိုက်ပြီလေ၊ သူတို့သားနဲ့ ချွတ်စွတ်တူနေတဲ့ မြေးပါ ရနေပြီဆိုတော့လည်း ကြည်ဖြူခွင့်လွှတ် လက်ခံလိုက်ပြီတဲ့၊ စောစော ကတောင် ကိုယ်တို့အခန်းကို လာပြောသွားသေးတယ်"

"သာဓုကွာ...သာဓု၊ မင်းရဲ့လေဒီ...ငါရဲ့လေဒီတို့ ဇာတ်လမ်း အဆင်ကောင်းတဲ့အတွက် မမျှော်လင့်တဲ့ မိသားစုတစ်စု ပေါင်းစည်း သွားခဲ့ပြီကိုး...သာဓု၊ ကိုင်း...အိပ်တော့မယ်ကွာ၊ ငါ့လေဒီ ဒရိုင်ဘာ ထပ်မံ ပျောက်ဆုံးဖို့ မင်းတို့လင်မယားပဲ စောင့်ကြည့်ထားပေးတော့ကွာ၊ ညနိုက်တိုးကြီး"

ပြောပြောဆိုဆိုနှင့် ရဲဘုန်းလူ မဖံနှံနက် မျက်စိနှစ်လုံး ပွင့် တည်းက တစ်နေ့လုံး တစ်ညလုံး ပင်ပန်းခဲ့ရသမျှတို့ကို စိတ်လျှော့ချ ပြီး အနားယူ အိပ်စက်လိုက်လေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၂)

မောင်းထွက်သွားသော ဒေါက်တာစပ်ဝဏ္ဏဟန်၏လင့်ခ
ဆာ ကားလေးကို လက်ပြနှုတ်ဆက်ကျန်ခဲ့သူများက သူငယ်ချင်းစုံတွဲ
နှစ်တွဲ။

သူတို့ ပစိဖိတ်ဟိုတယ်ရှေ့တွင် ရပ်ကျန်ခဲ့ကြသည်။

သူတို့ ရှေ့ခရီးစဉ်ကို မရွေးချယ်ရသေး။

"ကဲ...ဘာဆက်လုပ်ကြမလဲ၊ ဘယ်သွားကြမလဲ"

တိုးအောင်က မေးလိုက်သည်။

"စိုးတို့ လားရှိုးပဲ ပြန်ကြတော့မယ်လေ၊ မိခက်...နင်ပါ ပြ
လိုက်ခဲ့ရမယ်"

နန်းစစ်တီစိုးက ဖြေရင်း ခက်ခက်နွယ်ယမင်းကို တံတောင်





နှင့် တွတ်လိုက်သည်။

စကားနည်းကာ ရဲတင်းသွက်လက်ကာ လေဒီဒရိုင်ဘာလေး
သူ၏လုပ်ကြံ လန်ကြျတ်ဇာတ်လမ်းအကြောင်း လူတိုင်း သိကုန်သည့်
အပြင် သူ့နောက်က ရှဲဒိုးလုပ်ကာ တောက်လျှောက်လိုက်လာသော
ရဲဘုန်းလူကိုလည်း ရှက်နေသည်။

စတန့်ထွင်ကောင်းသူအဖြစ်ကို လူကြီးက စိတ်ထဲ ဟားတိုက်
နေလောက်ပြီ၊ ခုလည်း ကြည့်ပါလား။ တည်မလိုလို ရယ်မလိုလိုနဲ့
မျက်ကြီးကိုက။

"မလိုက်ချင်ပါဘူး"

ရဲဘုန်းလူက မဆိုင်းမတွပင် ဖြေခွန်းထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ရှက်လို့ပေါ့"

"ဘယ်သူ့ကိုလဲ...ဘာဆိုင်လို့ ရှက်ရမှာလဲ"

"ကစ်တီမိဘတွေကို မာမီနေမကောင်းဘူးလို့ ညာခဲ့တာကော
ရှက်တာပေါ့၊ နောက်ပြီး..."

ခက်ခက်နွယ်ယမင်း စကားမဆုံးလိုက်ရ၊ တိုးအောင်က
အလိုက်ကန်းဆိုး မသိစွာဖြင့်...

"ဟကောင် ရဲကြီးရ၊ မင်း သူ့နောက် တကောက်ကောက်
လိုက်နေတာကို တစ်လောကလုံး သိကုန်တော့ ရှက်တာပေါ့ကွ"

"ဟာကွာ...တစ်လောကလုံး မသိပါဘူး၊ မင်းတို့နှစ်ယောက် နဲ့
မောင်ထူးပဲ သိတာပါကွာ"

"အတူတူပဲပေါ့...ကစ်တီစိုး သိရင် တစ်လောကလုံးသိပြီ
မောင်ထူး သိရင် ရှမ်းမြောက်တစ်ခွင်လုံးသိပဲ"



www.burmeseclassic.com

www.burmeseclassic.com

ခက်ခက်နွယ်ယမင်း မျက်နှာ ဖူးဖူးမွတ်မွတ်လှလှလေး ရှက်ယောင်ဝဲကာ မျက်နှာလွှဲနေလိုက်ကြသည်။

"တစ်တီ...ဒါတော့ ရန်ကုန်ပဲ ပြန်မှာပဲ"

"နေပါဦး မိခက်ရယ်၊ နင် မန္တလေး ရောက်ဖူးလို့လား"

"ဟင့်အင်း...ဒါ ပထမဦးဆုံးအကြိမ်ပဲ"

"ဒါဖြင့် ဘာမှမစဉ်းစားနေနဲ့၊ မန္တလေးအနှံ့ လည်လိုက်ဦး။ လိုက်ပို့ပေးမယ်၊ လောလောဆယ် Breakfast စားရအောင်"

"အေး...ဟုတ်တယ်"

ပစိဖိတ်ဟိုတယ်၏ စားသောက်ခန်းမထဲသို့ နံနက်စာ စားသောက်ရန် သူတို့လေးဦး ဝင်လာလိုက်ကြသည်။

ဒေါက်တာဝဏ္ဏဟန်တို့ ပြန်ပေါင်းမိသားစုကတော့ နံနက်စာပင် မစားနိုင်၊ မေမီမိုးအမေကို ဝင်ရောက်တွေ့ဆုံပြီး ကျောက်မဲရှိ စပ်ဝဏ္ဏဟန် မိဘများဆီသို့ ချက်ချင်းသွားရမှာ ဖြစ်သည်။ မြေးအနှစ်ရှိ အဘိုးအဘွားတွေက သား၏ယေရုပ်နှင့် တစ်ပုံစံထဲဆိုသော မိုးဝဏ္ဏကို တွေ့ချင်နေကြပြီတဲ့။

ဒေါက်တာဝဏ္ဏဟန်ကော မေမီမိုးကပါ "မေနီးဝါးလ်" ဆိုသော Nick name ဖန်တီးမှုင် ခက်ခက်နွယ်ယမင်းကိုကော နန်းကစ်တီစိုးကိုပါ ကျေးဇူးတင်သွားခဲ့လေသည်။

လေးဦးသား မျက်နှာချင်းဆိုင် ထိုင်ကြရင်း ဟိုတယ်မှ ကျွေးသော နံနက်စာကို အေးဆေးစွာ စားသောက်ကြသည်။ အချိန်က (၉)နာရီခန့်ပင် ရှိနေသည်။ ညက အိပ်ပျက်ခဲ့ကြသည်ကိုး။

"ဒါစားပြီးတာနဲ့ ဘုရားကြီးအရင်သွားဖူးမယ်နော် ကစ်တီ"

"အင်း...ငါစဉ်းစားနေတာ မန္တလေးအနှံ့ စစ်ကိုင်းလည်ပြီး





လားရှိုးပြန်ကြမယ်လေ...အတူတူပေါ့၊ လားရှိုးကနေမှ နင့်ကို ဇလိုက်နဲ့ ပြန်ပို့ပေးမယ်၊ ဒါမှမဟုတ် ကိုရဲဘုန်းလှနဲ့ပဲ ရန်ကုန် အတူတူ ပြန်ပေါ့"

သူငယ်ချင်းမနှစ်ယောက်ကြားသို့ သူတို့ ဝင်မရော၊ ခက်ခက်နွယ်ယမင်းက...

"နေပါ ကစ်တီရယ်၊ လူကြီးတွေက ငါ့ကို ညာတတ်တဲ့ မိန်းကလေးအဖြစ် အထင်မရောက်စေချင်လို့ နေ့ဦးပေါက်မှ တစ်ခေါက်လာလည်တော့မယ်"

"နင့်မာမီ ဖုန်းဆက်ရင်ကော"

"မာမီက ဖုန်းခေါ်ရင် ငါ့ G.S.M ကိုပဲ ခေါ်မှာပေါ့၊ နင်တို့အမေ အိမ် ဖုန်းနံပါတ်လည်း မသိပါဘူး။ ပြီးတော့ ငါနိုးနိုးချင်း မာမီ့ဆီ ဖုန်းဆက်ပြောပြီးပြီ၊ လားရှိုးဆောင်းဒဏ် မခံနိုင်လို့ အန်တီတို့ အတင်းဆွဲနေတဲ့ကြားက မာမီနေမကောင်းလို့လို့ အကြောင်းပြပြီး ဆင်းလာပြီ မာမီရေ ဆိုလေ..ဟင်း..ဟင်း"

တကယ်မလွယ်တဲ့ ခက်ခက်နွယ်ယမင်းပေပဲ၊ သူနှင့် ပေါင်းတာ များနေသော နန်းကစ်တီစိုးကလည်း မခေ။

"ဘာဖြစ်သလဲ...ကစ်တီနဲ့ မန္တလေးမှာ ဆုံလို့ သမီးကို အတင်းဖမ်းဆွဲခေါ်လာလို့ လားရှိုးပြန်လိုက်သွားရပြန်ပြီ မာမီရေလို့ ဆက်လိုက်"

"ဟုတ်တယ် ခက်ခက်၊ ဒီနေ့ ဦးပိန်တံတား၊ နန်းတွင်းရွှေနန်းစံဆောင်၊ မန္တလေးတော်နန်းတော်ရာ၊ အတုမရှိကျောင်းတော်၊ ဘုရားကြီး ဦးပိန်တံတား၊ ဟာ...လည်စရာတွေ အများကြီး၊ မပြန်ပါနဲ့ဦးလားဟာ"

တိုးအောင်က ဖိတ်ခေါ်ပြန်သည်။

"ဟုတ်တယ် နွယ်၊ ကျွန်တော်လည်း မရောက်တာ ကြာနေပြီဆိုတော့ အဖော်ကောင်းတုန်း လည်ကြရအောင်လားဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲဘုန်းလူက သနားစဖွယ် တောင်းတောင်းပန်ပန်လေး ပြောလိုက်ရှာသည်။

ခက်ခက်နွယ်ယမင်း ရင်ထဲ၌ လှုပ်ခတ်သွားသည်။

ရဲဘုန်းလူဆိုသော လူကြီးနှင့် မျက်ဝန်းချင်း ဆုံလိုက်သည်ကို။ ဒါနဲ့ ရင်ခုန်စရာလား။ ပြီးတော့ မိမိသုံးစွဲလိုက်တဲ့ နာမ်စားလေးကလည်း သူများနှင့်မတူ။ "ယမင်း" လည်း မဟုတ်။ "ခက်ခက်" လည်း မဟုတ်။ "နွယ်" တဲ့။

"ဘုရားစုံတော့ ဖူးချင်ပါတယ်"

ခက်ခက်နွယ်ယမင်း သိပ်အိုက်တင်ခံမနေတော့ပဲ တိုးတိုးလျလျလေး ပြောလိုက်သည်။ ကျန်သုံးယောက် မျက်နှာဝင်းပသွားသည်။

"မိုးကုတ်မှာတော့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ဓာတုစေတီကို ကိုဝဏ္ဏဟာန်ကျေးဇူးနဲ့ ဖူးခဲ့ရသေးတယ်"

"တယ်ဟုတ်ပါလား...ဒီမှာလည်း ရှိပါတယ်၊ အမရပူရမှာလေ၊ ဒါပေမယ့် မျက်လုံးတော် ခါတ်တော်က မိုးကုတ်မှာပဲ ရှိတယ်၊ နွယ်ကံထူးတာပေါ့...ဒါကြောင့်လည်း"

"ဒါကြောင့်လဲ ဘာဖြစ်သလဲ"

ရဲဘုန်းလူ၏တိုးလိုတန်းလန်းစကားကို ခက်ခက်နွယ်ယမင်း အလစ်မခံ မေးခွန်းထုတ်လိုက်သည်။

ရဲဘုန်းလူက မပြုံး၏သို့ ပြုံး၏သို့နှင့်...

"သီသီလေး လွတ်ခဲ့တာလေ"

"ဘာသီသီလေးလဲ"

"မေနှီးဝါးလ်ပုံရိပ်ကြောင့် ဒေါက်တာကြီးလက်ကလေ"

"တော်ပါတော့ ကစ်တီရယ်၊ ငါဖြင့် ကိုဝဏ္ဏဟာန်ကို အရှေ်း





သနားသွားတာ၊ မေဒီမိုးသာ ပေါ်မလာရင် ပြန်ချစ်မိသွားတော့မလား မသိပါဘူး"

"ဗျာ..."

ခက်ခက်နွယ်ယမင်း၏ မရှိမချဉ်နှင့် ကလိချက်ကတော့ ပြင်းထန်လွန်းလှသည်။

ရဲဘုန်းလူ၏အရှိက်ကို တိုက်ရိုက်ထိမှန်သွားသည်မို့ မျက်နှာကြီး နီရဲတွတ်ကာ "ဗျာ" ကနဲ အာမေဋိတ်သံကြီး ဆောင့်ဆောင့်ကာ ထွက်လာသည်။ ဒါကို ခက်ခက်နွယ်ယမင်း မသိကျိုးကျွံပြုကာ...

"ဟုတ်တယ်...ဒါပေမယ့် ကစ်တီတို့ကောင်းမှုကြောင့် သူတို့မိသားစု ပြန်ပေါင်းထုတ်သွားတာကို ကြည့်ပြီး အရမ်းဝမ်းသာမိတာ၊ ကစ်တီနဲ့ ကိုတိုးအောင်ကို ကျေးဇူးတင်ပါတယ်"

"အံမယ်မယ်...နင့်ကျေးဇူးက ပိုပါတယ်ဟာ၊ အင်း...စပ်စပ်စုစုနဲ့ စတန့်ထွင် ဇာတ်လမ်းဖန်တီးတတ်တဲ့ နင့်အတွက်တော့ ဒီတစ်ခါ အဆိုးနဲ့အကောင်း ဒွန်တွဲပြီးမှ ရလဒ်ကောင်း ရသွားတာပေါ့နော်"

စကားများ ဖောင်ဖွဲ့နေသော သူငယ်ချင်းနှစ်ယောက်ကြောင့် အဓိကလမ်းကြောင်း ပျောက်သွားမှာစိုး၍ တိုးအောင်က ကြားဝင်ရသည်။

မဝင်လို့လည်း မဖြစ်။ သူတို့မင်းသားရုပ်ကြီးက မအီမလည်ကြီး ဖြစ်လို့နေလေပြီ။ သူ့ရင်ကို ခက်ခက်နွယ်ယမင်းက တော်ပီတိုနှင့် ထိုးခွင်းထားသည်ကို။

"ကဲပါ စိုးရယ်၊ မနေသိပ်မမြင့်ခင် ဘုရားကြီး သွားဖူးကြရအောင်"

"ဒါဆို စိုးတို့ အခန်းခဏပြန်ပြီး လိုအပ်တဲ့ အသုံးအဆောင်



www.burmeseclassic.com

www.burmeseclassic.com

လေး ယူရင်း ဝိတ်လျှော့ရင်း နည်းနည်းရှိ်င်းလိုက်ဦးမယ်နော် ကိုကို"

"အင်း...ဒီတစ်ည ဒီမှာပဲ ဆက်တည်းမှာဆိုရင် ဒီကောင်ကြီးအတွက် တစ်ခန်းထပ်စီစဉ်ရဦးမယ်၊ ကိုကို Reception သွားလိုက်ဦးမယ်၊ စိုးတို့ သွားနှင့်"

ဟုတ်ပေသားပဲ၊ များရည် လပေါ် တက်နေကြသည့် ကြင်စဦးမောင်နှံကြား သူတို့နှစ်ဦးက ဆေးရိုးသည်အဖြစ်မခံနိုင်။

"မင်းလိုက်သွားစမ်းပါကွာ တိုးကြီးရာ၊ ငါဖာသာငါ စီစဉ်ပြီးလိုက်ခဲ့ပါ့မယ်"

"အတူတူ သွားရတာပေါ့ကွာ"

ယောက်ျားနှစ်ဦး Reception(ဧည့်ကောင်တာ)သို့ ကျန်ခဲ့တော့ သူငယ်ချင်းမနှစ်ဦး ဓါတ်လှေကားနှင့် သုံးထပ်တက်ရင်း...

"မိခက် နင့်လူကြီးကို ဘယ်လိုဆုံးဖြတ်မလဲ"

"အိုးကမပူ စလောင်းက ပူမနေစမ်းပါနဲ့ဟာ"

"ဘာပဲဖြစ်ဖြစ် လားရှိုးကို ပြန်လိုက်ခဲ့ရမှာနော်၊ ပြန်မလိုက်လို့ကတော့ နင်နဲ့ငါ သေခန်းပြတ်ပဲ"

နန်းကစ်တီစိုးက ထုံးစံအတိုင်း သူ့လက်သုံးစကားနှင့် ခြိမ်းခြောက်လိုက်သည်။

ခက်ခက်နွယ်ယမင်းလို တဖွတ်ထိုးမလေးက ဒီလောက်နှင့်တော့ မဖြုံရေးချ မဖြုံသေး။

ခက်နေသည်က ရဲဘုန်းလူဆိုသော လူကြီး၊ ဒီလူကြီးမျက်ဝန်းရိပ်ထဲတွင် ချစ်ရောင်ခြည်များ တွေ့နေရပြီ၊

လားရှိုး –ကျောက်မဲ –ပန်ကွမ် –မိုးကုတ်မှ မန္တလေးအထိ တောက်လျှောက် ရှဲဒိုးလုပ်ကာ လိုက်ချလာခဲ့သည့် စိတ်ဇောအဟုန်က





တော်ရုံတန်ရုံမဟုတ်၊ မေတ္တာဗိုအားကြီးလွန်းလှသည်၊

သို့သော် နှုတ်ကတော့ တရားဝင် ဖွင့်ဟ ကြော်ငြာခြင်း မရှိသေး၊

"ဟင်...မိခက် ပြန်လိုက်မှာလား"

"ထင်တာပဲ"

"ယမမင်းစုတ်"

ဓါတ်လှေကား တံခါးအပွင့်၌ နှစ်ယောက်သား ထွက်ခဲ့ကြလေတော့သည်၊


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

လေးဦးသား ပစိဖိတ်ဟိုတယ်၏ကားပက်ကင်တွင် ရပ်လိုက်သည်။

မောင်ထူးက Surf ကားကို သူ့ဆရာ ရဲဘုန်းလူ့ရှေ့ ထိုးရပ်လိုက်သည်။ ရဲဘုန်းလူ ပိုက်ဆံအိတ်ထဲမှ အသပြာများကို နှိုက်ယူရင်း…

"မောင်ထူး"

"ရက်စ်…ဘော့စ်"

"မန္တလေးမှာ ခင်ဗျားအဖေ ရှိတယ်မှတ်လား…သွားကန်တော့လိုက်ဦး"

"ကန်တော့ပြီး လိုင်းကားနဲ့သာ လားရှိုးတန်းပြန်နိုင်းလိုက်မလား ရဲကြီး"





တိုးအောင်က ဝင်ပြောလိုက်ပြန်တော့ မောင်ထူး မျက်စိလည်သွားသည်။ တပည့်ကောင်းပီပီ…

"M.D ကားဘယ်လိုလုပ်မလဲ၊ M.D ပင်ပန်းနေပြီ၊ ကျွန်တော် မောင်းမှ ဖြစ်မှာ"

"မင်းကို အနားပေးလိုက်ပြီ၊ မင်းဆရာ ကားမောင်းပေးမယ့် ဒရိုင်ဘာအသစ် ခန့်လိုက်ပြီ"

တိုးအောင်ကလည်း အတည်ပေါက် နောက်လေသည်။ မောင်ထူး မျက်လုံးပြူးကာ…

"ဘယ်မှာလဲ ဒရိုင်ဘာအသစ်"

"ဟိုမှာလေ…"

တိုးအောင်က ခက်ခက်နွယ်ယမင်းကို မေးငေါ့ပြလိုက်သည်။ နောက်ဆက်တွဲလည်း…

"မြန်မာပြည်မှာ တစ်ဦးတည်းသော လေဒီဒရိုင်ဘာ၊ သူ့ကိုသာ ကားသော့အပ်လိုက်တော့"

မောင်ထူး ရဲဘုန်းလူ့ကို မျက်နှာငေးလေးနှင့် ကြည့်ပြီး…

"ဒါဆို ဘော့စ်က ကျွန်တော့်ကို အလုပ်ဖြုတ်လိုက်ပြီလား၊ ဒါနဲ့ဒီနေ့စ်မှာ တာဝန်အကျေပွန်ဆုံး သူရဲကောင်းဆု ပေးမယ်ဆို"

ဝမ်းနည်းပမ်းနည်း လေသံလေးနှင့် ပြောလာသော မောင်ထူးကို ရဲဘုန်းလူ သနားသွားသည်။ သူက သနားလွယ်၊ အားနာလည်း လွယ်သူဖြစ်သည် မှတ်လား။ ထို့ကြောင့် တိုးအောင်ကို ဟန့်ရင်း…

"တိုးကြီးကလည်းကွာ…အလကား…မင်းဆရာက စနေတာပါ မောင်ထူးရာ၊ မင်းကို ပေးထားတဲ့ကတိကို တည်စေရမှာပါ၊ ရှေ့ရှေ့ဒါ ခင်းအဖေ သွားကန်တော့ဖို့ ကြိုတင်ချေးငွေ တစ်လစာ၊ ဒါက မင်း


www.burmeseclassic.com

www.burmeseclassic.com

အပြန် စရိတ်စကနဲ့ ဂါလိုရာခရီး လိုက်ပို့ပေးတဲ့ ဘောက်ဆူး၊ နောက်ဆယ်ရက် ခွင့်ပေးလိုက်မယ်"

ရဲဘုန်းလူ ငွေစက္ကူတစ်ထောင်တန်တစ်အုပ် လက်ထဲ ထည့်ပေးလိုက်သည့်တိုင်အောင် မောင်ထူး ဝမ်းမသာနိုင်သေး။

"ကျွန်တော့်ကို တကယ်အလုပ်မဖြုတ်ပါဘူးနော် ဆရာ"

တိုးအောင်ကို ကြည့်ကာ မယုံမရဲလေး မေးပြန်သည်။

"မင်း ဒီလိုသာ စကားများနေရင်တော့ မသေချာဘူး၊ ငါက မင်းတို့ M.D လောက် သဘောမကောင်းဘူးနော်၊ ကိုင်း..သွား..သွားကိုယ့်လူ၊ အလကား စတာပါကွာ၊ မင်း နယ်မြေကျွမ်း၊ လမ်းကျွမ်း၊ ကားမောင်းစက်ပြင် ကျွမ်းကျင်ကြောင့် မင်း M.D က ထောက်ခံပေးပြီးသား ကွာ၊ မင်းအတွက် ကုမ္ပဏီမှာ နေရာတွေ အပြည့်ရှိပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဘော့စ်...ခွင့်ပြုပါခင်ဗျာ"

မောင်ထူးတစ်ယောက် မျှော်အုန်းသီး ရသလို ဝမ်းမြော ဝမ်းသာ ထွက်ခွါသွားသည်ကို ကြည့်ရင်း ရဲဘုန်းလူက တိုးအောင်ကို

"တိုးကြီး...အောက်ခြေဝန်ထမ်းတွေဟာ မရှိမဖြစ် လိုအ တယ်ကွ၊ သူ့လို ဒရိုင်ဘာမျိုးဟာ တို့ကုမ္ပဏီအတွက် လမ်းပြမြေ တစ်ချပ်ဆိုရင် မမှားဘူးကွ"

"ကဲပါ...M.D တို့ ဒါရိုက်တာတို့၊ နေပူပြီ...သွားကြရအောင် နောက်မှ ကုမ္ပဏီကိစ္စ စကားပြောကြပါတော့"

ကစ်တီက ပြောပြောဆိုဆို သူတို့ ဗင်ဖင်ကောက်ကားမြ လေးဆီသို့ တိုးအောင် လက်မောင်းကို ချိတ်ပြီး ထွက်သွားလေသည်။

ကြောင်တောင်တောင်လေး ရပ်ကျန်ရစ်ခဲ့သူနှစ်ဦးမှာ အမှ တမဲ့ ဖြစ်အောင် ဆုံစည်းခဲ့မှုမှသည် မှတ်မှတ်ရရ အမှတ်တရ ဖြစ





တွေနှင့်အတူ ဆုံစည်းခွင့်ရသူနှစ်ယောက်။

ရဲဘုန်းလူနှင့် ခက်ခက်နွယ်ယမင်း။

"ဟော့...ငရဲသား၊ ငါတို့ကားနောက်က ထပ်ချပ်မကွာ လိုက်ခဲ့နော်"

"ယမမင်း...ရန်ကုန်မဟုတ်ဘူးနော်၊ ဆိုင်ကယ်၊ စက်ဘီး၊ မြင်းလှည်း ကြည့်ရှောင်ပေတော့"

"ငရဲသား" နှင့် "ယမမင်း" ဒီနာမည်ပြောင်တွေကကော အမှတ်မထင် တိုက်ဆိုင်မှုပေပဲလား။ ဆုံစည်းခွင့် ရလေပြီ။

BURMESE CLASSIC .com

"ကျွန်မ တကယ်မောင်းရမှာလား"

"ဒါပေါ့...လေဒီဒရိုင်ဘာရဲ့ မင်း အစွမ်းအစကို စမ်းသပ်ရင်း အစမ်းခန့်ပေါ့လေ"

ခက်ခက်နွယ်ယမင်း ရဲဘုန်းလူ၏ Surf ကားပေါ် ယာဉ်မောင်းနေရာ၌ ဝင်ယူလိုက်သည်။

ရဲဘုန်းလူက ဘေးမှ ယာဉ်ထိုင်ရင်း ပြောလိုက်သည်။

နန်းကစ်တီစီးတို့ကားလေး ကျော်ဖြတ်သွားသည်နှင့် ခက်ခက်နွယ်ယမင်း လီဘာတင်ကာ...

"ဝူး"

"အိုး"

ကားကို ဆောင့်ထွက်ပစ်လိုက်သည်။

ရုတ်တရက်မို့ ရဲဘုန်းလူ နောက်လန်ကျသွားသည်။

"ခစ်..ခစ်..ခစ်"

ခက်ခက်နွယ်ယမင်း သဘောကျစွာဖြင့် ခိုးခိုးခစ်ခစ် ရယ် လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲဘုန်းလူလည်း လူကြီးရက်တော့ ရယ်သည်ပေါ့။

"ဟင်း...ဟင်း...ဟင်း"

ရယ်ရင်း ခါးပတ်ပတ်လိုက်ရသည်။ ယမမင်းလေးက မလွယ်၊ တော်ကြာ ပြုတ်သွားရာ ဓါတ်သက်ပါဆိုသလို ယမမင်း တိုင်းပြည်ခေါ် သွားမှဖြင့် "အမလေး...မတွေးဝံ့စရာ"။ သူငယ်ချင်း သကောင့်သားတွေ သူ့ကို ကင်ပွန်းတပ်သည့် နာမည်တွေထဲမှာ ငရဲသားက ပါနေသည်ကိုး။

"ဦးလေးကြီး"

"ဗျာ...တူမကြီး"

"ရုတ်ရုတ်ရုတ်ရုတ် လုပ်မယ် မကြံစည်နဲ့နော်၊ မြင်မြင်သမျှကို ဝင်အောင်းပစ်လိုက်မှာ"

"ယုံပါတယ်ဗျာ...နားရွက်တောင် မစေတ်ရဲပါဘူး လေဒီ ဒရိုင် ဘာလေးရယ်"

လေသံပျော့ပျော့နှင့် ဆန့်ကျင်ဘက်ကလေးကို ချစ်စကား ဆိုဖို့အရေး ရဲဘုန်းလူ အကြံဉာဏ်တွေ ယူရလေပြီ။ ဘယ်လောက်ပဲ ရဲရင့်သတ္တိနှင့် ပြည့်စုံသော အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျား ဖြစ်ပါစေ၊ အနုအရွနှင့် သမုဒယ ပွားခဲ့ရသော မိန်းကလေးမို့ ချစ်အားပိုမ် လေတော့ ကြောက်အားပါ ပိုရလေပြီ။

"ကျွန်မနောက်ကို ဘာဖြစ်လို့ ရှဲဒိုးလုပ်ခဲ့ရတာလဲ"

"စိုးရိမ်တာပေါ့ဗျာ၊ တော်ကြာ တဖွတ်ထိုးမလေးကို တဖောင် ကန်းကြီးက မယားတရူးပြီး ဖွေထဖောက်လိုက်ရင် ကျွန်တော် ရင်ကွဲ သွားမှာပေါ့ဗျာ"

"ဦးလေးကြီးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာမှ ဆိုင်...ဆိုင်နဲ့ နေတာပဲ၊ လုပ်ပါဦး နွယ်၊ ကိုယ့်ရင်





ဘတ်ထဲ တင်းကျပ်ပြီး ကလီစာတွေ စုတ်ပြတ်သတ်ကုန်တော့မယ်"

ရဲဘုန်းလူ ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဖိကာ ခြေဆောင့်ပြ လုပ်ပြလေသည်။

ခက်ခက်နွယ်ယမင်း မျက်လုံးမျက်ဆန်ပြူးသွားလေသည်။ ကားကိုလည်း ဂရုစိုက် မောင်းရသေးသည်။ ရှေ့က ကြောင်မ တို့ကားကိုလည်း မျက်ခြေမပြတ် ကြည့်ရသေးသည်။

ယခု သူ ဦးလေးကြီးဟု အမည်သညာ မှည့်ခေါ်ခဲ့သော ရဲဘုန်း လူကြီး ဘာဖြစ်ပါလိမ့်။

"ရှင် သိပ်နာနေလို့လား...ဘယ်နေရာလဲ"

"ဗိုက်"

"ဗိုက်ဆိုရင် အူအတက်များ ပေါက်တာလား"

"ဟင့်အင်း...ရင်ဘတ်"

"အစာအိမ် ထင်တယ်...ရင်ညွန့်ကလား"

"မသိဘူးဗျာ...မနေ့က တစ်နေ့လုံး ဘာမှ မစားခဲ့ရသမျှ တောစောက အတိုးချ စားလိုက်လို့လား၊ ဒါမှမဟုတ်..."

မျက်နှာသေတော့ မျက်နှာသေပါပဲ၊ မှင်သေသေနှင့် သရုပ် ဆောင်ကောင်းသလောက် စကားကတော့ များနေလေပြီမို့ ခက်ခတ် နွယ်ယမင်း သံသယ ဝင်လာလေသည်။

"ဒါဆို ဆေးရုံကြီးပဲ မောင်းတော့မယ်၊ ကစ်တီတို့ဆီ ရှင်ကြီး ခုန်းခေါ်လိုက်"

"အနာနဲ့ ဆေး တစ်ခြားစီဖြစ်နေမှာပေါ့ နွယ်ရယ်"

"ဟင်...ရှင်ကြီးမှာ ဘာရောဂါရှိလို့လဲ၊ ဝက်ရူးပြန်တော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

 www.burmeseclassic.com

"ရှုးတော့ ရှုးတာပဲ၊ အချစ်ရူးရောဂါ ထင်တယ်၊ နွယ် ဆိုတဲ့ ပဟေဠိနွယ်ခက်တွေ ကိုယ့်ရင်တွင်းကလီစာတွေကို ရစ်ပတ်နေလို့ ကိုယ့်ရင်တွေ နာလှပြီ မိန်းကလေးရယ်၊ မင်းရဲ့စတန့်ထွင်ခြင်းကို ရပ်တန့်ပြီး ကိုယ့်ရင်ခွင်မှာပဲ ရိုးရိုးလေးနဲ့ အေးအေးဆေးဆေး နားခိုပါတော့လားကွာ"

စောစောက မင်သေသေမျက်နှာလေး ပျောက်ကွယ်သွားပြီး ချစ်ရည်စွတ်ဖြန်းထားသော မျက်နှာနှင့် ကြည့်ကာ ပြောလာပြန်တော့ ခက်ခက်နွယ်ယမင်း စိတ်မရှုပ်စဖူး စိတ်ရှုပ်သွားသည်။

သို့သော် ထိုစိတ်ရှုပ်မှုတွင် ကြည်နူးခြင်းတို့က စိမ့်ဝင်နေလေသည်မို့ ရှက်ရောင်ဝဲ မျက်နှာရဲရဲနှင့်...

"ဘာတွေ လာပြောနေတာလဲ ဦးလေးကြီးနော်"

"လူသား မာဂရစကားလေ၊ နောက်ဆို သုံးကြည့် အဲဒီဦးလေးကြီး၊ ဟင်း...ဒါ စရဲပဲ"

ပြောပြောဆိုဆို မြန်လိုက်သည့် ရဲဘုန်းလူ၊ ဘေးဘီဝဲယာကိုလည်း ကြည့်ရင်း လေဒီဒရိုင်ဘာလေး၏အဝိုက်ကိုလည်း ဖမ်းရင်းမှ စတီယာရင်ဘီးခွေ ကိုင်ထားသော လက်နှစ်ဖက်ကို အကြောင်းပြု၍ ကိုယ်ကို ညွတ်ကိုင်းပြီး နီးစပ်ရာ ပါးမို့မို့လေးကို ရှုတ်ကနဲ နမ်းရှိုက်လိုက်သည်။

"အို..."

လေဒီဒရိုင်ဘာလေး လန့်ဖျတ်သွားသဖြင့် ကားခေါင်း ယိမ်းထိုးသွားသည်။ သူ ကားမောင်းလာသည့် သက်တမ်းတစ်လျှောက် ဒီ တစ်ခါလောက် ရှပ်ပျက်ဆင်းပျက် မဖြစ်ဖူးချေ။ ထို့ကြောင့် ရှက်ရမ်းရမ်းကာ...





"ဦးလေးကြီးနော်...ကျုံးထဲ ဒိုင်ဗင်ထိုးချလိုက်ရမလား"

"လုပ်လိုက်လေ ကြာသလားလို့၊ ချစ်သူနဲ့အတူ သေဖွဲ့ဝင်ခွင့်ရတဲ့ အခွင့်အရေးက နည်းတာမှတ်လို့"

"ဘာချစ်သူလဲ"

ခက်ခက်နွယ်ယမင်း ရင်တုန်ရင်ခုန်ရင်း ကားကို သတိနှင့် မောင်းနေရသည်။ ခက်လိုက်တာနော်၊ အချစ်က ရဲရင့်သွက်လက်ခြင်းတွေကိုပါ ဝါးမြိုတတ်ပါလား။

"ဟုတ်တယ်လေ...မင်းကလေးဟာ ကိုယ့်ရဲ့ဘဝတစ်ခုလုံး သိမ်းကြုံးယူငင်သွားနိုင်တဲ့ ကိုယ့်ရဲ့ချစ်သူ ဖြစ်မှန်း ကျောက်မဲကနေ မင်းကလေးရဲ့လမ်းစပျောက်သွားတဲ့အချိန်မှာ ကိုယ်သိလိုက်ရတာ၊ ဒီမှာ နွယ်..."

လေဒီဒရိုင်ဘာလေး မထူး၊ နှုတ်ခမ်းလေးက မစူ၏သို့ စူ၏သို့နှင့်၊ မျက်နှာပြင်ပေါ်၌တော့ အပြုံးရိပ်တွေ ခြယ်မှုန်းထားသည်၊ ရဲဘုန်းလူက လေးနက်စွာဖြင့်...

"မင်းကို ကိုယ် သိပ်ချစ်မိပြီ နွယ်၊ ကိုယ့်ကို ပြန်ချစ်မယ် မှတ်လား"

ခက်ခက်နွယ်ယမင်း မျက်နှာရဲရဲက ထားစရာ ဝှက်စရာ နေရာ မရှိချေ။ ယခုအချိန်တွင်တော့ လေဒီဒရိုင်ဘာ လုပ်ရတာကို နောင်တရ သွားသည်။

"တော်ပြီ...ကားကို ရှင်ကြီးပဲ မောင်းတော့"

"ဟော့...ဖြူနီကြား မရပ်နဲ့လေ...နွယ်ကလည်းကွာ"

ရဲဘုန်းလူ ချစ်ရသူလေး၏လက်ကို အုပ်မိုးဆုပ်ကိုင်လိုက်ရင်း ကားကို ဆက်မောင်းစေခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခု..လေဒီအရိုင်ဘာရဲ့ဒုက္ခ သိသွားပြီလား နွယ်"

"အင်းလေ...ကိုကို့လို လက်ရဲဖက်ရဲကြီး နှာခေါင်းရဲကြီးတွေနဲ့ တော့ ဟုတ်တာပေါ့"

"တိုကိုတဲ့လား နွယ်ရယ်"

ခက်ခက်နွယ်ယမင်း ပီတိပြုံးလေးနှင့်ပင် ခေါင်းကလေး ဆတ် ကနဲ ညိတ်လိုက်ပေ့ာ ရဲဘုန်းလူမှာ မချင့်မရဲလေးနှင့်သာ ကျေနပ် လိုက်ရလေတော့သည်။


လေဒီဒရိုင်ဘာကို ဒီထက်တိုး၍သာ နှောင့်ယှက်မိပါက နှစ် ယောက်စလုံး မာလကရောင်း(သေ)သွားနိုင်သည်။ ဒါ့အပြင် သူတို့ ကားရှေ့ဘက်ဆီမှ တအိအိ မောင်းနေသော ကြင်စဦးမောင်နှံတို့၏ ကား ကို Kiss(နမ်း) ပေးမိနိုင်သည်၊ ဒုက္ခနှင့် တွေ့သွားနိုင်သည်။

သို့အတွက် ကားအချို့၏နောက်မြီးတွင် သတိပေးစာတန်း လေးများ ရေးထိုးတတ်ကြသည်။

"Don't kiss me" (ကပ်မလိုက်နဲ့)ကို...

"ငါ့ကို မနမ်းပါနဲ့" ဟူ၍ပင် နှစ်ဦးသား အဓိပ္ပါယ် ကောက်လိုက် ကြရင်း....။

မြူပုလဲခင်
3.8.08
5:45 PM




BURMESE CLASSIC .com
www.burmeseclassic.com